နုဝဒေး
စာပေ

# မြတ်ရတနာ

## ပျို့လင်္ကာ

ဦးထွန်းအောင်

၃၄၇၆

# မြတ်ရတနာ ပျို့လင်္ကာ

ဦး ထွန်းအောင်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုအမှတ် (၂၃၂၀)

A

ပထမနှိပ်ခြင်း

(အုပ်ရေ—၃၀၀၀)

၁၉၆၇-ဩဂုတ်လ၊

**အဖိုး** **၅-ကျပ်။**

**ပုံနှိပ်သူ** သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ်၇၄/၇၆၊ လမ်း ၅၀-ရန်ကုန်မြို့
ဒေါ်ခင်သိန်း(၀၄၁၄)မှ ရိုက်နှိပ်သည်။

**ထုတ်ဝေသူ** ဒေါ်ခင်သိန်း၊ နဝဒေးစာပေ၊
မှတ်ပုံတင်အမှတ်(၀၃၅၅)မှ
အမှတ် ၇၄/၇၆၊ လမ်း ၅၀-ရန်ကုန်မှ
ထုတ်ဝေသည်။

**ဖြန့်ချိရေး** နဝဒေးစာပေ၊
အမှတ် ၇၄/၇၆၊ လမ်း ၅၀-ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လက်မှန်စကား | ၆ |
| ၂။ | စေတနာအသီးအပွင့် | ၂၁ |
| ၃။ | နိဒါန်း | ၂၈ |
| ၄။ | ဗျာဒိတ်ခံယူခဏ်း | ၃၃ |
| ၅။ | ပဋိသန္ဓေယူခဏ်း | ၃၇ |
| ၆။ | ဘွားမြင်တော်မူခဏ်း | ၄၁ |
| ၇။ | အမည်မှည့်ခဏ်း | ၅၂ |
| ၈။ | ဒုတိယအကြိမ်ဦးနှိမ်ခဏ်း | ၅၅ |
| ၉။ | နတ်ရေကန်ဘန်ဆင်းခဏ်း | ၅၇ |
| ၁၀။ | လေးအတတ်ပြခဏ်း | ၆၁ |
| ၁၁။ | လက်ထပ်ခဏ်း | ၆၈ |
| ၁၂။ | နိမိတ်လေးပါးထင်ခဏ်း | ၇၀ |
| ၁၃။ | နှမတော် ကိသဂေါတမီ | ၇၄ |
| ၁၄။ | တောထွက်ခဏ်း | ၇၇ |
| ၁၅။ | မာရ်နတ်တားခဏ်း | ၈၂ |
| ၁၆။ | ဆန္ဒအမတ် ပြည်ပြန်ခဏ်း | ၈၅ |
| ၁၇။ | ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ခဏ်း | ၈၈ |
| ၁၈။ | ဝဂ္ဂီငါးဦးနှင့်တွေ့ခဏ်း | ၉၁ |
| ၁၉။ | သုဇာတာ နို့ဆွမ်းကပ်လှူခဏ်း | ၉၅ |
| ၂၀။ | ဘုရားဖြစ်တော်မူခဏ်း | ၉၉ |
| ၂၁။ | မာရ်နတ်ဖျက်ခဏ်း | ၁၀၂ |

| | | |
|---|---|---|
| ၂၂။ | ဘုရားအဖြစ်သို့ ရောက်တော်မူခဏ်း | ၁၀၄ |
| ၂၃။ | သတ္တသတ္တာဟ စံတော်မူခဏ်း | ၁၀၆ |
| ၂၄။ | သဟမ္ပတိဗြဟ္မာကြီး တောင်းပန်ခဏ်း | ၁၁၂ |
| ၂၅။ | ဥပကနှင့်တွေ့ခဏ်း | ၁၁၄ |
| ၂၆။ | ပဥ္စဝဂ္ဂီငါးဦး တရားဦးဟောခဏ်း | ၁၂၀ |
| ၂၇။ | ယသ,လုလင် | ၁၃၄ |
| ၂၈။ | ဘဒ္ဒညီနောင် | ၁၄၇ |
| ၂၉။ | ကဿပညီနောင် ရှင်တထောင် | ၁၅၂ |
| ၃၀။ | ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန်တို့အကြောင်း | ၁၈၅ |
| ၃၁။ | ရာဇဂြိုဟ်မှ ကပိလသို့ကြွတော်မူခဏ်း | ၂၀၆ |
| ၃၂။ | ဝေဿန္တရာဇာတ်ဟောခဏ်း | ၂၂၈ |
| ၃၃။ | ဆွမ်းခံဝင်ခဏ်း | ၂၃၀ |
| ၃၄။ | မင်းနန်းချတ်ခဏ်း | ၂၅၁ |
| ၃၅။ | ရာဟုလာ အမွေတောင်းခဏ်း | ၂၇၂ |
| ၃၆။ | ကပိလပြည်မှပြန်ကြွခဏ်း | ၂၈၄ |
| ၃၇။ | သာကီဝင်တို့ဘုရားနောက်သို့လိုက်ခဏ်း | ၂၈၆ |
| ၃၈။ | ဝေသာလီပြည် တည်ထောင်ခဏ်း | ၂၈၉ |
| ၃၉။ | နဂါးပြည်သို့ကြွခဏ်း | ၃၀၅ |
| ၄၀။ | မိထွေးတော်ဂေါတမီ ရဟန်းပြုခဏ်း | ၃၁၂ |
| ၄၁။ | ဂေါတမီ၏ အတိတ်ကြောင်း | ၃၁၃ |
| ၄၂။ | ရူပနန္ဒါကလျာဏီ | ၃၂၇ |
| ၄၃။ | ယသော်ဓရာ | ၃၅၁ |
| ၄၄။ | ညီတော်အာနန္ဒာ | ၃၆၂ |

၄၅။ သစ္စကပရဗိုဇ်ချွတ်ခဏ်း ၃၆၇
၄၆။ ခေမာမိဖုရား ၃၆၈
၄၇။ အနာထပိဏ် ၃၇၂
၄၈။ မေဏ္ဍကသူဌေး ၃၇၆
၄၉။ ဝိသာခါ ၃၇၈
၅၀။ တန်ခိုးပြာဋိဟာပြတော်မူခဏ်း ၃၈၀
၅၁။ နတ်ပြည်၌တရားဟောခဏ်း ၃၈၅
၅၂။ သင်္ကဿနဂိုရ်သို့ပြန်ကြွခဏ်း ၃၈၇
၅၃။ ဝါဆိုစဉ် ၃၀၂
၅၄။ နိမိတ်ဆောင်ခဏ်း ၃၉၈
၅၅။ မာရ်နတ်လျှောက်ခဏ်း ၄၀၂
၅၆။ ဝေသာလီသို့
နောက်ဆုံးရှုတော်မူခဏ်း ၄၁၃
၅၇။ စုန္ဒတကာဆွမ်းကပ်လှူခဏ်း ၄၁၆
၅၈။ သွေးဝမ်းသွန်ခဏ်း ၄၁၈
၅၉။ ပရိနိဗ္ဗာန်စံယူတော်မူခဏ်း ၄၂၀
၆၀။ ကုသိနာရုံသို့ကြွခြင်း ၄၃၈
၆၁။ သုဒဿနသုတ်ဟောတော်မူခဏ်း ၄၄၃
၆၂။ မြတ်စွာဘုရားအား ပူဇော်ခဏ်း ၄၄၅
၆၃။ ညီတော်အာနန္ဒာငိုကြွေးခဏ်း ၄၄၇
၆၄။ မလ္လာမင်းများအကြောင်းကြားခြင်း ၄၅၆
၆၅။ သုဘဒ္ဒရဟန်းကြီးကျွတ်ခဏ်း ၄၅၉
၆၆။ နောက်ဆုံးမှာတမ်း ၄၆၈

## ဤသို့ ပြင်ဆင်ဖတ်ရှုရန်တောင်းပန်ပါသည်။

| မျက်နှာ | ကြောင်းရေ | အကြောင်းအရာ | | | |
|---|---|---|---|---|---|
| ၄၄ | ၆ | အင်းကြင်း | ကို | အင်ကြင်း ဟုရင်း | |
| ၁၂၂ | ၁၃ | သည့်ခါ | ။ | သည်ခါ | ။ |
| ၁၈၃ | ၆ | သကြား | ။ | သိကြား | ။ |
| ၁၈၄ | ၁၆ | ရွှေကြောင်း | ။ | ရွှေကျောင်း | ။ |
| ၁၈၉ | ၁၈ | မှောင့်ဦ | ။ | မှောင့်၍ | ။ |
| ၁၉၁ | ၁၇ | ငါးပါ | ။ | ငါးပါး | ။ |
| ၂၁၀ | ၁၆ | ချင့်တောက် | ။ | ချင့်ထောက် | ။ |
| ၂၃၆ | ၁၇ | ကေသော | ။ | ကေသာ | ။ |
| ၂၇၇ | ၁၉ | ရဟာန် | ။ | ရဟာန်း | ။ |
| ၂၈၇ | ၈ | လျှော်တော် | ။ | လျှော်တေ | ။ |
| ၃၁၂ | ၁၁ | မမ္မ | ။ | ဓမ္မ | ။ |
| ၃၁၆ | ၁၉ | မြူးလွှာ | ။ | မြူလွှာ | ။ |
| ၃၅၄ | ၂၂ | ဆည်းသမျှ | ။ | ဆည်းပူးသမျှ | ။ |
| ၃၅၅ | ၄ | ကျွန်ငယ် | ။ | ကျွန်းငယ် | ။ |
| ၃၈၉ | ၉ | ထတ်အောက် | ။ | ထက်အောက် | ။ |
| ၄၂၁ | ၁၇ | ပြာတည့် | ။ | ပြားတည့် | ။ |
| ၄၃၉ | ၅ | သောမော | ။ | သာမော | ။ |
| ၄၄၁ | ၁၉ | ရွှေပြောင်း | ။ | ရွှေ့ပြောင်း | ။ |
| ၄၄၇ | ၉ | ကြိမ်းစက် | ။ | ကျိန်းစက် | ။ |
| ၄၅၂ | ၅ | တိုင်ပယ် | ။ | တိုင်ပင် | ။ |
| ၄၆၂ | ၈ | သုံလူ့ | ။ | သုံးလူ့ | ။ |

# လက်မှုန့်စကား

## လက်ဝဲမင်းညို

မြန်မာ့ယဉ်ကျေးမှုသမိုင်းတလျှောက်တွင် စာပေခေတ်အမျိုးမျိုး ရှိခဲ့ပေသည်။ ပုဂံကျောက်စာ စာပေခေတ်မှသည် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ လွတ်လပ်ရေးခေတ်သို့တိုင်အောင် မြန်မာစာပေယဉ်ကျေးမှုသည် မြစ်ရေအလျင်ကဲ့သို့ တသွင်သွင်စီးဆင်းလာခဲ့၏။တခေတ်၏စာပေယဉ်ကျေးမှုအငွေ့မြစ်ပေါ်တွင်ထပ်ဆင့်၍ နောက်တခေတ်၏စာပေယဉ်ကျေးမှုကို စာပေ ကျေးဇူးရှင်ကြီးများက မြန်မာ့အစဉ်အလာ ပတ်ဝန်းကျင်နှင့် အဆင်ပြေပြေစွာ သူ့ခေတ်နှင့်သူ လျှော်ကန်အောင် တည်ဆောက်ခဲ့ကြသည်ကို အထူးဖော်ပြရန်မလိုပေ။

လှပသော အထည်အဝတ်ရက်လုပ်ရာတွင် ချည်မျှင်ပါသောလွန်းသည် ဘယ်မှသည်- ညာဘက်သို့၊ ညာမှသည်—ဘယ်ဘက်သို့၊ ခေါက်တုံ့ခေါက်ပြန် အကြိမ်ပေါင်းများ

စွာ ရက်လုပ်မှ အဝတ်အထည်ကောင်းဖြစ်သကဲ့သို့ တနည်း ဆိုသော်၊ နောက်မှရှေ့ ရှေ့မှနောက်သို့ အပြန်ပြန် အလှန်လှန် တဆက်တည်း– တသားတည်း ဖြစ်အောင် ရက်လုပ်သကဲ့သို့၊ ထို့အတူ စာပေယဉ်ကျေးမှုသည်လည်း ရှေ့မှနောက်၊ နောက်မှရှေ့သို့ အစပ်အဖြတ် တသားတည်းဖြစ်အောင် တည်ဆောက်ခဲ့ကြ၏။ ပထမနေ့တွင် ပြောင်ချော ဘလာဆင် ရက်လျှင် နောက်နေ့တွင် အကွက်ဖော်၏။ နောက်တနေ့တွင် အတွန့်အလိမ်ထည့်၍ရက်လုပ်၏။နောက်နေ့တွင် ပန်းခက်၊ ပန်းရွက်တို့ဖော်၍ ရက်လုပ်၏။ နောက်တနေ့တွင် ပြောင်ချော ဘလာဆင်တဖန် ပြန်သကဲ့သို့ ထို့အတူ မြန်မာ့စာပေယဉ်ကျေးမှုကြီး တရပ်လုံး သည်လည်း သူ့ခေတ်နှင့်သူ အဆင်မျိုးမျိုးဖြင့် လှပတင့်တယ်အောင် ဆင်ယင်ရက်လုပ်ထားသော အဘိုးတန်သည့်အဝတ်အထည်ကြီးနှင့်တူ၏။ သူ့အပိုင်းနှင့်သူ အားလုံး အလှအကောင်းချည်းပင်ဟု ဆိုနိုင်ပေသည်။ အထက်တွင် ဖော်ပြသကဲ့သို့ မြန်မာ့ စာပေယဉ်ကျေးမှု ဗိမာန်ကြီးသည် တခေတ်ထက်တခေတ်၊ တဆင့်ထက်တဆင့် မြင့်သည်ထက် မြင့်လာပြီးသည့်နောက်တွင် မြန်မာပြည်သည် ဒုတိယ ကမ္ဘာစစ်ကြီး၏ အတွင်းတွင် ခေတ်အဆက်ဆက်၌ တွေ့ကြုံခဲ့ရသော စစ်ဘေးဒုက္ခ၊ အပျက်အစီးဒဏ်များထက် အဆပေါင်းများစွာ စစ်ဘေးအပျက်အစီးဒဏ်ကို ခံလိုက်ရသည်။ အပျက်အစီးအမျိုးမျိုးတွင် မြန်မာ့စာပေယဉ်ကျေးမှုနှင့်ပတ်သက်သော အဆုံးရှုံးပျက်စီးမှုသည် တန်ဘိုး မဖြတ်နိုင်လောက်အောင်

ကြီးမားလေစွ၊ မြို့ကြီးမြို့ငယ်မှစ၍ ရွာကြီးရွာငယ်များပင် မီးဟုန်းဟုန်းတောက်ခဲ့ရ၏။ မြန်မာ့စာပေတို့လည်း မီးခိုးနှင့် ကွယ်ပျောက်ဆုံးရှုံးခဲ့ရ၏။ ကျမ်းများ၊ စာပေများ၊ ပရပိုက်မှစ၍ ဆုံးရှုံးခဲ့ရ၏။ မြန်မာ့စာ ပေယဉ်ကျေးမှုကြီးကား ပြိုကျ အက်ကွဲ ဖရိုဖရဲ ဖြစ်ခဲ့ရ၏။ ထိုအပျက်အစီးဘေးဒဏ်မှ ကျန်ရှိခဲ့သော ယဉ်ကျေးမှုများမှ ကောက်သင်းကောက် ကောက်ခဲ့ပြီး မြန်မာ့ စာပေ ယဉ်ကျေးမှုကြီးကို စစ်ပြီးခေတ်တွင် ပြန်လည်ထူထောင်လာခဲ့ကြရသည်။ ယခုတိုင် ပြန်လည်ထူထောင်ဆဲပင်၊ ရှေ့သို့ချီတက်ရင်း နောက်ကြောင်း ပြန်၍ ရာဇဝင်ကပါလာသောအမွေအနှစ်အစိတ်အပိုင်းများကို ရှာဖွေစုဆောင်း ဆက်စပ်ပြန်လည်၍ စစ်ပြီးခေတ်တွင် ထူထောင်နေရာ၊ ယခုအခါမူ ပိုမိုထင်ရှား တက်ကြွအားရှိလာသဖြင့် အလွန် ဝမ်းသာစရာပင်။ ထိုကိစ္စမှာ လွယ်ကူသော ကိစ္စ မဟုတ် ပေ။ အတိတ်မှ ပစ္စုပ္ပန်သို့၊ ပစ္စုပ္ပန်မှသည် အနာဂတ်သို့ မြန်မာ့စာပေသည် ချီတက်ဆဲပင်ဖြစ်လေသည်။

ရေအလျှင်ကို ဖြတ်တောက်၍ မရစကောင်း သကဲ့သို့ အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကို မပြတ်စေဘဲ အဆက်မပြတ် တသားတည်းဖြစ်အောင် ကြိုးပမ်းဆဲ ပင်ဖြစ်သည်။ အချိန်အခါ တောက်ပစွာဖြင့် တိုးတက်မြင့်မားလာခဲ့သော မြန်မာ့ စာပေ ယဉ်ကျေးမှု ကြီးမှာ ဒုတိယ ကမ္ဘာစစ်ကြီးကြောင့် တန့်သွားခဲ့ရ၏၊ ကျဆင်းသလောက် ကျဆင်းခဲ့ရ၏။ ပြိုပျက်သလောက် ပြိုပျက်ခဲ့ရသည်။ တို့ကြောင့် စစ်

တွင်းခေတ်နှင့် စစ်ပြီးလွတ်လပ်ရေးခေတ် စဦးကာလတွင် မြန်မာ့စာပေမှာ အရောင်အဝါ မှေးမှိန်ခံရ၏။ စစ်တွင်း မီးခိုးမီးလျှံများ၏ ဖုံးအုပ်ခံ ရခြင်းကို တစတစ တွန်းလှန် ဖြိုဖျက်ခဲ့ရ၍ ယခုမူ အရှိန်အဝါတောက်ပမည့် ပတ်ဝန်း ကျင်အခြေအနေများ ပေါ်ထွက်လာပြီဟု ယုံကြည်ယူဆရ ပေပြီ။

ရာဇဝင်၏ သမုဒ္ဒါဒ်စက်သည် သဘောအားဖြင့် လည် ပတ်လျက်ရှိသကဲ့သို့ စာပေသမိုင်း၏ အစဉ်အလာသဘော သည်လည်း ထို့အတူပင် ဟု ဆိုနိုင် ပေ သည်။ ခေတ် အလျောက် ရှင်းလင်း နားလည် လွယ်ကူသော ပုဂံခေတ် စာပေအရေးအသား အသုံးအနှုန်း အစဉ်၏နောက်မှ နက်နဲ ခက်ခဲ၍ အတွန့်အတက်၊အဖူးအပွင့်တို့နှင့်ဝေဆာသောစာ ပေအစဉ်အလာသည် ပေါ်ထွက် လာခဲ့၏။ ယခု စစ်ပြီး လွတ်လပ်သောခေတ်၌မူ၊ စာပေအရေးအသားကို ပုဂံခေတ် များကဲ့သို့ပင် လွယ်ကူရှင်းလင်း၍ လူအများ နားလည် လွယ်သော အရေးအသားများ ခေတ်စားချိန် ဖြစ်ပေသည် ဟု ယေဘုယျအားဖြင့် ဆိုရပေမည်။ သို့ပင် ဖြစ်စေကာမူ တနေ့သောအခါတွင် စာပေ သမိုင်းသည် အစဉ်အလာ အားဖြင့် ပြန်၍လည်ပတ်ရမည်ကား မုချမလွဲဟု ဆိုလိုပေ သည်။ အထူးသဖြင့် ကဗျာနှင့်ပတ်သက်၍ လည်ပတ်ရမည် ကား မုချမလွဲဟုပင် ယုံကြည်ပေသည်။ ကဗျာတွင် ရေ သောက်မြစ်နှစ်သွယ်ဟု ဆိုအပ်သော လင်္ကာနှင့် သီချင်းရှိ ၏။လင်္ကာအမျိုးအစားကဗျာတွင် လင်္ကာ၊ပျို့၊မော်ကွန်း၊

သံပိုင်း၊ ရဲတင်း၊ တမ်းချင်း၊ ချေင်း၊ သံတိုင်၊ ချေင်း သံပေါက်၊ ရတု၊ လူးတား၊ အန်၊ သံပေါက်၊ ဝဲရိုက်သွင်းဟု ကဗျာ ၁၄-မျိုး ဖြစ်၏။ သီချင်း သက်ဝင်ရာ ကဗျာကို (ရကန်၊ မော်ခါ၊သာချင်း၊ ကာချင်း၊ အဲ၊ အိုင်၊ လေးချိုး၊ သံချိုချိုး၊ ယိုးဒယား၊ ပတ်ပျိုး၊ ကြိုး၊ ဘွဲ့၊ ဘောလယ် အရိုး၊အဆန်း၊ တေးထပ် အရိုး၊အဆန်း၊ သဖြန် အရိုး၊ အဆန်း၊ ငိုချင်း အရိုး၊အဆန်း၊ တိုးချင်း အရိုး၊ အဆန်း၊ ဟန်ချင်း အရိုး၊အဆန်း၊ လှေချင်း အရိုး၊အဆန်း၊ နတ်သံ မှာတမ်း၊ ဇာတ်စကားဟူ၍ ၂၂-ပါးပြား၏။

လွတ်လပ်သော ခေတ်တွင် လွယ်ကူသောသီချင်းသက် ဝင်ရာ၊ ဒွေးချိုး (သဖြန်) လေးချိုး အရေး အသား များ အထူးသဖြင့် ခေတ် စား လျက် ရှိ၏။ ခက်ခဲ နက်နဲသော လင်္ကာ သက်ဝင်ရာပျို့၊ မော်ကွန်း စသော အရေးအသား များ စပ်ဆိုမှုများ အလွန်ရှားပါးသော လင်္ကာသက်ဝင်ရာ ကဗျာစပ်ဆိုသော စာပေများ အနက် ယခု "မြတ်ရတနာ ပျို့လင်္ကာ"အမည်ဖြင့် စပ်ဆိုသောစာပေသည် တခု အပါ အဝင်ဖြစ်ပေသည်။"မြတ်ရတနာပျို့လင်္ကာ"သည် ကြီးသဲ လေးထပ် ဆရာတော် စီရင်သော ဇိနတ္ထပကာသနီကျမ်းကို မှီငြမ်းပြု၍ လင်္ကာသွားဖြင့် တန်ဆာဆင် စပ်ဆိုထားခြင်း ကြောင့် အကြောင်းအရာနှင့် စပ်အင်စပ်ရိုးမှာ လွန်စွာမှ လျော်ကန်ပေသည်။ ဂေါတမမြတ်စွာဘုရားနှင့် ပတ်သက် သော စာပေများဖြစ်၍ သီချင်းသက်ဝင်ရာ ကဗျာမျိုးနှင့် ကား လျော်ကန်မည်မဟုတ်ပေ။ ယခု စာပေမျိုးသည် ဗုဒ္ဓ

ဘာသာဝင်များအတွက် ကျေးဇူး များမည်သာမက မြန်မာ့စာပေသမိုင်းအစဉ်အလာကိုလည်း အထောက်အကူ ရောက်သည်ဟု ယုံကြည်သည်။ ယခု ကဗျာ-လင်္ကာမျိုးသည် မျက်မှောက်ခေတ်တွင်ရေပန်းစားချင်မှစားပေမည်။ ရိုးသားစွာ စာပေကိုမြတ်နိုး၍ ရတနာ သုံးပါးနှင့် ခိုင်မြဲစွာ ပြဋ္ဌာန်းသော သဒ္ဓါကြောင့် ရေးသားစပ်ဆိုသော ကဗျာဖြစ်သည်ဟု ဆိုရပေမည်။

မြန်မာစာပေသမိုင်း ပဋိစ္စ သမုပ္ပါဒ်စက် ပြန်၍လည်ပတ်လာသောအခါတွင် တပန်း-တခိုင်အဖြစ် တည်တန့်ခိုင်မြဲစွာ ရှိမည်လော၊ သံသယရှိရန်မလိုပေ။ သစ်ပင်တပင်သည် အရိုးမြင့်မှ ရင့်လာ၏။ သစ်ပင်အကိုင်းအခက်မြင့်မားမှ အသီးတို့ ဝေဆာ၏။ ထို့အတူပင် မြန်မာ့စာပေ အစဉ်အလာသည်လည်း စစ်ပြီးခေတ်တွင် တစတစ ရင့်ကျက်လာပြီဟု ယူဆနိုင်သည်။ ရာဇဝင်၏စက်ရဟတ်သည် လည်ပတ်လျက် ရှိသကဲ့သို့ စာပေအစဉ်အလာစက်သည်လည်း လည်ပတ်လျက်ပင်၊ သဘာဝမှုသဘောအရ ရပ်တန့်၍မရနိုင်ပေ၊ မဖြစ်နိုင်ပေ။ ထိုသို့ဆိုခြင်းအားဖြင့် နောက်ပြန်သဘောသက်ရောက်သည်ဟု မဆိုအပ်ပေ။ ကရွတ်ပေါ်တွင် လျှောက်နေသော ကင်းခြေများသည် ရှေ့သို့သွားရင်း နောက်ကြောင်းပေါ်သို့ ပြန်လျှောက် လည်ပတ်နေသကဲ့သို့ပင်ဟု မှတ်ယူအပ်၏။

စာပေ၏ အစဉ်အလာ ရာဇဝင် ပဋိစ္စ သမုပ္ပါဒ် စက်၏ သဘောကို ဖော်ပြပြီးနောက် ယခုဤမြတ်ရတနာပျို့ လင်္ကာကို စပ်ဆိုကျမ်းပြုသူ ဦးထွန်းအောင်နှင့်ပတ်သက်၍ အကျဉ်း

ဖော်ပြပြီး မိတ်ဆက်ပေးပါအံ့။ ဦးထွန်းအောင်အား ဒိုက်ဦး မြို့နယ် ဖ-ဆ-ပ-လ အမတ်တယောက်အနေဖြင့် မူလက သိ ကျွမ်းခဲ့၏။ နဝဒေးမဂ္ဂဇင်း ထုတ်ဝေသူ အနေဖြင့်လည်း ကျွန်တော့်ထံ ဝတ္ထုရေးပေးရန်တောင်းလာ၍ "ဖေခဲ"နှင့် "မြေနဲ့မိုး အောင်ဖိုး မြင်စမ်းချင်လှ"ခေါင်းစဉ်ဖြင့် ရာဇ ဝင် ဝတ္ထုနှစ်ပုဒ် ရေးပေး၍ ကူညီခြင်းဖြင့် သိကျွမ်း ခဲ့၏။ ထို့နောက် ဦးထွန်းအောင်အား ဝဋ်ကြွေး ဆပ်နေရသည့် ရဲဘော်တဦးအဖြစ် နီးကပ်စွာ သုံးနှစ် သုံးမိုးကျော် လေ့ လာခွင့် ရခဲ့သည်။ ဦးထွန်းအောင်တွင် ပေါ်လွင်ထင်ရှား သော ဂုဏ်ပုဒ် ၃-ပုဒ်ရှိသည်ဟုဆိုနိုင်သည်။ (၁) ရတနာ သုံးပါး၌ ကြည်ညိုသော သဒ္ဓါ၊ (၂) မဆုတ်နစ်သော ဇွဲလုံ့လနှင့် (၃) ပညာရှာ—ပမာ သူတောင်းစား ဆိုသကဲ့သို့ ပညာရှာရာ၌ မာန်မာနကို နှိမ်ချတတ်သောစိတ် ထားတို့ဖြစ်လေသည်။

ဦးထွန်းအောင်သည်စာပေကိုဝါသနာပါသူတယောက် ဖြစ်သည်သာမက ကဗျာလင်္ကာတွင် ဗီဇခေတ်ခံရှိသူ တယောက်ဖြစ်သည်ကို တွေ့ရပေသည်။ အထောက် အထား ကို အတိုချုပ် ဖော်ပြအံ့—လွယ်ကူသော သီချင်းသက်ဝင်ရာ ကဗျာဖြစ်သည့်(သဖြန်) လေးချိုး၊ တေးထပ်ကို စ၍စပ်ဆို ရာ၊ ၎င်း၏ကဗျာဗီဇခေတ်ခံမှာ သိသာထင်ရှားစွာတွေ့ရ၏။ ကျွန်တော် ရေးသားပြုစု စပ်ဆိုသော "ပဒေသာရတု"နှင့် "အနုပညာဂုဏ်ရည်"စာအုပ်များကို လေ့လာသည့်နောက် ကဗျာပါရဂူကြီးတဆူဖြစ်သော မန်လည် ဆရာတော်ဘုရား

၏ "မဃဒေဝ"လင်္ကာသစ်ကိုလေ့လာသည်။ တဆင့်တက်၍ လင်္ကာကဗျာစပ်နည်းမျိုးကို လေ့လာပြီးနောက်"မြတ်ရတနာပျို့လင်္ကာ" အမည်ရှိ ကျမ်းကို ကျွန်တော်နှင့်အတူနေစဥ်ပင် အကြမ်းစပ်ဆို ပြုစုပြီးစီးသည်၊ ချီးမွမ်းစရာပင်ဖြစ်သည်။ဦးထွန်းအောင်၏ကဗျာခေတ်ခံရင့်မရင့်ကို ထပ်မံသိလို၍အနုပညာဂုဏ်၏သဘော ၆-ရပ်ဖြစ်သည့် ထိန်းသိမ်းချုပ်ကိုင်ခြင်းသဘော၊မဲတင်းညှိပေးခြင်းသဘော၊သဘာဝယုတ္တိကိုသက်ရောက်စေခြင်း သဘော၊ အချိုးအစား ကျနပြေပြစ်ခြင်းသဘောတို့နှင့် ပြည့်စုံစွာတွေ့မြင်နိုင်သည်ဟုဆိုရမည့် လင်္ကာသက်ဝင်ရာ ရတုပိုဒ်စုံကို ကျွန်တော် မူလကစပ်ဆိုရန်ရည်ရွယ်ထားသည်ကို မစပ်ဆိုတော့ဘဲ ဦးထွန်းအောင်အား စပ်ဆိုစေရန် အောက်ပါအချီ,အချများကိုရေးစပ်ရန်ပေးလိုက်ပါသည်။

| | (ချီ) | (ချ) |
|---|---|---|
| ၁။ | ဝါလကျွတ်၍ | လွတ်လှလွတ်ချင်ဦးဦးတည်း။ |
| ၂။ | သာစွမွတ်၍ | ကျွတ်လှကျွတ်ချင်ဖြူးဖြူးတည်း။ |
| ၃။ | ညှာမြထွတ်၍ | ဆွတ်လှဆွတ်ချင် ရှူးရှူးတည်း။ |

ဦးထွန်းအောင်သည် ထိုအချီ,အချ ခေါင်းစဥ်သုံးလုံးကို ယူသွားပြီး နောက်တနေ့တွင် ကိုယ်တွင်း ဖြည့်စွက်ပြီး အောက်ပါ ရတုပိုဒ်စုံကဗျာကို ကျွန်တော့်အား ပြရာ

ရသနှင့် ပြည့်စုံ၍ ဆဲ့ဆောင်နိုင်သော အနုပညာလက်ရာဖြစ်သည်ဟု ချီးကျူးမိ၏။

**ဝါလကျွတ်၍၊** လွှမ်းဆွတ်မေ့ ကို၊တွေ့လိုရမက်၊နေ့စဉ်ဆက်တည့်၊လွတ်ရက်ကိုမျှော်၊သုံးနှစ်ကျော်ခဲ့၊မပေါ်လမ်းစ၊မှန်းမရ၍၊တမ်းတနေ့စဉ်၊လွမ်းငွေဆင်လျက်၊ မရှင်ပူမီး၊ဒုက္ခကြီးသား၊ အတီးရှေးက၊ပြုသမျှ၏၊ ကုသလကံ၊ အကြောင်းခံ၍၊ မောင်နှံ့ကြင်ဘက်၊ ကွဲကွာလျက်ကို၊ ဆထက် တိုးကာ၊ကြင်နာပေါ်၏၊ သဏ္ဍာန်လျှာခင်မေ၊ ပန်းသပြေနှင့်၊ ညောင်ရေကိုလောင်း၊ ဝဋ်ဟောင်းဝဋ်နွယ်၊ မကြာပြယ်လိမ့်၊ မငယ်စိတ်အား၊ မြတ်ဘုရားဝယ်၊ ထပ်ပွားကြည်ညို၊ တောင်းဆုဆိုလော့၊ မေပျိုသက်ဖူး၊ မောင်ရည်စူး၍၊ ထွတ်ဦးတိဂုံ၊ဆံတော်ပုံကို၊အာရုံညွှတ်မြင်၊ဆုပန်ဆင်လျက်၊မှန်ပင်မချွတ်၊ဝါလကျွတ်သည်၊ **လွှတ်လှလွှတ်ချင်ဦးဦးတည်း။**

**သာစွမှတ်၍၊** ဝါကျွတ်လသော်၊ချစ်ကြင်ဖော်လည်း၊တမ်းမျှော်တွေးပိမ့်၊ ဆွေးဖိမ့်ဖိမ့်လျှင်၊ကြိုလိမ့်ယောင်မှား၊ထင်မိသားရှင့်၊ ဆ့ပွားကြင်နာ၊ ငါ့ထက်သာလိမ့်၊ တွေးကာမျှော်ဆ၊ လွှမ်းမောတ၍၊ ဝေးကသော်ပင်၊ သောကဝင်ခဲ့၊ မရှင်နှေးညာ၊ မယ်ကိုတ့လည်း၊ ရလျက်သံဝေ၊ အပ္ပိယေဟိ၊ ပိယေဟိသည်၊ ဇာတိဒုက္ခ၊ သမုဒယကြောင့်၊ ဖြစ်ရကြောင်းရင်း၊ နှလုံးသွင်းလျက်၊ ပယ်ရှင်းတဏှာ၊ မကပ်လာဘဲ၊ ခန္ဓာဇာတ်၊ကင်းစင်ဘိသည်၊ မရှိဝေးကွာ၊နိဗ္ဗူတာသို့၊မှန်းကာရည်စူး၊ မောင်မယ်ကူးလျက်၊ ကျင့်ထူးဘာဝနာ၊အားထုတ်ကာဖြင့်၊ ခေမာကြွင့်နှန်း၊ နိဗ္ဗာန်နန်းသို့၊ မြန်းရန်

စိတ်ညွတ်၊သာစွမှတ်သည်၊**ကျွတ်လှကျွတ်ချင်ဖြူးဖြူးတည်း။**

**ညှာမြွတ်ထွတ်၍**၊ ခိုင်ညွှတ်စေ့သော်၊ ဆောင်းငွေ့သက်လူး၊မြောက်လေမြူးသား၊ ဘွဲ့ဦးကြင်စ၊ ချိန်ကာလကို၊မှန်းဆရည်ရော်၊ လွှမ်းစပေါ်ရှင့်၊ ခုသော်မှာကား၊ တပြည်ခြားသို့၊ရှည်လျှား ကြာပေ၊ ကွဲကွာနေ၍၊ ကြုံလေသည့်ခင်း၊ ကံကြောင်းရင်းဟု၊ မငြင်းဆန်သာ၊ ဝဋ်ကြွမ္မာကို၊ငါသာခံမဟဲ့၊အားမာန်ဖွဲ့လည်း၊ကိုယ်ယှဲ့စိတ်ကြေ၊ရှိသည့်ခြေကြောင့်၊ သက်ဝေမြင်စမ်း၊ ဝေးကလွှမ်း၍၊ တမ်းတဆိုငြီး၊ ပူပုံ ကြီးသား၊နီး၍မကြာ၊ မေသက်လျာ၏၊ ကေသာဆံမြ၊ ဖူးပြင်စကို၊ခိုင်လှသန့်စင်၊ ပန်းသဇင်ဖြင့်၊ ပန်ဆင်ရည်စူး၊ မောင်လျှင် ခူးလျက်၊ ကြည်နူးတမှတ်၊ ညှာမြထွတ်သည်၊ **ဆွတ်လှဆွတ်ချင် ရှူးရှူးတည်း။**

ဤနေရာတွင် စကား ချပ်အနေ ဖြင့် ဖော်ပြရသော်၊ ဦးထွန်းအောင်ကား ထိုရတုကိုစပ်ဆိုပြီး လွတ်လှလွတ်ချင် ဦးဦးတည်း၊ ဆိုသောနိမိတ်အရ၊ ဝဋ်ကြွေးကုန်သဖြင့် ကျွန်တော်ထက်(၁၀) လစော၍ ဦးစွာ လွတ်မြောက်သွားပါသည်။အလားတူပင် ထိုရတုအချိအချကို ကျွန်တော်ပေး၍ စပ်ဆိုစေသော နာမည်ရစာရေးဆရာတဦးလည်း ဦးထွန်းအောင်နှင့် အတူပင် တပါတည်း လွတ် မြောက် သွားပါသည်။

အနုပညာ ဗီဇဓာတ်ခံသည် လူတိုင်းလူတိုင်းတွင် ကိန်းအောင်းလျက်ရှိသည်ဟု ဆိုနိုင်၏။ သို့ရာတွင် အလွန် သိမ်မွေ့စွာ၊ အဆို၊ အတီး အကနှင့် ပတ်သက်သည့် အနုပညာ

ခေတ်ခံ၊ အနုပညာ ကဗျာစာပေနှင့် သက်ဆိုင်သည့် အနုပညာခေတ်ခံ စသည်ဖြင့် အသီးသီး ရှိရာတွင် လူတဦးတယောက်၏ ပတ်ဝန်းကျင်နှင့် လျော်ညီစွာ သူ၏ စရိုက်အလျောက် ထိုသူ၏စိတ်ဝမ်းတွင် ကိန်းအောင်းလျက်ရှိ၏။ အချို့၌ ထိုအနုပညာ ဗီဇခေတ်ခံသည် ပေါ်လွင်ထင်ရှားတွေ့နိုင်၊ မြင်နိုင်၏။ အချို့တွင်မူ ငုပ်၍ နေ၏။ မပေါ်လွင်၊ မထင်ရှားမမြင်ရပေ။ အဇ္ဈတ္တအာရုံ- ဗဟိဒ္ဓအာရုံဟု ဆိုအပ်သည့် အခံခေတ်၊ အတိုက်ခေတ်တို့သည် လူတိုင်း၌ အာရုံပေါ်အလိုက်ဖြစ်ပေါ်နေသော်လည်း လူအချို့သာလျှင် အနုပညာသက်ဆိုင်ရာကရိယာ၊ ဥပဒေသစည်းမျဉ်း၊ နည်းနိသျ စသည်တို့ကို တတ်သိ၏၊ ကျွမ်းကျင်နားလည်၏၊ သိရှိ တတ်ကျွမ်းသည့် အလျောက် မိမိတို့အနုပညာ ဗီဇခေတ်ခံ၏ လှုံ့ဆော်မှုဖြင့် ရသမြောက်သော အနုပညာစွမ်းရည်ကို ပြသခွင့် ရှိ၏။ အနု ပညာ ခေတ်မီး ပွင့်ခွင့်၊ တောက်ပခွင့်ရရှိ၏၊ (ဝါ) မိမိ၏ အဇ္ဈတ္တ သန္တာန်တွင်း၌ ကိန်းအောင်းလျက်၊ ဝပ်လျှိုးလျက်ရှိသော အနုပညာဗီဇခေတ်ခံကို ဆိုတီးကဖြင့်ရင်း၊ ပန်းချီ ပန်း ပုဖြင့် လည်းကောင်း၊အနုပညာစာပေ ကဗျာလင်္ကာဖြင့်လည်းကောင်း၊ မိမိတို့ သန်ရာ အနုပညာရပ်တွင် စရိုက်အလျောက် ပတ်ဝန်းကျင်နှင့် လျော်ကန်စွာ ရသ မြောက်အောင် ဖော်ထုတ်နိုင်စွမ်းရှိကြ၏။

လူများမှာမူ အနုပညာဗီဇခေတ်ခံ နဂိုရ်က ပါရှိလာပါသော်လည်း ပတ်ဝန်းကျင်အခြေအနေက မပေးသေး၍

သော်ငင်း၊ အနုပညာနှင့် ပတ်သက်သည့် ကရိယာ လက်နက်ဥပဒေသစည်းမျဉ်း စသည်တို့ကို မသိ၍သော်ငင်း၊နား မလည်၍သော်ငင်း၊မသင်ကြားရ၍သော်ငင်း၊ မတတ်ကျွမ်း၍သော်ငင်း၊ ကျွမ်းကျင်စွာ အသုံးမချတတ်၍ သော်ငင်း၊ ထိုအနုပညာ ဗီဇဓာတ်သည် အချည်းနှီး တိမ်ကော ကွယ်ပျောက်ခြင်းအဖြစ်သို့ ရောက်ရှိကြရ၏။ ဗဟိဒ္ဓဟု ဆိုအပ်သည့် အပြင်အတိုက်ဓာတ်ဖြစ်သော အဆင်း၊ အနံ့၊အသံ၊ အရသာ အတွေ့အထိ၊အကြံနှင့် အဇ္ဈတ္တဟုဆိုသည့် အတွင်းအခံဓာတ်ဖြစ်သော မျက်စိ၊ နား၊နှာ၊ လျှာ၊ကိုယ် နှလုံးတို့ အမြဲတမ်း တွေ့ထိနေတိုင်း ကိုယ်တွင်း၌ ကိန်းအောင်း ဝပ်လျှိုးနေသော အနုပညာဗီဇဓာတ်ခံမီးသည် ပွင့်သည်ချည်း မဟုတ်ပေ။ အချို့အနုပညာသည်တွင် သုခဝေဒနာ ခံစားချိန်တွင် အနုပညာဗီဇဓာတ်မီးသည် တောက်ပပေါ်ထွက်လာလေ့ရှိ၏။ အချို့တွင်မူ ဒုက္ခဝေဒနာပေါ်ချိန်မှသာ အနုပညာဗီဇဓာတ်မီးပွင့်လျက် ထွန်းတောက်လာတတ်၏။ သုခဒုက္ခဝေဒနာ၏အချိန်ဒီဂရီလည်း တဦးနှင့်တဦး တူချင်မှ တူပေမည်။ကျွန်တော်၏ကိုယ်တွေ့ အတွေ့အကြုံအနေဖြင့် ဖော်ပြရသော် အနုပညာစိတ်သည် ဒုက္ခဝေဒနာပေါ်ချိန်တွင် ပေါ်လေ့ပေါ်ထရှိ၏။ သို့သော် ပေါ့သော ဒုက္ခဝေဒနာ ပေါ်ချိန်၌ငင်း၊ အလွန်ကြီးသော ဒုက္ခဝေဒနာနှင့် တွေ့ထိခံစားနေချိန်၌ငင်း၊ အနုပညာမီးသည် ပွင့်လင်း၍ တောက်ပလေ့မရှိ၊ ပေါ်ထွက်လာလေ့မရှိချေ။ ဒုက္ခကြီးစွာ ခံနေရစဉ် အနုပညာ ဓာတ် ပွင့်ခွင့် မရပေ။ ဒုက္ခဝေ

ဒနာ မလေးမပေါ်ချိန်တွင်မှသာ ပေါ်ပေါက်လေ့ရှိ၏။ သုခဝေဒနာ ပေါ်ချိန်တွင်မူ လုံးဝ မပေါ်လာပေ။ မိမိ သန္တာန်၌ ဝေဒနာ ဒုက္ခ မလေး မပေါ်ခံစား နေချိန်တွင် ဗဟိဒ္ဓအာရုံနှင့်တွေ့ထိပြီး ထိုတွေ့ထိချက်ကို အဇ္ဈတ္တသို့သွတ် သွင်း၍ တဖန် အပြင်ဗဟိဒ္ဓသို့ အနုပညာ ခေတ်မီးပွင့်ကို ပွင့်လင်းစေနိုင်သည်။ (၀၁)အနုပညာလက်ရာ အစွမ်းကို ပြသနိုင်ပေသည်။

ယခု 'မြတ်ရတနာ ပျိုလင်္ကာ' ကို စပ်ဆိုသူ ဦးထွန်းအောင်၏ အနုပညာဗီဇခေတ်ခံသည်လည်း ကျွန်တော်နှင့် အလားတူစွာ ဒုက္ခ အပေါ်အလေး ဖြစ်ပေါ်ချိန်တွင် ပွင့်လာသည်ဟု ဆိုနိုင်ပေသည်။ ကျွန်တော်က ဆီဆေးမန်းချိကားများကိုရေးဆွဲ၍ မိမိ၏အနုပညာဗီဇခေတ်ကို ပွင့်ပွင့်လင်းလင်း နှစ်သိမ့်စေသကဲ့သို့ ဦးထွန်းအောင်သည်လည်း ကဗျာ၊ လင်္ကာရေးသားပြုစုခြင်းဖြင့် အနုပညာ ခေတ်ခံ၏ ကျေးဇူးပြုခြင်းကို ရရှိခဲ့၏။ ဦးထွန်းအောင်သည် အသက် (၅၀) လောက်ကျမှ ကိန်းအောင်းဝပ်လျှိုး၍ နေခဲ့သော အနုပညာ ဗီဇခေတ်ခံကို အခြေအနေကပေးသော အချိန်တွင် နည်းနာနိသျလေ့လာ၍ ဖေါ်ထုတ်ခွင့် ရလေသည်။ ကျွန်တော်လည်း အသက်(၅၀)လောက်ရှိလာမှပင် အခြေအနေပေး၍ ပဒေသာရတုနှင့် အနုပညာဂုဏ်ရည်ကို ရေးသား စပ်ဆိုနိုင်ခဲ့ပေသည်။ ဆိုလိုသည်မှာ အနုပညာဗီဇ ခေတ်ခံသည် လူတိုင်းလူတိုင်းတွင် ရှိသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်၏။ ထိုခေတ်ခံသည် နှစ်ပေါင်းများစွာ

ကိန်းအောင်းငုပ်လျှိုး မြှုပ်ရှိနေနိုင်သော်လည်း အခြေအနေ ပေးသောအခါတွင်မူ ပေါ်ထွက်လာပြီး အနုပညာ လက်ရာကို ဖော်ထုတ်နိုင်စွမ်း ရှိသည်ဆိုသော အချက်ပင်တည်း။

နိဂုံးချုပ်ရသော် ယခု ဦးထွန်းအောင်စပ်ဆိုသည့် 'မြတ်ရတနာ ပျို့လင်္ကာ' သည် ရတနာ သုံးပါး မြတ်နိုးသူ အပေါင်းနှင့် ကဗျာလင်္ကာစာပေဝါသနာပါသူတို့အတွက် အဘိုးထိုက်တန်သော ကျမ်းတစောင်ဖြစ်ကြောင်း ဘော်ပြ ရပေသတည်း။

လက်ဝဲမင်းညို

(၄–၈–၆၈)

## စေတနာ၏ အသီးအပွင့်

သရဒဥတု၌ အိုင်သည် ကြာပွင့်ရှိ၏။
ကြာပန်းသည် ပျားပိတုန်းတို့နှင့် ယှဉ်၏။

သက္ကတဘာသာ ကဗျာတပုဒ်ပင်ဖြစ်၏။ ဆောင်းအခါ ရေအိုင်တို့မှာ ကြာပွင့်သည်။ ကြာပန်းမှာ ဝတ်ရည်သုံးသော ပျားပိတုန်းတို့ရှိ၏။ထို့အတူ စာပေပန်းပွင့်လန်းတင့်လေလျှင် စာရေးဆရာ ပျားပိတုန်းတို့ ရွှင်ပြုံး ဝိုင်းအုံလာကြ၏။

နှစ်သက်စရာ ကြာမရှိလျှင် ရေအိုင်မဟုတ်။
ပျားပိတုန်း ဝိုင်းအုံခြင်းမရှိလျှင် ကြာမဟုတ်။

ထို့အတူ စာရေးဆရာများ ဝိုင်းအုံခြင်း မရှိလျှင်လည်း စာမဟုတ်နိုင်ချေ။နဝဒေးအမည်ရှိသောမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ စာရေးဆရာတို့သည် နဝဒေးမဂ္ဂဇင်းတိုက်၌ ဝင်လိုက်ထွက်လိုက်နှင့်သိုက်မြိုက်တင့်တယ်နေ၏။မဂ္ဂဇင်းထုတ်ဝေသူမှာ ဦးထွန်းအောင် ဖြစ်သော်လည်း စာရေးဆရာတို့သည် အများအားဖြင့် သူတို့၏သွေးရင်း၊သားရင်းရောင်းရင်းဖြစ်သော အယ်ဒီတာ- တက္ကသိုလ်နန္ဒမိတ်ထံတွင် ပြည့်လျှံနေကြ၏။သူ့ကိုညှဉ်းကြသည်၊ သူ့အညှဉ်းကိုခံကြသည်။

၁၄၈၆

# (၂၂)

ထုတ်ဝေသူ ဦးထွန်းအောင်ကိုကား အမတ်တယောက် အနေဖြင့်သာ သိကြသည်။ စာရေးဆရာသည် စာပေသမား မဟုတ်လေက လွန်စွာ ရင်းနှီးမှု မပြုကြချေ။ ထို့အတူ ဦးထွန်းအောင်ကိုလည်း ထုတ်ဝေသူထက်ပိုပြီး အသိအမှတ်ပြုခြင်း မရှိကြချေ။ မဂ္ဂဇင်း၏အာဘော်ကိုလည်း အကဲခတ်ကြသည်။ စာပေဝတ်ရုံကို ခြုံပြီးထားသော နိုင်ငံရေးမျက်လှည့်ရုံလောဟု တွေးတောကြသည်။ သို့မဟုတ် စာပေကို စီးပွားရေးအဖြစ် ထုတ်လုပ်မည်လောဟု ယုံမှားကြသည်။ သို့ဖြင့် ကာလကြာမြင့်သောအခါ သူ့ကို ထိုယုံမှားချက်များနှင့် ဆက်စပ်၍ မမြင်ကြတော့ပေ။

နဝဒေး၏ အာဘော်မှာ အယ်ဒီတာ၏ အပေါ်တွင် တည်ရှိ၏။ တက္ကသိုလ်နန္ဒမိတ်၏ အစီအစဉ်အတိုင်းပင် နဝဒေးတပ်ကြီး ချီတက်နေ၏။ ဦးထွန်းအောင်သည် တစုံတရာ ဝင်ရောက်စွက်ဖက်ဟန်မတူချေ။ သို့ရာတွင် သူသည် နဝဒေးတွင် ရိုးရာမြန်မာမှုနှင့် ဘာသာရေးအတွက် နေရာရရှိရေးကိုကား အယ်ဒီတာနှင့် ပြေပြေလည်လည် ဆွေးနွေးပြီး ထိုဘာသာတို့၌ ကျက်စားနေသူများနှင့်အချိန်ယူဆွေးနွေးလေ့ရှိသည်။ ဤတွင် စာရေးသူနှင့်လည်း မကြာမကြာ ဆွေးနွေးခဲ့ရသဖြင့် ဦးထွန်းအောင်သည် ဘာသာရေးနှင့် အနုပညာစာပေကို လေးစားမြတ်နိုးသူ ဖြစ်ကြောင်းကို ကောင်းစွာရိပ်စားမိခဲ့သည်။ သူနှင့်လည်း စာပေနှင့် ပတ်သက်၍ ရင်းနှီးသော မိတ်ဆွေဖြစ်ခဲ့သည်။

# (၂၄)

ထို့နောက် ဦးထွန်းအောင် သုံးနှစ်ကျော်ကျော်ပျောက် သွားသည်။ သူလွတ်မြောက်လာပြီ ဖြစ်ကြောင်း သတင်း စာတွင် တွေ့ရသောအခါ စာရေးသူ၏ လူကြိုက် များလှ သော မိလိန္ဒပဉ္ဟာ ဘာသာ ပြန်စာအုပ်တအုပ်ကို သူ့ထံသို့ ပို့လိုက်ပါသည်။ စာအုပ်ပေါ်တွင်လည်း နဝဒေး မဂ္ဂဇင်း တွင် မိလိန္ဒပဉ္ဟာ ဆောင်းပါးကို စတင်စမ်းခွင့် ရခြင်း၏ အထိမ်း အမှတ်အဖြစ် စ သည် ဖြင့် လည်း ရေးပေးလိုက် သည်။

မိလိန္ဒပဉ္ဟာကို ခေတ်စကားလုံးဖြင့် ဘာသာ ပြန်ရန် နှုတ်ဖြင့် စတင်တိုက်တွန်းသူမှာ စာရေးဆရာ မင်းရှင်နောင် ဖြစ်၏။ ထို့နောက် ကာယဗလ ဦးနေဝင်းကလည်း "ဆရာ ဘာသာပြန်လျှင် မှန်မည်။ ပြီးတော့ ခေတ်သစ်လူတို့လည်း နှစ်သက်ကြမည်" ဟု အကြံပေး၏။ ဦးထွန်းအောင်ကား သူ ပိုင်ရှားပါးလှသော ဒန့်တိုင်ဆရာတော်၏ မိလိန္ဒပဉ္ဟာဝတ္ထု ကြီးကိုလည်း ဓမ္မဒါနပြုသည်။ ပြီးနောက် အသစ်ပြန်ဆို ပြီးသောအခါ မူတို့ကိုလည်း နဝဒေးတွင် ထည့်သွင်းပါ မည်ဟုတာဝန်ယူသည်။ ထို့ကြောင့် မိလိန္ဒပဉ္ဟာ ဘာသာ ပြန်သစ် ထွက်နိုင်ခဲ့သည်ဟုဆိုလျှင် မှားမည်မဟုတ်ချေ။

မကြာမီရက်အတွင်းမှာ ဦးထွန်းအောင် စာရေး သူ၏ အိမ်သို့ ရောက်လာသည်။ ကိစ္စမှာ ထောင်ထဲကရေးခဲ့သော ကဗျာကို ဝေဘန်ပေးရန်အတွက်ဖြစ်သည်။

ထောင်ထဲမှာ ကဗျာတွေရေးသည့် အတွက်လည်း သူ့ အား အံ့သြခြင်းမရှိချေ။ စာပေမြတ်နိုးသူဖြစ်၍ မဂ္ဂဇင်း

ကြီးကိုပင် ထုတ်ဝေလာသော သူသည် ထိုတွင် စာပေနှင့် ပတ်သက်သော အလုပ်ကိုဘဲ လုပ်ရမည်ဟု လက်ခံထားသည်။ ထို့ပြင် သူ၏ကဗျာတို့သည် မောင်ဘွဲ့မယ်ဘွဲ့လည်း မဖြစ်တန်ရာ၊ ဘာဘဲဖြစ်ဖြစ် ဘာသာရေးပင် ဖြစ်ရမည်ဟု ယုံကြည်သည်။

"ကျွန်တော် သုံးနှစ်ကျော်ကျော် နေခဲ့ရတယ်၊ အချိန်များများရတာနဲ့ လူအား၊ စိတ်အားဖြစ်ပြီး စာပေများများ ဘတ်ခဲ့ရတယ်၊ အထူးသဖြင့် ဗုဒ္ဓ ဟောကြားတော်မူသော တရားများကို တော်တော်များများ ဆည်းပူးခဲ့ရတယ်၊ ကိုယ်တိုင်လဲ တရားသဘောကို လေ့လာ ကြည့်ခဲ့ရတယ်၊ ကိုယ်တိုင် လေ့လာကြည့်တော့ ဗုဒ္ဓ၏ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို အကြွင်းမဲ့ ယုံကြည်တယ်ဆရာ"

စာရေးသူသည် သူ့အား မိမိ၏နာမည်ကျော် ဓမ္မပဒ ဘာသာပြန်နှင့် မြန်မာပြည်ရောက် ဗုဒ္ဓဘာသာစာအုပ်ကို ထပ်ပြီး ပေးလိုက်ပါသည်။

နောက်တခေါက်တွင် သူ၏ မြတ်ရတနာ ကဗျာစာမူကို ယူဆောင်လာပြီး "ကျွန်တော့်ကဗျာက ဗုဒ္ဓအကြောင်းဖြစ်နေတော့ အမှားအယွင်း အတိမ်းအစောင်း ပါနေမှာစိုးပါတယ်၊ အကယ်၍ တွေ့ပါလျှင် အားမနာတမ်း ဝေဘန်ပါဆရာ"

"ကျွန်တော် ဘာသာပြန်တဲ့ မဟာဗုဒ္ဓဝင်ကို ဖတ်ပြီးပြီလား"

"ပြီးပါပြီဆရာ၊ ကျွန်တော်ဖတ်ပြီးပါပြီ"

# (၂၅)

အကြောင်းကား သူ၏မြတ်ရတနာကဗျာတို့မှာ မဟာဗုဒ္ဓဝင်နှင့် သက်ဆိုင်နေသောကြောင့်ပင် ဖြစ်၏။ မဟာဗုဒ္ဓဝင်မှာနှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရား၏အကြောင်းအရာတို့ကို ဂေါတမမြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း စကားပြေပြန်ဆိုထား၏။ မြတ်ရတနာ ကဗျာတို့ကား ဂေါတမ မြတ်စွာဘုရား၏ အကြောင်းအရာ တို့ကို ဇိနတ္ထပကာသနီ၏ အဆို အမိန့် အတိုင်း ကဗျာဖွဲ့ဆိုထားခြင်းဖြစ်၏။

"ထောင်ထဲရောက်မှ စိတ်ရော့ကိုယ်ရော အားလပ်ခွင့်ရတယ်....ဘုရားရှိခိုးပြီးတရားအားထုတ်၊စာဖတ်၊ လက်ာစပ်ကောင်းမှု ကုသိုလ်ပြုရင်း အချိန်ကုန်ခဲ့ရတယ်.... ဒီအခွင့်အရေးမျိုး ဘယ်တုန်းကမှ မရခဲ့ဘူး"

စိတ်သည် မကောင်းမှု၌ မွေ့လျော်၏ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။ အဘယ်မျှ မကောင်းမှုကို လိုလားနှစ်သက်ကြောင်းကို စိတ်အားကိုယ်အား ရှိသောအခါမှာပို၍ထင်ရှား၏။ အကျိုးစီးပွားကို လိုလားသော သူသည်ကား စိတ်ကိုကောင်းမှု၌ကျက်စားစေ၏။ ဒေါသ ဖြစ်နေမည့်အစား မေတ္တာပွား၏၊စိတ်ဆိုးမည့်အစား စိတ်ကောင်းဖမ်း၏၊ အချိန်ကို အချည်းနှီး မကုန်စေဘဲ အကျိုးရှိစေ၏။ စင်စစ် ဘယ်အရာမျိုးမဆို အများအားဖြင့် မူလစိတ်ခံပေါ်တွင် မူတည်သည်။

ရွှေတောင်ကြီးသဲလေးထပ်ဆရာတော်က မြတ်စွာဘုရား၏ အကြောင်းကို စကားပြေဖြင့် ဇိနတ္ထပကာသနီအမည်ရှိ

သော ကျမ်းကိုပြု၏။ဦးထွန်းအောင်သည် ထိုကျမ်းကိုအထပ်ထပ်ဖတ်ရှုပြီး မြတ်ရတနာ ကဗျာခြယ်လေသည်။ ဗုဒ္ဓဝင်ကို ရေးဦး ပဌမ ကဗျာစပ်သူမှာ အရှင် သီလဝံသ ဖြစ်၏။ ဆုတောင်းခန်းပျို့၊ ပါရမီခန်းပျို့နှင့် ဗုဒ္ဓုပ္ပတ္တိပျို့တို့မှာ ဗုဒ္ဓဝင်ကဗျာတို့ပင်ဖြစ်၏။ ထိုပျို့တို့မှာ ထိပ်တန်းကဗျာဝင်ကြီးတို့ဖြစ်၍ ယခုအခါ သာမန်လူတို့ ဖတ်ရှုရန်မလွယ်ချေ။ ပညာရှိကြီးတို့ပင် သူ၏အရသာကို သာယာနိုင်သူ နည်းလှသည်။ ပေါရာဏ-ဝေါဟာရတို့ကိုသာ ကောက်နုတ် ကိုးကား နေကြသည်။

မြတ်ရတနာကဗျာကိုကား လူတိုင်း သဘောပေါက်နိုင်လောက်သည်။ လွယ်ကူစွာ စကားပြေလိုပင် ဖတ်သွားနိုင်၍ မြတ်စွာဘုရားသခင်၏ အကြောင်းအရာတို့ကို ကောင်းစွာ သိနိုင်လောက်သည်။

ဦးထွန်းအောင်သည် ပညာရှိဖြစ်အောင် (ဝါ) ပညာရှိဟု လူအများ ယူဆအောင် ကြိုးစားပြီး လုပ်ကြံနေသည့် အသွင်ကို မဆောင်ချေ။ သူကြည်ညိုသည့်အတိုင်း ဗုဒ္ဓ၏ပုံကို ရိုးသားစွာ ထုလုပ်ကိုးကွယ်နေပုံရသည်၊ လျှို့ဝှက်ချက် နက်နက် နဲနဲ မရှိသဖြင့် လူများစုအတွက် အကောင်းဆုံးဟု ဆိုနိုင်သည်။

နောက်တချက်မှာ သမိုင်းအတွက်ပင်ဖြစ်သည်။ သူသည် အကယ်၍ ပေါရာဏအဘိဓာန်မှ စကားလုံးတို့ကို ရှာဖွေပြီး သီကုံးပါက နောင်အခါအတော်ပင်အတွေးရခက်ချိမ့်မည်။ ဦးထွန်းအောင်တို့ခေတ်ဆီကလူများသည် ထိုပေါရာဏတို့ကို

အသုံးပြုကြသလော၊ လွယ်ကူစွာပင် သိကြသလောဟု ယုံမှား ကြလိမ့်မည်။ ဤကဗျာတွင် ခက်ခဲနက်နဲသော စကားလုံး အသုံးအနှုန်း လုံးဝမရှိချေ။ လူအများသိသော ရိုးရိုးစကားလုံးတို့ကိုပင် လွယ်ကူစွာ သုံးထားသဖြင့် နောက်နှောင်း လူတို့ ဤခေတ်၏အသုံးအနှုန်းစကားလုံးတို့ကို အမှန်အတိုင်း သိနိုင်လေသည်။

ယခုအခါ ကဗျာဖတ်သောပရိသတ်သည် ဤကဲ့သို့သော ဗုဒ္ဓဝင်ကဗျာတို့ကို ဖတ်ရှုခြင်း အလွန် နည်းလှချေသည်။ အခြားသောကဗျာတို့သာ ခေတ်စား နေသည်။ ဤခေတ်တွင် ဗုဒ္ဓကို ဖွဲ့ဆိုသည်မှာလည်း သူ၏ရဲရင့်ခြင်းပင် ဖြစ်၏။ လုပ်သင့်လုပ်ထိုက်သောအလုပ်လည်းဖြစ်၍ ဘယ်သူမှ မလုပ်ရဲသော အလုပ်ကိုလုပ်ရခြင်းသည် ပို၍အားရဘွယ်ကောင်း၏။ ကဗျာရေးစပ်ဟန်နှင့် ပတ်သက်၍ အမြင်အမျိုးမျိုးဖြင့် တွေ့နိုင်သော်လည်း သူ၏စေတနာ သဒ္ဓါတရား အင်အားကောင်းခြင်းကိုကား အလုံးစုံတူညီစွာထောက်ခံနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

စာပေ—အထူးသဖြင့် ကဗျာ်သည် အစဉ်တစိုက် စိတ်ဝင်စားခြင်း အသီးအပွင့်ဖြစ်ပေရာ ဦးထွန်းအောင်၏ကဗျာ အရည်အသွေးသည်လည်း အစဉ်တစိုက် သိမ်းပိုက်နိုင်သည့် အပေါ်တွင်တည်ရှိနေပေသည်။

သော်ဇင်

၂၆–၁၂–၆၇

# နိဒါန်း

## ပဥ္စဂုံဏံ အဟံ ဝန္ဒာမိ

ဘာဝ ဝဋ်ကြွေး ပေးဆပ်နေရသည့်အတွင်း အားလပ်ခွင့် အချိန်အတော်ကြာမျှရရှိပါသဖြင့်ထိုရရှိသောအချိန်၌အလဟဿအကျိုးမဲ့မဖြစ်စေဘဲ ရတနာသုံးပါးအား ရိုသေ လေးမြတ်ရင်း ရှိသည့်အတိုင်း ကောင်းမှု ကုသိုလ်ပြုခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ဗုဒ္ဓသာသနအဖွဲ့ချုပ်မှ မြန်မာ ဘာသာပြန်ဆိုထားသည့် ပိဋကတ်တော်ဘာသာပြန်များနှင့် အခြား ကျမ်းပြုဆရာတော်များ ရေးသားပြုစုအပ်သည့် ကျမ်းစာအုပ်များကို ဘတ်ခြင်း၊ ဗုဒ္ဓ ဟော ကြား တော် မူသောတရားဓမ္မတို့ကို လေ့လာအားထုတ်ခြင်းဖြင့်သာ ကျွန်တော်၏ အချိန်ကိုကုန်လွန်စေခဲ့ပါသည်။

တနေ့တွင် လယ်တီ ဆရာတော်ဘုရားကြီး ပြုစုရေးသားသော ပဋ္ဌိစ္စ သမုပ္ပါဒ ဒီပဏီကျမ်းစာအုပ်ကို ဘတ်ရသဖြင့် ထိုစာအုပ်ပါ လင်္ကာ ဆယ့်သုံးပုဒ်နှင့် အဓိပ္ပါယ်ရှင်းလင်း

ချက်များကို သဘောပေါက်အောင်ဘတ်မိ၏။ ဆရာတော်ဘုရားကြီး ရေးစပ်ထားသောလင်္ကာမှာလည်း သာမန်လူတို့ လွယ်ကူစွာနားလည်ပြီး ဆို၍လည်းကောင်းအောင် ရေးစပ်ထားသဖြင့် ကျွန်တော်သည် ထိုလင်္ကာများကို သီဆိုမိ၏။ ဆိုရင်း,ညည်းရင်းနှင့်ပင် တရားဘာဝနာကို ဆင်ခြင် ပွားများမိတော့၏။

ထိုသို့ဆိုရင်း,ညည်းရင်း,ပွားများရင်းဖြင့် သုံးလူ့ သနင်း တရားမင်းအားရှင်း၊ ဟောကြားတော်မူသော တရားဓမ္မတို့ကိုရင်း၊ ဆပွားပိုမို ကြည်ညိုလေးစားလျက် သဒ္ဓါတရားတို့သည် တဖွားဖွားပေါ်လာတော့၏။ ထိုသို့ကြည်ညို သဒ္ဓါ ပိုမိုကာ မြတ်စွာဘုရား၏ဂုဏ်တော်၊ ကျေးဇူးတော်၊မေတ္တာတော်၊ ဟောကြားတော်မူသော ဒေသနာတရားတော်တို့ကို ရေးစပ် သီဆိုချင်သောစိတ်၊ ညည်းချင်သော စိတ်ဓာတ်တို့သည် ကျွန်တော့်တွင် ပေါ်ပေါက်၍လာသဖြင့် ကျွန်တော် အမြဲ နေ့ စဉ် ရွတ် ဘတ် သရဇ္ဈာယ်နေသော သဗ္ဗညုတ ရွှေဉာဏ်တော်ရပြီး ဘုန်းဂုဏ်အလုံးစုံတို့ကို ပြည့်စုံစွာရရှိတော်မူလျက် ဘုရားဖြစ်ပြီးစ ရှေးဦးစွာ ဥဒါန်း ကျူးရင့်တော်မူသော အနေကဇာတိသံသာရံ ဂါထာ၏ သဘော အနက်အဓိပ္ပါယ်နှင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟပ်လှည့်လည်ပုံ၊ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ အဆွေငါးဦးတို့အား ရှေးဦးဟောကြားတော်မူသော ဓမ္မစကြာဒေသနာများကို သံဝေဂ,လေးချိုးနိဗ္ဗာန်,တေးထပ်များ ခြောက်ပုဒ်မျှ စပ်ဆိုခဲ့ပါသည်။

ထိုစပ်ဆိုပြီးသော လေးချိုးနှင့် တေးထပ်များကို ကျွန်တော်နှင့် ဝဋ်ကြွေးအတူ ဆပ်လျက် နေရသူ ရတုစာဆို လက်ဝဲမင်းညို အမည်ခံ စာရေးဆရာ မဟာသရေစည်သူ ဦးချမ်းသာအား ကျွန်တော်ရေးစပ်ထားသော ကဗျာများကို ပြသပါသည်။ စိတ်ပါ ဝင်စားစွာ ဘတ်ရှုပြီး ကျွန်တော့်အား "ကဗျာအခံရှိသားဘဲ၊ ရတုလင်္ကာများကို စပ်ဆိုပါ"ဟု အားပေးတိုက်တွန်းပါသည်။လက်ဝဲမင်းညို ရေးသားပြုစုသော အနုပညာဂုဏ်ရည် စာအုပ်နှင့် ပဒေသာ ရတုစာအုပ်နှစ်ကို ဘတ်ဘို့ပေးပါသည်။ ဆရာလက်ဝဲမင်းညိုပေးလိုက်သော စာအုပ်များနှင့် ကျွန်တော်၏ဇနီး ပေးပို့လိုက်သော ကဗျာ့ပါရဂူကြီး တဆူ ဖြစ်တော်မူသော မန်လည်ဆရာတော်ဘုရား ရေးသားပြုစုသော မဃဒေဝ လင်္ကာသစ်ကို ဘတ်ရှုလေ့လာပြီး ဘုရားဖြစ်ပြီး သတ္တဌာန စံနေတော်မူခဏ်းနှင့် မြတ်စွာဘုရားသခင်သည် မိဂဒါဝုန်တောသို့ ကြွချီတော်မူ၍ ပဥ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာ ဓမ္မစကြာဟောမြွက်တော်မူခဏ်းကို လင်္ကာသီကုံး၍ စပ်ဆိုပါသည်။ ထိုနောက် အလောင်းတော်သုမေဓာ ရှင်ရသေ့ဘဝ၌ ဒီပင်္ကရာ ဘုရားထံတော်၌ ဆုတောင်းခဏ်းမှစ၍ ဘုရားဖြစ်ပြီးနောက် ပရိနိဗ္ဗာန် စံတော်မူသည် အထိ ရွှေတောင်ကျီးသဲ လေးထပ် ဆရာတော်ဘုရား ရေးသားသော ဇိနတ္ထပကာသနီကျမ်းကို မှီငြမ်းပြု၍ ရေးစပ်ပါသည်။

ဗုဒ္ဓကြောင်း၊ ဓမ္မကြောင်း၊ ဝတ္ထုဒေသနာ အကြောင်းများသည် အလွန်မြားမြောင်၍ ကျယ် ဝန်း လှပါသည်။

မြတ်စွာဘုရား၏ နိုင်းဆတွက်ရေ မရလေသော ဂုဏ်တော်တို့သည်၎င်း၊ နှိုင်းဆိုမရအနန္တဘုန်းတန်ခိုးတော်တို့သည်၎င်း၊ ပေးကျေးမရ ကြီးမားလှသည့် မေတ္တာတော်သည်၎င်း ချီးကျူးသီကုံး၍ကုန်ဆုံးနိုင်ဘွယ်မရှိပါ။ ကျွန်တော့်အနေဖြင့်လည်း သီကုံးနိုင်စွမ်း မရှိပါ။ ဤမြတ်ရတနာ-ပျို့လင်္ကာသည် ကျွန်တော်၏ နှလုံးသည်းပွတ်မှ နူးညွတ် ကြည်ညို့သဒ္ဓါပိုကဲ့ဆန္ဒဇွဲကြောင့်, ဖြစ်ပေါ်လာသော လင်္ကာ ဖြစ်ပါသည်။

ဤသို့ ဆပွား့သဒ္ဓါတရားကြောင့် ရေးသားသီဖွဲ့ထားသော မြတ်ရတနာ လင်္ကာ၌ အနက်အဓိပ္ပါယ် တိမ်းဖယ်လွဲမှားပါသော်၎င်း၊ လင်္ကာ စပ်ဆိုရာ၌ စပ်အင်, စပ်ထုံးသီကုံးလွဲမှား အပြစ်များရှိပါလျှင်သော်၎င်း၊ ပညာရှိ ကဝိအမော် ပညာကျော်တို့ ညွှန်းဖော်ပြသပါက ဝမ်းမြောက်ဝမ်းသာ လေးစားစွာ နာယူမည်ဖြစ်ပါကြောင်း။

မြတ်ရတနာ ပျို့လင်္ကာကို ၁၉၆၆-ခု မေလ ၃-ရက်နေ့တွင် စတင်ရေးသား၍ (၂၀-၁၂-၆၆) ရက်နေ့တွင် အကြမ်းရေး၍ပြီးပါသည်။ (၅-၂-၆၇) ရက်တွင် ထိန်းသိမ်းရာမှ လွတ်မြောက်လာပြီး နှစ်လကျော်မျှ လိုအပ်သော စာပေများကို ဘတ်ရှုလေ့လာပြီး ဤလင်္ကာကို သတ်ပုံများ ညှိနှိုင်းလျက် အချော ပြန်၍ ရေးကူးရာ (၂၁-၁၀-၆၇)ရက်နေ့တွင် ပြီးဆုံးပါသည်။

ဤလင်္ကာကျမ်း ဖြစ်မြောက်အောင် အားပေးချီးမြှင့်သော စာရေးဆရာ ရတုစာဆို လက်ဝဲမင်းညို အား၎င်း၊

(၃၂)

"စေတနာအသီးအပွင့်"အချီးစာတမ်းကို ရေးသားချီးမြှင့်သော ဆရာဦးသော်ဇင်အားရင်း၊ လက်ဘက်ကို အချောပြုပြင်ရေးသည်မှ စာအုပ်ရိုက် ပြီးသည်အထိ ကူညီ ဆောင်ရွက်ပေးသော စာပြင်ဆရာ ဦးတင့်လွန်း (မြဝတီ) အားရင်း အထူးလိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ထွန်းအောင်
(၁၇–၁–၆၈)

၁၃၃၀–ခုနှစ် ပြာသိုလပြည့်ကျော် ၆–ရက်
ဗုဒ္ဓဟူးနေ့တွင် ရိုက်နှိပ်ပြီးစီးသည်။
(၁၄–၈–၆၈)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# [၁]

## ဗျာဒိတ်ခံယူခန်း

အစိန္တိတံ မြတ်ဘုန်းလျှံကား
နှိုင်းစံတွက်ရေ မရလေသည့်
သင်္ချေသင်္ချာ ကမ္ဘာ့ဘာလျှင်
ဘဝါဘဝ အနန္တက
ပွင့်ကြွအစဉ် ဘုရားရှင်တို့
ထံပင်မျက်မှောက် သဒ္ဓါမောက်၍
ဝမ်းမြောက်ဝမ်းသာ ကံသုံးဖြာဖြင့်
ဗုဒ္ဓါစင်စစ် ဖြစ်ရပါလို
ဆုပန်ဆိုသား ထိုထိုဘဝ
တွက်မရရှင့် ဒသပါရမီ
ဖြည့်ကျင့်ညီ၍ ငါးလီစာဂ

ကျင့်သီလကို  နိစ္စကြိုးကုတ်
အားထုတ်ခဲ့ပေ  လေးသချေ်နှင့်
တွက်ရေမှတ်ကိန်း  တသိန်းကမ္ဘာ
ဓွန့်ရှည်ကြာ၍  သာရမည်မှတ်
ကမ္ဘာ့မြတ်၌  ကြုံလတ်သောခါ
သုမေဓာဟု  ဖြစ်လာရသော့
ဈာန်ပျော်မွေ့ရှင့်  တန္ဓေမှာသော်
ရှင်ကျော်ရသော့  ဈာန်မွေ့ကစား
မိုးတိမ်ဖျားမှ  ကြွသွားရာဝယ်
ကောင်းကင်လယ်မှ  အံ့ဘွယ်မြင်ရ
အမရဝတီ  တိုင်းဌာနီ၌
ဒီပင်္ကရာ  စောမြတ်စွာအား
သဒ္ဓါကြည်ဖြူ  နတ်နှင့်လူတို့
၈၇ ☆ ဆွမ်းလှူဒါန  ပူလိုကြ၍
ဗုဒ္ဓကြွရာ  လမ်းမ,တာကို
ညီညာဖြူဖြူ  ပူပြင်ကြသော်
ရှင်တော်တာပသ  ဆင်းသက်ကြွ၍
များစွာ့အပေါင်း  ဘယ်အကြောင်းကြောင့်
လမ်းကောင်းတာပြင်  ပူသည့်အင်ကို
ရှင်ကျော်မေးလတ်  လူနတ်သခင်
ကိုးဂုဏ်တင်သည့်  ဒီပင်္ကရာ
စောမြတ်စွာကို  သဒ္ဓာကြည်ဖြူ
ဆွမ်းလှူမည့်တွက်  သဒ္ဓာတက်၍

## ပျိုလင်္ကာ

လမ်းပျက်ပြုပြင်　ကြားသိခင်ဝယ်
ရှင်တော်ရသေ့　သဒ္ဒါမေ့လျက်
မြတ်ပေ့အလှူ　တာဝန်ယူ၍
ကူပါရစေ　ခွင့်တောင်းလေသည်
မေဓာဝီကျော်
ရှင်သူတော်။

[၂]

မေဓာဝီရှင်　သူတော်စင်လည်း
ကြည်ရွှင်သဒ္ဒါ　ထက်သန်ကာဖြင့်
ဇလာရေပြွမ်း　နွံထူလမ်းကို
သယ်ထမ်းပြုပြင်　မပြီးခင်၌
ဒီပင်္ကရာ　စောမြတ်စွာသည်
နောက်ပါသံဃာ　ခြံရံကာဖြင့်
ကြွလာမြို့တွင်း　ဆွမ်းခံလျှင်းတည့်
စိတ်ရင်းထက်သန်　ဆုကြီးပန်သည့်
အမှန်ယောကျ်ား　ဖြစ်သည့်လားမို့
တပါးတည်းသာ　သံသရာမှ
ရှောင်ခွာသော်လင့်　ကိုယ်ကောင်းကျင့်၍
မသင့်တော်ပြီ　စိတ်ကြံမှီလျက်
ဒီပင်္ကရာ　စောမြတ်စွာသို့

နောင်ခါစင်စစ် အမှန်ဖြစ်၍
မွန်းနှစ်ဝေနေ နတ်လူတွေကို
ကိလေကာမ ဝဲသြဃမှ
အမတနိဗ္ဗူ သောင်ခေငူသို့
ဆောင်ယူသယ်ပို့ မေတ္တာပျို့လျက်
ကူးတို့ယာဉ်မှူး ကြံရည်စူးရှင့်။ ။
တာဦးလမ်းပြင် မပြီးခင်၌
ဒီပင်္ကရာ စောဇိနာသည်
ကြွလာတောက်လျှောက် အနားရောက်သော်
မှောက်လျက်ညွှံတွင်း တံတားခင်းလျက်
ကြွနင်းစိမ့်ငှာ ကိုယ်ခန္ဓာကို
ငဲ့ကာမကွက် သဒ္ဓါတက်၍
အသက်မတွန့် မလွန့်မလှုပ်
ကျောက်ရွှေရုပ်သို့ လက်အုပ်ချီပင့်
ဖူးမျှော်လင့်၍ တင့်ပတ္တနာ
ဆုတောင်းကာဖြင့် မြွတ်စွာဘုရား
တပည့်အားကို တံတားအမှတ်
ရည်စူးလတ်၍ ကူးဖြတ်တော်မူ
လျှောက်တင်ယူသော် တဆူဘုရား
ဦးခေါင်းနား၌ တန့်နားတည်လျက်
မိန့်တော်မြွက်၏ တက်ကြွစေတနာ
သင့်ဆန္ဒာသည် ပြည့်ကာမပျက်
☆စဉ်ဆက်မသွေ လေးသင်္ချေနှင့်

သိန်းနေကမ္ဘာ ကာလကြာသော်
လူ့ရွာလောက ကပ်ဘဒ္ဒ၌
ဗုဒ္ဓစင်စစ် ဘုရားဖြစ်လိမ့်
ရှင်ချစ်စိန္တေ ဗျာဒိတ်ချေက
သုမေဓာလျှင် ကြည်သာရွှင်လန်း
ပီတိဖြန်းလျက် မြတ်ပန်းအောင်ဟိတ်
ချေဗျာဒိတ်ကို လျှံဖိတ်ကြည်ဖြူ
ခံတော်မူသည် အောင်သူထွဋ်တင်
ဗျာဒိတ်ရှင်။

[၃]

## ပဋိသန္ဓေယူခန်း

ဗျာဒိတ်ခံယူ ကြည်တော်မူသား
တဆူတာပသ ထိုဘဝမှ
စ၍ရေသော် သင်္ချေလေးခု
အပေါင်းစုလျက် စွန်းပြုတွက်ကိန်း
တသိန်းကမ္ဘာ ကျင်လည်ကာဖြင့်
ဖြစ်ရာဘဝ များပြားလှ၏

ထိုမျှပတ်လုံး နောင်တော့်ထုံးကို
ကျင့်သုံးယူကာ ပြင်းပြစွာဖြင့်
ရှည်ကြာသရွေ့ ကျင့်ခလေ့ကို
မမေ့မလျော့ မပေါ့မယုတ်
ကျင့်ကြိုးကုတ်၍ အားထုတ်ပါရမီ
သုံးဆယ်လီနှင့် အညီစရိုယ
ပရိစ္စာဂကို ဆုံးဆပိုင်ပိုင်
ကျင့်ကြံနိုင်၍ ခိုင်ခိုင်မြဲမြဲ
ရဲရဲကျင့်ညီ ပါရမီရင့်
သမ္ဘာတင့်၍ ကျင့်ကာတန်တန်
၄၀ ☆စိတ်ထက်သန်လျက် ဝေသန်အဆုံး
တလျှောက်လုံးတွင် တွက်ကျုံးမရ
လွန်များလှသည့် ဘောဂဥစ္စာ
အဖြာဖြာကို ပေးကာလှူငြား
သားမယားနှင့် သွေးသားမျက်စိ
စွန့်ကြဲဘိမြတ် စုတေလတ်သော်
နတ်ပြည်လေးလွှာ တုသိတာဝယ်
ဖြစ်လာစံနေ ဒို့လောင်းဆွေသည်
သေတကေတု ဘွဲ့ပြုနာမ
နတ်ရာဇာ့တည့်။ ကြီးလှတေဇော်
တောက်ဘုန်းတော်နှင့် မွေ့ပျော်စံငြား
လောင်းနတ်သားဟု ထင်ရှားတဆူ

ဖြစ်တော်မူသည် ဇမ္ဗူပြန့်ကျော်
လောင်းနတ်မော်။

[၄]

လောင်းတော်နတ်သား နတ်သက်အားဖြင့်
နှစ်ကားလေးထောင် လူ့ဘောင်တွက်ရေ
ကုဋေခုနှစ်ဆယ် စွန်းဝယ်ခြောက်သန်း
စံနေမြန်း၏ နှစ်ခန်းကြာလစ်
တထောင်နှစ်သော် ဖြစ်ပေါ်လူ့ရွာ
လူတို့မှာ၌ သြဘာအတိတ်
နိမိတ်ထင်ရှား ဘုရားပွင့်မည်
သုံးဘုံလည်လျက် ပျံ့စည်သတင်း
ကြော်သင်းဖြစ်လာ ထိုအခါ၌
ဗြဟ္မာသိကြား ရှင်နတ်များတို့
ရှုငြားလေသော် လောင်းတော်သခင်
ဦ☆ဒေဝါရှင်ကို တွေ့မြင်လတ်ရာ
လူတို့ရွာ၌ မြတ်စွာဘုရား
ပွင့်ငြားချိန်တန် ဖြစ်သည်မှန်ဟု
တောင်းပန်လေလျှင် လောင်းတော်ရှင်သည်
ကြံအင်ငါးဖြာ ရှုကြည့်ကာဖြင့်
ပွင့်ရာဒီပ မဇ္ဈိမ၌

လူ့အသက်တမ်း တသိန်းတမ်းမှ
ရာတမ်းအတွင်း ဖြစ်တုံလျှင်း၍
အချင်းယူဇနာ တသောင်းမှာသော်
ငါးရာကျွန်းငယ် ဝန်းရံသွယ်လျက်
အလယ်မြင့်မိုရ် တောင်ဗဟိုသည့်
တင့်လိုအောင်ရိပ် ဇမ္ဗူဒိပ်ကျွန်း
သပြေထွန်းသား တောင်ကျွန်းလကျ်ာ
မျိုးလေးဖြာတွင် စဉ်လာနွှစ်ပါး
မင်း့ပုဏ္ဏားဌ် စွဲငြားသန္ဓေ
ဖြစ်ကြလေ၍ ဗုဒ္ဓလောင်းမင်း
အကြောင်းချင်းကို ကြည့်ခြင်းငါးပါး
ရှုကြည့်ပွားလျှင် ပြည့်ငြားသော်ရှိ
ကပိလမည် တိုင်းရွှေပြည်ကား
ဘုန်းစည်ဝပြော သုဒ္ဓောဓနေ
နရိန္ဒသည် နွှယ်မှသာကီ
ကြယ်နွှယ်စီ၍ သိင်္ဂီရွှေနွှစ်
ဇမ္ဗူရာဇ်သို့ မောင်ချစ်နှမ
ချစ်မဝသည့် သက်မျှကြင်ယာ
မယ်မာယာကို လကျ်ာဆောင်နှင်း
၁၀၀-☆ဘိသိက်သွင်းသား မိမင်းမဟာ
မယ်မာယာ၏ ရွှေကြာနန္ဒမူ
မြလှိုင်ဂူတွင် စွဲယူသန္ဓေ
ကိန်းဝပ်နေ၍ ဒေဝါသနင်း

အမင်းမင်းတို့ ကောင်းခြင်းအမှု
ပတ္တနာပြု၍ သာစုခေါ်ကာ
သောင်းလုံးဖြာသည် မြေလွှာတုန်ဟည်း
ခြိမ့်ခြိမ့်သည်း။

[၅]

## ဘွားမြင်တော်မူခန်း

စွဲယူသန္ဓေ ကိန်းစံနေသား
သရေထွန်းပြောင် နိမိတ်ဆောင်လျက်
လူ့ဘောင်နတ်ပြည် သုံးဘုံမည်၌
စုံလည်မင်္ဂလာ ဆယ်သုံးခါနှင့်
နှစ်ဖြာအောင်ဟိတ် အောင်နိမိတ်တို့
လျံဖိတ်သောင်းခွင် ဖြစ်ပေါ်ထင်၏
မိခင်မဟာ မယ်မာယာလည်း
ညဥ့်တာကိန်းစက် အိပ်လျက်နေစဉ်
သန်ကောင်တွင်၌ ဆင်ဖြူစကြာ
ရတနာသည် ဒီသာမြောက်ရပ်
အာကာစပ်မှ ချဉ်းကပ်ပြီးကာ

မယ်မာယာ၏ လက်ျာနံပါး
ဖွစ်လုစ်ပြဲ၍ စံစားကိန်းနေ
မြင်မက်လေရှင့် ဗုဒ္ဓလောင်းတော်
ကိန်းအောင်းသော်၍ ကိုးကျော်ဆယ်လ
ဘွားချိန်ကျသော် မယ်တော်မဟာ
မာယာမိမင်း ဆန္ဒပြင်းလျက်
မိရင်းဘရင်း ဆွေသားရင်းတို့
ဝိ ☆စံရင်းပြည်မ ဒေဝဒဟ
ဌာနတိုင်းပြည် ပြန်လည်လိုလှ
မင်းရာဇာ့ကို ရွှေမြညာခင်
လျှောက်ပန်တင်သော် ဘုရင်သုဒ္ဓေါ
ရတက်စော၍ ယှက်နှော သောက
ဖြစ်ပါရလည်း ဆန္ဒတိုင်းသာ
ခွင့်ပေးရှာသည် ရာဇာဘုရင်
နန်းကြီးရှင်။

[၆]

မာယာဒေဝီ မဟေသီလည်း
ရွှေညီဝန်းရံ ဗိုလ်ပေါင်းခြံလျက်
ရွှေပုံ့ထမ်းစင် ရွှေဝေါယာဉ်ကို
စီးနှင်ထွက်လာ နတ်ဒေဝါတို့

လိုက်ပါစောင်မ ကူညီကြရှင့်
ဒေဝဒဟ ပြည်ရွှေလှနှင့်
ကပိလမည် ထိုနှစ်ပြည်၏
ချက်တည်ဗဟို မြရိပ်ညိုတွင်
နှပျိုပွင့်စိ လုမ္ဗိနီအင်ကြင်း
ဥယျာဉ်တွင်းသို့ ချင်းနင်းရောက်သော်
ငှက်ကျေးဖော်တို့ ရွှင်ပျော်သံကြူး
ပင်ချင်းကူးကာ ကြည်နူးဝဲပျံ
သောသောညံလျက် မြိုင်ယံတင့်ဆန်း
အင်ကြင်းပန်းတို့ ပွင့်လန်းပင်လုံး
ညွတ်၍ဖုံးရှင့် သာဆုံးခါဝယ်
ရန့်ကြွယ်လျက် မွှေ့ဘွယ်ရှုခင်း
နှစ်လိုခြင်းကြောင့် မိမင်းမာယာ
၁၀၆ ☆ဝေါယာဉ်သာမှ ဆင်းကာကြွ၍
သာလှပင်မင်း အင်းကြင်းရိပ်အောက်
ရောက်တော်မူလတ် ကိုင်းခက်မြတ်သည်
ညွတ်လျက်ခံလာ မယ်မာယာလည်း
လှမ်း၍ကာဆွဲလျှင် ကောင်းကင်ပြင်၌
ကြယ်စင်နေလ အစုံခ,၍
တောက်ပထိန်လျှံ ဥက္ကာပျံပြီး
အံ့ဘွယ်ချီးသား မြေကြီးတုန်ဟိန်း
စည်မုဒိန်းသို့ ထိန်းထိန်းမည်ကြုံး
သောင်းခွင်လုံး၌ သုံးဆယ့်နှစ်သွယ်

အံ့ဘွယ်သူရဲ   လွန်ကဲနိမိတ်
အတိတ်ထင်လာ   ခဏတာဝယ်
မာယာမယ်ဘွား   မိဖုရားသည်
ဖြစ်ငြွားဓမ္မတာ   စဉ်လာကမ္မဇ
လေနှင်ခ,၍   မောင်းမရံရွေ
ဝန်းရံခြွေလျက်   ပင်ခြေအင်းကြင်း
ဥယျာဉ်တွင်း၌   တင်းတိမ်ကတ္တီပါ
မြအလွှာကို   ဖြန့်ကာပတ်သိုင်း
ကူညီဝိုင်းသော်   မဆိုင်းမကြာ
မြတ်ရတနာကို   မဟာသက္ကရာဇ်
ခြောက်ဆယ့်ရှစ်ဝယ်   နှစ်သစ်ပြောင်းစ
ကဆုန်လလျှင်   ပုဏ္ဏာရက်မှာ
နေ့သောကြာ၌   ဗြိဿာစန်းယှဉ်
သိဟ်ခွင်လဂ်မြတ်   တည်နေလတ်၍
နက္ခတ်ဝိသာခါ   ယှဉ်တွဲကာဖြင့်
ဦ☆ရွှေကြာတိုက်စမ်း   မယ်တော့်ဝမ်းမှ
ချမ်းမြေ့သန့်စင်   ကြေည်လင်လျက်
ဘွားမြင်လောင်းတော်   သောင်းလုံးကျော်သည်

ပူဇော်ခလျှင်း
နတ်မင်းမင်း။

[၇]

ဤသို့လောင်းတော် သုံးလူ့မော်သည်
မယ်တော်မိမင်း ကြာတိုက်တွင်းမှ
သန့်ရှင်းကြည်လင် ရစ်ရွှေစင်သို့
ဘွားမြင်လေသော် လေးဘော်ပြဟ္မာ
ကြွရောက်လာလျက် ရွှေလွှာကွန်ယက်
ရတနာရွက်ဖြင့် ဖြန့်လျက်ခံယူ
နောင်မူတဆင့် နတ်မင်းလေးပါး
ခံ့ငြားချောမွတ် နုထွတ်ပြော့ညက်
လွန်အိစက်သည့် သစ်နက်ရေဖြင့်
ခံယူလင့်၍ တဆင့်နောက်မူ
ဘွဲ့ဖြူပုဆိုး မြောက်ချီမိုးလျက်
လူမျိုးမင်းသား လေးပါးအတူ
ဆက်ကာယူ၏ နတ်လူတို့လက်
ဆင့်ဆင့်ဆက်ဝေ လောင်းမင်းဆွေသည်
မြေထက်ပေါ်ရောက် မင်းမြောက်တန်ဆာ
ပြည့်စုံစွာဖြင့် ရာဇာမင်းသွင်
စိတ်ဝယ်ထင်ရ ကြည်လင်သရေ
အံ့ချီးပေသား ဒေဝါနတ်လူ
သောင်းဇမ္ဗူ၌ နှစ်ယူအားရ
ဦးနှိမ်ကြတည့် ဗုဒ္ဓလောင်းတော်

အကြောင်းမြှော်၍ ရှုသော်အရှေ့
၀၀၈☆ပြကတေ့ဖြင့် ရပ်မွေ့ပြီးလျှင်
မြောက်ရပ်ခွင်သို့ လောင်းရှင်ကြွလှမ်း
ခုနစ်လှမ်းလျှင် လှမ်း၍ရပ်တန့်
လက်ရုံးဆန့်ကာ မိန့်လှန့်ကျူးနှုက်
**အဂ္ဂေါဟမသ္မိ သေဋ္ဌောဟမသ္မိ**
စ,ရှိသုံးဖြာ ဂါနှင့်ဂါဟု
နှိုင်းတုမမြင် ဘက်မယှဉ်သား
ဂါယောကျ်ားဟု ကြုံးဝါးတော်မူ
တဆူပြဟ္မာ ထီးဖြူကာလျက်
ဒေဝါအပေါင်း အုတ်အော်သောင်း၍
ကောင်းချီးကြွေးကြော် ကော်ရော်ညွတ်ခ
ပူဇော်ကြတည့် ထိုသည့်ကာလ
ခါသမယ၌ ဖွားကြဆုံစည်း
တချိန်တည်းဝယ် ကြော်သည်းအစု
**ကာဠုဒါယီသော် ညီတော်အာနန်**
**မတ်မောင်ဆန်နှင့် မြင်းကဏ္ဍက**
**နဂ္ဂြောဓအိုး ညောင်မျိုးဗုဒ္ဓဟော**
ခုနစ်ဆွေဘွားဘက် တပြိုင်နက်ဖြင့်
ဘွားလျက်ပြီးသော် နှစ်ပြည်တော်၏
ဆွေဖော်မိဘာ ရောက်လာကြ၍
ကပိလဝတ်ရွှေ ပြည်ဌာနေသို့

ဗုဒ္ဓလောင်းမင်း   ပို့ဆောင်လျှင်းသည်
ကောင်းခြင်းမင်္ဂလာ
ဖြစ်၏တည်း။

[၈]

လောင်းမြတ်စိန္တေ   ဘွားမြင်လေ၍
ခြောက်ထွေနတ်ရွာ   အထက်လွှာ၌
☆ ဗြဟ္မာနတ်ပေါင်း   အံ့ချီးငြောင်း၍
သောင်းသောင်းအုတ်အော်   ကြွေးကြော်လေကြ
ကပိလရှင်   ဘ,ဘုရင်၌
လူတွင်ထင်ရှား   လွန်ထူးခြားသည့်
ဘုရားမြတ်လောင်း   သားကောင်းရတနာ
ဘွားမြင်လာ၍   မကြာမြင့်သော်
မြတ်ဘုန်းမော်ကို   ဖူးမြော်ရအံ့
ပျံ့နှံ့ကြေငြာ   ရှင်မောသာတည့်
ထိုခါကာလ   မင်းသုဒ္ဓ၏
နှယ်မှုစဉ်ဆက်   မပျက်ကိုးကွယ်
စျာန်မွေ့ကြွယ်သား   ရှစ်သွယ်သမာပါတ်
ပြည့်စုံလတ်သည့်   ရှင်မြတ်တာပသ
ဒေဝိလသည်   စျာန်ကြနတ်ပြည်
ရှိနေသည်နှင့်   မွေ့ကြည်သတင်း

နတ်မင်းမင်းတို့ ကောင်းခြင်းမင်္ဂလာ
ရွှင်လန်းစွာဖြင့် ပြောကာနေစဉ်
ကြားလျှင်ခန ဒေဝီလလည်း
သက်ကြွနန်းတွင်း ဘုရင်မင်း၏
စံခင်းနန်းသာ ရောက်လေခါ၌
ကြားလာအခင်း ဘုရင်မင်းကို
ရှင်းလင်းမိန့်ကြား မှန်စကားကြောင့်
သားတော်ချီပွေ့ မင်းရသေ့အား
ဖူးတွေ့စေလျက် လက်နှစ်ဘက်ဖြင့်
ယှက်စေသော်လျှင် လောင်းရှင်မင်းသား
ဘုန်းတော်အားဖြင့် ဘဝါးရွှေစက်
၁၀၀ ☆ လျှပ်ခြည်စက်သို့ ပျံတက်၍ကြွ
ဒေဝီလ၏ ဦးစ,ထိပ်ပြင်
ရပ်တည်လျှင်သော် အရှင်ရသေ့
အံ့ဘွယ်တွေ့၍ ထူးပေ့ယောကျ်ား
လောင်းမင်းသားဟု ကြည်ပွားရိုကျိုး
လက်ယှက်မိုးကာ ရှိခိုးဦးတိုက်
ကြည်မောလှိုက်သည် နှစ်ခြိုက်အားရ
ဖူးမဝ။

# [၉]

ရှင်တော်ဦးတိုက်   ထိုသည့်ခိုက်ဝယ်
လိုက်လိုက်ကြည့်ရှင်   ဖူးတွေ့မြင်ရ
ဘခင်သုဒ္ဓ   ပဌမကြိမ်
ဦးချနှိမ်၍   တည်ငြိမ်တာပသ
ထိုခါမျှ၌   ဉာဏ်ဆက္ကန့်လောင်း
ရှေးဟောင်းနှောင်းဖြစ်   အကြောင်းစစ်ကို
ဉာဏ်လှစ်ရှုငြား   ဤမင်းသားသည်
ဘုရားကေန်   ဖြစ်မည်မှန်ဟု
ကြည်သန့်စိတ်ဝယ်   ဝမ်းသာလှယ်၍
မွေ့ကြွယ်ပီတိ   ပြုံးရယ်မိလည်း
အံ့ဘိယောကျ်ား   ငါတွေ့သားနှင့်
ဘုရားဖြစ်ခါ   စောဇိနာကို
ငါရှင်ရသော့   မဖူးတွေ့ရ
ဆိုးလှကံရင်း   သိမြင်ခြင်းကြောင့်
ပြင်းပြရှိုက်ကာ   ငိုလေရှာ၏
ထိုခါဘုရင်   စိတ်မရှင်ဘဲ
"အရှင်တာပသ   ဒေဝိလ
ဘာ့ကြောင့်သောနှယ်   သဘောလှယ်၍
ဖို☆ပြုံးရယ်ငိုခြင်း   ထိုနှစ်ခင်းကို
လင်းပ,ဆရာ"   မေးလျှောက်လာသော်

ဆရာတာပသ ဒေဝိလက
သားလှအတွက် ရတက်စိုးနှောင့်
စိတ်ဝယ်မှောင့်၍ မကြောင့်ကြလင့်
သင့်၏သားတော် မြတ်လောင်းမော်သည်
အကျော်ယောကျ်ား ဖြစ်သည့်လားမို့
ဘုရားစင်စစ် ဖြစ်မည်အမှန်
ဧကန်ကြောင့် ရှင်သန်မြူးကြွယ်
ငါပြုံးရယ်၏ သို့ဝယ်တစေ
လောင်းဗုဒ္ဓကို တွေ့လေပါငြား
ချိန်မှီသားနှင့် ဘုရားမဖြစ်မီ
ငါဒေဝီသည် စုတိမရဏာ
ကွယ်လွန်ရ၍ ဗုဒ္ဓပွင့်ဦး
စိန္တေထူးကို မဖူးလိုက်ရ
မြတ်ဓမ္မလည်း မနာရပေ
ဝမ်းနည်းလေ၍ စီးတွေမျက်ရည်
ကျမိသည်ဟု ဖြေလည်မိန့်ဟ
ရှင်းကာပြ၍ နန်းမှကြွသော်
နှမတော်၏ ရှင်ပျော်နေရာ
အိမ်ဂေဟာသို့ ရောက်လာတော်မူ
တူတော်နာဠက ဖြောပြသော့ဟူ
"ငါ့တူနာဠက မင်းသုဒ္ဓ၏
ပုတ္တရတနာ သားသက်လျှာသည်
မကြာသော်လစ် ဘုရားဖြစ်အံ့

၆၀☆နှစ်ကိုတွက်ငြား သုံးဆယ့်ငါး၌
ဘုရားကေန် ဖြစ်မည်မှန်၍
ရည်သန်ကျင့်ပွား မြတ်တရားကို
နာကြားရလျက် မပျက်ချမ်းသာ
နိဗ္ဗူတာကို မှန်းကာရည်သန်း
စိတ်ရှင်လန်းကာ ရဟန်းပြုလေ”
မိန့်ချွေသည်တွင် တူရှင်နာဋ္ဌက
“မောနေယျ”ကို ကျင့်ရပါလို
များထိုထိုက ဆုဆိုယောက်ျား
ဖြစ်သည်သားကြောင့် မယားဥစ္စာ
စည်းစိမ်လွှာကို စွန့်ကာပစ်ပယ်
ထိုနေ့လယ်၌ မှန်းရွယ်လောင်းလျာ
ရှိခိုးကာဖြင့် ခြုံလွှာသင်္ကန်း
ဝတ်ဆင်မြန်း၍ ရဟန်းဖြစ်လေ
ဓိဋ္ဌာန်ပေသည် မောနေယျ,ဝင်

တဆူရှင်။

[၁၀]

## အမည်မှည့်ခဏ်း

လောင်းတော်မြတ်ရှင်　သားရွှေစင်ကို
ဘွားမြင်ပြီးနောက်　ငါးရက်မြောက်၌
ဘုန်းတောက်တေဇာ　မင်းရာဇာသည်
မင်္ဂလာနေ့မြတ်　အခါသတ်၍
တတ်သည့်အငွမ်း　ဗေဒင်ကျမ်းကို
ကမ်းတဘက်ရောက်　မွေနှောက်ကျော်လစ်
မင်းသုံးဖြစ်သည့်　ရှာ့ရှစ်ပုဏ္ဏား
ကဝိများကို　ဘိတ်ကြားသော်လတ်
နန်းပြာသာဒ်၌　မည်မှတ်သညာ
မင်္ဂလာကို　ဆင်ကာနန်းတော်
ဦ★ကျင်းပသော်တည့်　ဖျော်ယမကာ
ဿနာထမင်း　ကျွေးမွေးလျှင်း၍
အောင်ခြင်းအတိတ်　ပုရောဟိတ်တို့
နိမိတ်လက္ခဏာ　အဖြာဖြာကို
ဘတ်ကာစစ်ဆေး　ဟော၍ပေးလော့
မေးတော်မူလျှင်　ရှာ့ရှစ်ဟွင်၌
ထင်ရှားတတ်မြောက်　ခုနစ်ယောက်တို့

လက်မြှောက်နှစ်ချောင်း အံ့ဘွယ်ကောင်းသား
အလောင်းစကြာ ကျွန်းဒီပါကို
လှည့်ကာသော်ငြင်း ဖြစ်မည့်ကြောင်းနှင့်
ထပ်လောင်းထို့ပြင် သုံးခွင်ထင်ရှား
လူသုံးပါးတို့ ညွှတ်တွားကော်ရော်
ပူဇော်ခံထိုက် တရားမြိုက်ကို
နှစ်ခြိုက်ရှာဖွေ ရယူပေမည်
ဇိနေမြွတ်စွာ
သုံးလူ့ချာ။

[၁၁]

စကြာ့ဘုရား ထိုနှစ်ပါးတွင်
တပါးဖြစ်မည် ဟောသည်ရှိထ
ကောဏ္ဍညနွယ် အငယ်တယောက်
တချောင်းမြှောက်၍ အံ့လောက်ယောကျ်ား
အရှင့်သားသည် ဘုရားကေန်
ဖြစ်မည်မှန်၍ ဆင်းကြွန်လက္ခဏာ
အံ့ဘွယ်ပါလျက် ပြည့်ကာခပ်နှိပ်
သုံးကျိပ်နှစ်ပါး အကြီးအားဖြင့်
ငယ်ကားရှစ်ဆယ် အံ့ဘွယ်ဆယ့်နှစ်
ရာ့ရှစ်အစုံ ပြည့်ကုံလုံ၍

၁၀၄ ☆သုံးဘုံလောက တုမရသည့်
ဗုဒ္ဓအစစ် ဓမ္မရာဇ်ထွတ်ထား
ဘုရားဧကန် ဖြစ်မည်မှန်ပြီး
ရင့်သန်ပါရမီ သမ္ဘာညီကာ
စာဂီကျင့်မြတ် မေ့ပျော်လတ်၍
နတ်တို့ပြဟိတ် နိမိတ်လေးပါး
တွေ့မြင်ငြားသော် ကြီးမားသံဝေ
ရရှိလေလျက် ကိလေတဏှာ
ပယ်ဖြတ်ကာဖြင့် စွန့်ခွာလူ့ခွင်
တောသို့ဝင်လျက် ဆင်ကာသက်နိုး
ရဟန်းပြုမည် ဟောလေသည်ကြောင့်
မကြည်ဘခင် စိတ်မရွှင်ဘဲ
ရွှေစင်သားလျှာ ယာဉ်စကြာနှင့်
လေးဖြာဒီပ ကျွန်းဒေသသို့
စိုးသ့ပိုင်နင်း စကြာမင်းစစ်
ဖြစ်လိုဆန္ဒ ရှိလေစွတည့်
ဗုဒ္ဓလောင်းလျှာ မည်နာမကို
ဘတ်ကာသော်ဘိ ကျော်ကဝိတို့
တတ်သိခပ်သိမ်း ပြီးငြိမ်းစေတတ်
သိဒ္ဓတ္ထဟု မည်ပြုမှည့်ခေါ်
အလောင်းတော်အား အကျော်တမြတ်
မင်းသိဒ္ဓတ်ဟု လူနတ်ပြန့်ကျော်
ထင်ရှားသော်တည့် မယ်တော်မိဖုရား

လောင်းမင်းသားကို ဘွားပြီးသော်လျက်
ခုနစ်ရက်လျှင် အသက်ဇီဝိန်
ငါ☆ကံအရှိန်သည် ကုန်ချိန်ကျသော်
အိပ်ပျော်ယောကျာ်း ဖြစ်သည့်လားသို့
များပြားဒုက္ခ မတွေ့ရဘဲ
စဲပြတ်စုတေ ခန္ဓာကြွေ၍
လေးထွေနတ်ရွာ တုသိတာ၌
ဖြစ်လာနတ်မင်း ဂုဏ်ရောင်လင်းလျက်
မည်ရင်းနာမ သန္တုသိတဟု
ခေါ်ကြနာမာ သောင်းလုံးဖြာသည်
စဉ်လာပဝေ
မှည့်ခေါ်လေ။

[၁၂]

## ဒုတိယအကြိမ်ဦးနှိမ်ခန်း

မယ်တော်မိဖုရား နတ်ပြည်လားသော်
သားတော်သိဒ္ဓတ် လောင်းမင်းမြတ်ကို

မပြတ်လုပ်ကျွေး   သားရင်သွေးသို့
မိထွေးဂေါတမီ   ရင်၌မှီသည့်
ရင်ဆိမ့်နို့မြိုက်   ကျွေးကာတိုက်၍
ပိုက်လျက်ရင်တွင်း   မိရင်းပမာ
ပြုစုကာတည့်   နန္ဒာသားတော်
အထိန်းဖော်ကို   ပေးသော်အပ်နှင်း
ကျွေးမွေးလျှင်း၏   လောင်းမင်းသိဒ္ဓတ်
ဘွားလတ်ပြီးနောက်   တလမြောက်သော်
ခမည်းတော်သည်   များဖော်ဗိုလ်ပေါင်း
ခြံရံခြောင်း၍   ကောင်းကြီးတင့်တယ်
မြတ်မွန်ထယ်သည့်   လယ်ထွန်မင်္ဂလာ
ကျင်းပကာဖြင့်   လောင်းလျာသားတော်
ပိုက်ချီခေါ်၍   ပင်မော်စိမ်းနု
မြရည်ဥသည့်   ဇမ္ဗူ့သပြေ
ဦး ☆ ပင်ရင်းခြေ၌   မြရွှေကမ္ဗလာ
ခင်းကျင်းကာဖြင့်   လောင်းလျာမင်းသား
သိပ်၍ထားရှင့်   များလှခြွေသင်း
ရံရွေရင်းတို့   မင်းမင်းဘုရင်
လယ်ထွန်စဉ်၌   ရှုမြင်ငေးမော့
မေ့လျော့နေလတ်   မင်းသိဒ္ဓတ်သည်
တင့်မြတ်ဘွဲ့ခွေ   စံနေမူပြီး
ပွားစီးဘာဝနာ   အာဏာပါန
သမထကို   ပဌမစျာန်

ရွှေဉာဏ်ဝင်စား   ရှုပွားလျက်နေ
သပြေပင်ဝန်း   အရိပ်ကွန်းသည်
မယွန်းမပြောင်း   ထီးသို့ဆောင်းလျက်
မစောင်းမရွေ့   ပြကတော့လျှင်
လောင်းတော်ရှင်ကို   တွေ့မြင်လေငြား
ရံရွေ့များသည်   လျှောက်ထားဘုရင်
ကြားလျှင်ခန   ရောက်လာကြ၍
ဗုဒ္ဓလောင်းမောင်   စျာန်မွေ့ပျော်ခိုက်
ဘတော်ဘုရင်   ဖူးတွေ့မြင်ရ
ကြည်လင်ညွတ်တုပ်   လက်အုပ်ချီမိုး
သဒ္ဓါဖြိုးလျက်   ရှိခိုးမဝ
ဒုတိယကြိမ်   ဦးချနှိမ့်သည်
မွေ့သိမ့်ကြည်ရွှင်
ဘဘုရင်။

[၁၃]

## နတ်ရေကန်ဘန်ဆင်းခဏ်း

ပုတ္တရင်နှစ်   လောင်းမင်းစစ်ကို
ချစ်၍မဝ   ခမည်းဘသည်

ကြုံဆတွေးမြော် ငါ့သားမော်သည်
၁၀။ ☆သက်တော်နုနယ် ခွန်နှစ်ရှယ်တည့်
မွေ့ဘွယ်အထူး ရှင်မြူးစေကာ
ရေကန်သာကို မကြာပြီးစေ
မိန့်မှတ်လေ၍ တတ်ပေဆရာ
ပိသုကာတို့ နေရာပြုပြင်
အကွက်ဆင်၍ လေးပြင်လေးဘက်
ပနက်ညီညီ ရိုက်စီပြီးက
ညနေကျသော် ပြန်ကြလေကာ
နေ့တာလွန်မြောက် ညဥ့်ဦးရောက်လျှင်
ကျောက်ဖြာအခင်း သိကြားမင်း၏
စံရင်းအလွှာ ကမ္ဘလာသည်
တင်းမာရင့်ရော် အကြောင်းမြော်လတ်
လောင်းတော်မြတ်နှင့် လျှောက်ပတ်စေရန်
နတ်ရေကန်ကို မှန်စွာလိုဘိ
တွေ့မြင်သိသော် ဝိသုကြုံနတ်သား
စေခိုင်းငြား၍ သွားကာဘန်ဆင်း
မြို့ခင်းလေးဘက် မြို့မျက်နှာသာ
လေးရပ်မှာလျှင် တဂါဝုတ်မျှ
ကျယ်ဝန်းလှသည့် ရတနာ့မှန်
နတ်ရေကန်ကို သန္တာပုလဲ
ကျောက်မျက်ရွဲနှင့် ကျောက်ရွဲဝံသဝဏ်
မြတ်မွန်ပတ္တမြား ဥဿဖယားရွှေ

နှောထွေရောင်လွင့်   ခုနှစ်ဆင့်တန့်
ခုနှစ်ကန့်ဖြင့်   ဝင်းဖန့်ထယ်ဝါ
ကြေညာသာ၍   ဇလာရေစပ်
၆၀၀၈ ☆ကန်သာရပ်တွင်   လျှပ်လျှပ်စိန်သွင်
ဘော်စင်သလဲ   ဖြန့်၍ကြဲသား
ပုလဲရွှေငွေ   ဝေဝေဖြာတောက်
အဒ္ဒကျောက်နံရံ   ရွှေမှုမ်းမံ၍
ကွန့်ပျံ့ရုပ်ပုံ   ပန်းလွှာစုံလို့
ခြယ်မှုံတုလွတ်   ချောချောမွတ်သား
ပွတ်လုံးရွှေတိုင်   အဆိုင်ဆိုင်ဖြင့်
မြိုင်မြိုင်မွန်းခြယ်   လွန်တင့်တယ်၏
ရေလယ်ရွှေကြာ   ပဒုမ္မာတို့
ငုံကာဖူးပွင့်   ကန်လုံးတင့်၍
သင်းပျံ့ပျံ့လှိုင်   ရနံ့ကြိုင်လျက်
သံပြိုင်ငှက်ကျေး   ကျူးရင့်ကြွေးကာ
ယှက်ထွေးပျံသန်း   သာတင့်ဆန်းတည့်
စောင်းတန်းကွန်းရိပ်   ရေဆိပ်လှေကား
ဆင်းတက်များကို   စီထားရတနာ
ရောင်စုံဖြာလျှက်   ကန်သာကန်တွင်း၌
ပျော်စေခြင်းငှါ   ဘန်ဆင်းရွှေငွေ
လှောင်းလှေကတ္တူ   သရဂူတို့
ထီးဖြူပလ္လင်   ရတနာဆင်၍
ဥကင့်ကနက်   ပြည့်စုံလျက်ရှင့်

နှစ်သက်အံ့ချီး ရေကန်ကြီးကို
ပြုပြီးအစုံ ပိသုကြုံနတ်သား
ပြန်ကြွသွား၏ အများပြည်သူ
များဗိုလ်လူတို့ ဝှန်ဆူအုတ်ကျက်
သောသောနှက်၍ နံနက်ကာလ
စ၅၀၈ ☆တွေ့မြင်ကြသော် မြေမှပေါက်လား
အံ့တအားမို့ လျှောက်ထားဘုရင်
ကြားလျှင်တမုဟုတ် သုတ်သုတ်ရောက်လာ
မြင်တွေ့ကာဖြင့် ရှင်သာကြည်မော
အံ့တသြမို့ သုဒ္ဓေါဘုရင်
ပျော်ရှင်ဝမ်းမြောက် တအားမောက်၍
ဘုန်းတောက်ငါ့သား ပျော်ကစားရန်
နတ်များဒေဝါ ဘန်ဆင်းလာဟု
ဝမ်းသာကြည်မွတ် သားတော်မြတ်ကို
လွှဲလတ်ကန်တော် ရံရွှေဖေါ်နှင့်
ရှင်ပျော်စမွယ် လွန်တင့်တယ်သည်
မင်းနှယ်သကြား
လောင်းမင်းသား။

[၁၄]

## လေးအတတ်ပြခန်း

လောင်းတော်မင်းသား ရွှေ့ရွှေ့အားဖြင့်
ကြီးပွားရှယ်ရောက် ရွှေဘုန်းတောက်၍
ဆယ့်ခြောက်နှစ်သော် ဘေးဘိုးတော်တို့
မပျော်နန်းအိမ် တကြိမ်တရံ
မစံစဘူး မွန်မြတ်ထူးသည့် နန်းဦးပြာသာဒ်
သုံးဆောင်မြတ်ကို မည်မှတ်ရမ္မ
သုရမ္မနှင့် သုဘနန်းမြင့်
အဆင့်ဆင့်လျှင် လှင့်လှင့်ငွားငွား
မိုးထိလားသို့ ကြွားကြွားတင့်တယ်
ဘုံသုံးသွယ်ဖြင့် နတ်နှယ်ညီပေ
စံစားစေ၍ ရံရွှေထောင်သောင်း
ဝန်းခြောင်းရှင့် လောင်းတော်ပုတ္တ
မင်းသိဒ္ဓအား နန်းမသုံးရပ်
၀၀၈၈ ☆ ဆောင်ထပ်ထပ်ကို နှင်းအပ်ပေးပြီး
မင်းကြီးသုဒ္ဓေါ် စိတ်ကြံစော၏
ချစ်သောသားတော် ဘွားပြီးသော်က
အကျော်ပုဏ္ဏား ကဝိများက

သားလှရွှေစင် တောသို့ဝင်လျက်
ဆင်ကာသက်နှိုး ရဟန်းဖြစ်မည်
ဟောလေသည်ကြောင့် မကြည်စိတ်ဝယ်
စိုးနှောက်ကြွယ်၍ ကြံရွယ်တွေးဆ
သားလူလှကို မရသံဝေ
မထင်လေဘဲ နန်းရွှေအိမ်နိုက်
သိုက်မြိုက်စံငြိမ် မင်းစည်းစိမ်ကို
တင်းတိမ်မဝ ရွှေညာခလျက်
တင်သတောင်ညာ ခံစားကာဖြင့်
မဟာဒေဝီ မဟေသီပြင်
ရွှေညီစံစား မောင်းမများနှင့်
ပျော်ပါးစေလျက် တောမထွက်ဘဲ
နှစ်သက်ကြည်မွေ့ ပျော်ခလေ့ဖြင့်
လေးထွေ့ဒီပါ ကျွန်းအောင်ချာကို
ပိုင်ကာစိုးနင်း စကြာမင်းစစ်
ကေန်ဖြစ်၍ ကျော်လစ်ဇမ္ဗူ
ငါ့မှာမူလည်း တဆူစကြာ
သားရတနာ၏ ခေါ်လာအဘာ
ငါခံရဟု တွေးဆရည်မြော်
ကြံစည်သော်၍ ဆွေတော်ညာတိ
ရှိသမျှထံ ရာဇသံဖြင့်
★ နှာခံစေရာ သမီးကညာတို့
လောင်းလျှာအတွက် သွေမကွက်ဘဲ

ပို့ဆက်စေကြောင်း မိန့်သံပြောင်းသည့်
တောင်းခံပေလှာ
မင်းအာဏာ။

[၁၅]

တောင်းခံရွှေပေ ရကြလေလျှင်
ဒေဝဒဟ ပြည်ရွှေမ၏
စိုးသပိုင်နင်း သုပ္ပမင်းနှင့်
ချင်းချင်းမျိုးဆွေ ပြောဆိုလေကြ
"သိဒ္ဓတ္ထသည် ယယ်ကယှင်းချို့
မင်းတို့တတ်အပ် ဆယ့်ရှစ်ရပ်နှင့်
နှံ့စပ်ပညာ ကင်းမဲ့စွာတည့်
ဆရာပဏ္ဍား မြွောက်စကားဖြင့်
မောက်ကြွားမာန်ရစ် ဘုရားဖြစ်မည်
ဟောလေသည်ကြောင့် ခိုင်ကျည်မာန
မြင့်ပါလှ၍ ငါဟယောကျ်ား
မြွက်ကြုံးဝါးလည်း စွမ်းပကားကင်း
မြိုင်တွင်းမှာရောက် ပေါက်ဖင်အလား
တိုင်းတပါးတို့ ပြုငြားအန္တရာယ်
ကျရောက်လွှယ်က မကွယ်နိုင်ရာ
လဲဂွမ်းဝါသို့ လေမှာလွင့်ရောက်

မမူလောက်၍ ကွယ်ပျောက်လွင့်စဉ်
ဖြစ်မည့်အင်ကြောင့် ရင်နှစ်သည်းချာ
သမီးကညာကို ပေးကာမတော်
မလျှော်လေစွ ပြောဆိုကြ၏”
ထိုမျှစကား ပြန်ကြားအရှင်
၈၂၀၀ ★ လျှောက်ကာတင်သော် ဘုရင်သုဒ္ဓ
ဒေါမာန်ထ၍ ပြောကြလေခြင်း
ထိုအခင်းကို မငြင်းဆန်သာ
သားသက်လျာကို အင္ဂါရသ
သိပ္ပတတ်မျိုး ပြီးပြည့်ဖြိုးရန်
အာဒုကြိုးအလျင် သင်ပါတိုက်တွန်း
ပြောဆိုညွှန်း၏ တောက်ထွန်းတေဇော်
မြတ်လောင်းမော်သည် ဘတော်ဘုရား
မိန့်စကားကို ကြားရလေလျှင်
သင်ဘွယ်မရှိ ပကတိဖြင့်
ပင်္ကိုသန္ဓေ တည်နေစဉ်က
သားပုတ္တသည် သိပ္ပပညာ
ပြည့်စုံပါခဲ့ မွေးလျာဘခင်
သားစွမ်းအင်ကို မြင်လိုသမှု
မိန့်တော်ပြုက ယခုခဏ
တတ်သိပ္ပကို ပြမည့်အကြောင်း
လျှောက်ပန်တောင်းသော် ခမည်းတော်လည်း
ရွှင်ပျော်အားရ ဝမ်းသာလှ၍

နန်းမပြင်ဝယ်　လှန်ခန့်ထယ်သည့်
ပြန့်ကျယ်တလင်း　မြေညီခင်း၌
မင်းကွန်းမကျွပ်　ဆောက်လုပ်အပ်၍
မလပ်လိုရာ　ပြည့်စုံကာဖြင့်
အောင်ချာကြငှန်း　လေးတင်ခန်းကို
ဆန်းဆန်းတကြွယ်　သားရွှေသွယ်အား
အံ့ဘွယ်ထူးထွေ　ပြသစေသည်။

နန်းရွှေဥကင်
၁၂၅၀ ☆ လေးတော်တင်။

[၁၆]

မင်္ဂလာဆင်နွဲ　လေးတင်ပွဲသို့
ခပဲပြည်သူ　များဗိုလ်လူနှင့်
သူကြွယ်ပုဏ္ဏား　မှူးမတ်များတို့
စုံငြားလေလတ်　ဘုံတော်မြတ်လည်း
ပြာသာဒ်နန်းမြင့်　လေသာဆင့်မှ
ငုံ့လင့်ရှုမြော်　ကြည့်လေသော်လျှင်
လောင်းတော်မင်းသား　ပတ္တမြားတောက်ယို
မိန်ချပ်ညိုနှင့်　မျဉ်းတိုမျဉ်းရှည်
စသည်တန်ဆာ　ဆင်ဝတ်လှာကို
စီကာနဝရတ်　လုလင်နတ်သို့

ဆင်လတ်လောင်းမင်း သရေလင်းသား
သင်းကျစ်မကိုဋ် ဦးနှိုက်ဆောင်းကာ
ခါးမှာပန်းပွား မြိတ်စဖွားနှင့်
ရှုငြားပြေပြစ် ဘတော်ချစ်အား
ပြုလစ်ဘုန်းစွမ်း လက်ရုံးတမ်းလျက်
လခြမ်းသဏ္ဍာန် ကွေးသွယ်ဟန်နှင့်
သန္တာရောင်ပြေး သားချိုလေးဖြင့်
မြသွေးကျည်တောင့် ခါးစောင့်တင့်လွယ်
သရေကြွယ်လှ မင်းနှယ်သကြား
စစ်ဆင်သွားသို့ လေးပါးပရိသတ်
အံ့ဩလတ်၍ မှူးမတ်တို့လယ်
ဝင့်ဝင့်ထယ်၍ တင့်တယ်ရပ်ပြီး
အကြီးအကျော် လေးသည်တော်တို့
ဘိတ်ခေါ်ထားကာ လေးမျက်နှာမှ
၁၃၀၀ ☆ ရပ်လာနေစေ မြှားရေကိုယ်စီ
သုံးသောင်းစီဖြင့် အညီအမျှ
ပေးဝေငှပြီး "လွှတ်ကြတော့လေ"
မိန့်တော်ချွေလျှင် လေးတင်သမား
အကျော်များက "သားတော်အရှင်
များပင်မဆိုထား တယောက်အားဖြင့်
လွှတ်ငြားသော်ဝယ် တားလွှယ်ခြင်းငှာ
မစွမ်းရာဟု" သူငါကစ
ဆိုလာကြသော် ငါ့အားသင်တို့

စိုးရိမ်မြို့နှင့် မချို့မယွင်း
ပစ်လွှတ်သွင်းလေ့ မင်းမင်းလောင်းမော်
မြတ်ခင်းပေါ်၌ ရုပ်တော်မူရွှေ့
ရွှေခြသေ့သို့ ငါဟေ့ဘုန်းဘောက်
ဆိုရလောက်အောင် ထိတ်ကြောက်အလျှင်း
မရှိကင်းလျက် လေးခင်းအကျော်
လေးသည်တော်တို့ လွှတ်သော်မြှားချက်
လျှပ်တပြက်၌ ဆက်၍ရာထောင်
မကဆောင်၍ ရှောင်၍မလွှတ်
ပစ်လွှတ်လေငြား လောင်းမင်းသားသည်
မြှားဝရဇိန် အရိန္ဒမာ
လေးစကြာဖြင့် လွှဲကာဖယ်တိမ်း
ညို့သံကြိမ်းလျက် မိုးခြိမ်းသံလား
မြေအက်လားလို့ ကြောက်အားလန့်ဘွယ်
မြှားရေးကြွယ်၍ မြှားသွယ်မြှားတန်း
ရွှေဆိုင်းပန်းသို့ မှန်း၍လိုရာ
၁၄၅၀ ☆ ပျံစေကာတည့် ဗိုလ်ပါပရိသတ်
မင်းမှူးမတ်တို့ လက်ခတ်တီးညံ
သြဘာသံသည် မိုးယံကောင်းကင်
ဝဠာပြင်သို့ ပဲ့တင်ရုတ်ခြည်း
မြည်ဟည်းဖြစ်ပေါ် အံ့သော်မကုန်
မြေကြီးတုန်မျှ မြှောက်ခုန်သြဘာ
ပေးကြကာတည့် ထိုခါလောင်းမင်း

လေးခင်းပညာ ဆဲ့နှစ်ဖြာကို
ပြကာပြီးထ နောက်ဆုံးမှတွင်
ထောင်မျှဗိုလ်ခြေ မချီလေမှ
ကြွသည့်လေးတော် ဝဲဘက်တော်ဖြင့်
ချီသော်မလျက် လက်ျာလက်နှင့်
ညှို့ချက်ရိုက်ခြိမ်း ညွှတ်မတိမ်းဘဲ
ကြိမ်းကာထက်အောက် ပျံ့နှံ့ရောက်သည့်
ဘုန်းတောက်လောင်းတော်
သောင်းလုံးကျော်။

[၁၇]

## လက်ထပ်ခဏ်း

ရွှေဘုန်းတေဇော် မိုးဏီကျော်သား
ဆွေတော်မျိုးပေါင်း ကြောက်ရွံ့ရှောင်း၍
အပေါင်းကညာ သမီးလျှာတို့
တင်ကာဆက်ကြ လေးသောင်းမျှတည့်
ဒေဝဒဟ ပြည်ရွှေမကို
စိုးသသပိုင်သိး တောက်ဘုန်းကြီးသည့်

တထီးမင်းကျော် ဦးရီးတော်လည်း
မျက်ဖျော်သည်းနှစ် ဇမ္ဗူရာဇ်သို့
ချစ်ရှိမဝ တုလွတ်လှသည့်
ဘဒ္ဒကဥ္စနာ ယသော်ဓရာကို
၁၀၄၁ ☆နောက်ပါတသင်း ရံရွေရင်းနှင့်
ဆက်နှင်းလေရ လေးသောင်းမျှတွင်
ရွေးကြလေရာ လူ့ရွှာနတ်ခွင်
ရှုမမြင်သား ကြန်အင်လက္ခဏာ
ပြည့်စုံစွာဖြင့် ဆင်းလှာရုပ်ရေ
တင့်တယ်ပေသည် လှဝေဥသျှောင်
ဘုန်းခေါင်ပါရမီ ဆက်တိုင်းမှီကာ
တညီဘွားဘက် ဆယ်ကျော်သက်ကို
မြှောက်လျက်ကြင်ယာ ကဥ္စနာနှင့်
ဗိမ္ဗာ့ယသော် သုံးမည်ကျော်သား
ဘွဲ့တော်ချီသ အဂ္ဂမဟေသီ
ဒေဝီမိဖုရား ထောင်ညာထား၍
မြှောက်စားနန်းမြင့် ဘုံသုံးဆင့်၌
စံလင့်ရိပ်ငြိမ် မင်းစည်းစိမ်ကို
မွေ့သိမ်စံစား နတ်သကြားသို့
ကြီးမားတေဇော် ပျိုလျက်ကျော်သည်
ဘုန်းတော်ဘက်ကင်း
လောင်းမြတ်မင်း။

[၁၈]

## နိမိတ်လေးပေါ်ထင်ခဏ်း

သုံးဘုံကြွင်းနှန်း ရွှေအိမ်နန်း၌
စံမြန်းတင့်ပျော် လောင်းမင်းမော်သည်
ယသော်ထိပ်ဆောင်း ရုံရွှေပေါင်းနှင့်
လေးသောင်းမောင်းမ ဝန်းရံခလျက်
ဖြေကြသော်လျှင်း နန်းတော်တွင်းဝယ်
စောင်ညှင်းပတ်သာ ဒူရိယာတို့
တီးကာမစဲ ခြိမ့်သဲနေ့ည
နတ်တမျှတည့် တွက်ဆရေလစ်
၈၄၅၀ ☆ဆဲ့နှစ်နှစ်သော် စည်းစိမ်တော်ကို
မွေ့လျော်ခံစား သက်တော်အားဖြင့်
တွက်ကြွားသော်လစ် နှစ်ဆယ့်ရှစ်ဝယ်
ဖြစ်ပေါ်ဆန္ဒ ဥယျာဉ်လှသို့
လှမ်းကြွလိုလတ် နဝရတ်ကိုးသွယ်
စီခြယ်သွန်းပြု ကုမုဒြာကြာ
ချပ်အလွှာနှင့် ပမာတူလှ
သိန္ဓောကသည့် မြတ်လှရတနာ
ယာဉ်စကြာဖြင့် နောက်ပါဗိုလ်ခြေ

လိုက်ပါလေ၍ လေးထွေစစ်အင်
ဝန်းရံဆင်လျက် သဘင်ခင်းကျင်း
ရွှေနန်းတွင်းမှ လောင်းမင်းကြွလာ
ဥယျာဉ်သာသို့ ရောက်ခါနီးလတ်
တုသိနတ်ပေါင်း သိရှိကြောင်းကြောင့်
လောင်းတော်မင်းသား အချိန်အားဖြင့်
ရှုပွားသံဝေ ရစေလေဟု
လေးထွေပြဟိတ် နိမိတ်ဘန်ဆင်း
ထိတ်လန့်ခြင်းငှာ အိုမင်းသသူ
တုန်ချည့်မူ၍ ဆံဖြူသွားကြွေ
အရေတွန့်ဆိုင်း ခါးလည်ကိုင်းလျက်
ပြိုင်းပြိုင်းနံ့ရိုး မဖြိုးအားအင်
သူအို့သွင်ကို တွေ့မြင်လေက
ထိတ်လန့်အထူး မတွေ့ဘူး၍
ယာဉ်မှူးရထား ထိန်းတော်အားကို
မေးမြန်းရာဝယ် သက်ရှယ်ယိုယွင်း
၁၈၀၀ ☆ဇရာညှဉ်း၍ အိုမင်းသူပင်
လျှောက်ပန်တင်သော် ရှင်တော်လောင်းမင်း
ထိတ်လန့်ပြင်းကာ မယွင်းမုချ
ငါ့ကာယလည်း ထိုမျှမသွေ
အိုရချေမည် သံဝေရကာ
ပြန်လှည့်လာသည် ဇရာဒုဗ္ဗလ
သံဝေခ။

## [၁၉]

နန်းအိမ်ပြန်လာ ထိုခါဘမင်း
ကြားသိခြင်းကြောင့် မကောင်းစိုးရိမ်
နန်းရွှေအိမ်ကို ကြိမ်ကြိမ်ထပ်ထပ်
အစောင့်ကြပ်၍ လေးရပ်မျက်နှာ
တိုးချဲ့ကာဖြင့် လုံစွာချထား
စောင့်ရှောက်ငြားတည့် မင်းဖသားလောင်းမော်
နန်းအိမ်တော်၌ မပျော်မရွှင်
သံဝေထင်လျက် ထွက်စဉ်လေးလ
တကြိမ်မျှဖြင့် သာလှကြည်မော
ဥယျာဉ်တော်သို့ လောင်းစောမုနိ
သုံးကြိမ်ထိမျှ ထွက်ရှိပြီးကာ
ထိုသည့်ခါဝယ် သူနာအိုသေ
နတ်တွေဘန်တီး နိမိတ်ကြီးကို
ထိတ်ပြီးသော်နောက် လေးကြိမ်မြောက်ဝယ်
ဝမ်းမြောက်ကြည်လင် ရဟန်းရှင်ကို
တွေ့မြင်ပြန်ရာ စိတ်ညွတ်ကာဖြင့်
ရောက်လာဥယျာဉ် ကျောက်ဖြာပြင်ထက်
တက်လျက်ဖွဲ့ခွေ စမွယ်နေ၍
လေးထွေနိမိတ် လေးပါးဟိတ်ကို

☆ထိတ်ကြောက်တုန်လှုပ် ညှိုးပုပ်ပူဆွေး
စိတ်တော်လေးကာ တွေးလျက်နေစဉ်
ယသော်ခင်၌ ဘွားမြင်ပုတ္တ
လျှောက်လာကြသော် လောင်းတော်မြတ်မင်း
ရှုတ်ခြင်းမျက်နှာ မသာယာဘဲ
စိတ်မှာကျဉ်းကျပ် မီးရှိန်ဟပ်သို့
လန့်ဖျပ်တုန်ကာ စန်းစန္ဒာကို
ရာဟုမျိုသား ပမာလားသို့
မယားနှောင်ဖွဲ့ ကြိုးမျှင်သွဲ့မှ
တိုးခွဲ့သမု ချည်နှောင်မှုဖြင့်
တခုနှောင်ကြိုး ထပ်၍တိုးပေါ့
စိတ်ညှိုးစကား မိန့်ကြားလေလျှင်
ဘ,ဘုရင်ကို လျှောက်တင်သော်လတ်
ဘတော်မြတ်သည် စွဲမှတ်သညာ
**ရာဟုလာ**ဟု မှည့်ကာမည်တော်
ဟိုးဟိုးကျော်သည် မြေးမော်ရာဟု
နှစ်ရှေ့ဥ။

[၂၀]

## နှမတော် ကိသဂေါတမီ

သားတော်ရှေ့ဉ  ဘွားသည့်မှုကြောင့်
နောက်ကျူဘဝင်  ထိတ်ထိတ်ငင်သား
မရှင်ပါလတ်  မင်းသိဒ္ဓတ်သည်
မပြတ်သံယော  သား၌စောလည်း
ယှက်နှောသံဝေ  ရရှိလေ၍
စံနေလောင်းမင်း  ဥယျာဉ်တွင်းမှ
ထိန်လင်းသော်တာ  ထွက်ပြူလာက
ပြန်ကာကြွလှမ်း  ငွေရည်လွှမ်းရှင့်
၁၆၀၀ ☆မင်းလမ်းအနီး  နန်း၏အိမ်ကြီးမှ
ကိသဂေါတမီ  သာကီနှမ
လေသာဟလျှက်  ထကြည့်ရာဝယ်
လွှန်တင့်တယ်၍  ခန့်ထယ်အိန္ဒြေ
လောင်းဗုဒ္ဓေကို  မြင်လေရလျှင်
စိတ်ကြည်လင်၍  ခေါ်ငင်မောင်းမ
ညွှန်းဆိုပြ၏  ကြည့်ပ-ဟိုဝယ်
သရေကြွယ်၍  မွေ့ဘွယ်အိန္ဒြေ
တင့်တယ်ပေသား  ထွန်းနေတန္ခုန်း

# ပျို့လင်္ကာ

မိုးထိချုန်းသား   ရှေးဘုန်းရှေးကံ
အကြောင်းခံ၍   စံကာဘက်ကင်း
ဘုန်းတောက်လင်းလျက်   လူမင်းတဆူ
ဖြစ်တော်မူပြီး   မွေးသူမိဘ
ချမ်းမြစိတ်ဝယ်   ရှိဘိနှယ်တည့်
ငယ်ကြင်ညာထား   မိဖုရားလည်း
ပျော်ငြားခြိမ့်အုန်း   နေတနှုန်းသို့
ဘုန်းကြီးမောင်တော်   ရသည်သော်ကြောင့်
မွေ့ပျော်ခပ်သိမ်း   ဘယာတိမ်း၍
အေးငြိမ်းလေစွ   "နိဗ္ဗုတ"ဟု
သီပြုဂါထာ   ရွတ်ဆိုကာတည့်
ကျူးလာစကား   လောင်းမင်းကြားလျှင်
ပုထုဇဉ်ကို   မြင်ပါသော်လျက်
ဘယ်အတွက်ကြောင့်   နှစ်ဘက်အရှင်
ဘ,မိခင်နှင့်   ငယ်ကြင်ညာထား
သားမယားတို့   ပျော်ပါးချမ်းသာ
☆ဆောင်နိုင်မှာနည်း   ရာဂဒေါသ
မောဟမီးသိမ်း   ကင်းငြိမ်းဇာတိ
လွင့်စဉ်ဘိ၍   ဗျာဓိကင်းဝေး
ဘယာဘေးမှ   အေးငြိမ်းကယ်ယူ
ဆောင်နိုင်သူသာ   "နိဗ္ဗုတာ"ဟု
သီဆိုပြုရ   ကိသဂေါတမီ
ကဗျာသီ၍   ဖွဲ့ချီစကား

ငါလျှင်ကြားရ   တအားတက်မိ
ရွှန်းရွှန်းအိလျက်   သုတိမင်္ဂလာ
ရှိလေပါတည့်   စိတ်မှာတွေးထင်
ယနေ့ပင်သော်   လူ့ခွင်မှထွက်
တောနက်မြိုင်တန်း   ရဂုံနန်း၌
ရဟန်းပြုပြီး   ရှာမှီးနိဗ္ဗူ
ရအောင်ယူအံ့   တဆူလောင်းမြတ်
စိတ်ပိုင်းဖြတ်၍   သိမှတ်ကျေးဇူး
အထူးပြုကာ   "နိဗ္ဗူတာ" ဟု
ကျူးလာသီဆို   သာကီပျိုသို့
ဘုန်းကိုယ်လည်ဆွဲ   ပုလဲတန်ဆာ
သိန်းထိုက်ရာကို   ချွတ်ခါသော့ပေ
ပေးဆက်စေ၍   ရွှေမြသာကီ
ဂေါတမီလည်း   သိင်္ဂီပုလဲကုံး
ရင်၌ဖုံးလျက်   နှလုံးကြည်နူး
စိတ်တော်မူး၍   ရည်စူးကြင်ဘော်
မြှောက်လိုသော်ကြောင့်   ပေးတော်မူဟု
ထင်မှတ်ပြု၍   သမုကညာ
လှရတနာကို   ရင်မှာပိုက်ထွေး
၀၀၄ ☆ဖိမ့်ဖိမ့်တွေးသည်   ကြင်ရေးကြင်ရာ
တမ်းမြော်ကာ။

[၂၁]

## တောထွက်ခန်း

လောင်းတော်မင်းမြတ်   နန်းပြာသာဒ်သို့
ရောက်လတ်ပြီးသော်   ဆောင်ခန်းပေါ်သို့
ကြွတော်မူလျက်   ကနက်ထီးဖြူ
စိုက်ထူမြတ်ခင်း   သရေလင်းသည့်
မင်း၏နေရာ   တင့်တယ်စွာဖြင့်
စံကာနေလျှင်   ပတ်ဝန်းကျင်မှ
ကြည်လင်ပြုံးမဲ့ညောင်း   သာဘွယ်ကောင်းသည့်
စောင်းငြင်းပတ်သာ   တူရိယာတို့
တီးကာပြေပြေ   သီဆိုလေလျက်
ကချေမင်းသမီး   အသီးသီးတို့
မငြီးဖြေဖျော်   ရွှေစိတ်တော်၌
မပျော်ပါလတ်   မင်းသိဒ္ဓတ်သည်
နဝရတ်ကိုးပါး   စီခြယ်ထားသည့်
မြတ်သားတမ္ဘန်   ရွှေသလွန်ထက်
ညင်သာစက်၍   စိတ်ပျက်ရှုပြီး
နန်းဘုံထီးကို   ငြီးငွေ့စိတ်တော်
ဖြစ်သည်သော်ကြောင့်   မပျော်မပြုန့်

စိတ်မသန့်ဘဲ　ထိတ်လန့်ပြင်းပြင်း
သည်းအူချဉ်းရှင့်　လောင်းမင်းရာဇာ
ခန်းမသာကို　လှမ်းကာကြည့်လျှင်
မီးရောင်လှင်ဝယ်　နန်းစဉ်မင်းသမီး
အသီးသီးတို့　အိပ်ပြီးနေကြ
ချို့ကရှူရှိုက်　ချို့နှိုက်ဟောက်သံ
မသိတ်ညံပဲ　ကြိတ်အံသွားချောင်း
၁၇၆၀ ☆တပြောင်းပြောင်းနှင့်　နှာခေါင်းခံတွင်း
မျက်ပေါက်ကျဉ်းမှ　စီးဆင်းပုပ်ရေ
တတွေတွေဖြင့်　အနေမလှ
အိပ်မောကျလျှက်　ချို့ကဒူးထောင်
ချို့ပေါင်ကကား　မတင့်ငြားတည့်
ဝတ်စားတန်ဆာ　ခါးဝတ်လွှာတို့
လျှောကာပြေကျ　ပုံမလှပဲ
ဒူးစရင်ပေါ်　မြင်သော်မကောင်း
လူသေ့လောင်းသို့　ထီးဆောင်းနန်းပြင်
သုသာန်ခွင်လား　ထင်မှတ်တော်မူ
သည်းအူတုန်လှုပ်　မစင်ပုပ်သို
စက်ဆုပ်ရွံကာ　ကိလေသာနှင့်
ကာမယဉ်ကြော　တသောသောဝယ်
နစ်မြောနေကြ　လူ့ဗာလတို့
ရှည်စွသံသရာ　ဖြစ်လေရာတည့်
ငါ့မှာနေလင့်　နေ့ညဆင့်၍

မသင့်တကား ညည်းတွားသော်လျက်
တောထွက်လိုခြင်း ဆန္ဒပြင်း၍
ဘွားရင်းတူစွ မတ်ဆန္ဒကို
လှမ်းကြွနိုးခေါ် မိန့်တော်မူကာ
"ငါ၏ဘွားဘက် အသက်တူမျှ
မတ်ဆန္ဒ ကဏ္ဍကကို
ကပါခြေလော့ ဘုန်းကြော့သခင်
ငါအရှင်သည် ခုပင်ဆက်ဆက်
၁၀၄၈ တောသို့ထွက်အံ့" စေလျက်ပြီးသော်
☆လောင်းမြတ်မော်သည် သားတော်ပုတ္တ
ရာဟုလကို တဝရှုလို
ဆန္ဒပို၍ မြညိုခန်းသာ
ယသော်ဓရာ၏ စံရာကြငှန်း
ဆောင်ဘုံနန်းသို့ ကြွမြန်းလတ်ပြီး
ခန်းမကြီးဝယ် ခန်းဆီးကမ္ဗလာ
မြအလွှာကို အသာမလှတ်
မျက်မခတ်ဘဲ သားမြတ်ရာဟု
နှစ်ရွှေဥကို ရှုကြည့်လေလျှင်
ယသော်ခင်၏ ရွှေရင်ခွင်နိုက်
ပွေ့ကာပိုက်လျက် နှစ်ခြိုက်စက်ပျော်
ပွေ့လိုသော်လည်း မတော်လို့များ
မိဖုရားသည် နိုးသွားပါက
ငါ့ဆန္ဒသည် ပျက်ရချေမည်

စိတ်တော်ရည်၍ ရပ်တည်မွေ့မွေ့
သားရွှေသွေ့ကို ဆွေ့ဆွေ့မြည့်မြည့်
ရှမ်းရှမ်းတည့်မျှ ရှုကြည့်ကာယိမ်း
ရှောင်ခွာတိမ်းသည် စိမ်းရွှေကိုယ်
လောင်းဘုန်းမို။

[၂၂]

သားတော်ရာဟု နှစ်ရွှေဥကို
ရှုကြည့်ပြီးလတ် မင်းသိဒ္ဓတ်သည်
မတ်တော်ဆန္န ကဏ္ဍကတို့
ရှိကြနေရာ ဆောလျှင်စွာဖြင့်
ရောက်လာပြီးသော် မြင်းဖ်တော်ကဏ္ဍက
ကျောကိုသလျက် "ခုညငါ့ကို
၁၄၅၀ ☆ တောမြိုင်ညိုသို့ ဆောင်ပို့ပါလော့
ဘုန်းကြော့သခင် ငါအရှင်သည်
သုံးခွင်လောက ဝေနေယျတို့
ဆောင်မယူငင် နိဗ္ဗူခွင်သို့
ကယ်တင်ပေအံ့ ထောက်ပံ့ကူညီ
သင့်ကိုမှီ၍ သုံးလီဘဝ
နှောင်ကြိုးစကို ဖြတ်ရပေမည်
ကြံစည်သမျှ ပြီးပြည့်ဝအောင်

ကဏ္ဍ-ဆောင်လေ့” နန်းရှင်ကြော့က
မိန့်တော့လေလျှင် ကြည်ရွှင်သာလှ
မြင်းကဏ္ဍသည် မူးကြွတာအား
မြည်ဟည်းဌြားတည့် မင်းသားလောင်းမော်
ကျောထက်ပေါ်သို့ တက်တော်မူကာ
နောက်ပါဆန္န အမြီးစကို
ဆွဲမစေပြီး တောနက်ကြီးသို့
နန်းထီးစွန့်ခွာ ထွက်ရှိလာခဲ့
မဟာသက္ကရာဇ် တွက်စစ်ရေးဘွဲ့
ကိုးဆဲ့ခွန်နှစ်ခု ရတုစိမ်းစို
ဝါဆိုပုဏ္ဏမီ အာသဠှိနက္ခတ်
စန်းယှဉ်လတ်၍ နေ့မြတ်မင်္ဂလာ
တနင်္လာ၌ ညဉ့်ခါသန်ကောင်
သော်တာရောင်လင်း မူမှောင်ကင်း၍
ငယ်သင်းအဖော် သုံးဦးကျော်တို့
စံပျော်နန်းမှ ထွက်ခွာကြသည်
မှန်းဆ၍သော် မြစ်မော်သာယာ
၀၀ဆ၈ ☆ အနော်မာ။

[၂၃]

## မာရ်နတ်တားခဏ်း

ထိုရောအခါ ဒေဝါလေးပါး
အသံများကို ကြားမည်ကြောင့်ကြ
စိုးရိမ်လှ၍ ကဏ္ဍကမြင်းကျော်
ခွာသော်ချတိုင်း မဆိုင်းလက်ဖြင့်
ခံကုန်လင့်ရှင့် မြင့်သည့်တံတိုင်း
ဝိုင်းရံကာထား တထောင်အားမှ
တံခါးပွင့်လတ် ဒေဝါနတ်တို့
ကူမတ်သော်လင့် အသင့်ပွင့်လျက်
နန်းပြင်ဘက်သို့ ထွက်၍ကြွလာ
မာရ်မိစ္ဆာသည် ဆီးကာပိတ်ဆို့
မချို့စကြာ ရောက်မည့်တာကြောင့်
ထွက်ခွာမသွား သင်မင်းသားကို
ငါ့တားပါသည့် ဆိုသည့်စကား
လောင်းတော်ကြားသော် မလျှော်မာရ်နတ်
မတားလတ်နှင့် မင်းမြတ်စည်းစိမ်
နန်းရိပ်ငြိမ်ကို ဘင်အိမ်တမျှ
စက်ဆုပ်လှ၍ လှမ်းကြွဘောကို
ငါမြန်းလိုဟု ပြောဆိုပြီးကာ

ထွက်၍လာသော် ဒေဝါနတ်ပေါင်း
ခြောက်သောင်းဝဲယာ လိုက်ပါလာ၍
တီးကာနတ်စောင်း ငြိမ့်ငြိမ့်ညောင်းရှင့်
မီးမောင်းမီးပုံ ထိန်ထိန်လျှံလျက်
ညှင့်ယံလွတ်ကင်း အရုဏ်ကျင်း၍
လင်းလူခါဝယ် သုံးဆယ်ယူဇနာ
ကျော်လွန်ကာဖြင့် နော်မာမြစ်ဆိပ်
ငွေသောင်ထိပ်သို့ မြရိပ်စေည်
ရောက်တော့သည်တွင် ကြည်လင်မနော
စိတ်တော်စော၍ မြတ်သောနိမိတ်
အောင်တိတ်ယူကာ အနော်မာကို
ဖြတ်ကာကူးသော် မြတ်လောင်းမော်နှင့်
ကျွန်တော်ဆန္န ကဏ္ဍကတို့
မလျှမန္ဒမ်း တဘက်ကမ်းသို့
လှမ်းတက်ကြလေ အေးရိပ်ဝေသည်
သောင်ခြေသာခင်း
အောင်မြေနှင်း။

[၂၄]

သောင်ခြေသာခင်း အောင်မြေနှင်းပြီး
မင်းမင်းလောင်းလျှာ ဆင်တန်ဆာကို

ပယ်ခွာပြီးလတ်    ကေသာမြတ်ကို
ဖြတ်၍မိဋ္ဌာန်    ဆုတော်ပန်ရှင့်
အမှန်ဘုရား    ငါဖြစ်ငြားအံ့
ထိပ်ဖြားဆံတော်    မြေပေါ်မသက်
ကောင်းကင်ထက်၌    တည်လျက်ရှိစေ
မိဋ္ဌာန်လေ၍    မြတ်ကေဆံပင်
ကောင်းကင်ပြင်သို့    မြှောက်တင်လေသော်
မြတ်ဆံတော်သည်    မြေပေါ်မကျ
ယူဇနာမျှလောက်    တက်မြှောက်ပြီးလင့်
ပန်းကုံးဆင့်သို့    ပန်းတင့်ပန်းဆိုင်း
ပန်းကိုင်းသဘွယ်    ကောင်းကင်လယ်၌
ဆန်းကြွယ်တည်လတ်    သိကြားနတ်မင်း
ဆောင်ယူနှင်း၍    မြတ်ခင်းနေရာ
၂၀၀၀ ☆ဝတိံသာ၌    တည်ကာပထိုး
ရိုကျိုးကိုးကွယ်    တန်ခိုးကြွယ်သား
ထိုဝယ်အခါ    ဃဋိကာရ
ဗြဟ္မာမင်းကြီး    လာပြီးဆက်ကပ်
ရှစ်ရပ်ပရိက္ခရာ    အစုံပါသည့်
ရွှေကြာသင်္ကန်း    ဝတ်ဆင်မြန်း၍
ရဟန်းပြုတည့်    ထိုသည့်အခါ
ပုဆိုးလွှာကို    ဗြဟ္မာနတ်ကြီး
သိမ်းယူပြီးလျှင်    အံ့ချီးတမျှ
အကနိဋ္ဌဘုံ    ကိုးစုံနဝရတ်

ခြယ်စီလတ်၍ မည်မှတ်သညီ
ဒုသာစေတီဟု ဘွဲ့ချီပုထိုး
တည်ထားမိုးပေါ် ဟိုးဟိုးကျော်သည့်
ကျိုးမျှော်ကြည်ပွား
လူသုံးပါး။

[၂၅]

## ဆန္ဒာအမတ်ပြည်ပြန့်ခဏ်း

လောင်းတော်မြတ်ပန်း ကြာသကန်းကို
ဆင်မြန်းပြီးလတ် ဝတ်မြတ်တန်ဆာ
ရတနာနှင့် ဖော်ပါကဏ္ဍက
မြင်းတော်လှကို ဆန္ဒငယ်ဖော်
ဘွားဘက်တော်သို့ အပ်တော်မူပြီး
ပြည်ကြီးသာလှ ကပိလသို့
ပြန်ကြလေလော့ ငါဘုန်းကြော့လျှင်
တောသို့ဝင်၍ ဆင်ကာသကန်း
ရဟန်းပြုပြီး ဤတောကြီး၌
ခိုမှီးနေကာ မြတ်ဓမ္မာကို

ဝ၅ ကျင့်ကာသော့ပေ ဘော္ဂရှာနေဟု
ဝ၂ ☆ဒေဝိမာယာ ကဥ္စနာနှင့်
ပီတာ ဘခင် ရွှေနန်းရှင်ကို
တင်ကာလျှောက်ထား မှာစကားကို
ပြောကြားပါလေ မိန့်မှာချွေလျက်
ငယ်ဆွေဆန္ဒ ကဏ္ဍကတို့
"ပြန်ကြပေလော့ ပြန်လေတော့ဟု"
နန်းကြွေ့သခင် မိန့်သံလွင်ကို
ကြားလျှင်ဆန္ဒ အားငယ်ကြ၍
စိးကျမျက်ရည် တွေတွေလည်လျက်
ဘုန်းစည်သခင် ငယ်ကျွမ်းရှင်နှင့်
တူပင်နေလို အေးရိပ်ခိုကာ
ရေချိုရေချမ်း ဘောဇဉ်ဆွမ်းကို
ပေးကမ်းသော်လျက် မပျက်နေ့ည
ပြုပါရစေ တိုင်းဌာနေသို့
ငယ်ဆွေမတ်ဆန် မြင်းရွှေကဏ်တို့
မပြန်လိုကြောင်း ခွင့်ပန်တောင်းသော်
လောင်းမြတ်မော်သည် မိန့်မြွှာမှတ်ချင့်
ကြင်နာလင့်လည်း မသင့်ဆန္ဒ
နားတော်ချ၍ ဖျောင်းဖျဆိုလျှင်
ငယ်ခင်ဆန္ဒ ကဏ္ဍကတို့
မရတင်လျှောက် ပူဗျာရောက်၍
ချစ်ကြောက်ငယ်ဘော် မဝံ့သော်၍

## ပျို့လင်္ကာ

နော်မာကမ်းတဘက်   ဘွားဘက်နှစ်ဦး
ဖြတ်ကာကူးသော်   နဖူးကမ်းခြေ
ရောက်ကြလေလျှင်   ငယ်ဆွေကလျာ
လွမ်းနာကျ၍   ကျွမ်းရသည်းမှာ
ရင်ကွဲနာဖြင့်   ကွယ်ကာနန်းအိမ်
တာဝတိံ၌   စံငြိမ်နတ်သား
ဖြစ်လေငြားသည်   ဘွားဘက်ကျော်လှ
မြင်းကလျာ။

[၂၆]

ဘွားဘက့်ဆန္ဒ   ကလျာကကို
သောင်စ,ကမ်းခြေ   မြုပ်နှံလေပြီး
က,ချေ တန်ဆာ   သည်ပိုးကာဖြင့်
ဝနာတောလမ်း   သည်းကြွေကျွမ်းမျှ
လွမ်းတငိုငို   ပြည်ဗဟိုသို့
ရှိုက်ဖိုလျက်သာ   ရောက်၍လာတည့်
ထိုခါမျက်ဖျော်   မယ်ယသော်နှင့်
ဘ,တော်မင်းမြတ်   ကြားသိလတ်၍
ဆတ်ဆတ်တုန်မေ   မျက်ရည်နှောရှင့်
ကြင်စောသက်လျှာ   မယ်ဘဒ္ဒာလည်း
စီးဖြာမျက်ရည်   တွေတွေလည်၍
မကြည်မသက်   ရင်ထုနှက်ကာ

ရက်စက်မောင်တော်　ပြုလေသော်ဘိ
မျက်ဖျော်ပုတ္တ　ရာဟုလကို
တစမကြင်　မခင်မင်ဘဲ
ပြင်ပြင်စိမ်းစိမ်း　သူတစိမ်းမျ
စိမ်းရက်လွန်ကြီး　စိမ်းပင်ကြီးသို့
ပူကြီးစိတ်တော်　စိမ့်စိမ့်ပေါ်သည်
ယသော်ခေါင်ထီး
လွမ်းနာကြီး။

[၂၇]

## ရာဇဂြိုဟ်သို့ဆွမ်းခံဝင်ခန်း

တောမြိုင်ရိပ်ထီး　ပြန့်ပြန့်ကြီးသား
ခိုမှီးလောင်းတော်　စံနေပျော်၍
၂၁၅၀ ☆ လွမ်းသော်မဝေး　ဆိတ်ငြိမ်အေးသည့်
မြသွေးရည်ဥ　ပင်စည်စုသည့်
အနုပိယ　သရက်လှသို့
လွမ်းကြွလောင်းတော်　နှစ်ခြိုက်ပျော်၍
စံသော်သတ္တ　ရက်မျှကြာပြီး
ထိုတောကြီးမှ　ခရီးယူဇနာ
သုံးဆယ်ကွာရှိ　အောင်ချာဗဟို
ရာဇဂြိုဟ်သို့　နေယိုဖြာထွက်

ရောင်ခြည်တက်၍ ကြွလျက်အရှင်
ဆွမ်းခံဝင်တည့် တွေ့မြင်ပြည်သား
လူအများတို့ ဆင်းအားရှုပကာ
ဂုဏ်သိက္ခာကို အံ့အာသူ့ရဲ
ရုတ်သဲသဲနှင့် တခဲနက်ပြော
နှစ်သက်ဇောဖြင့် ကြည်မောသာချို
ပီတိစို၍ ရာဇဂြိုဟ်သခင်
ပိမ္ဗိရှင်ကို လျှောက်တင်လေကြ
နရိန္ဒသည် နန်းမှ ရှုခင်း
လေပြူတင်းမှ မင်းကြီးရှုလတ်
လူနတ်ပေလော နဂါးလောဟု
အံ့သြအထူး စိတ်ညွတ်နူး၍
မင်းမှူးတယောက် အထောက်လွှတ်ပြီး
ပဏ္ဍုလ်ကြီးအား မနီးမကမ်း
နောက်ယောင်လှမ်း၍ ကြည့်စမ်းပါလေ
မိန့်ကာစေ၏ ဗုဒ္ဓလောင်းရှင်
ဆွမ်းစဉ်ခံပြီး မြို့အနီးရှိ
☆တောင်ကြီးပဏ္ဍဝ ရိပ်ခြေလှ၌
ပြုဗ္ဗရှေ့တူ မျက်နှာမူလျက်
ခံယူဆွမ်းတော် သပိတ်တော်ကို
ဖွင့်တော်မူကာ ဘုဉ်းပေးရှာရှင့်
ထိုခါမင်းမှူး အမြင်ထူး၍
နန်းဦးပြန်လာ မင်းရာဇာကို

လျှောက်ကာပန့်တင် ရွှေနန်းရှင်သည်
ဆောလျှင်တမုဟုတ် သုတ်သုတ်ရောက်လာ
ဖြူသဒ္ဒါဖြင့် ကြည်သာစကား
ကြောင်းရာများကို ပြောကြားပြီးသော်
မြတ်လောင်းမော်သည် ဆွေတော်သုဒ္ဓ
မင်းရာဇ၏ ပုတ္တသားချစ်
လောင်းမင်းဖြစ်၍ စွန့်ပစ်ရွှေနန်း
တောသို့မြန်းလျက် ရဟန်းပြုကြောင်း
ကောင်းစွာသိလျှင် မင်းဘုရင်သည်
ရှင်တော်ငယ်လှ တောဝနသို့
မကြွဘဲလျက် ပြည်တဝက်ကို
ပေးဆက်ပါမည် စုံကြည်တော်မူ
နှစ်ကြည်ဖြူ၍ ခံယူပါဆွေ
လျှောက်တင်လေ၏ ဆိုပေစကား
လောင်းရှင်ကြားသော် တကာတော်၏
စံပျော်ချမ်းသာ စည်းစိမ်လွှာသည်
အဏ္ဏဝါပြင်ထက် ထ၍ပွက်သည့်
ရေပွက်ပမာ တသက်လျှာမျှ
ဖြစ်ချေစွတည့် များလှုကိလေ
၀၅။ ☆ ပရိဒေနှင့် မှုပွေလှု့ခွင်
မပျော်ချင်၍ နန်းစဉ်စည်းစိမ်
စံရိမ်ငြိမ်ကို ဘင်အိမ်ဌလောက်
တံတွေးပေါက်သို့ ရွံကြောက်၍သာ

ငါစွန့်ခွာဟု   မိန့်လာစကား
မင်းကြီးကြားက   အားရဝမ်းသာ
နှစ်ခြိုက်စွာဖြင့်   ကောင်းစွာသာခု
ခေါ်ပြုပြီးလတ်   မင်းသိဒ္ဓတ်အား
"ဖြောင့်မတ်တည်စွာ   ကျင့်ကြံပါလော့
နောင်ခါဘုရား   ဖြစ်ပါငြားက
ဘုရားတပည့်တော်   စံနေပျော်သည့်
ပြည်ကျော်နဂိုရ်   ရာဇဂြိုဟ်သို့
ကြွလိုရှေးဦး   စိန္တေထူးကို
ဖူးပါရစေ"   လျှောက်တောင်းလေသော်
ဗုဒ္ဓလောင်းလျာ   ဝန်ခံကာဖြင့်
စံရာဟောမ   ပြန်ကာကြွသည့်
    သာလှမြိုင်ချောင်
    တောသာခေါင်။

[၂၇]

## ဝဂ္ဂီငါးဦးနှင့် တွေ့ခဏ်း

သာလှမြိုင်ချောင်   တောသာခေါင်ဝယ်
ရှိမြှောင်ခင်တန်း   ဟောဝန်နန်း၌

ရဟန်းလောင်းတော် လှည့်လည်သော်၍
မွေ့ပျော်နေစဉ် နှယ်ဝင်ကာလာမ
အာဠာရနှင့် ဥဒကရသေ့
စျာန်ပျော်မွေ့ကို တွေ့ကြပြီးလတ်
လောင်းတော်မြတ်သည် မပြတ်နိုးနှော
အားထုတ်သောဖြင့် လောကီထက်စျာန်
၂၃၀၀ ☆ရှစ်တန်သမာပတ် ရပြီးလတ်၍
တတ်မြောက်လေငြား ဤရှစ်ပါးသည်
ထင်ရှားသမူ့ သဗ္ဗညုဉာဏ်
မဟုတ်တန်သေး ကြောင်းမှန်တွေးဆ
မြတ်ဓမ္မကို ရှာမှသော်ပင်
တော်မည်ထင်၍ တောခွင်ဝနာ
စံပျော်ရာမှ ကြွကာရှေးရှု
သာဘွယ်ပြုသည့် ဥရုဝေလ
တောမြိုင်လှသို့ လှမ်းကြွလေသော်
ထိုတောပျော်သည့် ငါးဘော်ဝဂ္ဂီ
သညီနာမ ကောဏ္ဍညနှင့်
ဝပ္ပ,ဘဒ္ဒိ အဿဇိ,မဟာနံ
မြိုင်စံငါးဦး တရားထူးကို.
ဆည်းပူးရှာနေ လောင်းမင်းဆွေနှင့်
တွေ့လေကြလျှင် လောင်းမြတ်ရှင်ကို

ပဉ္စဝဂ္ဂီ ဆေ့သာကီတို့
ကူညီနေ့ည လုပ်ကျွေးကြသည်
ဗုဒ္ဓလောင်းလျှာ
ကျင့်ကြံကာ။

[၂၉]

ဗုဒ္ဓလောင်းမြတ် ကျင့်ဝတ်ပတ်ကို
မပြတ်ကြိုးပမ်း တလုပ်ဆွမ်းနှင့်
နှမ်းလုံးတစေ့ ဆန်တစေ့ဖြင့်
နေ့ရက်လွန်ကာ နောက်ဆုံးမှာ၌
အာဟာရေဖြတ် ကျင့်ဝတ်ပတ်ကို
ကျင့်လတ်သော်ပေ ကိုယ်ရေကြုံလှီ
သား့ဆီကုန်လျက် ကိုယ်ဟန်ပျက်၍
၂၅၀ ☆လက္ခဏာကြီးငယ် အသွယ်သွယ်တို့
ပျောက်ကွယ်ကုန်ငြား လောင်းဘုရားသည်
ခွန်အားကုန်ခမ်း ကိုယ်ပြေ့နွမ်းလျက်
မလှမ်းကြနိုင် ခန္ဓာယိုင်၍
မြဘ်ခိုင်ထွတ်ဖူး စကြံဦး၌
မေ့မူးလဲလတ် ဒေဝါနတ်တို့
ဘ့မြတ်ဘုရင် ကပိရှင်ကို
"သင်၏သားမြတ် မင်းသိဒ္ဓတ်သည်

ကျင့်ဝတ်လွန်ကဲ စကြံ့ထဲ၌
လဲ၍ခုပင် သေပွဲဝင်”ဟု
လျှောက်တင်ပြောကြား ထိုစကားကို
လားလားမျှပင် သက်ဘယနှ
မရှိလှဘဲ စိုးမျှတစိ
မယုံဘိတည့် “ငါ၏သားချစ်
ဘုရားစစ်လျှင် မဖြစ်သမျှ
မသေရတည့်” ထိုမှခြောက်နှစ်
မဆုတ်နစ်ဘဲ ကျင့်လစ်ပါငြား
လောင်းဘုရားသည် သားရေဆုတ်ဆိုင်း
နံရိုးပြိုင်းလျက် ရုပ်ပိုင်းခန္ဓာ
ရိုး,ကြောသာရှင့် ထိုခါလောင်းရှင်
ကြံဆင်ခြင်၍ ငြိုငြင်ကျင့်ငြား
စွန်းနှစ်ပါးသည် ဘုရားစင်စစ်
မဖြစ်တန်ရာ ဓမ္မတာလည်း
သဒ္ဓါဝိရိ သမာဓိ,ပညာ
မျှတစွာဖြင့် ကျင့်ပါမှသော်
ဂါ ၆၀၀ ☆သင့်တော်ပေမည် ကြံစည်တွေးဆ
သတိရလျက် အာဟာရကို
မျှတလို၍ ထိုထိုမြို့ရွာ
လှည့်လည်ကာဖြင့် ဆွမ်းလျာဘောဇဉ်
လှူခံဝင်၍ စက်ရှင်နေနှုန်း
ဘုဉ်းပေးသော်ရှိ မဟာပုရိသ

စက်လက္ခဏာတို့ မှုလပြကတော့
ပြန့်ရွှေ့ပေါ်လာ ထိုရောခါ၌
☆ပေါင်းပါဝင်ဂ္ဂ ငါးဦးညီတို့
ကိုယ်စီတွေးလတ် မင်းသိဒ္ဓတ်သည်
ကျင့်မြတ်ဓမ္မာ ခြိုးခြံစွာဖြင့်
ကျင့်ပါသော်ငြား ဘုရားမဖြစ်
စွန့်ပယ်ပစ်၍ ခံလစ်ဘောဇဉ်
မြိုလယ်ဝင်သော် ကျင့်စဉ်ပျက်ပြယ်
ဘယ်မှာဘုရား ဖြစ်နိုင်ငြားအံ့
ယုံမှားသံသယ ဖြစ်လေကြ၍
ပဥ္စဝဂ္ဂီ ငါးဦးညီတို့
ဣသိပတန သွားပေါ်လှသည့်
မိဂဒဘော့ တောမြိုင်ခြေသို့
ငါးဆွေတူညီ လှမ်းကြွခဲ့သည်
ဝေရှိဆိုင်းပျို့
မှိုင်းညို့ညို့။

[၃၀]

## သုဇာတာ နို့ဆွမ်းကပ်လှူခန်း

ကိုယ်တော်ထည်းထည်း တပါးတည်းဖြင့်
ဆည်းပူးဖွေရှာ ကျင့်ဓမ္မာကို

မကွာသတိ   အမြဲရှိ၍
မဇ္ဈိမသွယ်   လမ်းကြောင်းလယ်မှ
၂၄၈၀ ☆ကျင့်ဝယ်ကြိုးကုတ်   အားထုတ်တော်မူ
လောင်းတဆူသည်   လူတို့ဝေါဟာ
ကောဇာသက္ကရာဇ်   မှတ်ဆစ်ရာ့သုံး
ရေးသီကုံးသား   သာဆုံးသာစ
နှောင်းနွေလလျှင်   ပြိုဿကဆုန်
စန်းယုန်ကြည်သက်   ဆယ့်လေးရက်၌
ညဥ့်နက်ချိန်ခါ   နေ့အင်္ဂါဝယ်
မြင်လာအိပ်မက်   ငါးပါးဆက်ရှင့်
မပျက်ကေန်   မနက်ဖြန်တွင်
အမှန်ဘုရား   ဖြစ်ပေငြားအံ့
သိ့ပွား့မြင်လတ်   ကြံယူမှတ်၍
လှည့်ပတ်ဆွမ်းတော်   အရဏ်ပေါ်မှ
ထွက်သော်ခံအံ့   စိတ်တော်ကြံ၍
ငံ့လင့်လောင်းမင်း   ညောင်ပင်ရင်း၌
ထွန်းလင်းကိုယ်ရောင်   ငြီးငြီးလောင်မျှ
တောက်ပြောင်စေလျက်   လောင်းရှင်စက်သည်
ထက်ဝယ်ဖွဲ့ခွေ   စံနေလေသည်
ရောင်ဝေထွန်းဝင်း
ဘုန်းတောက်လင်း။

[၃၁]

ထိုသည့်ကာလ ထိုဒေသ၌
သေနရွာငယ် စည်းစိမ်ကြွယ်၍
ပေါ်ယယ်ချမ်းသာ သုဇာဘာဟု
နာမာမွေးပြီး ဌေးသမီးသည်
မျိုးကြီးနွယ်တူ ချစ်ကြည်ဖြူ၍
ဆယူဦးစွာ သားဦးရလျှင်
ပိုင်သ,စိုးမိုး ရက္ခဗိုးအား
၁၀၆။ ☆ဘိုးအနုဋ္ဌ ထိုက်တန်လှသည့်
သိန်းမျှဥစ္စာ ရတနာကို
စဉ်လာသော်လျက် အဆက်ဆက်ဖြင့်
မပျက်အလှူ ပေးတော်မူမည်
ခံယူကတိ ရှိခဲ့ဘူးရာ
ပြည့်စုံပေါ်၍ သုဇာ တကာမ
ထောင်နွားမကို မဆွကပင်
ကြိုစီစဉ်လျက် ပျော်ရွှင်သာမော
နွယ်ချိုတောတွင် ဝပြောစေ့ငှာ
ဥယျာဉ်သာဝယ် ကျောင်းကာထားပြီး
အလှူနီးက ထောင်,နွားမကို
အမျှငါးပုံ ခွဲဝေပုံပြီး
လေးပုံရှစ်ရာ နို့ညှစ်ကာဖြင့်

နှစ်ရာနွားမ တိုက်ကျွေးရတည့်
ထိုမှတခါ နှစ်ရာနွားမ
ငါးခုမျှ၍ ရာ့ခြောက်ဆယ်လျှင်
နို့စင်နို့စစ် တဖန်ညှစ်၍
ကျန်လစ်လေးဆယ် တိုက်ကျွေးနှယ်တည့်
ထပ်ဝယ်ခွဲပြန် ရှစ်ကောင်ကျန်မှ
တဖန်ညှစ်ယူ စင်စစ်ဖြူဖွေး
နို့ချိုအေးကို မွှေးလျက်ထင်းမီး
ဒယ်အိုးကြီးဖြင့် လောင်းပြီးထည့်ကျို
ရသာပိုလှ ထိုထိုသိကြား
ပြဟ္မာများတို့ လုပ်အားပေးကာ
ဣန္ဒာထင်းထိုး ထိုးမိုးပြဟ္မာ
၂၅၅၀ ★ နတ်ဒေဝါတို့ ဩဇာမြတ်ကောင်း
ထည့်ကာလောင်းသည် အပေါင်းဒေဝါ
ကူညီကာ။

[၇၂]

ကျိုပြီးအခါ သုဇာတာသည်
စေကာရှင်မ ညောင်ပင်လှ၌
ပင်မှခြေရင်း မြေသလင်းကို
သန့်ရှင်းစေလျက် တံမြက်လှဲချေ
စေလိုက်လေ၏ စေသည့်ရှင်မ

ညောင်ပင်လှ၍ တောက်ပ ဝင်းဝင်း
ကိုယ်ရောင်လင်းသည့် လောင်းမင်းဇိနော်
ရွှေဘုန်းတော်ကို မြင်သော်လေငြား
အံ့တအားမို့ ပြန်သွားပြီးကာ
သုဇာတာကို ကြောင်းရာစုံလင်
ကုန်စင်ပြောကြား ဆိုစကားကြောင့်
အားရဝမ်းသာ သုဇာတာသည်
ဆောစွာရောက်လျှင် လောင်းတော်ရှင်၏
ကြည်လင်ဝင်းဝင်း ထိန်ထိန်လင်းသည့်
အဆင်းရူပကာ လောင်းဗုဒ္ဓါကို
မြင်ကာအားရ ကြည်နူးလှ၍
မြူးကြွသဒ္ဓါ နို့ဃနာနှင့်
သိင်္ဂါရွှေခွက် ဆွမ်းဦးဆက်သည်
ထွန်းတက်သဒ္ဓါ
သုဇာတာ။

[၃၃]

## ဘုရားဖြစ်တော်မူခဏ်း

ဆွမ်းဦးသူဇာ ကပ်လှူလာသည့်
ဃနာဆွမ်းတော် ရွှေခွက်တော်ကို

ခံတော်မူပြီး မဝေးနီးသည့်
မြစ်ကြီးသာယာ နေရဥ္စရာသို့
၂၆၀၀ ☆ လောင်းလျာကြွအပ် ကမ်းခုံစပ်၌
ရှေးရပ်တူရှု မျက်နှာမူရှေ့
စံမွေ့ပြီးသော် နို့ဆွမ်းတော်ကို
ရွှယ်တော်ထန်းသီး ဂမာမိုးသား
မကြီးမယ် သင့်တော်ဘွယ်ရာ
လေးဆယ်ကိုးလုပ် လက်ဆုပ်နှိုက်ကာ
ဃနာဆွမ်းတော် ဘုဉ်းပေးသော်၏
လောင်းမော်ဗုဒ္ဓ စိတ်ကြံရ၍
ယနေ့ငါအား မချွတ်အားဖြင့်
ဘုရားကေန် ဖြစ်မည်မှန်သော်
မိဋ္ဌာန်ရွှေခွက် ရေညာထက်သို့
ဆန်တက်စေသော ရွှေခွက်မြှောလျှင်
ရေကြောဆန်တက် သိန်းတန်ခွက်သည်
မြုပ်လျှက်ရေအောက် မြေထိရောက်၍
တောက်လျှောက်နဂါးပြည် ရောက်လေသည်တွင်
ဤကမ္ဘာမ ပွင့်ကုန်ကြသား
ဗုဒ္ဓသုံးဆူ ဆွတ်ချူသစ္စာ
ပွင့်ချိန်ခါက မြှောကာရွှေခွက်
သုံးလုံးဆက်ကို ထိလျက်အောက်က

ဝင်ခိုခသည် ကာလနဂါး
လန့်ဖျပ်ငြား။

[၃၄]

ကာလနဂါး လန့်ဖျပ်ငြား၍
ဘုရားများစွာ လူ့ပြည်မှာဝယ်
မကြာခဏ ပွင့်လေစွဟု
သိပြုဗေယျာ ချီးကျူးသံကို
နာခံပြီးလတ် လောင်းတော်မြတ်သည်
လျှောက်ပတ်အင်ကြင်း ပင်ခြေရင်း၌
သီတင်းသုံးကာ ဘာဝနာကမ္မဋ္ဌာန်း
စီးဖြန်းနေ့တာ ကုန်လွန်ကာတည့်
ထိုခါနတ်များ ဘန်ဆင်းထားသည့်
ပန်းများဖြင့်ပြွမ်း မွှေးထုံလွှမ်းသား
နတ်လမ်းသာယာ ပြန့်ကျယ်စွာမှ
မဟာဗောဓိ ရှိသည့်နေရာ
ပင်ခြေသာသို့ ပြန်ကာကြွလတ်
သုံးလူနတ်အား ထူးမြတ်ဒါန
သောတ္ထိယမည် မြက်ထမ်းသည်လည်း
ရှင်ကြည်သဒ္ဓာ ထက်သန်ကာဖြင့်
လမ်းမှာလှူလုပ် မြက်ရှစ်ဆုပ်ကို
လက်အုပ်ချီကာ ဖူးသဒ္ဓာဖြင့်

လှူကာပူဇော် ခံယူသော်ပြီး
လောင်းတော်သနင်း ဗောဓိရင်းသို့
ချင်းနင်းရောက်ရှိ မွေ့ကြည်ဘိရှင့်
ဇိနလောင်းရှင် ရွှေခွင်မျက်နှာ
မူပြီးကာဖြင့် ရှစ်လှသာမြက်ဆုပ်
ကြဲလှုပ်ဖြန့်ခင်း ဗောဓိရင်း၌
သနင်းစံဘွယ် ရတနာခြယ်သား
တင့်တယ်ရှိဘိ အပရာဇိတ
ပလ္လင်လှသို့ လှမ်းကြွဘွဲ့ခွေ
၂၄၀၀ ☆စံပျော်နေသည် လောင်းဆွေဓိဋ္ဌာန်
ဆုရည်ပန်။

[၃၅]

## မာရ်နတ်ဖျက်ခဏ်း

လောင်းဆွေဓိဋ္ဌာန် ဆုရည်ပန်သား
အမှန်ငါကား ဘုရားစင်စစ်
မဖြစ်သမျှ ဤဌာနမှ
မထလေဟု ဓိဋ္ဌာန်ပြု၍

စတုရင်္ဂ ဝီရိယဖြင့်
မထထိုင်ပြီး ပွားစီးဘာဝနာ
အားထုတ်ကာတည့် ထိုခါခဏ
ကာဠနဂါး သကြားဗြဟ္မာ
နတ်ဒေဝါတို့ ကြွလာစုံညီ
ပဉ္စသိခ ဗေလုဝစောင်း
ငြိမ့်ညောင်းသာယာ ဖြေဖျော်ကာဖြင့်
ဣန္ဒာနတ်မင်း ခရုသင်းမှုတ်သော်
ချီးမြှင့်သော်တည့် အကျော်ဗြဟ္မာ
ထီးမိုးကာလျက် သူရာနတ်ကြီး
ပတ္တမြားပြီးသည့် သားမြီးရွှေယပ်
လေပြေခပ်လျက် မလပ်ပူဇော်
ဖူးမျှော်နေစဉ် မာန်ဝင်မိစ္ဆာ
မာရ်နတ်လာ၍ ကြေညာဟစ်ကြိမ်း
မိုးကြိုးခြိမ်းသို့ ရှိမ်းရှိမ်းတောက်ပြောင်
တထောင်လက်ရုံး နှစ်ဘက်လုံး၌
၂၆၀ ☆ ကိုင်သုံးလက်နက် မြမြထက်သား
ရဲဘက်အရံ စစ်သည်ခံ၍
ပြည့်လျှံမိုးထိ ရှိဘိအလား
ဝင့်ဝင့်ကြွားလျက် လေးမြှားပုဆိန်
ဝရဇိန်နှင့် ဝင်းထိန်သန်လျက်
ကိုင်နှစ်ဘက်ဖြင့် ဦးထက်မေခလာ
ဆင်စကြာကို စီးကာမာရ်နတ်

ပစ်လွှတ်ခတ်၏ မပြတ်သတိ
သမ္ပဇဉ်ရှိ၍ တည်ဘိအိန္ဒြေ
လောင်းဘုန်းဝေသည် စံနေငြိမ်သက်
ဘဝဆက်က မပျက်ပါရမီ
အဟုန်ညီ၍ မသိရန်ပေါင်း
ပယ်ကွာရှောင်းသား မကောင်းဘယာ
မြူလွှာမသန်း ရွှေကြာလန်းသို့
အောင်ပန်းပွဲဦး ဆွတ်ခူးနိုင်ယူ
အောင်တော်မူသည် အောင်သူထွတ်တင်
လောင်းမြတ်ရှင်။

[၃၆]

## ဘုရားအဖြစ်သို့ ရောက်တော်မူခဏ်း

လောင်းမြတ်ဗုဒ္ဓါ ညဉ့်ဦးခါ၌
အဝိဇ္ဇာပြတ်ကြွေ ကင်းလွှတ်လေ၍
ပုဗ္ဗေဉာဏ်ရောက် သန်ကောင်လောက်၌
ထက်အောက်ဘုံခွင် လုံးစုံမြင်၍
ကြည်လင်ဖြာထွက် စက္ခုဒိဗ္ဗ

ဉာဏ်ကိုရပြီး　လင်းအားကြီးသော်
အရုဏ်ပေါ်က　ပဋိစ္စသမုပ္ပာဒ်
ဆင်ခြင်လတ်၍　မပြတ်စျာန်ဝင်
ဝိပဿနာတင်လျက်　အစဉ်ပွားပေ
ဉာဏ်ဖြာဝေ၍　ကိလေတဏှာ
ကင်းပြတ်ကာဖြင့်　အာသဝက္ခယဉာဏ်
မဂ်လေးတန်ကို　ပြန်လှန်ရလျက်
ဖိုလ်မဂ်ဆင်ခြင်　ပစ္စဝေက္ခဏာတင်သော်
လေးအင်သစ္စာ　သိမြင်ကာဖြင့်
မဟာသက္ကရာဇ်　ထွက်စစ်ရေးပြု
ရာ့သုံးခု၌　ဥတုဂိမှ
ကဆုန်လ၏　ပုဏ္ဏရက်လျှင်
စန်းယှဉ်ဝိသာခါ　ကြုံကြိုက်ကာဖြင့်
နေ့မှာဗုဒ္ဓဟူး　အရုဏ်မှုန်းကြွ
လင်းလုစဝယ်　လောကသုံးပါး
နတ်လူများ၏　ထွဋ်ဖျားထွတ်တင်
ဂုဏ်ပေါင်းရှင်သည်　သဗ္ဗညုစစ်
ဘုရားဖြစ်၍　ရှင်ချစ်ဇိန
အပရာဇိတ၌　လေးဝသစ္စာ
သိမြင်ကာဖြင့်　ရှည်ကြာဘဝေ
**အနေကဇာတိ**　ဖြစ်လာဘိငြား
ဘဝများကို　ငါကားသိပြီ

မြွက်ဟာသီလျက် ခွန်းချိုရွှေဦး
ဥဒါန်းကျူးသည် ပွင့်ထူးစိန္တော
ဒိုဘုန်းဝေ။

[၄၇]

## သတ္တသတ္တာဟ စံတော်မူခန်း

### ပထမသတ္တာဟ

သဗ္ဗညုစစ် ဘုရားဖြစ်၍
ဓမ္မရာဇ်တဆူ ဖြစ်တော်မူသည့်
သုံးလူစိန္တေ ပလ္လင်ဘော်၌
ငါးထွေမာန်သင်း ရန်ခပင်းကို
၂၁၆၀ ☆နှိမ်နင်းအောင်မြင် ရွှေဉာဏ်တင်၍
ကြံဆင်ခြင်ပြီး ပွားစီးပင့်စွ
သမုပ္ပာဒကို ဖလသမာပါတ်
ဝင်စားလတ်၍ သတ္တရက်သော်
ပလ္လင်တော်၌ စံပျော်ပဒ္မ
သတ္တာဟတည့်။

## ဒုတိယသတ္တာဟ

ထိုမှသော်လျှင်    သုံးလူ့ရှင်သည်
ပလ္လင်တော်မှ    ထွက်ခွာကြွ၍
အရှေ့မြောက်ယံ    ဆယ့်လေးလံကွာ
ရပ်ဒီသာမှ    ကြည်သာရွှင်လန်း
ပလ္လင်နန်းကို    ဖြောင့်တန်းမတ်မတ်
ရပ်တန့်လတ်၍    မခတ်မျက်စိ
ရှုကြည့်ဘိသော်    အနိမိသ
သတ္တာဟတည့်။

## တတိယသတ္တာဟ

ထိုမှတဖြာ    နတ်ဒေဝါတို့
☆ကြံကာယုံမှား    သံသယများကို
တင်ရှားစေလျက်    ကောင်းကင်ထက်သို့
ပျံတက်ကြွပြီး    မိုးတိမ်ကြီး၌
ရေမီးနှစ်ပုံ    ယမိုက်စုံကို
ပြတုံပြီးက    ဆင်းသက်ကြွ၍
အရှေ့အနောက်    အတောင်ခြောက်ဆယ်
ရတနာခြယ်သည့်    ရှည်သွယ်စင်္ကြံ

ပလ္လင်ပုံနှိုး ဘန်ဆင်းပြီးလတ်
ရက်သတ္တလုံး စံသုံးအရှင်
မွေ့ကြည်လင်သည် မည်တွင်စက်မ
သတ္တာဟတည့်။

## စတုတ္ထသတ္တာဟ

၁၀၃၈ ☆ထိုမှသော်လျှင် ဗောဓိပင်နှင့်
ပလ္လင်တထောက် အနောက်မြောက်ဝယ်
လေးဆယ်တောင်တာ ဝေးကွာရာ၌
ဒေဝါနတ်များ ဘန်ဆင်းထားသည့်
ခုနစ်ပါးရတနာ အတိပါသည့်
စံရာရိပ်ငြိမ် နန်းရွှေအိမ်ဝယ်
ကြိမ်ကြိမ်ခါခါ ဘိဓမ္မာကို
မြတ်စွာဆင်ခြင် ရွှေဉာဏ်ထင်သော်
ဝန်းကျင်ထက်အောက် မီလာပေါက်၍
ထိုးဖေါက်စကြဝဠာ ပြန့်နှံ့ကာဖြင့်
ခြောက်ဖြာရောင်ခြည် မောင်းညိုကြည်၍
ကွန့်လည်ဖြာထွက် ထိုသည့်ရက်ကို
စံလျက်သတ္တ ရတနတည့်။

## ပဉ္စမသတ္တာဟ

ထိုမှဆက်ရွှေ့ ပလ္လင်ဘွေ့မှ
အရှေ့ပြုဗ္ဗာ လှမ်းဝေးကွာသည့်

လံတာသုံးဆယ်   နှစ်ဝယ်စွန်းကာ
အဇပါလ   ညောင်ပင်လှသို့
လှမ်းကြွစံသော်   သုံးဖော်ညီမ
မည်နာမကား   တဏှာ့အရတိ
တူညီရာဂါ   နတ်ကညာတို့
ဆင်းလျာချောမွတ်   ကြည်မောဆွတ်၍
တုလွတ်ပြေပြစ်   ဆယ့်သုံးနှစ်နှင့်
ဆယ့်ခွန်နှစ်က   ပျိုစစ်ကညာ
ကြော့မူယာရှင့်   တူစွာအကြီး
နတ်သမီးက   ဘွားပြီးတကြိမ်
၂၉၁☆ တည်ငြိမ်ဘိနှယ်   မာယာကြွယ်သား
ရှယ်လတ်ရှယ်ကြီး   မာရ့်သမီးတို့
လာပြီး၍သော်   မြတ်ဘုန်းတော်ကို
နှိုးဆော်အာရုံ   မာယာစုံတည့်
မခံမမက်   ဖြားယောင်းချက်ကို
ပယ်ဖျက်ဗုဒ္ဓ   "ယဿဇိတံ
နာဝဇီယတိ"   စရှိဂါထာ
ဟောကာမိန့်မြွက်   ဆုံးမလျက်သော်
စံပျော်အဇပါလ   သတ္တာဟရှင့်။

**ဆဋ္ဌသတ္တာဟ**

ထိုမှတဆင့်   စံပျော်တင့်သား
ပလ္လင့်ရွှေညောင်   အရှေ့တောင်၌

မြရောင်စိုစို    တောင်ရိပ်ခိုသည့်
ရေညိုနန္ဒာ    မုစ္ဆလိန္ဒာအိုင်မင်း
ကျည်းပင်ရင်း၌    သနင်းစံနေ
ခါဟုတ်လေဘဲ    ရှာစွေသဲသဲ
မစဲနေ့ည    ပြင်းထန်လှဘိ
ရှာချသည့်မိုး    မောက်မောက်ဖြိုးကို
တန်ခိုးထန်ပြင်း    နဂါးမင်းသည်
ဖွဲ့စင်းရစ်ခွေ    ပရမေအား
ထိပ်ဘွေဦးကင်း    ခွေပတ်ချဉ်းလျက်
ပါးပျဉ်းဖြန့်ထိုး    ထီးသို့မိုး၍
ရိုကျိုးပူဇော်    ရွှေဘုန်းတော်သည်
စံသော်သတ္တ မုစ္ဆလိန္ဒတည့်။

## သတ္တမသတ္တာဟ

ထိုမှလွန်လျှင်    ဗောဓိပင်နှင့်
တောင်ခွင်မျက်နှာ    လေးဆယ်ကွာ၌
ဖြောရိပ်ကွန်း    ထီးသို့ဝန်းသည်
☆လင်းလွန်းပင်ဘွေ    ပင်ရင်းခြေ၌
စံနေတင့်မြတ်    သမာပတ်ကို
သတ္တပတ်လုံး    ကုန်ဆုံးရက်စေ့
ဝင်စားမွေ့ပြီး    ထိုနေ့နံနက်
အရုဏ်တက်၌    မျက်သစ်ဒါန်ပူ

သိကြားလှူတည့် ထိုသည့်အခါ
ဥက္ကလာမှ မဇ္ဈိမသို့
တဖုဿညီနောင် ဝန်ဆောင်ငါးရာ
လှည်းစီးပါ၍ မာတာမိနတ်
ရည်ညွှန်းလတ်သော် စံမြွတ်ဗုဒ္ဓေ
လင်းလွန်းခြေသို့ ရောက်လေကြလျှင်
ဘုရားရှင်ကို ကြည်လင်ရိုတုပ်
ပျားမုံ့ဆုပ်ဖြင့် လက်အုပ်ချီလျက်
ကပ်လှူဆက်တည့် ဒသထက်ရွာမှ
စတုမဟာရာဇ် နတ်မင်းဖြစ်သည့်
ကျော်လစ်လေးဘော် နတ်မင်းမော်တို့
လှူသော်ရောင်ဖိတ် သပိတ်လေးလုံး
ပေါင်းရုံးဖိနှိပ် ထပ်ပြီးသိပ်က
ဘုန်းရိပ်ကြီးမား တသားတည်းဖြစ်
လေးရစ်အနား တည်ပြီးသားရှင့်
မုံ့ပျားဆွမ်းတော် သပိတ်တော်ဖြင့်
ခံသော်ယူလျက် မဏိထက်မှ
လက်ဆုပ်ဆံတော် ညီနောင်ဖော်ကို
ပေးသော်နှင်းအပ် ထိုသည့်ရပ်ကို
ခေါ်အပ်မည်ညွှန်း ဘုန်းတောက်ထွန်းသည်
☆လင်းလွန်းရိပ်သာ ရာဇာရတန

သတ္တာဟာ။

[၃၈]

## သဟမ္ပတိဗြဟ္မာကြီး တောင်းပန်ခက်း

ဘုရားဖြစ်စ သတ်ဌာန၌
သတ္တသတ္တာ စံပြီးကာဖြင့်
ဗုဒ္ဓာမြတ်ရှင် လင်းလွန်းပင်မှ
ညောင်ညိုလှသို့ ပြန်၍ကြွစံ
မေ့ကြည်လျှံသား စိတ်ကြံထပ်ထပ်
ငါသိအပ်သည့် သမုပ္ပါဒ်ပဋိစ္စ
စက်မွေသည် ပထဝီပံသု
အောက်၌စုသည့် မြေထုသြဇာ
ကဲ့ပမာသို့ များစွာနက်နဲ
လွန်ခက်ခဲ၏ မစဲသော်ပေ
သတ္တဝါတွေလည်း ပွားထွေတဏှာ
ပညာခေါင်းပါး ဖောက်လွဲမှား၍
စဉ်းစားဆင်ခြင် ဉာဏ်အမြင်လည်း
လွန်ပင်နည်းလှ ငါဟောပြ၍
ဓမ္မမြင် ရာမထင်ဘဲ
ငါလျှင်ပင်ပန်း စိတ်ကြံမှန်းသော်
ရှေ့စိတ်တော်ကို ဈာန်ပျော်**သဟမ္ပတိ**
ဗြဟ္မာသိ၍ ရောက်ရှိလာပြီး

မြင့်မိုရ်ကြီးလောက်   အံ့ချီးဘွယ်ရာ
ရတနာပန်းကုံး   နတ်ပြည်လုံးမှ
ညွှတ်ရုံးပူဇော်   ရွှေဘုန်းတော်ကို
လျှောက်သော်ပန်ကြား   သတ္တဝါများအား
တရားရေစေ   အမြိုက်ဆေးဖြင့်
တိုက်ကျွေးဆုံးမ   မြွတ်ဓမ္မကို
☆ဟောပြပါရန်   လျှောက်တောင်းပန်က
မြွတ်ဗုဒ္ဓသည်   ဉာဏ်ဆရှုလတ်
ကျွတ်လတ္တံ့သူ   မြင်တော်မူ၍
သုံးလူစိန္တေ   သဟံဗြဟ္မကို
ပေးလေကတိ   ငါဟောဘိဟု
မိန့်ရှိပြီးသော်   ရွှေဘုန်းတော်သည်
ဉာဏ်မြော်ကြည့်လျှင်   ဆင်ခြင်ပညာ
လျင်မြန်ပါသည့်   ဦးစွာပဌမ
အာဠာရနှင့်   ဥဒကရသေ့
မြင်တွေ့လေကာ   ထက်ဘုံလွှာတွင်
အာကိဉ္စညာ   နာသညာ၌
လွန်ကာသတ္တ   ဖြစ်လေကြ၍
တ,သမဆုံး   ရှုံးကြီးရှုံးပေါ့
အားလျော့ပြီးကာ   မြွတ်ဇိနာသည်
ထပ်ကာတဖန်   ရွှေဉာဏ်ရှုမြော်
ဆင်ခြင်သော်က   ငါးဘော်ရှေးဦး
ရှိကျေးဇူးကြောင့်   မြွတ်ထူးဓမ္မ

ကျွတ်ဦးချေရန် အဆွေဝဂ္ဂိ
ငါးဦးညီတို့ စံမှီပျော်ရာ
မိဂဒါဝုန်တော ရဂုံကြောသို့
ဥဿာစောဗုဒ္ဓ စိတ်ကြံဆသည်
ရှေးကစဉ်လာ
ဓမ္မတာ။

## [၃၉]

## ဥပကနှင့်တွေ့ခဏ်း

ထိုသို့ကြံခြောင်း အရိပ်ကောင်းသည့်
ဆိတ်ကျောင်းညောင်ဘေ့ ပင်ရင်းခြေ၌
စံနေတထောက် သုံးရက်မြောက်သော်
ဝ၆င၁ ☆ဘုန်းတောက်မြတ်စွာ မိဂဒါသို့
လှမ်းကာရှေးရှု ထွက်ခွာပြုလျှင်
ဥရုဝေတော မြိုင်သာမော၌
ရှင်စောဇိန ဥပကနှင့်
တွေ့ကြုရာဝယ် အရှင်တက္ကဒ္ဒန်း
ဆက်နွှတ်ခွန်းဖြင့် ကွေ့ယွန်းဝိုက်ဝိုက်
မနောပိုက်လျက် စူးစိုက်ပြီးသော်

မြတ်ဘုန်းတော်ကို ရှုမြော်ကြည့်ပွား
ကြည်ညိုသားတည့် တည်ငြားဣန္ဒြေ
သပ္ပါယ်ပေသွား ရှုပ်ရေသန့်ရှင်း
သရေလင်းလျက် အဆင်းအရောင်
တောက်ပြောင်ကြည်လင် ကြည်ညိုချင်တည့်
"ငါ့ရှင်ရဟန်း မည်သူမှန်း၍
သက်န်းဝတ်ဆင် သင်၏ဆရာ
မည်သူပါနည်း သင့်မှာသော်ဝယ်
အဘယ်နာမ ခေါ်ဆိုကြနည်း"
ပြောပါငါ့အား မေးငြားလေလျှင်
ဘုရားရှင်သည် ပြန်ပင်မိန့်ကြား
"ချစ်သားဥပက ငါဗုဒ္ဓသည်
အာသဝပြတ်ကြွေ မရှိပေပဲ
ကိလေပယ်ရှင်း ရန်ခပင်းကို
နှိမ်နင်းချေသတ် အောင်လတ်တော်မူ
တောဘုမက များပြားလှသည့်
ဓမ္မခပ်သိမ်း ကင်းငြိမ်းတပ်ငြိ
လင့်စဉ်ဘိကာ ခေမာရွှေဘုံ
☆နန်းရိပ်မြုံကို အာချုံပြုသွတ်
ကိလေလွတ်၏ ထူးမြတ်တရား
လေးပါးသစ္စာ ရှစ်ဖြာမဂ္ဂင်
ဓမ္မအစဉ်ကို သိမြင်ထိုးဖေါက်
ရွှေဉာဏ်ရောက်၍ လိုလျှောက်သိကာ

ငါ့ဆရာသည် ဘယ်မှာရှိပေ
ငါဗုဒ္ဓကို ခေါ်လေသော်ဘိ
အနန္တဇိန မည်နာမတည်း”
ပြောပြပြီးလျှင် ဇိနရှင်သည်
ကြံဆင်တွေးဆ ဉပကမူ
သံသယများလွန်း တက္ကဒွန်းတည့်
ဖော်ညွှန်းဆုံးမ ခုချိန်မျှ၌
မရအမှန် ရွှေဉာဏ်သိမြင်
မကြာခင်သော် ကျွတ်ဝင်မည့်သူ
ဖြစ်မူရကား မိန့်တော်ကြား၏
“ချစ်သားဥပက ငါဇိနသည်
ရှေးကစဉ်လာ ပုံမြဲသာဖြင့်
ဂင်္ဂါဝါလု သဲစုအမျှ
ပွင့်ပြီးကြသည့် ဘုရားနောင်တော်
စဉ်လာမြော်၍ ငါးဘော်ဝဂ္ဂီ
ပျော်စံမှီသည့် ဣသိပတန
မိဂဒဝေသို့ ဓမ္မစည်ကြီး
ရိုက်တီးလို့ငှာ ငါကြွလာ”ဟု
ဆိုကာစကား မိန့်တော်ကြားပြီး
ကြွသွားလေလျှင် အရှင်ဥပက
၀၆၂၉ ☆ ကြည်မောလှ၍ နှုတ်မှတိတ်တိတ်
ခပ်မဆိတ်ဖြင့် ခေါင်းညိတ်ဆတ်ဆတ်
မပြတ်ရှုမော စိတ်မနော၌

"ရှင်စောဇိနှ မြတ်ဗုဒ္ဓတဲ့
ဟုတ်ပါ့မလား ဟုတ်လေလား" ဟု
ယုံမှားမိစွာ ဖြစ်လေကာဖြင့်
ဂါမဝင် ထိုဒေသသို့
မှန်းဆမျှော်ပြီး ခရီးလွှဲကာ
ပြန်ရှုလာသည် စိတ်မှာတွေးထင့်
တငင့်ငင့်။

[၄၀]

## ဥပကနှင့် စာပါ

ထိုခါသမယ ထိုဒေသ၌
ဝင်္ကရွာဝယ် ငယ်သည့်ရှယ်မှ
မှီတွယ်နေဘိ စဏ္ဍာမိမုဆိုး
သဒ္ဓါဖြိုးကာ ရိုကျိုးဥပက
ကြည်ညိုလှ၍ ခယလုပ်ကျွေး
ပြုစုပေးလျက် မဝေးနီးရာ
ခြံဝင်းမှာ၌ ဆောက်ကာကျောင်းငယ်
ကပ်လှူဘွယ်နှင့် ကိုးကွယ်ဆည်းကပ်
မလပ်ခဲ့ရာ တနေ့မှာသော်

စက္ကူမှုဆိုး လုပ်ရိုးအစဉ်
တောသို့ဝင်၍ သမင်သားပေါင်း
ရှာလိုကြောင်းဖြင့် နွဲ့နှောင်းရှုပ
အဆင်းလှသည့် သမီးကညာ
မယ်စာပေါ်ကို မှာကာထပ်ထပ်
မလပ်သော်ပင် ဆရာရှင်ကို
၁၀၄ နေ့စဉ်မပျက် ဆွမ်းကျွေးလျက်ဖြင့်
ကပ်ဆက်ပါလေ မှာခဲ့ပေ၏
ဖွေးဖွေမှာကြား ဆိုစကားကြောင့်
ဝတ္တရားမပျက် ဆွမ်းဟင်းချက်၍
နံနက်ချိန်ခါ ဝတ်တန်ဆာကို
တင့်စွာပြင်ဆင် ဆွမ်းဘောဇဉ်ကို
စီရင်ပြီးသော် ဆွမ်းတော်နေရာ
အနီးမှာ၌ စောင့်ကာမြှော်နေ
ချိန်ကျလေသော် ဆရာတော်ဥပက
အိမ်ရှေ့ဝသို့ လှမ်းကြွပြီးရပ်
ခင်းထားအပ်သည့် ဆွမ်းကပ်နေရာ
ဝင်ထိုင်ကာဖြင့် နားမှာလုပ်ကျွေး
ပြုစုပေးတည့် ရိုလေးနူးညွတ်
လွန်ချောမွတ်၍ ဝင်းမွတ်အသား
နုပျိုထွားသည့် လက်ဖျားသွယ်ကော့
ခါးရင်ကြော့လျက် ဝင်းဖော့မျက်လုံး
ကြည်လင်ပြုံးမျှ ခိုင်လုံးကညာ

မယ်စာပါကို မြင်ပါလေလျှင်
ဆရာရှင်ဝယ် ဘဝင်ခိုမှီး
ရာဂမီးသည် ငြီးငြီးအရောင်
တောက်လောင်ရကား စားမိဆွမ်းတော်
မျိုသော်မကျ တပ်မက်လှ၍
တားမရနိုင် မေးပါခိုင်ပြီး
ဗေးမှိုင်တွေနှောက် ရာဂနှောက်လျက်
ဖောက်ပြန်ဏ္ဍေ ဆွမ်းခွက်တွေကို
ထည့်လေသပိတ် ထိုးသိပ်ကြိတ်ကာ
လျှံဖိတ်ပြီးလျှင် ဆရာရှင်သည်
ဆောလျင်ကျောင်းတော် ပြန်ခဲ့သော်ပြီး
သပိတ်ကြီးကို ဘေးနီးထားလျက်
အိပ်ရာထက်၌ ပက်လက်မှောက်လှန်
စိတ်ဖေါက်ပြန်၍ ဖန်ဖန်ရေရွတ်
တတွတ်တွတ်ဖြင့် "မချွတ်မှန်စွာ
ရှင်စာပါကို ငါရပါမှ
ချမ်းသာရမည် မရပါလျှင်
ဤမှာပင်၌ သေလျှင်သေပေါ့
မထတော့"ဟု မလျော့စိတ်ဝယ်
အတွေးကျယ်တည့် အကယ်၍များ
လှတပါးကို ရငြားပါက
ငါဥပကသည် သည်က ထားကာ
စံစားမှာဟု ထွေရာစိတ်ကူး

ရာဂရှုးသည်    လူးလူးလှန့်မှောက်
ပူဗျာရောက်၍    ပေ့နှောက်ယောက်ယက်
ခက်ကြီးခက်။

[၄၁]

ဘခင်မှုဆိုး    သားကောင်မျိုးတို့
ထမ်းပိုးရွှေ့နှောက်    သတ္တမြောက်၍
ပြန်ရောက်လာကာ    "ငါ့ဆရာကို
၄ကောင်းစွာသမှု    ဘမျက်ရှုသည်
ပြုစုလုပ်ပေး    ကျွေးပါ၏လား"
မေးမြန်းလေက    သမီးလှသည်
"တနေ့မျှသာ    ကြွရောက်လာပြီး
ဆွမ်းလျှာမစား    ပြန်ကြွသွား"ဟု
၃၄၀၀ ☆ ပြောကြားလေလျှင်    ငါ့အရှင်သည်
မှန်ပင်မုချ    ဝေဒနာရ၍
မထနိုင်ပြီ    ကျောင်းငယ်ဆီသို့
ဗျာသီပြေးသွား    ကြည့်ရှုငြားသော်
စကားထွေရာ    ညည်းညူကာဖြင့်
ပူဆာလောင်လတ်    မကပ်ဝတ်ထည်
မတည်ငြိမ်လှ    ဥပကအား
မြင်မိငြားသော်    အနားကပ်လျက်
ဘယ်အတွက်ကြောင့်    အခက်ကြုံကာ

မချမ်းသာနည်း ဆရာရှင်တော်
တပည့်တော်ကို မိန့်တော်မူပ
လျှောက်တင်သသည် မြင်ရမတော်
ဆရာတော်။

[၄၂]

ဆရာအရှင် ထိုခါတွင်၌
ပြန်ပင်မကြား ညည်းတွားမပျက်
ဟိုဘက်သည်ဘက် လှိမ့်လျက်ယောင်ယမ်း
မြည်တမ်းနေငြား တပည့်အားကို
ပြောကြားအရှင် ထပ်လျှောက်တင်သား
လိုအင်ဆန္ဒ ရှိသမျှကို
တစမကြွင်း တကာရင်းကို
လင်းပဘုရား လျှောက်ထားလေက
ဥပကာသည် တကာ့သမီး
စွဲလမ်းကြီးကာ တားဆီးမရ
ပူဗျာခ၍ ငါ၌ဖြစ်အင်
သင်မြင်သည့်တိုင်း မဆိုင်းလျှင်စွာ
☆ရှင်စာပါကို ငါမရက
မုချသေမည် သက်မရှည်ဘူး
ပြန်လည်ပြောကြား ဆိုစကားကြောင့်
“စိတ်အားတမှောင့် သမီးကြောင့်ဖြင့်

စိုးနှောင့်ပူနစ် စိတ်မညစ်နှင့်
သို့ဖြစ်တစေ လူဖြစ်လေက
မသေ့ပညာ တတ်မှသာလျှင်
ဥစ္စာစည်းစိမ် ဂုဏ်သိမ်ရေဝင့်ထယ်
ဖြစ်နိုင်ဘွယ်ကြောင့် အဘယ်ပညာ
တတ်ရှိပါ၍ လုပ်ကာကျွေးမည်
စိတ်ကြံရည်နည်း" ဆိုသည်စကား
ဆရာကြားလျှင် ငါ့တွင်ပညာ
မရှိပါတည့် သင်ညွှဲ့အဘော်
နောက်မှသော်လိုက် သွားငှက်ပိုက်၍
ဈေးနှိုက်ရောင်းသော် ကူဘော်ကူဘက်
ငါထမ်းရွက်ပြီး မပျက်ကူမည်
ပြောလေသည့်ခါ ကျောင်းတကာသည်
ရှင်သာလန်းလန်း ရေထိပန်းသို့
သိန်းသန်းဥစ္စာ သင်ထွက်ရှာလည်း
ငါကားမမက် ဝန်ခံထွက်ရှိ
သင်ပြောဘိသည့် ကတိကိုသာ
နှစ်သက်ပါ၏ ဝတ်လှာပုဆိုး
တဝက်ချိုးခေါက် ဖြတ်တောက်ပြီးကာ
ဝတ်ဆင်ပါတော့ ပြောကာမှုဆိုး
သူ့ပုဆိုးကို ထက်ချိုးဝက်ပြီး
၀ ၀ ၉ ☆ ဆရာကြီးအား ခါးဆီးပေးကာ

ခေါ်၍လာသည် ဆရာဥပက
သာမောစွနှင့် အားရဝမ်းသာ
လိုက်ခဲ့တည်း။

[၄၃]

တကာမုဆိုး တအားကိုးပြီး
သတိုးဥပက သမီးလှုနှင့်
ထိမ်းမြားလက်ထပ် ပေးစားအပ်ကာ
အရပ်ရှစ်ခွင် ပြုံပြုံစင်မျှ
တောဝင်တောင်တက် သားကောင်ငှက်ကို
လိုက်လျက်ဖမ်းဆီး သမက်ကြီးလည်း
ရပြီးသားကောင် ထမ်းပိုးဆောင်၍
နောက်ယောင်ခံလိုက် မောဟိုက်ပမ်းကာ
လိုက်လေရှာတည့် စာပ ါမှာသော်
မပျော်ပ ါလှ ငြားကြရလည်း
မမျှသက်ရှယ် ရှုံစဘွယ်ပ
ကျယ်စွယ်ငေါငေါ ဖြူရောင်ရောဖြင့်
တောထွက်အိုကြီး တဏှာမှီးသား
ညားပြီးချိန်မှ တနေ့မျှသော်
မလန်းမရွှင် မွေးဘခင်၏
လိုအင်သဘော လိုက်လျော၍သာ
ပေါင်းရရှာလည်း စိတ်မှာဗျာနှောက်

ချိန်ကြာရောက်သော် ထွန်းပေါက်ရတနာ
သားဦးလျှာကို မှည့်ကာနာမ
"သုဘဒ္ဒ"တည့် သားလှရွှေခဲ
မောင်ပုလဲကို လွှဲကာပုခက်
☆သိပ်လျက်မေထား တအားအားငို
သားသယ်ပျိုသည် ဆိုလေငေါက်ငမ်း
"မဆူစမ်းနှင့် အမဲထမ်းသား
တအားအားနှင့် ငါ့အားပူဆာ
မငိုလာနှင့် ဆိုကာချော့မြှူ
ထိပါးမူ၍ စောင်းငြူတိုက်ခိုက်
အရွဲ့တိုက်လျက် စိတ်လိုက်မာန်ပါ
ဆိုလေကာတည့် တခါတရံ
ဒေါသသံနှင့် "နင့်ဘရှူးနှမ်း
ရာဂဘမ်းပြီး ငမ်းငမ်းတက်တက်
ငါ့ကိုမက်၍ လူထွက်ပြီးကာ
ဒုက္ခရှာသည် ပညာမဲ့တုံး
အညွန့်တုံးတဲ့ ကတုံးမွဲသား
တအားအားနှင့် နားခါးဘိခြင်း"
သားချော့ရင်းဖြင့် သီချင်းဆိုကာ
ထေ့ငေါ့လာသည် ဆရာဥပက
ရှက်တော်ရ၍
ဆိုငြီးတည်း။

[၄၄]

ဆရာဥပက ရှက်တော်ရ၍
ငါ့အားစာပါ စောင်းချိတ်ကာဖြင့်
ဆိုလာချေပြီ မထိမဲ့စွ
ပြုလေလှတည့် ငါ့ကိုတကယ်
ထင်သေးလွယ်၍ ကိုးကွယ်မရှိ
သင်းထင်ဘိ၏ သိစေ့မနော်
ငါ့မှာသော်ဝယ် ဆွေတော်ဇိန
မဇ္ဈိမဌ ကြွရှိရောက်နေ
☆ငါသွားပေပြီး ဆင်လေသင်္ကန်း
ဝတ်ဆင်မြန်း၍ ရဟန်းပြုက
ဒုက္ခကောင်းကောင်း သွားတဲ့လောင်းနှင့်
နောက်နှောင်းတော့မှ နောင်တရပြီး
ငိုကြီးရှိုက်ငင် တအင်အင်ဖြင့်
သင်၏ဘဝ မုဆိုးမဖြစ်
ကျန်ရစ်မည်မှန် ဝေကန်ဟု
ကြိမ်းဝါးပြု၏ ဂရုမစိုက်
သားကိုပိုက်ကာ မယ်စာပါလည်း
ငါဆိုစကား လူထွက်ကြွားလို့
ညည်းတွားစိတ်ပျက် ဒေါသထွက်၍

ရှက်ရမှန်းသိ   တမင်ရိကာ
နေ့ရှိတန်တန်   ပြန်အလှန်ဖြင့်
ဘန်ဘန်ဆိုလျှင်   ရှက်စိတ်ဝင်ကာ
နားတွင်ငြီးငွေ့   ဘုံဓလေ့ကို
မမွေ့ပြင်ပြင်   စိတ်နာကျင်၍
ကြောင်းပင်မကြား   ဘုရားရှိရာ
ပြည်ဝေသာသို့   တွက်ခွာအသော့
ရောက်လာတော့သည်   ဖြေလျှော့လျှောက်တင်
ကြောင်းစုံလင်။

[၄၇]

ဖြေလျှော့လျှောက်တင်   ကြောင်းစုံလင်ကို
လျှောက်တင်ဦးချ   မြတ်ဗုဒ္ဓသည်
ဆုံးမရာဝယ်   သင့်အရွယ်သည်
မငယ်လှပြီ   သားဆီအပြား
မရှိငြားသည့်   သားရွတ်အမဲ
ဝါးမျိုခဲ့သို့   မလွှဲပမာ
☆ညံ့တဏှာကို   ချမ်းသာမြိန်နိုး
နှစ်ခြိုက်မျိုးသည်   ကျိုးမဲ့သေမူ
ထိုထိုသူတို့   လူ၏ဘဝ
မဖြစ်ကြဟု   ရလော့သံဝေ

မိန့်တော်ချွေကာ စိဋ္ဌေမြတ်ထံ
ဝန်ခံကတိ ရှိပြီးသော်ထ
ဥပကာသည် ဇီနုထံမှောက်
တင်လျှောက်ခွင့်ချွေ တောင်းပန်လေလျှင်
လျှော်တေသကင်္ိန်း ဝတ်ဆင်မြန်းလျက်
ရဟန်းဖြစ်ကာ မြတ်ဇိနာ၏
ဟောပြဖြာဆုံးမ "တစပဉ္စက"ကို
နေ့ညမပျက် အလေးနက်ဖြင့်
ဆက်၍ကြိုးစား ကျင့်ကြံပွား၍
လွန်အားထုတ်ဘိ အနာဂါမိမဂ်
ရောက်ပြီးလျက်ရှင့် သက်ရှည်သရွေ့
စံပျော်မွေ့၍ စုတေ့လေလတ်
အထက်နတ်ရွာ သုဒ္ဓါဝါသ
ငြှဟ္မာ့ဘုံဝယ် သန္ဓေတွယ်၍
ဖြစ်လှုယ်ခဏ အရဟတ္တဖိုလ်ခွင်
နိဗ္ဗာန်ဝင်သည် ရှင်တော်ဥပကာ
ထူးစွာ့ဥာဏ်ဖြာ
ရဟန္တာ။

[၄၆]

## ပဉ္စဝဂ္ဂီငါးဦး တရားဦး ဟောခဏ်း

ကုန်ခွေလလျှင် မိုးတိမ်ဆင်သား
ရှစ်ခွင်ဆိုင်းပျို့ မှိုင်းညို့ညို့နှင့်
သိုင်းလို့ဖွဲ့ဟန် လေတုန့်လှုန်၍
ဝ ဝသန်မိုးဦး ပြောင်းကာကူးသည့်
၄☆တင့်ထူးသာစွ နွယ်တာလလျှင်
ပုဏ္ဏမီမှာ ဥတ္တရာနှင့်
ပြုပွါသန်နက် ယှဉ်တွဲဘက်၍
စက်လှည့်ချိန်ပေ ဥရုဝေ၌
စိန္တေဗုဒ္ဓ ဥပကနှင့်
တွေ့ကြုံပြီးသော် မြတ်ဇိနော်သည်
ကြွတော်မူလာ ပြည်ဗာရာဏ
နီးမှာတည်ရှိ ဣသိပတန
မိဂဒဘော တောမြိုင်ခြေသို့
လှမ်းခြွေ၍သာ ထွက်ကြွလာသည်
ဝနာမြိုင်တန်း
သာတင့်ဆန်း။

## [၄၆]

လှမ်းချေယူဇနာ ဆယ့်ရှစ်ကွာသား
နေ့တာကုန်ခန်း နေညိုသန်းသော်
မပန်းရှင်တော် ဝဂ္ဂီဘော်တို့
စံပျော်သာခင်း ရဂုံတွင်း၌
သိတင်းသုံးရာ ကျောင်းဂိဟာသို့
ကြွလာလေလျှင် ဝေးမှမြင်ကြ
ပဉ္စဝဂ္ဂီ တောပျော်မိတ်တို့
တူညီဆန္ဒ ရှိလေကြသည့်
ဂေါတမရှင်ကြီး လှမ်းပြီးကြွလာ
ရှေးသော်ခါက လွန်စွာကျိုးနစ်
ဘုရားဖြစ်အောင် ကျင့်လစ်ခြိုးခြံ
ဒုက္ခခံပြီး ကျင့်ကြံပါလျက်
ဆွမ်းကွမ်းမက်၍ ကျင့်ပျက်ရှင်ကြီး
လောဘမျိုးသား ခရီးဦးကြို
☆မဘိတ်ဆိုဘဲ ထိုထိုဆန္ဒ
ဖြစ်လေကြ၍ ကျောင်းမှရှဲကာ
နေလေပါတည့် ထိုခါဗုဒ္ဓ
လှမ်းကာကြွ၍ ကျောင်းဝရောက်လျှင်
မည်သူပင်မျှ ယခင်ကတိ
မတည်ရှိဘဲ ဇိနမြတ်စွာ

စိန္တေယျာအား  နှိမ်ကာကြိုဘိတ်
သပိတ်လှမ်းသူ  ရေကမ်းသူနှင့်
ပြင်သူနေရာ  လုပ်ကျွေးကာရှင့်
ထိုခါဗုဒ္ဓ  သုံးလူ့ဘသည်
နှုတ်ဟာမြွက်ကြား  ရှင်ချစ်သားတို့
ဂေါ်ကားယခု  သဗ္ဗညုစစ်
ဘုရားဖြစ်၍  သစ္စာလေးအင်
ရှင်မဂ္ဂင်ကို  ကုန်စင်သိငြား
မြိုက်တရားကို  ဟောကြားလို့ငှာ
ဂေါ်ကြလာသည်  နာယူဖိုသေ
ဝဂ္ဂီသော့။

[၄၃]

ရှင်တော်ဗုဒ္ဓ  မိန့်မြွက်ဟာလျှင်
ပဉ္စဝဂ္ဂီ  တောပျော်မှီတို့
တူညီလျှောက်တင်  "ငါ့ရှင်ဂေါတမ
ရှေးမဆွက  ဒုက္ကရစရိယာ
ခြောက်နှစ်ကြာမြင့်  ကြိုးပမ်းလင့်၍
ကျင့်ပါသော်ပေ  မဖြစ်လေဘဲ
ခုခြမှာမူ  ကျင့်ယူဖေါက်ဖျက်
ဝမ်းရေးမက်ပြီး  မြို့ထွက်ရွာဝင်
ဆွမ်းခံလျှင်သော်  ကျင့်စဉ်ပျက်ပြား

ဟုတ်မှန်သားကြောင့် ဘုရားဘယ်မှာ
ဖြစ်လိမ့်ရတည်း ကြွားဝါ၍ကာ
မဆိုလာနှင့်” သုံးခါရှိမျှ
ငြင်းပယ်ကြ၏ ဗုဒ္ဓသုံးလူ
သည်းခံမူ၍ မှားယူသံသယ
ရှိလေကြသည့် ပဉ္စအဆွေ
ပေါင်းသင်းတွေကို မိန့်ချွေရှင်းလင်း
သံသယကင်းလျှင် နေမင်းသူရိန်
ကွယ်လူချိန်နှင့် ဝင်းထိန်သော်တာ
ထက်အာကာမှ ထွက်လာပဝင်း
ညနေခင်းဝယ် ထိန်လင်းတောလုံး
တရာ့သုံးခု သာပေါင်းစုသည့်
ရတုစိမ်းစို ချိန်ခါဆိုသော်
ဝါဆိုလပြည့် ဝင်းဝပ်မှည့်၍
ထွန်းသည့်စန္ဒာ ကြည်အေးသာလျက်
နေ့မှာစနေ ညဉ့်ဦးဘွော်
ဓမ္မစက္က ပဝတ္တနကို
ဟောပြမိန့်ချွေ သောင်းခွင်ဝေသား
**ဒွေမေဘိက္ခဝေ** စရှိလေသည့်
လေးထွေသစ္စာ မြတ်ဓမ္မာကို
ဟောကာမိန့်ပြောင်း နာလိုကြောင်းဖြင့်
တသောင်းစကြဝဠာ နတ်ဗြဟ္မာတို့
ကြွကာနာယူ နှစ်ကြည်ဖြူလျက်

အောင်သူဦးစွ ကောဏ္ဍညသည်
သောတာ့ပတ္တိ ရောက်ရှိပြီးဖြစ်
၀၆၄၃ ☆ တဆယ့်ရှစ်ကုဋေ ကျွတ်လေနတ်ပေါင်း
အံ့ချီးငြောင်းသည် တသောင်းစကြဝဠာ
သွက်သွက်ခါ။

[၄၈]

သုံးလူ့မုနိန် ညဉ့်ဦးချိန်၌
လင်းထိန်ဓမ္မစက် ပဥ္စဝဂ်ကို
ဟောမြွက်မိန့်ညွှန်း သန်ကောင်ယွန်းသော်
ထွန်းလင်းကိုယ်ရောင် ငြီးငြီးပြောင်၍
အားဆောင်ကြီးမှူး ရှင်ပျော်မြူးသည့်
ဘီလူးနတ်မျိုး တန်ခိုးရောင်ဝေ
ကြီးဘီလေသား ဟေမဝတာ
သာလာဂီရိ မည်ရှိနှစ်ဘော်
နတ်မင်းကျော်တို့ အဖော်နတ်ပေါင်း
တသောင်းပါကြွား မြတ်ဘုရားအား
လျှောက်ထားပြဿနာ ဆယ်ခုပါတည့်
ထိုခါဗုဒ္ဓ **ဟေမဝတသုတ်**
ဒေသနာထုတ်၍ ရုတ်ခြည်းဖြေရှင်း
အရဏ်ကျင်းသော် နတ်မင်းနှစ်ဆူ
နှစ်ကြည်ဖူး၍ အယူသံသယ

ဖြေရှင်းကြလျက် တခဏာ၌ပင်
ဉာဏ်စဉ်ရင့်သန် သောတာပန်တည့်
ကြွင်းကျန်ဘီလူး သဒ္ဓါမြူး၍
ဖူးယှက်လက်စုံ သရဏဂုံနှင့်
မြဲယုံသီလ ငါးပဉ္စရှင့်
ဗုဒ္ဓစိတ္တေ ချွတ်ယူချေသား
ကျန်နေဝပ္ပ ဘဒ္ဒိယနှင့်
☆မဟာနာမ်, အဿဇိ ဘော်ဝဂ္ဂီအား
ခွန်းသီဓမ္မစက် အောင်သံနက်ဖြင့်
ချဲ့လျက်အကျယ် ဟောမိန့်ကြွယ်က
လေးသွယ်သစ္စာ သိမြင်ကာဖြင့်
သောတာပတ္တိ ဉာဏ်သိမဂ်ရောက်
ငါးရက်မြောက်လတ် အနတ္တလက္ခဏာ
သုတ်ဓမ္မကို ထုတ်ပြညွှန်းဖော်
မဂ်ဉာဏ်ပေါ်၍ ရှင်တော်ရဟန္တာ
ဖြစ်လေကာတည်း ထိုခါဗုဒ္ဓ
မိဂဒဉ် မြေလျှောက်ပတ်
သင့်မြတ်ရာရာ လှည့်လည်ကာဖြင့်
စံကာမွေ့လျော် ကိန်းအောင်ပျော်သည်
မြိုင်မော်သာလှ
မိဂဒ။

[၄၉]

## ယသလုလင်

ရှင်စောဇိနေ မိဂဒါဝေ၌
စံနေသောခါ ပြည်ဗာရာနှင့်
မကွာတည်ရှိ သာပျော်ဘိသည့်
နိဂုံးသေန ချမ်းသာလှဟု
ဈေးကတုန်းပင် လွှန်ပေါ်ထင်သား
ဂုဏ်ရှင်သာလ ပြာဟ္မဏာ၏
ချစ်လှမငြိး သမီးသုဇာတာ
နို့ဃနာကို ဦးစွာပဌမ
လှူခဲ့ရသည် သူဇာ့သားလှ
မည်နာမကား **ယသလုလင်**
နုပျိုလွှင်သည် စင်ကြယ်သန့်ရှင်း
အဆင်းရုပ်ဝါ တင့်တယ်စွာဖြင့်
ဦး☆ချမ်းသာစည်းစိမ် ကြီးဂုဏ်သိမ်နှင့်
စံအိမ်ပြာသာဒ် သုံးဆောင်မြတ်၌
လှည့်ပတ်စံစား နတ်နှယ်လားသို့
ထောင့်ငါးမိဿံ မောင်းမခြံ၍
ဝန်းရံသော်လျက် ပျော်တော်ဆက်ကြ

ထက်ဘုံနတ်နှယ် ကညာမယ်တို့
ဆောင်ငယ်ဆောင်ကြီး အသီးသီး၌
မငြီးကာမဂုဏ် သုန်သုန်ပျော်ကျူး
သေသောက်မူးသို့ အထူးနှစ်ခြိုက်
ဒုစရိုက်နှင့် ပျော်ပိုက်နေ့ည
အားမရရှင့် ဆိုကတီးငြောင်း
သာဘွယ်ကောင်းသည့် စောင်းငြင်းပတ်သာ
တူရိယာတို့ တီးကာမစဲ
ခြိမ့်ခြိမ့်သဲမျှ ပွဲကြီးသဘင်
စံအိမ်တွင်ဝယ် ဆင်ယင်မနား၌
ပျော်တပါးဖြင့် ရွာသားအပေါင်း
အုတ်အော်ငြောင်းလျက် သောင်းသောင်းကြည်ရွှင်
ပွဲသဘင်ကို မြေပြင်ပြည့်မျှ
ကြည့်ရှုကြသည် နေ့ညမပျက်
ဆက်သတည်း။

[၅၀]

ဤသို့ကြီးမြတ် ဆောင်ပြသာဒ်၌
မပြတ်မွေ့ညီ နတ်နှယ်မှီသား
လောကီချမ်းသာ နှစ်ခြိုက်စွာဖြင့်
စံကာနေစဉ် တညတွင်ဝယ်
ဆောလျင်အိပ်ပျော် သန်ကောင်ကျော်၌

*၀၀ နှိုးသော်ယသ မီးရောင်စတွင်
၀၆-☆ အိပ်ကြမိသံ ပေါင်းခြွေရံတို့
ဆူညံ့ရှုပေါက် သံစုံပေါက်လျက်
အာစောက်ခံတွင်း ပွင့်ဟင်းလင်းဖြင့်
ခံပြင်းအန့် လှိုင်လှိုင်ပျံ့သွား
ချို့ကားခါးဝတ် လျှောကျလွတ်လျက်
ဦးထက်ကေသာ ကြဲပြန့်ကာဖြင့်
ချို့မှာစောင်းပိုက် ချို့ဥဒ္ဓစည်လွယ်
ချို့ဝယ်မှိုလျက် ပက်လက်ကားယား
မတင့်ငြားလတ် ရှုပ်ရှက်ခတ်၍
လျှောက်ပတ်မတော် မြင်သည်သော်ကြောင့်
ညှိုးလျှော်တုန်လှုပ် ခန္ဓာရုပ်ကို
ဘင်ပုပ်တမျှ စက်ဆုပ်လှ၍
ယသမောင်ဘုန်း သည်းအူပြုန်းမျှ
ရှိမုန်းတသ သံဝေရလျက်
ဆိုတညည်းပြု "ဥပဒ္ဒုတံ"
ဂါထာပျံ့ကို အသံသာသာ
ဆိုကာညည်းညှင်း "အိုအချင်းတို့
ရုပ်ဆင်းရုပကာ ကိုယ်ခန္ဓာသည်
ဘယ်မှာသော်လျက် ကြိုက်နှစ်သက်၍
စွဲမက်ဘွယ်ရာ မရှိပါဘဲ
တဏှာအဟုန် ကာမဂုဏ်ဖြင့်
တသုန်ပြင်းပြင်း စွဲလမ်းခြင်းကြောင့်

ညှဉ်းဆဲပူလောင်　ငြီးငြီးပြောင်ကာ
ပိုးကောင်မီးတိုး　ဖြစ်သည့်မျိုးတည့်"
စိတ်ညှိုးမလန်း　ကြက်သီးဖြန်းကာ
☆ဥဒါန်းကျူးလစ်　ကိုယ့်အဖြစ်ကို
စီစစ်စဉ်းစား　ထိတ်လန့်ငြား၍
ချောက်ချားသံဝေ　ရရှိလေကာ
ရွှေခြေနင်းစီး　ဆောင်အိမ်ကြီးမှ
ထွက်ပြီးကြွလာ　နတ်ဒေဝါတို့
ကူကာအသင့်　တံခါးပွင့်လျက်
ဆင့်ဆင့်ဖြတ်ကျော်　မြတ်ဗိနော်လျှင်
စံပျော်သာလှ　မိဂဒသို့
လှမ်းကြွလုလင်　ထိတ်လန့်ငင်သည်
ကျွတ်ပင်ကျွတ်ချိန်
နီးပြီသော်။

[၅၁]

အရဏ်မြူးကြွ　လင်းလုစဝယ်
ဝေးမှုသော်ပင်　ထိုလုလင်ကို
လှမ်းမြင်ဗုဒ္ဓါ　သင့်တင့်ရာ၌
စံကာမြှော်ချင့်　ငံ့လင့်လျက်သော်
နေတော်မူညော့　ထိုသည့်ကာလ
သမယ၌　ယသလုလင်

ကြွလာလျှင်သော် ရှင်တော်ရွှေမှောက်
နားသို့ရောက်လာ ယင်းဂါထာကို
ထပ်ခါသီပြု ဥပဒ္ဒုတံ
ဂါထာပျံကို ရွတ်ဆိုလျှောက်ထား
မြတ်ဘုရားသည် "ချစ်သားယသ
ငါဇိနသည် ရအပ်ပြီးသော
သဘောချမ်းသာ နိဗ္ဗူတာသည်
ဘယာခပ်သိမ်း ပယ်ခွာတိမ်း၍
အေးငြိမ်းစင်ကြယ် မြင့်ထယ်ဂုဏ်ပေါင်း
၁၀၀၄ ☆ တည်ကြောင်းအစစ် ဖြစ်ကြီးဖြစ်၍
ချစ်သားယသ စင်ကြယ်လှသည့်
သုခလိုငြား ငါဘုရားသည်
သင့်အားဟောအံ့ မင့်လုလင်
ဆောလျင်မြန်စွာ လာခဲ့ပါလော့"
ခေါ်တော်သည်တွင် မောင်လုလင်သည်
ကြည်ရွှင်တအား ဝမ်းသာငြား၍
ဘုရားထံရင်း အမြန်ချဉ်းလျက်
ခြေနင်းချွတ်ကာ ရောက်၍လာတည့်
ထိုခါဗုဒ္ဓ သုံးလူ့ဘသည်
ဓမ္မအစဉ် လေးအင်သစ္စာ
ဟောပြကာဖြင့် ဖြူလွှာအဝတ်
ဆိုးရည်ဆွတ်သို့ ကျွတ်လွတ်ဒိဋ္ဌိ
ဝိစိကိစ္ဆာ ကင်းကွာရုတ်ခြင်း

တကျော့ကောင်း၍ ဥဩကျော်လင်းဖြာထွက်
သောတာမင်္ဂလိ ရောက်လျက်ပြီးထ
မင်္ဂဥဩကျော်ရသည် ယသလုလင်
ကျွတ်တန်းဝင်။

[၁၂]

နံ့နက်ချိန်ခါ သုဇာတာသည်
စောစွာထပြီး သားကြီးယသ
ဆောင်ခန်းမသို့ လှမ်းကြည့်ကြည့်လျှင်
မတွေ့မြင်၍ ထိတ်ငင်ငြီးငြီး
ပူပုံကြီးသား ရင်တီးပုတ်ခတ်
ဘတော်မြတ်ကို ပြေးလတ်ပြီးကာ
ပြောကြားရှာတည့် ထိုခါဘခင်
လေးခွင်လေးရပ် မြင်းထပ်ထပ်ဖြင့်
☆စေ့စပ်သော်ရှိ ရှာစေဘိ၍
မိမိကိုယ်တိုင် မနေနိုင်ဘဲ
ချွေးဖြိုင်စီးဆင်း မြေးဦးရင်းကို
ခြေနင်းခြေရာ မှီးလိုက်ကာဖြင့်
မိဂဒါဝုန်တော ရဂုံကြောသို့
ဟိုက်မောကာသာ ရောက်၍လာသည်
စံရာသနင်း
ပင်ခြေရင်း။

[၃၇]

ထိုခါမြတ်ရှင် ဝေးကမြင်၍
မုန့်ပင်မသွေ ရောက်လာပေလိမ့်
ရှိနေသူ့သား မမြင်ငြားအောင်
ဝှက်ထားဦးမှ သင့်လှပေမည်
စိတ်တော်ရည်၍ ကြံစည်ပြီးသော်
တန်ခိုးတော်ဖြင့် မြေးမော်ကွယ်ပြီး
သူဌေးကြီးလည်း အနီးရောက်လျှင်
သုံးလူ့ရှင်ကို လျှောက်တင်ပြောကြား
"ကျွန်ုပ်သားသည် ပျောက်သွားသော်ရှိ
မြင်မိသလော မြင်သလော"ဟု
လောခြင်းထပ်ကာ မေးလေပါတည့်
ထိုခါထွင်မှတင် သုံးလူ့ရှင်သည်
"သင်သူဌေးကြီး ထိုင်ပြီးမောဖြေ
ငံ့ပါချေဦး မသွေမုချ
သားယသကို ခဏ္ဍပင်
သင်တွေ့မြင်အံ့" မြတ်ရှင်မိန့်ကြား
ပြောစကားကို အားရဝမ်းသာ
ရှိလေကာဖြင့် စံရာထံရင်း
စ၀၄ ☆ခယချဉ်း၍ ဝပ်စင်းကာနေ
သုံးလူ့ဆွေသည် ဟောချေမမှ

မြတ်ဒါနနှင့်     သီလကျင့်ညီ
ကာမာဒီနဝ     နေက္ခမ္မကို
ဟောပြမကျန်     သောတာပန်ရှင့်
မဂ်ဉာဏ်ကွန့်မြူး     တရားဦးကို
ကြည်နူးပါခြား     "ရှင့်တရားသည်
လမ်းမှားသွားသူ     သနားမှု၍
လက်ယူကိုင်ဆွဲ     ဤလမ်းဘဲဟု
မလွဲညွှန်ကြား     ရှိဘိလားသို့
ဘုရားတပည့်တော်     သုံးဘော်ရတနာ
ယုံကြည်ကာဖြင့်     သဒ္ဓါထက်သန်
တသက်ပန်လုံး     ဘဝဆုံးအောင်
ကျင့်သုံးပဉ္စ     ငါးသီလကို
နေ့ညဆောက်တည်     မနေကြည်လျက်
ခိုင်ကျည်မြဲစွာ     ဥပသကာဖြစ်
ခံယူလစ်၍     ရှင်ချစ်ဆုံးမ
ဩဝါဒကို     မြဲစွာ့နာခံ
ကျင့်ကြံပါမည်"     လျှောက်တင်ရည်ရှင့်
သုံးလည်သရဏ     တေဝါစိကကို
လောကသုံးရွာ     လူတို့မှာ၌
ဦးစွာတည်သူ     ဖြစ်သောဟူ၍
ကြည်ဖြူသဒ္ဓါ     ရွှင်မြူးကာဖြင့်

မြတ်စွာစိန္တေ ဦးနိုမ်ချေသည်
မေးဖေယသ
ဖူးမဝ။

[၅၄]

၄၂၆၀ ☆ဘခင်သူဌေး မြို့ကိုရေအေးဖြင့်
တိုက်ကျေးဆုံးမ ကြားနာရ၍
ယသ,လုလင် မဂ်ဥာဏ်ဝင်ကာ
အစဉ်တရား ပွားများနှုးညွှတ်
ကြည်မောဆွတ်၍ လူဝတ်နှင့်ပင်
အရှင်ရဟန္တာ ဖြစ်လေကာရှင့်
ထိုခါဗုဒ္ဓ စိတ်ကြံဆ၍
ယသ,လုလင် သားမောင်ရှင်ကို
ထင်မြင်စေပြီး သူဌေးကြီးလည်း
နီးမှာရှိနေ သားလုရှေ့ကို
တွေ့လေကြည်သက် ဝမ်းမြောက်လျက်လျှင်
စိတ်လက်ချမ်းသာ အားရစွာဖြင့်
ပြောလာသော်ဘိ သင့်အမိသည်
မချိပူပြင်း သည်းအူချဉ်းမျှ
ငိုရင်းတမ်းတ သက်ထွက်မျှတည်း
ယသ,လုလင် သင့်မိခင်ကို
ကြင်နာသနား ရှိသောအားဖြင့်

လိုက်ငြားပါဟု ခေါ်ပြုသည်တွင်
လုလင်ယသ ထိုခါမျှ၌
ဗုဒ္ဓရှင်တော် မျက်နှာတော်ကို
ဖူးမျှော်ကြည့်လေ မြတ်စိန္တေသည်
မိန့်ချွေမြွက်ကြား “သင်ချစ်သားသည်
လေးပါးသစ္စာ တည်ပြီးကာဖြင့်
အာသဝေါတရား ပယ်ငြားလွတ်ကင်း
တဏှာတွင်းသို့ ဆင်းရန်မတော်
☆မလျှော်တကား” သူဌေးကြားက
အားရဝမ်းမြောက် သဒ္ဓါဝေပါက်၍
တင်လျှောက်ဘိထ သားယသနှင့်
တကွတူပင် ဒကာရှင်၏
အိမ်တွင်ဆွမ်းတော် ကျွေးလိုသော်၍
ဗုဒ္ဓေါ်ဘုရား ကြွငြားပါရန်
လျှောက်ပန်လေက ခွင့်တော်ရပြီး
သူဌေးကြီးလည်း အိမ်ကြီးသာယာ
ပြန်၍လာတည့် ထိုခါယသ
ဗုဒ္ဓရှင့်ထံ ခွင့်တောင်းခံယူ
လျှောက်ပန်မှုသော် ဘိက္ခုခေါ်က
ရှစ်ဆူပရိက္ခရာ ပြည့်စုံကာဖြင့်
ဖြစ်လာရဟန်း မွေ့ကြည်လန်းသည်
ပယ်သန်းကေသာ မုတ်ဆိတ်ပါ၍
ပျောက်ကွယ်တည်း။

[၅၅]

ဗုဒ္ဓသခင် ယသ,ရှင်နှင့်
တူပင်မကွာ နံနက်ခါ၌
ကြွလာဆွမ်းတော် မြွက်ဖော်တရား
အစဉ်အားကို ကြားနာရလျှင်
မိခင်မာတာ သုဇာတာနှင့်
ကြင်ယာဇနီး တည်ပြီးမဂ်ဉာဏ်
သောတာပန်ရှင့် တဖန်ထိုမှ
ရှင်ယသ၏ ငယ်ကအဆွေ
ဖြစ်ကြလေသည့် ရွှေ,ငွေ,ပေါလျှံ
မျိုးဆွေရှံသည် ဂဝံပတိ
၄၃၅၀ ☆ပုဏ္ဏဇိနှင့် ဝိမလဖော်စု
သုဗာဟုတို့ မြှော်ရှုတွေးထင်
ကြံဆင်ခြင်၍ အရှင်ယသ
ကြီးကျယ်လှသည့် ရတနာ့စည်းစိမ်
သား,အိမ်,မယား ပယ်ရှားစွန့်လတ်
ကြီးမြတ်အကျိုး ပြည့်ဖြိုး၍သာ
ဖြစ်လေရာကြောင့် ဝတ်ကာသင်္ကန်း
သူဆင်မြန်း၏ မှန်းဆ၍သော်
ရှင်တော်ယသ ကျောင်းဝိဟာသို့
သွားကြပြီးကာ ကြောင်းရာဖုံဖုံ

## ပျို့လင်္ကာ

အလုံးစုံကို　　စေ့ငုံပြောကြား
လေးဦးသားတို့　　ဘုရားထံမှောက်
အရောက်ပို့ရန်　　ခွင့်တောင်းပန်သော်
ရှင်တော်ယသ　　ဗုဒ္ဓထံရင်း
ပို့ဆောင်လျှင်း၏　　သနင်းစိန္တေ
လေးဦးဆွေကို　　မိန့်ချွေတရား
လေးပါးသစ္စာ　　မြွတ်မှာကို
ဟောဖြာမိန့်လတ်　　အရဟတ္တဖိုလ်
ရောက်တည်ခိုရှိ　　ဧဟိဘိက္ခု
ခေါ်တော်မူလျှင်　　လေးဘော်ဝင်တို့
အရှင်ရဟန္တာ　　ဖြစ်လေကာတည့်
ထိုခါသမယ　　ဗာရာဏနှင့်
နီးလှမဝေး　　ဂါမကျေး၌
ရှေးရှေးဘဝ　　ရှင်ယသနှင့်
အသုဘကမ္မဋ္ဌာန်း　　စီးဖြန်းအတူ
☆ချစ်ကြည်ဖူးသည့်　　ရွယ်တူသူဌေးသား
မိတ်ဆွေများလည်း　　ကြားရသတင်း
အားရခြင်းကြောင့်　　ပေါင်းသင်းငါးဆယ်
ကြုံရွယ်ရှင့်ထံ　　ခွင့်တောင်းခံကြ
ရှင်ယသ့သည်　　ဗုဒ္ဓထံရင်း
ပို့ဆောင်နှင်းရှင့်　　မိန့်လင်းဓမ္မ
ဟောပြသော်ရှိ　　မဂ်ဉာဏ်သိ၍
ဧဟိဘိက္ခု　　ခေါ်တော်မူလျှင်

အားလုံးပင်သော် အရှင်ရဟန္တာ
ဖြစ်လေကာတည့် ထိုခါဗုဒ္ဓ
သုံးလောကဝ္ဂ ရဟန္တာဖြစ်
ခြောက်ဆယ့်တစ်ရှင့် ရှင်ချစ်ပရမေ
မိဂဒါဝ်တော၌ စံနေပငှမ
ဝါဆိုကြပြီး မိုးလကုန်သော်
ရဟန်းတော်များ ခေါ်ပြောပြီးလျှင်
"ငါ့အရှင်တို့ လူ့ခွင်နတ်ရွာ
ထက်ဗြဟ္မာ၌ ရှိကာနတ်လူ
တကျာထူပြော ကပ်မက်မောသား
လောဘ,ဒေါသ မောဟကျော့ကွင်း
နှောင်အိမ်တွင်းမှ ရှင်းရှင်းကင်းလွတ်
သုံးတန်ဝဋ်မှ ချွတ်နိုင်ကြပြီ
ကျင့်ထွေညီလျက် ကိုယ်စီကိုယ်ငှ
ဒေသစာကြွ၍ သြဃသနှောင်ဝဲ
သံသာထဲ၌ ပျော်မြဲသတ္တဝါ
ဝေနေယျာတို့ ဘယာဘေးမှ
၄၄၃၀ ☆ကင်းဝေးရအောင် ကြံဆောင်ဖျောင်းဖျ
တရားပြလော့ ပါရမီရှင့်
အခါသင့်၍ အခွင့်ကြုံပြီး
ကျွတ်ချိန်နီးသည့် အနီးပုဂ္ဂိုလ်
ထိုထိုအများ ရှိကြသားဖြင့်
တရားရေအေး အမြိုက်ဆေးကို

တိုက်ကျွေးနှီးဆော် ညွှန်းပြသော်၍
ရှင်တော်ရဟန်း ဝတ်သင်္ကန်းကို
ဆင်မြန်းလိုက သုံးဝ သရဏာ
ပြည့်စုံပါလျှင် ရောင်ဝါသင်္ကန်း
ဆင်မြန်းပေးလေ” မိန့်မှာချွေ၍
ခွဲဝေစေလွှတ် ဝါလကျွတ်သည်
တုလွှတ်သာသနာ
မွန်ရှည်ကြာ။

[၅၅]

## ဘဒ္ဒညီနောင်

ရှင်တော်ဗုဒ္ဓ သုံးလူ့ဘသည်
မိဂဒဘေ့ မြိုင်တောခြေ၌
အဆွေငါးဘော် ဝဂ္ဂီကျော်နှင့်
တူသော်ဘကွ ရှင်ယသတို့
သုံးမဟောချွေ ကျွတ်လွှတ်လေ၍
မြိုင်ခြေသာလှ မိဂဒမှ
လှမ်းကြွသာမော ဥရုတောသို့
ရှင်စောရွေးရှု ကြွချီပြုလျှင်

လမ်းခုလယ်လယ်   တောအုပ်စပ်ဝယ်
ရွက်ထပ်ရိပ်ညို   ပင်ရင်းပျို၌
တည်းခိုနေနား   စမ္ပယ်ငြားတည့်
ထိုသည့်အခိုက်   ကြုံကြိုက်သနင်း
ကောသလမင်း၏   သားရင်းပုတ္တ
၁၄၀၀ ☆ ရွယ်ညီကြသည့်   ဘဒ္ဒညီနှောင်
သုံးကျိပ်မောင်တို့   လူ့ဘောင်ကာမ
နှစ်လိုကြ၍   မွှံပြုပြည်ဝယ်
လူတို့လယ်၌   မဘွယ်ကာမ
ကဲ့ရဲ့ကြအံ့   ကြံဆပြီးကာ
တောခန်းဝါ၌   နေပါမူကား
သူတပါးတို့   ဆိုငြားမရှိ
ပျော်ရဘိဟု   မိမိမယား
အဖော်များကို   ခေါ်သွားပြီးသော်
ပေါင်းပါဖော်တို့   ရှင်ပျော်မဆုံး
ကာမဖုံးတည့်   ထိုသုံးကျိပ်တွင်
တယောက်တွင်၌   အကြင်မယား
တည်မထားဘဲ   အငှားချစ်ဖော်
အပျော်မယား   ခေါ်၍သွားရာ
တညခါတွင်   သန်ကောင်လွင်၌
လုလင်ခေါ်ထား   ပျော်မယားသည်
မြောက်မြားရတနာ   ခိုးယူကာဖြင့်
ထွက်ခွာပြေးလျှင်   သုံးကျိပ်ဝင်တို့

တောစဉ်တဝိုက် မောပန်းဟိုက်မျှ
လိုက်၍ရှာသော် ဘုန်းတော်စံနေ
ပင်ရင်းခြေသို့ ရောက်လေကြလျှင်
ဘုရားရှင်ကို လျှောက်တင်လေကြ
ထိုကာလ၌ ဘာ့ကြောင့်သော့ဝယ်
မိန်းမငယ်ကို ခင်တွယ်၍ကာ
လိုက်၍ရှာနည်း မြတ်စွာမေးလျှင်
☆ကြောင်းစုံလင်ကို လျှောက်တင်ကြသော်
မြတ်ဘုန်းတော်သည် ပေါင်းဖော်မင်းသား
ငါမေးပြောအံ့ "မယားမိန်းမ
ရှာခြင်းကထက် နေ့စဉ်ဆက်၍
နှိပ်စက်သော်ရှိ မိမိခန္ဓာ
ရူပကာကို ရှာကြသော်လျှင်း
မည်သည့်ခင်းက မြတ်ခြင်းရှိပေ
မေးလေသော်ရှိ မိမိခန္ဓာ
ရူပကာကို ရှာခြင်းသာလျှင်
မြတ်မည်ထင်ဟု လျှောက်တင်ကြသော်
ဈောဇိနော်သည် "အဘော်မင်းသား
အပေါင်းများတို့ မယားကိုရှာ
ပေါင်းဘက်ပါက များစွာမြူချို
သူ့အလိုသို့ ကိုယ်ပင်လိုက်ရ
သွေးဆောင်ရနှင့် များစွာ့ဘဏ္ဍာ
ရှာမှီးကာဖြင့် မကွာမပြတ်

စောင့်ရှောက်လတ်၍ ကျွေးမွေးပြုပြင်
စေခိုင်းညှဉ်းလျက် အကြောင်းရင်းသာ
တကျာ့သဘော မိန်းမောပြီးလျက်
စားလျက်ရသာ တဖြာငြီးငြီး
စားပြီးထပ်ထပ်
၁၀၄ ☆တံလှုပ်ရေထင်
ထို့ပြင်တသီး ပြွေကြီးခံတွင်း
ဆင်းရသည့်နှယ် သွယ်သွယ်မပြတ်
တတ်သည့်မာယာ ပမာတူပင်
အစဉ်မက်မော လောဘဒေါသ
အကုသိုလ်စု ပွားပြုထင်းထင်း
မင်းဘေးခိုးသူ ငြူစူခက်ထန်
ကွန်အုပ်သည့်ငှက်

လျှောက်ပတ်လုပ်ပေး
သုတ်သင်ရခြင်း
ဆင်းရဲအပေါင်း
ဖြစ်လေရာတည်း
နှစ်ခြိုက်ဇောဖြင့်
မြင်အိပ်မက်၌
ကဲ့ပမာသို့
အဆိပ်သီးကို
ခါမလပ်ဘဲ
ပမာယှဉ်သို့
ပမာမျိုးသား
မိုးကျိုးတွင်းသို့
ပုပ်မီးကြွယ်၍
လှည့်ဖြားပတ်၍
မျက်လှည့်ဆရာသို့
မောဟာဝင်လျက်
နှိပ်စက်သောဖြင့်
မိုက်မောဟနှင့်
ဒုစရိုက်မှုကို
အပါယ်ချဉ်းသား
အန္တရာယ်ထူပြီး
တင်းမာန်ညှိုးပုပ်
မြှုံးချက်ဝင်ငါး

ပိုက်မိသားသို့ လွှတ်ငြားမရှိ
ချည်နှောင်ဘိ၏ ဂုတ္တိအလို
ထိုထိုအရာ သိမြင်ကာဖြင့်
ပညာရှိများ ရှောင်ရှားပယ်သင်
တိမ်းရှောင်ကြဉ်၏ အကြင်ထို့သူ
သိလျှင်မူကား မှီဝဲငြားအံ့
ယောကျ်ားတို့တွင် ယုတ်ဆုံးပင်ဟု”
မြတ်ရှင်မိန့်ချေ ‘မာယာစေသာ’
ဒေသနာမှီ ကာမာဒီဝန
မြတ်ဓမ္မကို ဟောပြသော်လျှင်း
သုံးကျိပ်မင်းသား ပေါင်းဖော်များတို့
လေးပါးသစ္စာ သိမြင်ကာဖြင့်
ဉာဏ်ဖြာရင့်သန် သောတာပန်နှင့်
မဂ်ဉာဏ်ဆင့်ဆင့် ထိုက်သင့်သလို
ကိုယ်စီကိုယ်ငှာ သကဒါနှင့်
အနာဂါမိ ရောက်သော်ရှိပြီး
ဟေိဘိက္ခု။ ခေါ်တော်မူလျှင်
သုံးကျိပ်ဝင်တို့ ထေရ်ရှင်ရဟန္တာ
ရှင်လန်းစွာဖြင့် ဖြစ်လာညီနှောင်
ရှေးကံဆောင်သည် ဝဋ်နှောင်ဒုက္ခ
ကင်းလွတ်ကြ။

## [၅၆]

# ကဿပညီနောင် ရှင်တထောင်

မြိုင်ကြီးရိပ်ဘွေ နှင်းမြူတွေသား
ဥဝေလတော ရဂုံကြောဝယ်
သာမောနဒီ မြစ်ကိုမှီ၍
နောင်ညီသုံးဖော် ရသေ့ပျော်တို့
မည်ခေါ်ကဿပ ဥဝေလနှင့်
ဂယာ့နဒီ အပေါင်းညီတို့
ကိုယ်စီကိုယ်ငှ ခွဲဝေကြ၍
သုံးဝညီနောင် တထောင်တိတိ
တပည့်ရှိ၍ ကြီးဘိနောင်တော်
ငါးရာဖော်နှင့် ကျန်သော်နှစ်ပါး
လတ်ကားသုံးရာ ငယ်နှစ်ရာဖြင့်
မြစ်ညာထက်အောက် တကွေ့လောက်သာ
လှမ်းဝေးကွာ၍ နေကာပျော်မွေ့
ခေါ်ဝေလေ့ဖြင့် "ရသေ့ညီနောင်
ရှင်တထောင်ဟု" အခေါင်ကျော်ကြား
ရသေ့များသည် ယူမှားဒိဋ္ဌိ
စွဲလမ်းရှိလျက် ကိလေတကျာ
☆ခန်းခြောက်ပါမှ ရဟန္တာဖြစ်မည်

ယုံကြည်သော်ဘိ အယူရှိ၍
ကပ်ငြိကိလေ ခန်းခြောက်စေရန်
မြစ်ခြေကမ်းနား စောစွာသွားလျက်
ပျော်ပါးရွှင်မြူး ရေကူးကြလျက်
နံနက်ဆွမ်းတော် စားချိန်တော်မှ
တက်သော်စားပြီး ရသေ့ကြီးတို့
ထုတ်စည်းထင်းပုံ မီးလှုံဇယ်ခတ်
တဏှာပြတ်ဟု ရုပ်ဓာတ်ခန္ဓာ
ပူပြင်းလာမှ တဏှာညစ်ကြေး
ရေ၌ဆေးအံ့ ပြေးခုန်မြူးရင်း
မြစ်အတွင်းသို့ သက်ဆင်းပြီးသော်
တဖန်ပျော်သည် ညချိန်တော်မှ
ပြန်အိပ်ကြ။

[၇၄]

ဗုဒ္ဓါဇိန သုံးလူ့ဘသည်
ဘဒ္ဒညီနောင် ကာမဘောင်မှ
ခွာရှောင်ပယ်သန်း ရဟန်းဖြစ်ပြီး
ထိုတောကြီးမှ ခရီးဒေသစာ
ကြွချီလာခဲ့ စံရာကဿပ
ဥဝေလတို့ ပျော်ကြသာခင်း
ကျောင်းအတွင်းသို့ ကပ်ချဉ်းပြီးထ

ကဿပကို မိန့်ဟကာမေး
"ဝန်မလေးက ကျောင်းဘေးအနီး
တင်းကုပ်ကြိုး၌ ခိုမှီးခတ္တာ
နေပါရစေ" ခွင့်တောင်းလေက
ကဿပသည် ခွန်းဟပြန်ကြား
ငါကားဝန်မလေး ခွင့်ပေးသော်ရှိ
သင်နေဘိက သတ္တိထန့်ပြင်း
နဂါးမင်းသည် မီးတင်းကုပ်ထဲ
အလျှံရဲ၍ အမြဲရှိနေ
မတည်းလေနှင့် ဆိုလေစကား
ဘုရားကြားက နဂါးအမှောင့်
သင်စိုးနှောင့်၍ မကြောင့်ကြလင့်
အခွင့်ကိုသာ သင်ပေးပါက
ငါးသွားနေမည် ဆိုသည်ကာလ
ကဿပသည် မတားတော့ပေ
နေလေစေတည့် စိတ္တေဇိန
ခွင့်တော်ရ၍ လှမ်းကြွတဲတွင်း
မြက်အခင်း၌ ထိုင်ရင်းစံကာ
အာနာပါန ဘာဝနာကမ္မဋ္ဌာန်း
စီးဖြန်းနေကြိုက် ထိုသည့်ခိုက်တွင်
နဂါးမြင်သော် အမှင်ရဲရဲ
တောက်ဆဲသောမီး ပြောင်ပြောင်ငြီးသို့
ကြီးစွာမာန်ညှိုး အခိုးအလျှံ

မျှားသို့ပျံ၍ ထံတော်ဘုရား
လွှတ်လေငြားသည့် နဂါးမင်းမာန်
အမျက်ရန်ကို တုံ့လှန်ခြင်းငှာ
ဆင်ခြင်ကာဖြင့် ဗုဒ္ဓါရှင်စော
စျာန်ကွန့်နှော၍ တေဇောကသိုဏ်း
မဆိုင်းဝင်စား ထိုနဂါးထက်
ဆပွားလျှံဝေ ရောင်ခြည်ထွေလျက်
တုံ့စေပြန်လွှတ် မာန်ကိုချွတ်သား
နဂါးဘုရား ထိုနှစ်ပါး၏
ဖွားဖွားခိုးရှိန် မျှားဝရဇိန်နှယ်
ဝင်းထိန်ညီးညီး မီးပုံကြီးသို့
တည်ပြီးနေလျှင် ဝေးမှမြင်သည်
ရင်တုန်ဖိုကြွ
ကဿပ။

[၅၈]

ရင်တုန်ဇောကြွ ကဿပသည်
ညွှန်းပြဆိုရင်း "အိုအချင်းတို့
အဆင်းရူပက အလွန်လှပြီး
ရဟန်းကြီးအား နဂါးမာန်ပြင်း
အာခေါင်တွင်းမှ ဝင်းထိန်အာစက်
ပြိုးပြိုးယှက်၍ နှိပ်စက်ညှဉ်းဆဲ

မလဲ့သေလိမ့် တွေးကာဖိမ့်၍
စိုးရိမ့်ရှုတ ပြောဆိုကြတည့်’’
ဗုဒ္ဓအရှင် ရန်အောင်မြင်လျက်
ကြည်လင်မိုးသောက် နံ့နက်ရောက်လတ်
ဘုန်းတော်မြတ်သည် နဂါးပတ်ခွေ
သပိတ်ဘွေတွင် ထည့်ပြီးလျှင်သော်
သင်တို့နဂါး ရှုကြွားပါကြ
ကဿပဟူ ပြတော်မူက
ကဿပသည် ကြံဆထင်မြင်
ဝေါတမရှင်သည် မှန်ပင်တန်ခိုး
ပြီးပြည့်ဖြိုး၏ မိုးကြိုးလျှပ်စက်
ပစ်လွှတ်ယှက်သို့ ခက်ထန်မာန်ပြင်း
၀၅၄☆နဂါးမင်းကို နှိမ်နှင်းအောင်သူ
ဖြစ်တော်မူလည်း တဆူကျော်ကြား
ငါတို့များလို ဖြစ်ငြားရဟန္တာ
မဟုတ်ရာဟု တွေးကာစိတ်စော
ကြံဆမောသည် သို့လောသို့လော
တွေးသတည်း။

[၅၉]

ဥရုဝေလ ကဿပသည်
ဗုဒ္ဓရှင်တော် တန်ခိုးတော်ကို

မြင်သော်အားရ ကြည်ညိုလှ၍
ဂေါတမရှင်ကြီး ဒို့အနီးတွင်
ခိုမှီး၍သာ နေလေပါလော့
ငါတို့တတွေ သင်မိတ်ဆွေကို
လိုလေမရှိ လုပ်ကျွေးဘိအံ့
ကတိကိုသာ ကြည်မောစွာဖြင့်
ပေးပါလော့ဟု ကြည်ညိုမှုဖြင့်
လျှောက်ပြုလေသော် ဘုန်းတော်ထွတ်စံ
မြတ်ဘုန်းလျှံသည် ဝန်ခံပြီးထ
ကဿပ၏ ကျောင်းဝသင်္ခမ်း
မလှမ်းဝေးကွာ တောအုပ်သာ၌
မြတ်စွာစံနေ ညချမ်းဘွေသော်
လေးထွေနတ်မင်း ကိုယ်ရောင်လင်းလျက်
သနင်းမြတ်စွာ စိန္တေယျာကို
ကြွကာဖူးမြော် နံနက်သော်၌
ဆွမ်းတော်စားရန် အချိန်တန်က
ကဿပသည် ဗုဒ္ဓထံမှောက်
ရောက်ရှိပြီးငြား မြတ်ဘုရားကို
ဆွမ်းစားဘိတ်ခေါ် တူသော်တကွ
ကြွလာကြရှင့် လမ်းမပေါ်တွင်
ကဿပရှင်က ရှင်ရဟန်းထံ
ညဉ့်ဦးယံက ဝန်းရံလေးဘက်
ရောင်စုံယှက်၍ ပြိုးပြက်ကိုယ်ရောင်

ထိန့်ထိန့်ပြောင်သား   အမှောင်ပယ်ခွင်း
မီးသို့လင်းသည်   အဆင်းအဝါ
ရှုပကာဖြင့်   တောက်ကာနေပေ
မည်သူတွေဟု   မေးလေသည်တွင်
ဘုရားရှင်သည်   ထက်ခွင်ကျော်သီး
နတ်မင်းကြီးတို့   လာပြီးငါ့ထံ
နာခံတရား   လုပ်ကျွေးသွားဟု
ပြောကြားလေက   ကဿပသည်
စတုမဟာရာဇ်   နတ်မင်းစစ်တို့
ကြွလစ်ဝပ်စင်း   ရိုကျိုးခြင်းသည်
လွန်မင်းဝေဖော်   မိုးထိသော်လား
ကြီးတော်မူပေ   တို့တတွေလို
ဖြစ်လေရဟန္တာ   ဟုတ်တန်ရာဟု
တွေးကာစိတ်စော   ကြံဆမောသည်
အံ့သြပါလှ
ကဿပ။

[၆၀]

ကဿပအကြံ   သည်းတော်ခံ၍
ဘုန်းလျှံထွတ်ထား   မြတ်ဘုရားသည်
ဆွမ်းစားပြီးသော်   စံတော်မူရာ
တောအုပ်သာသို့   ပြန်ကာကြွစံ

## ပျို့လင်္ကာ

ညဉ့်ဦးယံ၌ ဝင်းလျှံရောင်ယှက်
ထိန်ထိန်လက်သား အထက်နတ်ရွာ
ဝတိံသာမှ ဗြဟ္မာသိကြား
နတ်အများတို့ ခ,စားလာရောက်
ဝင်းဝင်းတောက်၍ မိုးသောက်ကာလ
ကဿပသည် ချိန်ကျလေသော်
စိန္တေယျော်ကို ပင့်တော်မူပြီး
လမ်းခရီး၌ ရှင်ကြီးဂေါတမ
ယမန်ညက ဘောက်ပရောင်ဆင်း
ထိန်ထိန်လင်း၍ ဝင်းဝင်းလျှပ်ခြည်း
အံ့ဘွယ်ချည်းသား ရွှေနည်းတူပင်
မေးပြန်လျှင်သော် ငါ့ရှင်ကဿပ
ထိုနေ့ညက ဣန္ဒာ့သိကြား
ဗြဟ္မာများတို့ ခ,စားရောက်လာ
လုပ်ကျွေးကာတည့် ထိုခါကဿပ
နှုတ်မဟာဘဲ ရှေးကတိုင်းပင်
ကြံဆင်ခြင်၍ ရှင်ကြီးဂေါတမ
ဘုန်းကြီးလှလည်း ငါ့လိုရဟန္တာ
မဟုတ်ရာဟု စိတ်မှာကြံတွေး
အထင်သေးသည် ယှက်သွေးသံသယ
များပါလှ။

တနေ့ခါကြုံ ပွဲကြီးဆုံသား
ရဂုံသာလှ ဥဝေလတွင်
နိုးမှုပတ်ဝိုင်း ဝန်းရံသိုင်းသား
တိုင်းကြီးအင်္ဂ မဂဓတို့
ရှိကြလေရာ များသူငါတို့
စဉ်လာသော်လျက် နှစ်စဉ်ဆက်၍
၀၀၀၆ ☆မပျက်ပြုကြ ပြသိုလ်လည်း
ကဿပညီနောင် ရှင်တထောင်ကို
မြားမြောင်ကြီးကျယ် ကပ်လှူဘွယ်နှင့်
ထယ်ထယ်ပပ ကပ်လှူကြ၏
ကဿပရှင် ထိုနေ့တွင်၌
ကြံဆင်တွေးမျှော် နက်ဖြန်သော်ကား
ပူဇော်မြတ်တုံ လပြည့်ကြုံ၏
ဗိုလ်ပုံပရိသတ် များလတ်ပြီးကာ
လှူတကာတို့ စောစွာရောက်လိမ့်
တွေးဖိမ့်ကြောင့်ကြ စိုးရိမ်စွတည့်
ဂေါတမကား ဆင်းအားတန်ခိုး
ပြက်ပြက်ပြိုးလျက် ပြည့်ဖြိုးအံ့ဘွယ်
လူတို့လယ်၌ အကယ်၍များ
တန်ခိုးအားကို ပြငြားဘိတုံ
ကြည်ညိုယုံ၍ လုံးစုံတကာ
သူ့ဘက်ပါသော် ဒို့မှာစားရေ
နည်းပါးပေအံ့ ဒို့တွေထံမှောက်

နက်ဖြန်လောက်တွင် မရောက်လာက
ကောင်းလေစွဟု စိတ်ကကြံပို
မနာလိုသည် ဝန်တိုဆန္ဒ
ကြီးပါလှ၍။

[၆၁]

ထိုထိုဆန္ဒ ရှိသမျှကို
ဗုဒ္ဓမြတ်ရှင် သိမြင်တော်မူ
လူတို့ဝေါဟာ ကောဇာသက္ကရာဇ်
ရာ့သုံးနှစ်၌ ထွန်းသစ်ပြည့်ဝ
ပြာသိုလလျှင် ရွှေကနေဝန်း
☆စပြုထွန်းသော် မြောက်ကျွန်းဥတ္တရာ
လှည့်လည်ကာဖြင့် မြတ်စွာဗုဒ္ဓ
ဆွမ်းခံကြွ၍ နဝတတ်အိုင်နီး
ဘုဉ်းပေးပြီးသော် ရွှေဉာဏ်မြော်က
ထွန်းပေါ်သာသနာ ရှုမြင်ကာဖြင့်
လင်္ကာဒီပ မည်ခေါ်ကြသည့်
ကျွန်းလှသီဟိုဠ် အောင်ရိပ်ညိုသို့
ဘုန်းကိုယ်ကြွပြီး နတ်ကြီးသုဒ္ဓ
ဆုပ်မျှဆံတော် ပေးပြီးသော်၍
အကျော်တရက် အရုဏ်တက်၌
ရှင်စက်ပြန်ကြွ အချိန်ကျက

ကဿပရှင် ဆွမ်းစဉ်ဖိတ်လာ
မြတ်ဗုဒ္ဓါနှင့် ပျူငှာစကား
ပြောကြားကြပြီး "ရှင်ကြီးဂေါတမ
မနေ့ကသော် ကြွရှုမလာ
ဘယ့်ကြောင့်ပါနည်း ငါတို့တ,မျှော်
စောင့်ကြသော်၌" ဘုန်းတော်သနင်း
ပြန်ကာလင်း၏ "အချင်းကဿပ
သင့်ဆန္ဒကို မှန်စွာငါသိ
လှည့်လည်ဘိကာ ရောက်ရှိဥတ္တရ
မြောက်ကျွန်းလျှ၌ ဆွမ်းမျှခံပြီး
ဘုဉ်းပေးပြီးသော် ကြွပြီးမွေးကြိုင်
စန္ဒကူးမြိုင်တွင် နေ့သန့်စင်ကာ
ငါရှင်နေဘိ မိန့်တော်ရှိက
ကဝိဆရာ ကဿပါသည်
ဝဝ၈ ☆ အံ့အာသူရဲ လွန်ထူးကဲ၍
စိတ်ထဲကြံဆ ဂေါတမသည်
ဆုံးဆကုန်သိ အံ့ဘိတန်ခိုး
မိုးသို့သော့ပေ တို့တတွေလို
ဖြစ်လေရဟန္တာ ဟုတ်တန်ရာဘူး
စိတ်မှာကူးသည် ဦးနှောက်ချာလယ်
အတွေးကျယ်။

ဗုဒ္ဓစိန္တေ ဥရုဝေသို
ဒေသစာရီ ကြွချီပြန်ရာ
သေနႇရွာ၏ နိဒ်းမှာရှိက
သုဿာန်စဥ် ကျွန်မပုဏ္ဏာ
သေသောခါက ထုပ်ကာပတ်ရစ်
စွန့်၍ပစ်သည့် လျှော်ကျစ်ပုဆိုး
ပိုးလောက်ကပ်ငြို ရှုံလိလိကို
တွေ့ရှိတော်မူ ပံ့သုကူလျှင်
ကောက်ယူသောခါ မဟာမြေကြီး
ကောင်းချီးပေးလျက် အိုးထိန်းစက်သို့
သွက်သွက်လည်ကာ တုန်လှုပ်ရှာတည့်
ထိုခါဗုဒ္ဓ တောအုပ်လှသို့
ပြန်ကြွပြီးသော် စိတ်တော်ကြံမှန်း
ဤသင်္ကန်းကို ရေဖျန်းဖွပ်လျှော်
ဘယ်သော်လှန်းရ စိတ်ကြံဆလျှင်
အရှင်သိကြား သိငြားလေပြီး
ရေကန်ကြီးကို နိဒ်းမှာဖန်ဆင်း
အခင်းကျောက်ဖျာ လှန်းစရာပင်ခက်
၆၁၅၀ ✡ ရေခတက်သည် ညွှတ်လျက်ကိုင်းကိုင်း
စိတ်ကြံတိုင်းပင် မဆိုင်းဖြစ်လင့်
လိုးစုံသင့်တည့် ထိုညဥ့်လွန်မြောက်
နောက်နေ့ရောက်လျှင် ရသေ့မြင်၍
"ရှင်ကြီးဂေါတမ ရှေးကာလက

ဤအရပ်မှာ ကျောက်ဖျာရေကန်
အမှန်မတွေ့ ယနေ့ထူးခြား
ဤသည်များကို တပါးမည်သူ
လုပ်ပေးဟူနည်း အံ့မူသဘွယ်
လွန်ဆန်းကြွယ်ရှင့်” ထိုဝယ်ဗုဒ္ဓ
လုံးစုံမျှကို တစမကျန်
ပြန်လှန်ပြောကြား မိန့်စကားကြောင့်
အံ့အားကဿပ ရှေ့မဆွလို
ကြံဆစိတ်မှာ တွေးထင်လာသည်
ငါလိုရဟန္တာ
မဟုတ်တည်း။

[၆၂]

သုံးလူ့သခင် ကျေးဇူးရှင်သည်
ကြံဆင်ရသေ့ တွေးထင်လေ့ကို
ဉာဏ်မွေ့သိလျက် သိုဝှက်သည်းခံ
ရသေ့ထံသို့ မြတ်စံဘုန်းမော်
ကြွပြီးသော်က ဆွမ်းတော်ဘောဇဉ်
နေ့စဉ်သုံးဆောင် ရှင်တထောင်တို့
အမှောင်တရား ယူမှားဒိဋ္ဌိ
မကပ်ငြိဘဲ ကျွတ်ဘိအမှန်
ဝေကန်ဟု ရွှေဉာဏ်သိမြင်

၁၀၀☆ ကြံ့ဆင်ခြင်ရွေ့ ပျော်စံမွေ့တည့်
တနေ့မှာသော် ရှင်တော်ကဿပ
ဗုဒ္ဓစံရာ ကျောင်းတော်သာသို့
ကြွကာပင့်လတ် ဘုန်းမြတ်သခင်
ရသေ့ရှင်ကို အသင်သွားနှင့်
မမြင့်သော်ပေ လိုက်ခဲ့ပေအံ့
မိန့်ချေပြီးလတ် ပြန်၍လွှတ်၏
သုံးထွတ်မှန်ကူ သယမ္ဘူသည်
ဇမ္ဗူဒိပ်ကျွန်း သပြေထွန်းသား
ဘွေ့ကွန်းအောင်ချာ လှည့်လည်ကာဖြင့်
မြေမှာကျကြွေ သီးသပြေကို
ကောက်လေပြီးကာ ပြန်ကြွလာ၏
ထိုခါဗုဒ္ဓ ကဿပကို
ချိုမြအထူး မစားဘူးမှု
ယူ၍သုံးဆောင် အရောင်လျှမ်းလျှမ်း
သီးချိုဆွမ်းကို ကမ်းလင့်သော်က
ပြန်ဟငြင်းဆန် လျှောက်တောင်းပန်ရှင့်
ကျွန်နှင့်မထိုက် ရသာမြိုက်ကို
နှစ်ခြိုက်စွာသာ သုံးဆောင်ပါလော့
ဆိုကာရှင်ကြီး ကြံ့ဆငြီးတည့်
မနီးဝေးပေ ဇမ္ဗူ့မြေမှ
သပြေမှည့်သီး ဂေါတမကြီးသည်
ဆောင်ပြီးယူလာ ငါ့ထက်သာ၍

ဓာတ္တာရောက်သော် တန်ခိုးတော်သည်
နိုင်းဖော်မရ ကြီးဘိလှ၏
ငါ့လိုရဟန္တာ မဟုတ်ရာဟု
ဂါ၅၀☆စိတ်မှာကြံတွေး မိုက်လှသေးသည်
ယှက်ထွေးသံသယ
ဖြစ်လေစွ။

[၆၃]

သုံးလူထွတ်ထား မြတ်ဘုရားသည်
ဆွမ်းစားပင့်လျှင် ရသေ့ရှင်နှင့်
အစဉ်တွေ့လတ် ပြန်လွှတ်လိုက်ပြီး
ခရီးဒေသစာ လှည့်လည်ကာဖြင့်
အောင်ချာကွန်းရှေ့ တောင်ကျွန်းဘေ့၌
သပြေပင်နီး သရက်ဖြူသီးကို
ကောက်ပြီးယူလျက် နောက်တရက်၌
ဆက်၍ယူငြား သီးရှစ်ရှားရှင့်
အလားတူစွာ တနေ့မှာလည်း
အီသာချိုသည့် ကြစုမှည့်ကို
ဆောင်ထည့်ယူလာ ရောက်နေကာရှင့်
ထိုခါရသေ့ တွေးလေ့တမူ
ရှေးနည်းတူပင် တဆူရဟန္တာ
မဖြစ်ရာဟု စိတ်မှာကြံရှိ

ပဏ္ဏိမိကို   သိလျက်ဗုဒ္ဓေါ်
တနေ့သော်တွင်   ထက်ခွင်ဝတိံနန်း
ကသစ်ပန်းကို   ကြွမြန်းယူကာ
ပြန်၍လာပြီး   ပြာဋိုတန်ခိုး
အမျိုးမျိုးဖြင့်   မာန်ကျိုးစေလျက်
နေ့စဉ်ဆက်၍   မပျက်သောဟူ
ပြတော်မူသည်   သုံးလူမြတ်စွာ
ကြီးမေတ္တာ။

[၆၄]

တဆူရသေ့   တနေ့မှာသော်
တပည့်ကျော်တို့   ချိန်တော်ကျရောက်
☆မီးလှုံလောက်အောင်   ထင်းပေါက်ခွဲလတ်
မတတ်နိုင်ဘဲ   မကွဲရှိရာ
ထိုခါကဿပ   စိတ်ကြံရ၍
ဂေါတမရှင်   ငါ့ကိုခင်ကာ
ကြင်နာပွားစီး   တန်ခိုးကြီးသား
ထင်းမီးငါးရာ   ခွဲဖြာပါရန်
လျှောက်ပန်သော်က   သင့်လေစွဟု
ကြံဆပြီးနောက်   သွား၍လျှောက်ရှင့်
ဘုန်းတောက်ရှင်တော်   ကွဲစေသော်ဟု
မိန့်တော်မူငြား   ထင်းလုံးများသည်

ခွဲခြားစိတ်ဖြာ ဖြစ်လေကာတည့်
ထိုခါကဿပ ထင်းခြမ်းဒစကို
စုကြသော်ဘိ ထင်းမီးညှိသော်
မငြိမလောင် မီးရောင်မထွက်
လွန်ခဲခက်၍ သွားလျက်ဗုဒ္ဓေါ်
လျှောက်တင်သော်က ဘုန်းတော်ဘုရား
တန်ခိုးအားဖြင့် မီးပွားစွဲစေ
မိန့်လေကာမျှ ထင်းမီးစသည်
တောက်ပမီးကြီး ပြောင်ပြောင်ငြီးတည့်
လှုံပြီးခါပေ မီးငြိမ်းလေလည်း
မသေမီးတောက် တဖန်လျှောက်က
နှုတ်မိန့်မျှနှင့် မီးစမီးကြွင်း
အလျှင်းမရှိ ငြိမ်းစေဘိတည့်
ထိုသည့်ကာလ ကဿပတို့
ချွေးကျဒီးဒီး ပူလှုံပြီး၍
၃၂၃၀ ☆ပြေးပြီးမြစ်တွင်း ရေချိုးဆင်းလျက်
ကိုယ်တွင်းကိလေ မြစ်ရေနှင့်မျော
ကခုန်မောကြ ပြီးသောခါလျှင်
ချမ်းတုန်ငင်၍ အရင်ပြေးတက်
တင်းကုတ်ဘက်၌ ရှိလျက်လိုလို
မီးလင်းဖိုတို့ ထိုထိုငါးရာ
ပြည့်စုံစွာရှင့် ထိုခါကဿပ
မီးလှုံကြ၍ တွေးဆထင်မြင်

ဂေါတမရှင်ကြီး ဖန်ဆင်းပြီးကာ
ဖြစ်တန်ရာဟု သိပါသော်လည်း
ရှေးနည်းတိုင်းပင် ကြံဆင်ခြင်၍
မာန်ဝင်လုံးလုံး မောဟဖုံးလျက်
ဆုံးစမရှိ တက်ကြွမိကာ
ကြီးဘိတေဇော် မိုးသို့သော်လည်း
ရှင်တော်ရဟန္တာ ဟုတ်တန်ရာဘူး
စိတ်မှာယူကဲ်ထွေး ရှေးနည်းတွေးသည်
မိုက်မေးထူလင့်
မချင့်သော်။

[၆၅]

မကြုံစတောင်း ကြုံရကြောင်းကား
ဆောင်းလဟောမာန် မိုးသည်းထန်၍
မကျန်ဝန်းကျင် ရေအယဉ်တို
သင်သင်ဒိးဒိး ပြန့်ကျယ်စီး၍
မြေကြီးအားလုံး ရေလွှမ်းဖုံးရှင့်
သုံးလူ့အရှင် ရေပြင်ပင်လယ်
ကုန်းမြေကျယ်၌ စမွယ်သခ်မ်း
ရေမလွှမ်းဘဲ ကြွလှမ်းလျက်သော်
၅၄၀၀ ☆ နေတော်မူက ကဿပသည်
ဂေါတမရှင် ရေတွင်မျောကာ

ရှိနေမှာတည်း ငါသွားရှုံသော်
လှော်ပေါ်တင်မည် ကြံစည်ပြီးလတ်
လှော်ခတ်လာပေ မြတ်စိန္တေသည်
ကုန်းမြေပေါ်တက် ကြွလျက်စကြံ
ဝန်းရံပတ်ခွေ စီးထွေရေယဉ်
အံ့ဘွယ်မြင်ရ ကဿပသည်
"ဂေါတမရှင်ကြီး စိုးရိမ်ကြီးလို့
လာပြီးတို့ခေါ် သင့်မှာသော်မူ
ကုန်းမြေငူ၌ နေပူပုံထောင်း
အံ့ဘွယ်ကောင်းသား အပေါင်းတပည့်
အံ့ဘွယ်တည့်"ဟု ကြည့်စမ်းပါလေ
ညွှန်ပြပေ၏ စိန္တေအရှင်
မြေအပြင်မှ လှေယဉ်ပေါ်ထက်
ပျံ၍တက်သော် တွေးလျက်ကဿပ
ဂေါတမသည် ကြီးလှတန်ခိုး
မိုးထိပ်ဖိုးသား မျိုးမျိုးဖန်ဆင်း
ရန်ခပင်းတို့ မညှဉ်းဆဲနိုင်
ရေယဉ်ပြိုင်စီး ပင်လယ်ကြီးသို့
ရှိပြီးတမျှ ဖြစ်လေစွလည်း
သောင်စကုန်းပေါ် တန်ခိုးတော်ဖြင့်
စံသော်နေဘိ အံ့ဘွယ်ရှိပေ
တို့တတွေလို ဖြစ်လေရဟန္တာ

မဟုတ်ရာဟု   စိတ်မှာတွေးထင်
မာနဝင်သည်   ဆင်ခြင်သတိ
မရှိသော်။

[၆၆]

ထိုသို့ဖြစ်ငြား   သံသယများနှင့်
ယူမှားဒိဋ္ဌိ   စွဲလမ်းရှိကို
သတိသံဝေ   ထိတ်လန့်စေမှ
တော်ပေလှမည်   စိတ်ထင်ရည်၍
ကြံစည်ဘုရား   မိန့်ဆိုကြား၏
"ချစ်သားကဿပ   သင့်မာနကား
ထောင်လွှားစွင့်စွင့်   တံခွန်လွင့်သို့
မြင့်လှပေစွ   ကဿပ
နေလထွန်းပြောင်   ငါ့အရောင်လောက်
မတောက်မလင်း   ငြိုင်ဘက်ကင်းဟု
နေမင်းဂုဏ်တု   ပိုးမြေမှုန့်လို
မိုက်မှုကြီးဘိ   သင့်မှာရှိ၍
မိမိသန္တာန်   အဖြစ်မှန်ကို
ဉာဏ်မြော်မဆင့်   ကိုယ့်အကျင့်လည်း
မချင့်မတွက်   သိမဘက်ဘဲ
မဂ်၏အကြောင်း   ဆိုးကောင်းမမြင်
သို့စဉ်တသီး   မာန်တက်ပြီးကာ

မိုက်မဲစွာဖြင့်   ငါလိုရဟန္တာ
မဟုတ်ရာဟု   ယုတ်မာအကြံ
မနှောက်ဖြင့်   ပြည့်လျှံတကား
သင်ချစ်သား”ဟု   ဘုရားစိန္တေ
ရွှေနှုတ်ချွေ၍   မိန့်လေသော်လျှင်
ကဿပရှင်သည်   ကြံဆင်သတိ
☆အမြင်ရှိ၍   မှားဘိလေခြင်း
သံဝေချဉ်းရှင့်   ခြေရင်းဗုဒ္ဓေ
ဦးနှိမ်သော်လျက်   ခွင့်တော်ခံလစ်
ရဟန်းဖြစ်ကို   လျှောက်တင်ဆိုသည်
မာန်ပြိုနှိမ်ချ
ကဿပ။

[၆၇]

ထိုခါကာလ   မြတ်ဗုဒ္ဓသည်
ကဿပရှင်   ငါ့ဆိုချင်၏
“သင့်တွင်အထူး   ဂိုဏ်းမှူးလည်းဖြစ်
ကျော်ကြားလစ်၍   စင်စစ်သော်ကား
တပည့်များကို   ပန်ကြားလေမှ
သင့်ပေစွဟု”   မိန့်ဟသည်တွင်
ကဿပရှင်သည်   ကြွလျှင်တခဏ
စည်းဝေးကြ၍   ကြောင်းရာအခြင်း

ရှင်းလင်းပြီးပြေား တပည့်များကို
ခွင့်တောင်းဆို၏ ထိုသည့်အခါ
များစွာအပေါင်း နှစ်ထောင်းကြည်ရွှင်
ဂေါတမရှင်၏ သွန်သင်ဆုံးမ
ဩဝါဒကို ကြားရအားလုံး
ရွှင်ကြည်ပြုံး၍ ကျင့်သုံးခံယူ
လိုက်တော်မူလို တောင်းပန်ဆိုက
ကဿပသည် ဗုဒ္ဓထံတော်
ခေါ်ဆောင်သော်၍ ဟောဖော်ဆုံးမ
"နနဂ္ဂစရိယာ" ဒေသနာကို
ဟောကာသွန်သင် ဆုံးမပြင်သား
"အကြင်သတ္တဝါ သင်္ကာမကင်း
ယုံမှားခြင်းဖြင့် မှားယွင်းကျင့်လတ်
မဝတ်မဆီး ကိုယ်လုံးတီးဖြင့်
အချီးအကျင့် ကြံဆောင်လင့်၍
မသင့်မစင် ကျိုးမမြင်သား,
ထို့ပြင်တဖြာ နေအိမ်ရာကို
စွန့်ခွာပယ်လစ် ဆံကျစ်ထုံးရွေ့
တော၌မွေ့ပြီး ရသေ့ဖြစ်လင့်
မာနဝင့်၍ ကျင့်ပါသော်နှယ်
မစင်ကြယ်တည့် လူ့ဝယ်ကမ္ဘ
ကိစ္စဖယ်ရှား ကျင့်ပါငြား၍
သွားကိုမျှစင် မသုတ်သင်ဘဲ

ချေးတင်အောင်မျှ ကျင့်ပါကြလည်း
စိုးမျှသော်လျှင် ကျိုးမမြင်ပေ
ဘောဇဉ်အစာ ဖြတ်ပြီးကာဖြင့်
ကိုယ်မှာနှိပ်စက် ဆူးပုံထက်၌
အိပ်လျက်ကျင့်နှယ် မစင်ကြယ်တည့်
လျှောင်းဝယ်မစက် ရပ်လျက်မတည်
သွားသည်မရှိ ပကတိအမှောင့်
ဆောင့်ကြောင့်ထိုင်လင့် ထိုအကျင့်လည်း
မသင့်ယုတ်ပြီး မှားယွင်းကြီး၏
တသီးတဖုံ ဆူးပုံပေါ်ထက်
အိပ်စက်သော်ငြား ယူမှားဒိဋ္ဌိ
ကျိုးမရှိရှင့် သတိသမ္ဗောဇ်
ဆင်ခြင်သော်လျက် သွေမကွက်ဘဲ
မပျက်ကျင့်ငြား ရှစ်ပါးစွဲငြို
၁၆၀၀ ☆ ဝိစိကိစ္ဆာ ကိုယ်ခန္ဓာ၌
စွဲလာနုတ်ပယ် ကသိုလ်ဆယ်ပါး
မြတ်တရားနှင့် မခြားသော်ဘိ
ဗောဓိပက္ခိယ မြတ်ဓမ္မကို
လုံ့လပြုသူ ထိုထိုလူတို့
ကျင့်မူလေငြား မြိုက်တရားဟု
ဘုရားငါရှင် မြဲပင်မသွေ
ဟောကြားပေ၏ စိန္တေဗုဒ္ဓ
မိန့်ဟချွေသိ ဟေဘိကျွ

# ပျို့လင်္ကာ

ခေါ်ခြင်းပြုကာ ဥရုဝေလ
ကဿပနှင့် များစွာ့အားလုံး
ကြည်ပြုံးရွှင်လန်း ရဟန်းဖြစ်ပေ
သုံးဆောင်လေသည့် များထွေပရိက္ခရာ
ကေသာဆံကျစ် ပြာစစ်မီးယိုး
ထမ်းပိုးတံချူ သယ်ယူခြင်းတောင်း
သောင်းပြောင်းထွေထွေ မီးမွှေယောက်မ
သုံးခွ,ခက်ရင်း စုပုံနှင်း၍
မြစ်တွင်းဂင်္ဂါ ရေဇလာ၌
စွန့်ကာမျှောသော် ညီတော်နှစ်ပါး
ခြင်းရာများကို မြင်ငြားလေလျှင်
နောင်တော်ရှင်၌ မှန်ပင်ရန်ဘေး
ကြီးလေး၍သာ ဖြစ်တန်ရာဟု
စိတ်မှာထင်မှတ် တမန်လွှတ်၍
ကြည့်လတ်စေသော် နောင်တော်ကဿပ
အပေါင်းများ့တို့ ဗုဒ္ဓရှင်ထံ
☆ဆုံးမခံ၍ ဝန်းရံခပင်း
တပည့်ရင်းစစ် ခံယူလစ်ကာ
ရဟန်းဖြစ်ကြောင်း ပြန်ပြောင်းပြောကြား
ဆိုစကားကြောင့် နှစ်ပါးညီမော်
တပည့်ဖော်တို့ နောင်တော်ရှိရာ
လိုက်၍လာလျက် မြတ်စွာရှင့်ထံ

ခွင့်တောင်းခံ၍ ဆံကေပယ်သန်း
ရဟန်းဖြစ်လေ ဦးနှိမ်ချေသည်
စိန္တေဘုန်းတော်
ဘိက္ခုခေါ်။

[၆၈]

ရသေ့ညီနောင် ရှင်တထောင်ကို
မှူးမှောင်ပယ်သန်း ဆင်သက်န်းနှင့်
ရဟန်းရှင်ချစ် ဖြစ်စေပြီးလျှင်
မြိုင်ခွင်သာခေါင် ခန်းဝါဆောင်မှ
တထောင်သဃ်ာ ပင့်ဆောင်ကာဖြင့်
ဝနာမြိုင်ကြော ဥဝေတောမှ
ရှင်စောဗုဒ္ဓေ နောက်ပါထေရ်နှင့်
လှမ်းချေကြွချီ ဂယာသီသ
အမည်ရသည့် ဂါမရွာနီး
ကျောက်ဖျာကြီး၌ စုပြီးစည်းဝေး
မိုက်ရေအေးကို တိုက်ကျွေးမြတ်စွာ
“အာဒိတ္တဇာလ” သုတ်မွေ့ကို
ထုတ်ပြမိန့်ဖော် ဟောတော်မူကာ
ဒေသနာအဆုံး အားလုံးရဟန္တာ
ဖြစ်လေကာတည့် ထိုခါသရော်

ကျောက်ဖျာပေါ်၌ မွေ့ပျော်သမျှ
✡စံနေကြသည် သာလှမပါ
ဂယာသီ။

[၆၈]

သုံးလူ့ဘုံမင်း စံပျော်ရင်းဖြင့်
မင်းပိမ္ဗိသာ ရှေးအခါက
မြတ်စွာဘုရား ဖြစ်ပါငြားက
ငါ့ဗုဒ္ဓကို နန်းလှဗဟို
ရာဇဂြိုဟ်သို့ ကြွလိုပါကြောင်း
လျှောက်တောင်းစကား နှလုံးထားလျက်
ထွတ်ဖျားဘုန်းခေါင် မြတ်ဂုဏ်ရောင်သည်
တထောင်ရဟန္တာ ခြံရံကာဖြင့်
အောင်ချာကြွင့်နန်း ရွှေအိမ်နန်းသို့
မြိုင်တန်းသေလာ ဟေမဝါမှ
ဒေသစာကြွချီ နှင်းငွေ့ရှိသည့်
ရာသီခါပေ ဆောင်းလယ်ဘွေ့ရှင့်
မြူဝေယှက်သန်း ငွေ့ရည်ဖျန်းလျက်
တောင်တန်းရိပ်ညို ငါးလုံးခိုသည့်
ဘိုချက်တည် ရာဇဂြိုဟ်ပြည်နီး
ထန်းတောကြီး၌ စံပြီးနေလတ်
သုံးလူနတ်ကို မင်းမြတ်ပိမ္ဗိသာ

ကြားသိကာဖြင့် စိတ်မှာရှင်မြူး
လွန်ကြည်နူး၍ မင်းမူးပုဏ္ဏား
သူကြွယ်များနှင့် ပြည်သားအပေါင်း
သိန်းနှစ်သောင်းဖြင့် ခ,ခြောင်းဝန်းရံ
အပေါင်းခြံလျက် ထံတော်ရှေ့မှောက်
ကြွလာရောက်သည် ဝမ်းမြောက်ဝမ်းသာ
ဦးနှိမ်ကာ။

[၇၀]

☆မင်းကြီးဦးနှိမ် ကြိမ်ကြိမ်ရှိခိုး
ရိုကျိုးမြတ်စွာ ကြည်လင်စွာဖြင့်
ချိသာစကား ပြောဆိုငြား၏
အခြားပရိသတ် မင်းမူးမတ်တို့
ကြံလတ်တွေးထင် သံသယဝင်လျက်
"ဒို့ရှင်ကဿပ ဥရုဝေလသည်
ဂေါတမထံ နည်းနာခံ၍
ကျင့်ကြံသလော ဂေါတမပင်
တို့အရှင်ထံ နည်းနာခံ၍
ကျင့်ကြံသလော" သို့လောသို့လော
တွေးတောကြံဆင် ဖြစ်သည့်အင်ကို
သိမြင်တော်မူ သုံးလူစိန္တေ
ကဿပဆွေကို ခေါ်လေပြီးလျှင်

ငါ့ရှင်ကဿပ ဒီကိုကြလော့
"ဌာနပျော်မွေ့ ကျင့်ခလေ့ဖြင့်
ရသေ့ငါ့ရှင် ငါမေးချင်၏
သင်သည်အထူး အစဦးက
ဂိုဏ်းမှူးဖြစ်ရွေ့ ရသေ့ငါးရာ
ဂိုဏ်းဆရာတည်း သင့်မှာသော့ဝယ်
ဘာရည်ရွယ်၍ အဘယ်အကျိုး
မြှော်ကိုးရှုလျှင် သင်၏အယူ
မီးပူဇော်ခြင်း အကြောင်းရင်းကို
ရှင်းလင်းသော်တိ လျှောက်တင်ရှိဟု"
မုနိရှင်တော် မေးလေသော်က
ကဿပသည် ဦးချကော်ရော်
☆လျှောက်တင်သော်၏ ဘုန်းတော်သခင်
ဂုဏ်ပေါင်းတင်သည့် အရှင်ဘုရား
"လူအများတို့ ခံစားစုံမက်
လွန်နှစ်သက်၍ စွဲမက်အာရုံ
ငါးပါးစုံနှင့် ခုံမင်ကာမ
ကိလေသလျှင် ရှုပတင့်တယ်
ငယ်ရွယ်မိန်းမ သိမ်မွေ့လှ၍
ကာမကိလေ မငြိစေဘဲ
နှစ်ထွေချမ်းသာ ယဇ်ပူဇာဖြင့်
ဆရာဆက်ဆက် ဆိုမြွက်ဟောကြား
ထိုတရားကြောင့် ယုံမှားသော်လစ်

ကိုယ်ကျိုးနစ်၍ ယဇ်ကြီးယဇ်ငယ်
ထိုနှစ်သွယ်ကို ကိုးကွယ်မိပေ
လျှောက်တင်လေရှင့် စိန္တေဆုံးမ
မြတ်ဓမ္မဖြင့် ကာမအရာ
ထိုတဏှာသည် ခန္ဓာဥပဓိ
ကပ်ငြိ၍ပေ ဖြစ်ရချေသည့်
မိန့်ချေဒေသနာ မျိုး၍သာဖြင့်
သိပါသော်ရွေ့ ဓလေ့အယူ
ယဇ်ပူဇော်ခြင်း စွန့်လွှတ်လျှင်းပြီး
သနင်းမြတ်ထံ တပည့်ခံကြောင်း”
လျှောက်တင်ပြောင်းသော် အပေါင်းပရိသတ်‧
သိရှိလတ်၍ ကြီးမြတ်တေဇော်
မြတ်ဇိနော်ကို ကျူးသော်မဝ
၀၈ ချီးမွမ်းကြ၏ ဗုဒ္ဓရှင်ချစ်
၄၈ ☆နောက်ကြောင်းဖြစ်ကို မိန့်လှစ်လိုကာ
ခုခါသော်မှ မဟုတ်ရသေး
ရှေးရှေးဘဝ နာရဒရသေ့
ဖြစ်ရွေ့သော်လျှင်း မိစ္ဆာကင်းအောင်
နှိမ်နင်းဆုံးမ သာကေကို
နာရဒဇာတ်တော် ညွှန်းထုတ်ဖော်၍
ဘုန်းမော်သနင်း ဟောမြွက်လင်းကာ
မင်းပိမ္ဗိသာ အပေါင်းပါနှင့်
ရေကာတွက်ဂဏန်း တသိန်းတသောင်း

ရံရွှေပေါင်းတို့ ကျွတ်ကြောင်းအမှန်
သောတာပန်ရှင့် ကျန်လစ်တသောင်း
အပေါင်းမှူးမတ် တည်လတ်သရဏဂုံ
သုံးပါးစုံကို အာရုံနူးညွှတ်
ကြည်မောဆွတ်သည် တုလွှတ်စိန္တေ
ဦးနှိမ်ချွေ။

[၄၁]

ရှင်တော်ဘုရား မြတ်တရားကို
ဟောကြားပြီးလတ် မင်းမြတ်ပိမ္ဗိ
လျှောက်တင်ရှိ၏ မြတ်ဘိဘုန်းမော်
တပည့်တော်သည် မင်းသော်အိမ်ရှေ
ဖြစ်သည့်နေ့မှ စရွေ့သော်ငြား
တပည့်သားသည် ငါးပါးချင်ခြင်း
ထန်ပြွင်းငြိုးငြိုး စွဲလမ်းကြီးလျက်
ရွှေထီးကြငှန်း ပလ္လင်နန်းကို
သိမ်းမြန်းစိုးစံ ငါ့နိုင်ငံသို့
ဘုန်းလျှံဘုရား ကြွရောက်ငြားက
တရားဓမ္မာ ကြားနာကာလျှင်
သချာမိမိ အမှန်သိ၍
ရှိဘိအကျိုး မိစ္ဆာမျိုးမှ

ဖြတ်ချိုးကင်းကွာ    လမ်းမှန်ရာသို့
မြန်စွာသွားရ    ကောင်းလေစွဟု
ကြံဆဘဝင်    စွဲမြဲထင်၏
မြတ်ရှင်ဟောကြား    ဤတရားသည်
ငါးပါးဆန္ဒ    ပြီးပြည့်ဝ၍
ယခုမှလျှင်    တပည့်ရှင်သည်
အစဉ်မြဲစွာ    ဥပသကာဖြစ်
ခံယူလစ်၍    ရှင်ချစ်ဘုန်းတော်
နက်ဖြန်သော်ကား    အဖေါ်သင်္ဃာ
အပေါင်းပါနှင့်    နန်းသာအတွင်း
တပည့်ရင်း၏    ဆွမ်းဟင်းအလှူ
ကြွတော်မူ၍    ခံယူပါငြား
တင်လျှောက်ကြားသည်    ဘုရားစိန္တော်
ဆိတ်ဆိတ်နေ။

[၇၂]

မင်းမြတ်ပိမ္ဗိသာ    နန်းအောင်ချာသို့
ပြန်ကာကြွသွား    မိုးသောက်ငြားလျှင်
ဆွမ်းဘောဇဉ်ကို    ပြင်ဆင်ပြီးလတ်
အမတ်တယောက်    အကြိုထောက်၍
ပင့်လျှောက်စေသော်    မြတ်ဘုန်းတော်သည်

အဖော်ရဟန္တာ တထောင်ပါ၍
မအောင်ချာနဂို ရာဇဂြိုဟ်သို့
နေယိုဖြာစ နှင်းမြူပ၍
သာလု့ချိန်တွင် ရွှေနန်းခွင်သို့
☆မြတ်ရှင်ဘုရား ကြွ၍သွားသော်
သကြွားအရှင် လုလင်သွင်ဖြင့်
မြို့ဝင်အနီး တံတိုင်းကြီးဝယ်
ဆီး၍ကြိုကာ မြတ်ဗုဒ္ဓါအား
ဩဘာရင့်ကျူး ကြွေးကြော်မြူးတည့်
ထူးထူးခြားခြား မြင်ရငြားသော်
ပြည်သားပြည်သူ အပေါင်းလူတို့
ကြည်ဖြူနှစ်ထောင်း သောင်းသောင်းဖြဖြ
ဖူးမျှော်ကြရှင့် ဗုဒ္ဓရှင်မြတ်
နန်းပြာသာဒ်သို့ ရောက်လတ်သော်လျှင်
ဘုရင်ပိမ္ဗိသာ ဆီးကြိုကာဖြင့်
ဆွမ်းလျာဘောဇဉ် ချိုချဉ်သစ်သီး
မငြီးကပ်လှူ ကျွေးတော်မူ၏
သုံးလူထွတ်ထား မြတ်ဘုရားသည်
ဆွမ်းစားပြီးလျှင် ဆွမ်းစဉ်ဒေသနာ
ဟောဖြာပြီးလတ် မင်းမြတ်ပိမ္ဗိသာ
ကြည်သဒ္ဓါဖြင့် လှူကာအပ်နှင်း
ဥယျာဉ်တွင်း၌ သနင်းစံဘွယ်
မွှမ်းမံခြယ်သည့် တင့်တယ်ရိပ်ငြိမ်

နန်းအိမ်မြတ်မှန်   ဝေဠုဝန်ကို
သွန်ကာရွှေခွက်   ကိုယ်တိုင်လက်ဖြင့်
ရေစက်သွန်းလောင်း   ကပ်လှူပြောင်းသော်
ကောင်းချီးသြဘာ   ပွဲတင်ကာဟိန်း
နှစ်သိန်းမြေလွှာ   သွက်သွက်ခါ၍
စကြာတိုက်ဘွေ   တုန်လှုပ်လေ၏
၁၀၀၉ ☆ဗုဒ္ဓေသနင်း   မိန့်မြွက်လင်း၍
ကောင်းခြင်းဖြာဖြာ   နုမောဒနာကို
ပြုကာပြီးလတ်   ကျောင်းမြတ်အမှန်
ဝေဠုဝန်သို့   လေသွန်ညှင်းညှင်း
လမ်းသာခင်းမှ   သနင်းသုံးလူ
လှမ်းကြွမူ၍   စံယူသုံးစဉ်
ထိုခါတွင်ဝယ်   ဖေါ်ဝင်ဝဂ္ဂီ
အဿဇိနှင့်   တူညီဘဒ္ဒ
ယသမထေရ်   အပေါင်းဆွေတို့
စံနေဘုန်းတော်   ရွှေကြောင်းကျော်သို့
ရောက်သော်လာကြ   သာမောလှသည်
တောင်ငါးရံခို
ရာဇဂြိုဟ်။

၂၄

[၃၄]

# ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ အကြောင်း

ထိုရောအခါ လွန်သာယာသည့်
အောင်ချာဗဟို ရာဇဂြိုဟ်နှင့်
ထိုထိုခရီး မဝေးနီးသည့်
ရွာကြီးနှစ်ရွာ တည်ရှိကာဖြင့်
မည်မှာခေါ်ပြု ဥပတိဿ
ကောလိတရှင့် ဥပရွာတွင်
ရွေးယခင်မှ ရွှေစဉ်မျိုးဆက်
ခုနှစ်ဆက်လျှင် ကြွယ်လျက်ချမ်းသာ
မဟာသာလ ဗြာဟ္မဏနှင့်
ရူပသာရီ ဆွေသိဂီတို့
တူညီမျိုးစ ပုဏ္ဏေးမနှင့်
သင့်ကြပြီးကာ ထိုရပ်ရွာ၌
မျှစွာအုပ်ချုပ် ကြီးကဲလုပ်၍
ကွပ်အုပ်လေတည့် ထိုသည့်နည်းမူ
ရည်တူရှိဘိ ကောလိတရွာ
လွန်ချမ်းသာသည့် သူဇာပုဏ္ဏား

သတို့သားသည်　　မျိုးအားတူညီ
မောဂ္ဂလိလှ　　ပုဏ္ဏေးမနှင့်
သင့်ကြပြီးကာ　　မျှစွာအုပ်ချုပ်
ကြီးကဲလုပ်ရှင့်　　သဒ္ဓါတင့်အထူး
ထိုနှစ်ဦးတို့　　ကြည်နူးလေးစား
တမိဘွားသို့　　ဆွေသားတမျှ
ချစ်ခင်ကြသည်　　ဂါမနှစ်ရွာ
ရွာ့တရွာ။

[၉၄]

တရက်သောအခါ　　ဥပရွာ၌
မဟာသာလ　　ဗြာဟ္မဏ၏
ကြင်မျှသက်ညီ　　ရူပရီတွင်
စွဲမှီသန္ဓေ　　တည်ရှိလေလျှင်
အဆွေမောဂ္ဂလိ　　နေ့တူညီ၍
နာရီချိန်စက်　　တူညီလဂ်ဖြင့်
စွဲလျက်သန္ဓေ　　ရှိကြလေသော်
မိတ်ဆွေချင်းချင်း　　ယောက်မချင်းတို့
သတင်းစကား　　ဝမ်းသာအားဖြင့်
ပြန်ကြားနှုတ်ဆက်　　ကြောင်းကြားလျက်ဖြင့်
ဆထက်လွန်မျှ　　စောင့်ထိန်းကြ၏
ကိုးလလွန်မြောက်　　ဘွားချိန်ရောက်သော်

နှစ်ယောက်မိတ်ရင်း ယောက်မချင်းတို့
အဆင်းနိုကာယ် ပြည့်စုံကြွယ်၍
တင့်တယ်လှစွာ သားရတနာတို့
ဘွားလာသော့ဟူ ရှုပမိခင်
သားရွှေစင်ကို မည်တွင်နာမ
ဥပတိဿနှင့် မောဂ္ဂလိမိခင်
သားရွှေစင်ကို မည်တွင်နာမ
ကောလိတဟု ဂါမနှစ်ရွာ
စွဲပြုကာဖြင့် နာမာမှည့်ခေါ်
နှစ်ဦးကျော်သား နောင်သော်ဖြစ်လတ်
ဘုန်းမြတ်ကြီးဘိ သာရိပုတြာ
ထေရ်မဟာနှင့် ရှင်မဟာမောဂ္ဂလာန်
ဆုထူးပန်သည် ရင့်သန်ပါရမီ
မျှကိုယ်စီ။

[၃၇]

နှစ်ဦးလူငယ် ဂုဏ်တင့်တယ်သား
အရွယ်ရောက်လျှင် အတတ်သင်၍
ဗေဒင်သုံးကျမ်း အံ့မခမ်းဖြင့်
ကမ်းတဘက်ရောက် ကျော်နှစ်ယောက်တို့
တတ်မြောက်လိမ္မာ ကျွမ်းကျင်ကာဖြင့်
ဆရာမှူ တခြားလူတို့

အယူဝါဒ  စသည့်သဘော
နှီးနှောခြင်းငှာ  မစွမ်းရာတည့်
ပညာသိပ္ပ  လောကီမျှကို
တတ်ကြကုန်ဆုံး  အားလုံးပြီးမြောက်
ဒိုးလိုနှောက်၍  ချီးမြောက်မိဘာ
အားပေးကြရှင့်  ဉပလုလင်
တနေ့တွင်သော်  သဘင်နတ်ပွဲ
ကမဲဘဲ  ချိမ့်သဲနေ့ည
ဓါ၇၀ ☆စည်ကားလှသည့်  စိမ်းမြရောင်စို
တောင်ငါးခိုသည့်  ရာဇဂြိုဟ်တမွတ်
တောင်တော်ထွတ်တွင်  ညွှတ်ခသဘင်
နတ်ပွဲဆင်သား  ဆော့ခင်နှစ်ဦး
သဘင်ထူး၌  ရှင်မြူးလိုကာ
ခြံရံပါလျက်  သွားကာအတူ
နေမှုတကွ  စားကြထူပင်
ပျော်ရှင်မကွဲ  သဘင်ပွဲသော်
ဆင်နွှဲရက်ကြာ  တရက်မှာလျှင်
ပညာကြီးမား  သတို့သားတိသာ
သံဝေခရှင့်  မြင်ရလူ့ခွင်
ပုထုဇဉ်တို့  သွင်သွင်မစဲ
လောကထဲ၌  တဝဲလယ်လယ်
ရဟတ်နှယ်သို့  မဘွယ်ဓလေ့
ပျော်ရှင်မွေ့၍  မေ့လျော့နေကြား

ထိုသူများသည်　ကြီးထွားမပျက်
နာရီစက်မျှ　စဉ်ဆက်ရွေ့ကာ
ဓမ္မတာဖြင့်　အိုနာသေရေး
ဒုက္ခဘေးကို　ပြေး၍မလွတ်
စိတ်မောညွတ်တည့်　မချွတ်ကေန်
ဤသုံးတန်သည်　အမှန်ဖြစ်မည်
ကြောက်ရွံ့သည်ကြောင့်　မကြည်မသက်
မျက်နှာပျက်ကာ　တွေးလျက်စိတ်စော
ကြံဆမော၍　သောကပူမီး
ထိတ်လန့်ကြီးလျက်　ကြက်သီးထကာ
☆ညှိုးနွမ်းကာဖြင့်　မသာမလန်း
ပင်ပန်းမျက်နှာ　တွေ့မောကာဖြင့်
ရှုကာပွဲတော်　စိတ်မပျော်သည်
　နေသော်မရ　ဖြစ်ပါရ။

[၇၆]

ထိုခါသရော်　အဖော်ကောလိ
မြင်တွေ့ရှိက　“တိဿအချင်း
ညှိုးနွမ်းပြင်းလှ　ပွဲခင်းအလယ်
စိတ်ဝယ်စိုးနှောင့်　သောကမှောင့်၍
ဘာ့ကြောင့်တွေဝေ　ငေးမောနေတည့်”
မေးလေသည်တွင်　လုလင်တိဿ

ပြန်ပြောပြကာ “ငါမှာတွေးထင်
ဤပွဲခွင်၌ မြူးရွှင်နေဘိ
ကျိုးမရှိဘဲ မိမိကိုယ်သာ
နှစ်မွန်းရာဟု စိတ်မှာမှတ်ထင်
တွေးမြင်သမျှ ပြန်ပြောပြသော်”
ကောလိတလည်း ရလျှက်သံဝေ
ဟုတ်မှန်ပေသား ဧကန်မချွတ်
သေ့နာ့ဝဋ်မှ ကင်းလွတ်တဖြာ
ချမ်းရာသည် မှန်စွာရှိလတ္တံ့
ဒို့ရှာအံ့ဟု ပျံ့နှံ့စိတ်ကူး
မှန်းရည်စူးလျက် နှစ်ဦးစိတ်တူ
ခွင့်တောင်းယူသော် ကြည်ဖြူမိဘ
ဆန္ဒရ၍ တပည့်ခံရ
သိဥ္စည်းထံ၌ ခွင့်ခံပြီးလတ်
ရဟန်းဝတ်ကာ နူးညွတ်ခယ
ဆည်းကပ်ကြ၏ ရက်မျှကြာလျှင်
၉၂၈ ☆ဆရာရှင်၏ ဥာဏ်မြင်ရှိငြား
သိတရားသည် နည်းပါးသေးလျက်
ထို့ထက်ကဲလွန် ထူးမွန်သော်လစ်
အနှစ်တရား ရှိသေးလားဟု
မေးငြားပါလျှင် ဆရာရှင်သည်
ငါတွင်ပညာ ဤမျှသာဟု
ပြန်ကြားပြုက ဥပတိဿ

အားမရဘဲ စိတ်ကသော်ပေ
နှစ်သက်လေဘဲ အဆွေကောလိ
ငါပြောဘိအံ့ သိရှိပညာ
ဤမျှသာဖြင့် ဘယ်မှာမြိုက်တရား
ရနိုင်ငြားအံ့ တပါးပြည်ရွာ
ထွက်သွားကာဖြင့် ဆရာရှာပြီး
ပညာမျိုးမှ သင့်လှပေမည်
ပြောပြသည်ကြောင့် ကြံစည်ရည်စူး
ထိုနှစ်ဦးတို့ ဆည်းပူးပညာ
ရှာကြကာဖြင့် မြို့ရွာတိုင်းပြည်
လှည့်လည်ရှာဘွေ မတွေ့လေသော်
ဌာနေပြည်ရင်း ပြန်၍ချဉ်းသည်
ဆွေသင်းနှစ်ဖော်
ကဝိမော်။

[၃၃]

ဝေဠုကျောင်းတော် မြတ်ဘုန်းမော်သည်
စံပျော်နေငြား တပည့်များမှ
ငါးပါဝဂ္ဂီ ပေါင်းသင်းညီနှင့်
သီတင်းသုံးဘော် ငယ်ဆုံးသော်လျှင်
ရှင်တော်အဿဇိ မြတ်ဘိထေရ်ကျော်
☆ရဟန်းတော်သည် မွေ့ပျော်ရိပ်ညို

ရာဇဂြိုဟ်သို့ နေယိုဖြာထွက်
အရုဏ်တက်၌ ကြွလျက်ဆွမ်းဖြူ
ခံတော်မူလျှင် ပြည်သူပြည်သား
လူအများတို့ လှူငြားခဲဘွယ်
သာသောနှယ်တည့် ထိုဝယ်ကာလ
တိဿရဟန်း မြို့လယ်ခန်းမှ
လှူဒါန်းဆွမ်းတော် စားပြီးသော်က
ကြွသော်ပြန်လင့် အံ့ဘွယ်တင့်သား
ခန့်သင့်တွေ့မြင် ဤအရှင်သည်
လွန်ပင်သပ္ပါယ် ကြည်ညိုဘွယ်တည့်
တင့်တယ်ဣန္ဒြေ ပြည့်စုံပေစွ
ဤလောက၌ မမြင်စဘူး
လွန်ကြည်နူး၍ မြိုက်ထူးတရား
ဤသူ့အား၌ ရှိငြားကေန်
အမှန်ရဟန္တာ ဖြစ်လေရာတည့်
သူ့မှာသော့ဝယ် ဘာရည်ရွယ်၍
အဘယ်ဆရာ ချဉ်းကပ်ကာဖြင့်
နည်းနာအကျင့် ခံယူလင့်၍
တင့်လှပေစွ မေးလေမှဟု
စိတ်ကကြံဆောင် နောက်ယောင်ခံလိုက်
တစိုက်စိုက်လျှင် နှစ်ခြိုက်ကြည်နူး
လိုက်၍ဖူးသည် ရှေးဦးတွေ့၍
ကြည်မွေ့တည်း။

[၃၈]

အဿဇိရှင်　မြို့တွင်းဝင်၍
☆ဘောဇဉ်ဆွမ်းတော်　သပိတ်တော်ဖြင့်
ခံတော်မူပြီး　လမ်းမကြီးနှင့်
မနီးမဝေး　ဆွမ်းဘုဉ်းပေးရန်
လမ်းဘေးဇရပ်　သင့်တင့်အပ်သို့
ချဉ်းကပ်လေလျှင်　တိဿမြင်၍
ဆောလျင်ရောက်လာ　ထိုင်နေရာကို
ရှင်းကာပေးလျက်　ရေခွက်ကရား
လက်ဆေးငြားရန်　သွား၍သော်ယူ
ကပ်တော်မူ၏　ကြည်ဖြူဝတ္တရား
ဆွမ်းတော်စားရန်　ပြုငြားပြီးလတ်
လျှောက်ပတ်ရာရာ　သင့်တော်ရာကို
ပြောကာဆိုပြီး　ပရိဗိုဇ်ကြီးက
အံ့ချီးငါ့ရှင်　ငါဖူးမြင်ရ
သင်၏ဣန္ဒြေ　တင့်တယ်ပေသား
သရေကြည်လင်း　ကိုယ်ရောင်ဝင်းလျက်
အဆင်းဖြူဘိ　နှစ်လိုရှိဘွယ်
ဂုဏ်ပေါင်းကြွယ်သား　အဘယ်ရည်မှန်း
ဆင်သင်္ကန်းဖြင့်　ရဟန်းပြုငြား
ဘယ်တရားကို　သင်ကားကြည်ဖြူ

နှစ်သက်မှုနည်း မည်သူဆုံးမ
ဩဝါဒကို ရယူခံပေ
ပြောပါဆွေဟု မေးလေသော်ဘိ
တောင်းပန်ရှိသည် အသောဇိမထေရ်
မိန့်ပြန်ချေ။

[၃၉]

အသောဇိထေရ် မိန့်ချေပြန်ကြား
"ဂုဏ်ကိုးပါးနှင့် ပြည့်ငြားသော်လတ်
ဘုန်းကြီးမြတ်၍ လူနတ်တို့တွင်
တုမမြင်ဘဲ နှယ်ဝင်သာကီ
၁၀၄၅ ☆ ဘုန်းကံမှီသည့် ကျင့်ညီမင်းသား
ရှင်ဘုရားကို ငါကားရည်မှန်း
ဆင်သက်နန်းဖြင့် ရဟန်းပြုလေ
ငါ့ဆရာပေတည်း ဇိနေဟောကြား
မြိုက်တရားကို ငါကားခံယူ
ကျင့်တော်မူဘိ" မိန့်တော်ရှိလျှင်
တိဿရှင်သည် ထပ်ပင်လျှောက်ထား
"ရှင့်ဘုရား၏ တရားအယူ
ကျင့်သုံးမှုကို ကြည်ဖြူငါ့အား
မေတ္တာထား၍ ဟောကြားပါလို
တောင်းပန်ဆို၏ ထိုခါအသောဇိ

စိတ်ကြံရှိတည့် ဒိဋ္ဌိယူငြား
ပရဗိုဇ်များသည် ယုံမှားသံသယ
ပြင်းထန်လှ၏ ဘုရားဒေသနာ
လွန်စွာခက်ခဲ နက်နဲလေစွ
ဆိုဦးမှပင် သင့်မည်ထင်၍
"ငါ့ရှင်ချစ်သား မြတ်ဘုရား၏
ဟောကြားဒေသနာ ကျယ်ဝန်းပါ၏
ငါမှာသော်လစ် ရဟန်းဖြစ်လာ
မကြာမြင့်သေး လေးပါးဂမ္ဘီရ
ဂုဏ်အင်္ဂါနှင့် ပြည့်ဝမကြွယ်
အလွန်ကျယ်၍ နည်းငယ်မျှသာ
ဟောနိုင်ပါ" ဟု မိန့်ကာဖော်ညွှန်း
★နက်နဲလွန်းသည် ကျယ်ဝန်းပါလှ
မြတ်ဓမ္မ။

[၇၀]

ထိုခါတိဿ နာလိုလှ၍
ဟောပါ့ချစ်သား ငါကြားတမူ
ဤဇမ္ဗူတွင် လွင့်ထူကျော်ကြား
သိတရားကို သူများထက်သော်
ဉာဏ်ထင်ပေါ်၍ ကျော်စောသူပင်
ဖြစ်သည့်အင်ကြောင့် အရှင်ချစ်သား

ညာသနား၍ ငါ့အားဟောပါ
အရာအထောင် ကုန်အောင်ချွေထွင်
သိမြင်ခြင်းငှာ ငါ့ဝန်သာတည်း
ဆိုကာလျှောက်လေ အသဗ်ိထေရ်သည်
**ယေဓမ္မာ ဟေတုပ္ပဘဝါ** စ,ဂါထာကို
ဟောကာနှစ်ပါဒ ကြားနာရလျှင်
တိဿအရှင် သဘောမြင်၍
ကြံဆင်ဉာဏ်ရောင် နည်းတထောင်ဖြင့်
စွမ်းဆောင်တန်ဆာ သိအပ်ကာဖြင့်
သောတာပတ္တိ မဂ်ဉာဏ်သိ၍
ရောက်ရှိလေလျှင် လျှောက်ကာတင်၏
"အရှင်ဘုရား အလွန်များသည့်
တရားဒေသနာ မပွားပါလင့်
ဤမျှဖြင့်သာ သင့်လောက်ပါပြီ
အဿဇိဟု ဦးချီညွတ်ကျိုး
လက်စုံမိုးလျက် ကျွန်ုပ်တို့ဆရာ
ဘယ်မှာရှိနေ ပြောပါဆွေဟု
၁၀၀ ☆ မေးလေသော့လျှင် သုံးလူ့ရှင်သည်
ကြည်ရွှင်သာလွန် ဝေဠုဝန်၌
ကောင်းမွန်စံနေ ပြန်ကြားလေက
ရှင်တိဿသည် ငါ့ရှင်မထေရ်
ပြန်ကြွလေလော့ အဆွေအဖော်
တယောက်သော်ကို ငါခေါ်၍သာ

လာခဲ့ပါအံ့ လျှောက်ကာတင်ကြား
ဦးချငြားရှဲ ချစ်သားတိဿ
ပြန်ရှိကြွသည် ဓမ္မမြတ်ထူး
ဆွတ်ချူးခူး။

[၈၁]

ဥပတိဿ မဂ်ဥာဏ်ရရှဲ
ပြန်ကြွကျောင်းတော် ဝေးမှသော်ပင်
ကောလိမြင်ရ ငါ့ရှင်အဆွေ
တည်ငြိမ်ပေစွ ဣန္ဒြေမူရာ
ထူးခြားကာတည့် ရသာမြိုက်ဦး
တရားထူးကို ဆည်းပူးရှာဖွေ
ရလေပြီထင် စိတ်ကြံဆင်ရှဲ
ရောက်လျှင်ရောက်ခြင်း မေးမြန်းလျှင်း၏
"အချင်းတိဿ မေးပါရစေ
မသွေသင်ကား ခါတပါးထက်
ထူးခြားရှိလေ တင့်လှပေသား
ဣန္ဒြေမူရာ ရင့်ကျက်စွာဖြင့်
ကြည်သာရွှင်လန်း ရေထိပန်းသို့
လန်းဆန်းမျက်နှာ ပီတိဖြာလျက်
ရသာအမြိုက် သင်ကြုံကြိုက်ရှဲ
နှစ်ခြိုက်တရား ကြားခဲ့ပြီလော

☆စောကြောမေးလျှင်  အရှင်တိဿ
ဖြစ်သမျှကို  တစမကျန်
ပြန်လှန်ပြောကြား  ထိုတရားကို
နာကြားလိုဘိ  နှစ်လို့ရှိကာ
အဿဇိထေရ်  ဟောမိန့်ချေသည့်
ဓမ္မတရား  ဟောကြားပါဆွ
တောင်းပန်လေက  ‘ယေဓမ္မာ၊ ဟေတုပ္ပဘဝါ’
ယင်းဂါထာကို  ဟောကာအဆုံး
ဉာဏ်ဖြာသုံးလျက်  နှလုံးကြည်လင်
ကောလိရှင်လည်း  ဉာဏ်စဉ်ကွန့်ဖြာ
သောတာပတ္တိ  မဂ်ဉာဏ်သိ၍
ရောက်ရှိပြီးကို  ဇောစိတ်ယိုသည်
ကြည်ညိုသာမော
မြတ်ရှင်စော။

[၈၂]

ကောလိရှင်တော်  စိန္တေယျော်ကို
ဖူးမျှော်လိုလှ  ရှင်တိဿအား
ဗုဒ္ဓစံရာ  ကျောင်းတော်သာသည်
ဘယ်မှာရှိနေ  သွားစို့ဆွေဟု
ပြောလေသော်က  တိဿအရှင်
ကြံဆင်ခြင်၍  ဒို့တွင်အဖော်

အများသော်ကို ခေါ်လေဦးမှ
သင့်လျော်စွာဟု ဆန္ဒညီတွေ့
ပေါင်းပါတွေကို ကြောင်းရေဖုံဖုံ
လုံးစုံပြောကြား နှစ်လိုလား၍
များစွာအပေါင်း လိုက်လိုကြောင်းဖြင့်
လျှောက်တောင်းပန်ဆို နှစ်ကြည်ညိုသား
☆ ထိုသည့်ကာလ တိဿရှင်တော်
နှစ်ပါးဖော်တို့ သွားသော်သိဥ္စည်း
ရည်းကြီးဆရာ ရှေးဦးစွာကို
လျှောက်ကာတင်တည့် ရှင်တပည့်များ
တရားအမှန် မြတ်နိဗ္ဗာန်ကို
အမှန်ညွှန်ပြ ဆိုဆုံးမ၍
လောကသုံးခွင် ဆုံးဆမြင်သား
ကုန်စင်အောင်သိ ကပ်ငြိအဝိဇ္ဇာ
စင်ခြင်းငှာကို ညွှန်ကာပြလတ်
ဟောကြားတတ်သည့် မြတ်စွာဘုရား
ထင်ရှားထွန်းပေါ် တရားတော်နှင့်
များသော်သံဃာ တွေ့လေပါ၍
ဆရာသိဥ္စည်း အချည်းနှီးဖြစ်
ရှည်ကြာနစ်၍ အနှစ်ရသာ
မရှိပါဘဲ အကာအတိ
ဖြစ်လေဘိငြား ဆရာ့တရားကို
ပယ်ရှားပြီးလတ် မြတ်ဘုရားထံ

ဆိုးမခံ၍ ကျင့်ကြံရည်ဆောင်
သွားရအောင်ဟု အခေါင်ထိပ်သီး
ဆရာကြီးအား ရှိပြီးလျှောက်တင်
ခွင့်တောင်းလျှင်သည် အရှင်သိဥ္စည်း
မျက်နှာမည်း။

[၇၃]

ယိုသို့ထောက်ထား ဆိုစကားကို
နားခါးသောဟန် မျက်တော်ထန်လျက်
ဒေါမာန်ရှိန်သည်း မျက်နှာမည်းသား
သိဥ္စည်းဆရာ ထ,ပြီးကာဖြင့်
လက်မှာနိုင်နိုင် တောင်ဝှေးကိုင်၍
သင်းပိုင်ကိုမ နှုတ်ခမ်းဖွလျက်
မိန့်ဟာရာတွင် "ငါစံရှင်သည့်
ကြည်လင်နဂိုရ် ရာဇဂြိုဟ်၌
ငါလိုဂုဏ်မောက် ဆိုရလောက်အောင်
နှစ်ယောက်မရှိ များဘိရံခွေ
ရှိကြလေတည့် စားရေပေါများ
ကြည်ငြိုငြားလျက် ထင်ရှားဂုဏ်းမှူး
ငါတဦးပင် ဖြစ်သည့်အင်ကြောင့်
မြင်လျှင်မတော် မလျော်ဘိနည်း
"အိုးစရည်းကို ချည်းနှိုးသော့ပင်

လက်ငင်အိုးပြု" အမာထုသား
ဆိုမှုတသွယ် လွန်ရှက်ဖွယ်တည့်
သူ့ဝယ်ထံပါး အရောက်သွား၍
ခံပြောတပည့် ဖြစ်လိုတည့်က
ရှုကြည့်မတော် မလျော်ဘိခြင်း
အိုအချင်းတို့ ချဉ်းကပ်ငါ့ထံ
ဆုံးမခံ၍ ဝန်းရံသံဃာ
ရှင်ကြည်ကာဖြင့် မကွာတူနေ
မသွားလေနှင့် မိန့်ချွေသော့လျှင်
ရှင်တော်နှစ်ပါး ပြန်လျှောက်ကြား၏
"ဘုရားဗိန္ဒ ဤလောကဿ
ပွင့်ကြသော်လျှင် များဖြင့်ဗိုလ်လူ
သိကြမှုသော် ကြည်ဖြူနှစ်ထောင်း
နှစ်လိုကြောင်းဖြင့် ခ,ပြောင်းပူဇော်
☆ စိန္တေယျော်အား ဖူးသော်မဝ
ကိုးကွယ်ကြလိမ့် ဆရာ့တရား
အယူမှားကို အများစွန့်ပစ်
ညွှံမှာနစ်သို့ အနှစ်မဆောင်
အကာယောင်ဖြင့် မထောင်မလွှား
မာန်မထားနှင့် လျှောက်ကြားလေက
ဆရာသိဥ္ဆည်း လွန်နာကျည်း၍
မိန့်သည်းမျက်ထန် ဒေါမာန်ဖွဲ့နှော
စိတ်ဆိုးသောဖြင့် "လောကလူ့ရွာ

လူတို့မှာ၌   လိမ္မာတတ်သိ
လွန်နည်းဘိကား   မရှိပညာ
လွန်များပါတည့်   ငါ့မှာသော့ဟူ
ထိုထိုလူတို့   ကြည်ဖြူရိုကျိုး
လွန်မြတ်နိုး၍   ဟိုးဟိုးကျော်ကြား
ရှိဘိလားသို့   သွားလိုသမှု
သင်တို့ပြုက   ဂရုမထား
သွားချင်သွားဟု   စိတ်အားမာန်ပို
ပြောဆိုပေလတ်   ယတိပြတ်လျှင်
ထေရ်မြတ်နှစ်ဖော်   ပေါင်းပါခေါ်၍
မွေ့ပျော်သာလွန်   စုလစ်ချွန်သည့်
ဓဝဋ္ဌုဝန်ကျောင်းတော်   မှန်းရည်ရော်၍
ထွက်တော်မူကာ   စွန့်ပယ်ခွာသည်
စံရာမြတ်မွန်
ဝေဠုဝန်။

[ဂ၄]

ဓိ   မြရည်စိုစို   တောင်ရိပ်ခိုသား
ဗြ ☆နေညိုဆည်းဆာ   ညနေခါဝယ်
စကြာနေဝန်း   ဂေါယာကျွန်းစု
ယွန်းလုလုလျှင်   ဝေဠုကျောင်းတော်
မြတ်ဗုဒ္ဓော်သည်   လေးဘော်ပရိသတ်

တရားမြတ်ကို ဟောလတ်ခါလျှင်
အရှင်တိဿ ကောလိတတို့
တကွတူသော် ပေါင်းအဖော်နှင့်
ကျောင်းတော်သာလွန် ဝေဠုဝန်၌
မြတ်မွန်တရား ဟောကြားနေရာ
ရှေးရှုကာဖြင့် ကြွလာကြသော်
စိန္တေယျော်သည် မြင်တော်မူက
"ကောလိတနှင့် တိဿအဆွေ
လာကြချေပြီ မသေ့နှစ်ပါး
ဤသူများကား ချစ်သားတမြတ်
ဖြစ်တုံလတ်၍ တတ်သိပညာ
ဘုန်းရှိန်ဝါနှင့် တေဇာလျှံဖြိုး
တန်ခိုးကြီးမား လွန်ထင်ရှားလိမ့်
ဘုရားပရမေ ဟောမိန့်လေ၏"
အဆွေနှစ်ဖော် ထေရ်ရှင်မော်တို့
ရောက်တော်မူကာ စောမြတ်စွာကို
နှိမ်ကာဦးတိုက် ကြည်နူးလိုက်လျက်
မကိုဋ်စိန္တေ တပည့်တွေအား
မြိုက်တရားကို ဟောကြားပါရန်
လျှောက်တောင်းပန်သော် ရင့်သန်ပါရမီ
အဟုန်ညီ၍ ဧဟိဘိက္ခု
☆ခေါ်တော်မူလျှင် ရှစ်ဆူပရိက္ခရာ
ပြည့်စုံကာဖြင့် ဖြစ်လာရဟန်း

ဆင်သက်နန်းနှင့် ရှင်လန်းကြည်ဖြူ
စံတော်မူသည် နှစ်ဆူရဟန်းတော်
ထေရ်မြတ်ကျော်

[၈၅]

တိဿမော်နှင့် အကျော်ကောလိ
ဆုပန်ရှိတို့ မြတ်ဘိဓမ္မ
သာဝကစံ ပရိကံကို
ကျင့်ကြံပါရမီ အညီလိုငြား
အကြောင်းများကြောင့် နှစ်ပါးရှင်တော်
ရှေးသော်ခါက ရရှိကြသည့်
သောတာ့ပန်သာ တည်ရှိကာရှင့်
များစွာပရဗိုဇ် ကြုံကြိုက်ဗုဒ္ဓော်
ဟေိခေါက တည်သော်ရဟန္တာ
ဖြစ်လေကာတည့် ထိုခါကောလိ
ကျင့်ဘိကမ္မဋ္ဌာန်း စီးဖြန်းသတ္တာ
ခုနစ်ရက်ကြာတွင် မြတ်စွာမှန်ကူ
သယမ္ဘူသည် ဓာတုကမ္မဋ္ဌာန်း
စီးဖြန်းသော့ဟူ ဟောတော်မူက
ကြားနာရလျှင် သုံးအင်ဉာဏ်တော်
ရင့်သန်သော်ကြောင့် ရှင်တော်ရဟန္တာ
ဖြစ်လေကာတည့် တဖြာတူပင်

တိဿရှင်လည်း  အစဉ်မွေ့ပျော်
လိုဏ်ဂူတော်၌  ကျင့်သော်ဘာဝနာ
ပွားများကာဖြင့်  ရက်ကြာခါရောက်
လ,ခွဲမြောက်၍  ဘုန်းတောက်မြတ်ရှင်
ကြွရောက်လျှင်သော်  ဟောဆင်မိန့်ချွေ
ဝေဒနာပရိဂ္ဂဟ  လက္ခဏာသုတ်
မိန့်ထုတ်ဟောဖော်  နာကြားသော်ကြောင့်
ရှင်တော်တိဿ  မဂ်ဉာဏ်ရ၍
အရဟတ္တဖိုလ်ဝင်  ရဟန္တာပင်တည်း
မြတ်ရှင်ပရမေ  သုံးလူ့ဆွေသည်
ဝေဠုဝန်ကျောင်း  စမ္ပယ်ဌာနီဝါင်း၍
အပေါင်းသင်္ဃာ  ဘိတ်ခေါ်ကာဖြင့်
တူစွာစည်းဝေး  ရှေးရှေးဘဝ
ဆုပန်ကြသည်  တိဿအရှင်
မှတ်တမ်းဝင်ကို  ဘွဲ့တင်သာရိပုတြာ
မဟာအဂ္ဂ  သာဝကနှင့်
ဓမ္မသေနာပတိ  ရံဘိလကျာ
ထားပြီးကာရှင့်  တူစွာသော့ပင်
အရှင်ကောလိ  မည်ရှိတဖန်
မောဂ္ဂလာန်ဟု  ဘွဲ့ပြုတော်မူ
ဆုရည်တူသား  တဆူအဂ္ဂ
သာဝကအရာ  လက်ဝဲမှာ၌

ထားကာဗုဒ္ဓေါ် စံသုံးပျော်သည်
နှောင်တော်နှောင်တော်
ပေါ်လာတည်း။

[၇၆]

## မြတ်စွာဘုရား ရာဇဂြိုဟ်မှ ကပိလ ကြွတော်မူခန်း

ပင့်လျှောက်ပါချေ မိန့်တော်ချွေသား
မွေးဘသုဒ္ဓေါ် ခမည်းတော်သည်
သားတော်သိဒ္ဓ ကပိလမှ
ထွက်ကြွ၍သော် ခြောက်နှစ်ကျော်၍
မွေ့ပျော်နဂိုရ် ရာဇဂြိုဟ်၌
☆မှီခိုစံဖြောင်း သာဘွယ်ကောင်းသည့်
ရွှေကျောင်းသာလွန် ဝေဠုဝန်တွင်
မြတ်မွန်ရတနာ သားဘုန်းလျှာသည်
စံကာနေငြား မြတ်တရားကို
ဟောကြားမသွေ ကြားသိလေက
သည်းကြွေလုလု သားရွှေဥကို
လွမ်းမှုဗျာပို ဖူးမြင်လိုရှင့်

ထိုထိုပူမ်း ဒုက္ခကြီး၍
ထီးဖြူဘုရင် နန်းပလ္လင်ဝယ်
များဖြင့်မှူးမတ် တိုင်ပင်လတ်၍
သားမြတ်စံရာ အောင်ချာနဂိုရ်
ရာဇဂြိုဟ်သို့ အကြိုအထောက်
စေလွှတ်လျှောက်ရှင့် တယောက်ဦးဆောင်
တထောင်နှောက်လိုက် ခြံရံလိုက်လျက်
လွှတ်လိုက်ကိုးခေါက် ကိုးထောင်မြောက်ရှင့်
တယောက်သော်လင့် ပြန်ချိန်သင့်လည်း
နှေးဖင့်ရက်ကြာ ပြန်မလာသည်
မှေးလျှာဘခင်
စိတ်တော်ငင်။

[၈၄]

မှေးလျှာဘုရင် စိတ်တော်ရှင်ဘဲ
ပူပင်သောက လွမ်းနာစ,ဖြင့်
တသ,မဆုံး သည်းအူချုံးမျှ
နှလုံးမကြည် သားသက်လည်ကြောင့်
မျက်ရည်တွေစီး လွမ်းနားကြီးသား
ထပ်ပြီး၍သော် ပညာကျော်သည့်
ဖွားဘော်ကာဠု တမန်ပို့၍
မျက်ရှုသားတော် ပင့်စေသော်က

လျှော်ကန်လှမည် စိတ်ကြံရည်၍
နှုတ်ခြည်ယဉ်နု မတ်ကာငှူကို
ခေါ်ပြုပြီးလတ် မိန့်တော်မှတ်သည်
အမတ်မဟော်
ဘွားဘက်တော်။

[၈၈]

အမတ်မဟော် ကာငှူဒေါ် သားတော်စံရာ
အောင်ချာဗဟို ရာဇဂြိုဟ်သို့
ဗိုလ်ခြေတဆောင် နောက်ပါဆောင်၍
ဘုန်းခေါင်စိန္တေ သားသက်ဝေကို
ပင့်ချေပါလော့ နန်းကြော့ဘုရင်
ငါ့အရှင်လည်း လွှမ်းပင်လွှမ်းနာ
ပူဗျာပါနှင့် ဇရာဖိစီး
သေချိန်နီးပေါ့ အတီးရှေက
သားသိဒ္ဓသည် ဖွားစမှာပင်
မိခင်မာယာ ကွယ်လွန်ရှာ၍
ထိုခါဂေါတမီ ရင်၌ချီလျက်
နို့ဆိနို့မြိုက် ကျွေးကာတိုက်ပြီး
ပွေ့ပိုက်၍သာ ကြီးပြင်းလာခဲ့
သက်လျာရွှေစင် ဟိုငယ်စဉ်က
ဗေဒင်ကဝိ ပညာရှိတို့

ဟောဘိမသွေ့ သားလှုရွှေကို
စိန္တေဘုရား ဖြစ်လိမ့်ငြားဟု
ဟောကြားထုတ်ဖော် သားလူမော်သည်
မပျော်ရွှေနန်း မလန်းစိတ်တွင်
တောသို့ဝင်၍ ဆင်ကာသင်္ကန်း
ရဟန်းဖြစ်မည် ဟောလေသည်ကြောင့်
မကြည်စိတ်ညှိုး မိတဆိုးမို့
တိုးလို့မေတ္တာ ကရုဏာဆင့်
ပန်းနွယ်ပွင့်ခဲ့ မျှော်ချင့်၍ဝယ်
ဆယ့်ခြောက်ရွယ်၌ မောင်လယ်နှမ
မျိုးချင်းမျှ၍ ဘဒ္ဒကစ္စနာ
ယသော်ဓရာကို ဟောင်ညာအပ်နှင်း
နန်းဘုံတွင်း၌ ပျော်ခြင်းမင်္ဂလာ
ပြည့်စုံကာဖြင့် နန်းလျာကိုမင်
သံယောဇဉ်ဖြစ် ချည်နှောင်ရစ်လိမ့်
တွေးဖိမ့်ဖိမ့်မော စိုးရိမ်သောကြောင့်
သုဒ္ဓောဒါရှင် သောကဝင်ခဲ့
မကြင်ပါလတ် မင်းသိဒ္ဓတ်သည်
မြတ်လှုသည်းချာ ရာဟုလာကို
ဖွားကာပြီးမြောက် သန်ကောင်လောက်၌
နောက်လိုက်အဖော် ငယ်ကျွန်ခေါ်၍
ထွက်တော်မူပေ ဥရုဝေတွင်
စံနေပြီးကာ ခြောက်နှစ်ကြာလစ်

ဘုရားဖြစ်၍ ဝန်းရစ်တောင်ညို
ရာဇဂြိုဟ်၌ မှီခိုနေငြား
သားဘုရားကို သွား၍သော်ခု
ပင့်လျှောက်ပြုလော့ ကာဠုမြတ်တော်
ဘွားဘက်တော်။ ဘတော်ဘုရင်
ငါ့အရှင်လည်း နေ့စဉ်ဆက်မျှ
လွမ်းပါရမျှော် တလျက်သော်ပေ
မျှော်မိလေ၏ မသွေတူညီ
ရှိ ☆ ဂေါတမိနှင့် သိင်္ဂါကဍ္ဍနှ
ရာဟုလတို့ လွမ်းတရက်ရှည်
မျက်ရည်လည်လျက် မကြည်မသက်
လွမ်းရေးယှက်၍ ဆက်ဆက်သော်လင့်
နွေးမဖင့်ဘဲ ပင့်လျှောက်ပါချေ
စေခိုင်းလေသည် မွေးတော်သုဒ္ဓေါ
မျက်ရည်နှော။

[၇၉]

ချင့်တောက်ခါပေ ချိန်သင့်လေသား
မိန့်ချေသခင် နားတော်ဆင်၍
ဘုရင်သုဒ္ဓေါ မြတ်မင်းစောကို

ခွင့်ဆိုပန်ကြွား  အရှင့်သား၏
ထံပါးရောက်လျှင်  သားသခင်က
ဆင်ပါသကိန်း  ဝတ်ဆင်မြန်းဟု
မိန့်တော်ပြုက  ကာဠုငယ်အေ့
ဝတ်ပါရစေဟု  ခွင့်တောင်းပြုလျှင်
ဘုရင်သုဒ္ဓေါ  ရှင်ပျော်မျက်နှာ
သားသက်လျာကို  သဝိသာအောင်ပင့်
ပြန်ရောက်လင့်က  သင့်၏ဆန္ဒ
ဖြစ်ရမည်ဟု  ခွင့်တော်ပြုက
ကာဠုဒါယီ  တိုင်းဌာနီမှ
ကြွချီတထောင်  ဗိုလ်ခြံအောင်၍
ဘုန်းခေါင်စိန္တေ  စံပျော်နေသည့်
ဝေဠုကျောင်းတော်  မှန်းရည်ရော်၍
ချီသော်မြိုင်တန်း  ဟေဝန်နန်းမှ
ဖြတ်သန်း၍ကာ  ထွက်ခွာလာတည့်
၁၁၁၇ ☆ဟေမာရဂုံ  သင်းပျံ့ထုံလျက်
ပန်းစုံပွင့်ဖူး  မြောက်လေမူးသား
တင့်ထူးသာမော  လှမ်းဘွယ်နှော၍
မြိုင်တောမဟီ  နှင်းငွေရီလျက်
ရာသီကုန်ဆောင်း  နွေတပေါင်းသို့
ပြောင်းကာလုလု  ခါရာတုသော်
ကာဠုဒါယီ  ခြယ်မမှီသည့်

ပန်းခရီတောကား　အလှများကို
ဝင်စားကြည့်မွေ့　မနေ့ာတွေ့လျက်
ဘုန်းဟော့မြတ်စွာ　တောလုံးသာကို
လျှောက်ကာတင်မည်　စိတ်ကြံရည်သည်
ပွင့်စည်ရဂုံ
မွေးပျံ့ထုံ။

[၉၀]

စိန္တေမြတ်ဘုရား　စံပျော်ငြားသည့်
ခန့်ကြွားသာလွန်　ဝေဠုဝန်သို့
မြတ်မွန်တရား　ဟောကြားနေခိုက်
ဖော်တသိုက်တို့　ကြုံကြိုက်ရောက်လာ
တရားနာလျက်　မြတ်စွာဘုန်းယို
ဉာဏ်ဖြာသိ၍　ဟော်ဘိကျွှ
သံလွှင်ပြုက　ကာဠုဒါယီ
နောက်ပါညီတို့　ကိုယ်စီကိုယ်ငှ
မဂ်ဖိုရလျက်　ဖြစ်ကြရဟန္တာ
အားလုံးပါတည့်　ကာဠုထေရ်တော်
ခမည်းတော်၏　စေသော်ကိစ္စ
မြတ်ဗုဒ္ဓကို　လျှောက်သချိန်ခါ
စောင့်မျှော်ကာဖြင့်　ပညာသတိ
နိုင်းချိန်ဘိရှင့်　ရောက်ရှိသတ္တ

ရက်မျှကြာသော် ကာဠုမော်သည်
ချိန်တော်ခါကောင်း ဂိမှာန်ပြောင်းစ
တပေါင်းလဝယ် သင်္ဃ့လယ်၌ *(uncertain)*
စံပယ်နေပြား မြတ်ဘုရားအား
ဝပ်တွားရိုကျိုး လက်စုံမိုးကာ
ရှိခိုးပြီးမှ မြတ်ဗုဒ္ဓအား
ဘတော်မှာကြား ဆိုစကားကို
လျှောက်ထားပါရစေ ခွင့်ပန်လေသည်
စိန္တေဗုဒ္ဓ နှုတ်မျှတိတ်တိတ်
ဆိတ်ဆိတ်တည်း။

[၉၁]

အရှင်ကာဠု ပဏ္ဍာပြု၍ *(uncertain)*
နှုတ်မှုကြွယ်ကြွယ် လင်္ကာခြယ်လျက်
ခြောက်ဆယ်ဂါထာ ဆင်တန်ဆာဖြင့်
သီကာဖွဲ့စီ လျှောက်တင်ချီရှင့်
ရာသီမိန်ပြောင်း လတပေါင်းဝယ်
သာပေါင်းဝန်းခ တင့်မောလှသည့်
ရွှေမြခါနွေ နှင်းမှုန်ချွေသား
ဆောင်းလေတုံ့လူး ဂိမှာန်ဦးလျှင်
ပျော်မွှုံးသာစွ မြိုင်ဟောမတွင်

ပန်းမျှားအစုံ ရာသီကြုံလျက်
ဖူးငုံတင့်ဆန်း ရာသီပန်းတို့
ပွင့်လန်းဝေဆာ တောလုံးဖြာ၍
ချိန်ခါသာမော လွမ်းဘွယ်နှောရှင့်
တောကြီးရဂုံ မွှေးပျံ့ထုံလျက်
၃၂၀၀ ☆ ပင်စုံကိုင်းခက် ညွန့်ဖျားဆက်၍
ယှက်ကာအရိပ် ထပ်မသိပ်ဘဲ
မစိပ်မကျဲ ပန်းမှုန်ကြဲသို့
ယိုတွဲနေပြောက် ဖြာဖြာတောက်သည်
တလျှောက်လုံးပင် ကြည်လင်၍
သာပင်သာဆန်း မြိုင်တောတန်းမှ
ရွှေနန်းအောင်မြေ ချက်တော်ကြွေသည့်
ရွှေပြည်ဌာန ကပိလသို့
မြန်းကြွဇေနေ ချိန်သင့်ပေ၍
ကြွလေခါကောင်း လျှောက်ပန်တောင်းသည်
ဆောင်းကုန်နွေကူး
ဂိမှာန်ဦး။

[၉၂]

ဆောင်းကုန်နွေကူး ဂိမှာန်ဦးလျှင်
ပွင့်ဖူးစီခြောင်း သာဘွယ်ကောင်းသား

တကြောင်းထို့ပြင်　မွေးဘခင်လည်း
ရွယ်ပင်ကြီးလာ　လွမ်းမောကာဖြင့်
ဗျာပါပူမီး　ရှိန်ရှိန်ငြိုး၍
သားကြီးဗုဒ္ဓ　မြတ်ဇိနကို
တမ်းတနေ့စဉ်　ဖူးတွေ့ချင်၏
ကြင်နာတရေး　နို့ချိုကျွေးသည့်
မိထွေးဂေါတမီ　ဒေဝီမိမင်း
ဆန္ဒပြင်းသား　သားရင်းဗုဒ္ဓေ
သုံးလူ့ဆွေကို　ဖူးပေလိုလှ
နေ့စဉ်တ၏　တကွတူပင်
ဖော်လေးဝင်သည့်　ညာတင်ကြင်ဖော်
မယ်ယသော်နှင့်　သားဘော်ရာဟု
ဆွေးဗျာထုဖြင့်　လွမ်းမှုကဲပို
တငိုငိုလျှင်　တ,ဆိုယောင်ရမ်း
လာမည့်လမ်းကို　လွမ်းတ၍သော်
တမျှော်မျှော်တည့်　ဆွေတော်မျိုးပေါင်း
ဖူးလိုကြောင်းကြောင့်　ချိန်ကောင်းသာလှ
နွေဦးစလျှင်　ပြည်လှရောင်ရွှေ
ချက်တော်ကြွေသည့်　မွေးဖေနဂရ
ကပိလသို့　မြန်းကြွစေလို
လျှောက်ပန်ဆိုသား　ထိုထိုမျိုးဆွေ
များဝေနေကို　ညာပေသမှု

မေတ္တာရှေ၍ ကာဠုဖွားဘက်
လျှောက်တင်ချက်ကို ဝိလျက်သော်လင့်
ချိန်ခါသင့်၍ ပင့်လျှောက်ဦးချီ
လက်ာသီသည် သာကီနွယ်ဘွား
မြတ်ဘုရား။

[၆၃]

လျှောက်ထားကာဠု တောင်းပန်မှုကို
သုံးလူ့ရှင်မြတ် တည်ငြိမ်လတ်၍
လျှောက်ပတ်ဆိတ်ဆိတ် တိတ်တိတ်နေလျှင်
ရဟန်းရှင်တို့ အံ့ပင်တသြ
ရှင်သာမောကြ အပြောကြွယ်ပေ
ကာဠုထေရ်၏ ဝေဝေဖြာတောက်
ဂုဏ်ရည်မြောက်သည့် တင်လျှောက်လင်္ကာ
ချိုနွားသာ၍ ဇောဖြာပီတိ
ရွှမ်းရွှမ်းအိရှင့် မနိုမြတ်စွာ
ထိုရောခါ၌ စံရာဌာနေ
ချက်တော်ကြွေသည့် မွေးဖေရှိရာ
၁၀၃၄ ☆ ပြည်အောင်ချာသို့ ပြန်ကာကြွမည်
မိန့်သံစည်သည် ရှင်ကြည်အားလုံး
ပီတိဖုံး။

[၉၄]

ရင့်ဖောက်ညှာကြွေ ဖူးညွန့်ဝေသား
ခါနွေမိန်ပြောင်း သဘာ့ယ်ကောင်းသည့်
တပေါင်းပြည့်ကျော် တရက်သော်၌
ရှင်တော်မြတ်စွာ ကျောင်းတကာရင်း
ပိမ္ဗိမင်းအား ကြောင်းရင်းဖုံဖုံ
အလုံးစုံကို စေ့ငုံကြားပြီး
ကျောင်းကြီးသာလွန် ဝေဠုဝန်မှ
ထေရ်မွန်သဃ်ာ နှစ်သောင်းပါလျက်
ရောင်ဖြာထိန်လင်း နံနက်ခင်းတွင်
သနင်းစိန္တေ စောဇိနေသည်
ရံခြွေသဃ်ာ နောက်မှပါလျက်
ရွှေဝါရောင်လွှမ်း သာသည့်လမ်းမှ
အလှမ်းယူဇနာ ခြောက်ဆယ်ကွာရှိ
ဝေးကွာဘိသည့် ကပိလမြေ
တိုင်းဌာနေသို့ လှမ်းချီထွက်ခွာ
ရွှေ့ရွှေ့ကွာခဲ့ မေ့စွာနှင့်ဂုဏ်ရှိ
ရာဇဂြိုဟ်လည်း ပြည်သိုရီဝေ
ဆီးနှင်းထွေလျက် မြူခြေမှိုင်းသ
မမြင်ရရှင့် တစစပင်
တောသို့ဝင်ခဲ့ မြိုင်ခွင်သာမော

ရဂုံကြော်ဝယ် ရှင်စောဗုဒ္ဓ
လှမ်းချီကြွ၍ သာလှပင်ထက်
၁၃၅၀ ☆ ကိုင်းညွန့်ဆက်ကာ တခက်တခို
ရွက်ဆက်လျှိုသည် ရိပ်ချိုနေပြောက်
မြရည်တောက်သား တထောက်နားကာ
တယူဇနာဖြင့် နေ့တာဆမှန်း
ကြွချီမြန်းသည် ပန်းမျှားရဂုံ
ဖူးပွင့်စုံ။

[၆၅]

ပန်းမျှားရဂုံ ဖူးပွင့်စုံသား
သင်းထုံပျံ့လူး ရနံ့ကူးလျက်
နွေဦးဂိမှာန် ဆောင်းကြွင်းကျန်၍
လေလှန်တို့ပြောင်း လတပေါင်းလျှင်
ရွက်ဟောင်းရင့်ယော် ရွက်သစ်မျှော်ကာ
ကြွေသော်လုလု ရွက်ဝါစုတို
ငွေ့ဥစီတွဲ နှင်းရည်ရွှဲသား
မကျဲမကပ် ပင်ခြေရပ်ဝယ်
မလှုပ်နေပူ တော်မူရှင့်
သုံးလူ့ပရမေ ပေါင်းပါထေရ်တို့
ဝိဓေဝကရသာ ခံစားကာဖြင့်
ဝနာမြိုင်တန်း သေလာနန်းတွင်

ရွှင်လန်းပီတိ မွေ့ဘွယ်ရှိ၍
ကြွေဘိရွက်ကျင် မြေအပြင်သို့
လေယာဉ်လျောစီး ရသေ့ကြီးတို့
ဈာန်မှီးသည့်နှယ် ချာချာလယ်၍
ပင်ဝယ်ထက်မှ သက်လျောကျရှင့်
သာလှုမြိုင်ဘွေ ရွက်ဝါကြွေသည်
ညှာခြေရိုးဆစ် ဖူးပုရစ်တို့
အသစ်ထိုးဖောက် ထပ်၍ပေါက်ရှင့်
တလျှောက်လုံးပင် တန်ဆာဆင်သို့
ဝေလွှစ်နွေပန်း ရဂုံနန်းဥ
ပွင့်လန်းရောယှက် ဘောလုံးဆက်တည့်
ပင်ထက်ပေါ်မှ လျှောကျပြေပြေ
တွဲခိုနေသည့် ခိုင်ရွှေညှာဆန်း
ဖူးပွင့်လန်း၍ ပန်းများနွယ်ပျို
လက်တိုတလည် လက်တံရှည်နှင့်
ရွှေရည်ငွေရည် မြရည်တွေးတွေး
ရောင်စုံပြေးသား မြလေးစမွှယ်
လှုမျိုးချယ်တို့ ဘယ်ညာလူးလွန့်
လေကွန့်ကာချီ ယိုလေးယိမ်း၍
စိမ်းနီပြာထွေး ရန့်မွှေးသား
လေသွေးရောလှိုင် တောလုံးကြိုင်လျက်
အဆိုင်အဆိုင် အခိုင်ခိုင်တို့
အပြိုင်အပြိုင် ယိမ်းနွဲ့ယိုင်၍

ညွှာခိုင်ညွှတ်နူး စိန္တေဦးကို
ဖူးတွေ့ပဏာ ကန်တော့လာသည်
ဒေဝါနတ်များ
ကြည်ညိုပွား။

[၉၆]

သာမောရဂုံ သားပေါင်းစုံသား
တွေ့ဆုံမြူးကြွ များဖို့မတို
ဗုဒ္ဓရှင်ချစ် မေတ္တာစစ်ကို
ခံလစ်သော့ဟူ နှစ်ကြည်ဖြူ၍
ရန်မူချင်းချင်း သားကောင်ချင်းတို့
အလျင်းမရှိ ငြိမ်းချမ်းဘိရှင့်
မုနိဘုန်းတော် ကြွလာသော်က
၁၄၅၀☆ပူဇော်မပျက် ဦးနှိမ်လျက်ဖြင့်
နှစ်ဘက်ခေါင့်ကြို ဝမ်းသာပိုလှ
သိဆိုငြိမ့်ညောင်း ရှေ့ဥဒေါင်းသို့
ခေါင်းမော့ဆတ်ဆတ် ပြတ်ပြတ်ကော့ချီ
ခြေဟန်ချီလျက် က,ချီကြွချီ
သံညီဟစ်ကြော် မ,ဖိုခေါ်ကြ
ပျော်စွဖိုးခေါင် မယ်မောင်ညီညွ
တော်ချင်းနွှော၍ တောလုံးသံချီ
တေးဖွဲ့ဆိုလျက် ခွဲ့ပိုပြည့်စိုး

ဇီဝဇိုစ်းနှင့်  ရွှေချိုးဆက်ရက်
တောကြက်သာရကာ  ရွှေဟင်္သာတို့
မာဂဓာနှော  ခွန့်တုံ့ပြောကြ
သာမောဘွယ်စုံ  ခါနွေကြုံလည်း
ရဂုံမြိုင်တွင်း  ပျံ့ပျံ့သင်း၍
ဆီးနှင်းကထွေ  မြူကဝေလျက်
လေပြေကထောက်  ဖူးညွန့်ပေါက်တို့
ပြောက်ပြောက်ယှက်ဖြာ  နေရောင်ကာသို့
သာသာရွှရွှ  ပူမျှ၏
တလျှောက်လုံးပင်  ထေရ်အရှင်တို့
မပင်မပန်း  ကြည်လန်းလျက်
နန်းဝါရဂုံ  သာဆန်းပုံကို
အာရုံစူးစိုက်  မနောပိုက်လျက်
နှစ်ခြိုက်ပီတိ  ရွှမ်းရွှမ်းအိရှင့်
စံရှိကျောင်းတော်  ထိုခါသော်က
ထေရ်မော်ကာဋ္ဌု  လျှောက်တင်ပြုသည်
ရတုဂိမ္ဟ  တောတောင်မြေ၏
ရှုလေဆန်းဆန်း  လင်္ကာပန်းကို
စီတန်းမှန်းချယ်  နှုတ်ရေးကြွယ်ကာ
သွယ်သွယ်ဝဝ  မြွတ်ဗုဒ္ဓကို
လျှောက်စ,ကလျှင်  မနောရွှင်၍
ကြည်လင်သာမော  ရဂုံတောကို
စိတ်စောလျက်သာ  တွေ့လိုပါတည့်

ခုမှာသော့ဝယ် တောလယ်သာခေါင်
ဝနာချောင်သို့ ဘုန်းခေါင်တွင်ဖျား
မြတ်ဘုရားနှင့် ကြွသွားအတူ
မြင်တော်မူရ သဘာဝ၏
သာလှတင့်တယ် ရှုချင်ဘွယ်သည်
ဘယ်ဝယ်ပန်းချီ စံမဟို၍
ကြချီတလျောက် ခရီးရောက်ခဲ့
ခြောက်ဆယ်ယူဇနာ လှမ်းဝေးကွာသည့်
အောင်ချာနန်းရွှေ မွေးဌာနေသို့
လှမ်းချေရက်တာ နှစ်လကြာ၍
စံရာပြည်မ ကပိလကို
ဝေးကသော်ပင် ရေးရေးမြင်၏
သော်ရှင်အပေါင်း နှစ်သောင်းအားရ
ကြည်မောကြ၏ ကပိလရွှေ
တိုင်းဌာနေသို့ စိနွေဗုဒ္ဓ
အတုလသည် ကဆုန်လပြည့်
ကျော်သည့်တရက် ညဘက်ဆည်းဆာ
ထက်အာကာမှ စန္ဒာလမင်း
၁၃၃၀ ☆ထိန်ထိန်လင်းသော် သနင်းစိန္တေ
နောက်ပါထေရ်တို့ မွေးဘေစံရာ
နန်းအောင်ချာသို့ ရောက်လာကြသော်
သောင်းလုံးကျော်သည် ပြည်မော်သာလှ
မွေးဌာန။

တင့်မြောက်ခါပေ ဝင့်တောက်လေသား
ရုံခြွေသည်ဿာ နှစ်သောင်းပါလျက်
အောင်ချာနန်းမြေ ကပိရွှေသို့
ရောက်လေကြလျှင် မွေးဘခင်နှင့်
ဆွေစဉ်မျိုးပေါင်း သောင်းသောင်းပြည်သူ
များဗိုလ်လူတို့ ကြည်ဖြူအားရ
ကြိုဆိုကြ၍ မဆွကသော်
ခမည်းတော်သည် မြို့တော်အဝင်
ဥယျာဉ်တော်လှ နိဂြောခဉ်
ဗုဒ္ဓစံဘွယ် ရတနာခြယ်သည့်
ဆောင်လယ်ပြာသာဒ် ကျောင်းတော်မြတ်ကို
ဆောက်လတ်သော်ပြီး ခန့်ထယ်ကြီးသား
အံ့ချီးဘနန်း ကျောင်းတော်နန်းကို
ဆန်းဆန်းကွန့်ကွန့် ခိုင်ပန်းညွန့်နှင့်
ပန်းတွန့်ပန်းနွယ် ပန်းသွယ်ပန်းပေါက်
ပန်းတောက်ပန်းညှာ ရွက်ဖြာရိုးလူး
ကြွ၍မြူးသား ကျောင်းဦးမုခ်ပြင်
မထွာပ်ဆင်၍ ဖြူစင်သလဲ
ဖျန်းကြဲလမ်းတာ ရာဇမတ်ကာ၍
ညီညာစီတန်း မြရောင်သန်းလျက်
☆အုန်းပန်းငှက်ပျော စိုက်ထူသောဖြင့်
ရောနှောကုက္ကား မုလေးပွားရှင့်
အများပြည်သူ ဝိုင်းဝန်းကူလျက်

ဆောင်တူမကျော် ကျောင်းဇရပ်နှင့်
မလပ်လမ်းတွင် ရောင်စုံလွင်လျက်
တပ်ဆင်မီးရောင် ငြိုးငြိုးပြောင်၍
မိုးခေါင်ထွတ်ဖျား ဝင့်ဝင့်ကြွား၏
အလားတူစွာ ထက်အာကာမှ
သော်တာစန္ဒ ကြယ်ပေါင်းခ,၍
သာလှမြိုင်မြိုင် ထက်အောက်ဆိုင်လျက်
ယှဉ်ပြိုင်သောဟူ မြတ်သုံးလူကို
ပူဇော်ခ,လျှင်း ထိန်ထိန်လင်းသည်
မင်းမင်းမြတ်စွာ
ကြွချီလာ။

[၉၇]

သုံးလူ့မြတ်စွာ ထေရ်သံဃာနှင့်
ဝေဖြာထိန်တောက် လ,ရောင်အောက်တွင်
ကြွရောက်လာလျှင် မုခ်ဦးပြင်ဝယ်
ဘခင်သုဒ္ဓေါ စိတ်မှာစောကာ
ဇောဟုန်ဖိုကြွ ရင်ကိုမ,လျက်
သားလှရွှေကြော့ တွေ့လိုပေါ့ရှင့်
အားပျော့လေကာ ဇရာဒုဗ္ဗလ
တွေ့ကြုံရပေ ကြောရေတွန့်ဆိုင်း
ခါးလည်းကိုင်း၍ နားထိုင်းရီထွေ

မျက်စိဝေရှင့်　စိန္တေဘုန်းတော်
ကြွသော်တလျှောက်　အနားရောက်လတ်
မင်းမြတ်ဘုရင်　သားတော်ရှင်ကို
ဖူးမြင်လို့ငှာ　ဇောဝေဖြာပြီး
မျက်လွှာကိုပင့်　ဖူးရေဆင့်လျက်
မြှော်လင့်ကြီးစွာ　လက်ကိုကာ၍
ဝင်းဖြာတောက်ပြောင်　အားကုန်ဆောင်ပြီး
မျက်တောင်မယှက်　စေ့ငုထက်ဝိုက်
မနောပိုက်၍　စူးစိုက်ကြည့်မိ
ပြုံးရောင်ရှိလည်း　မချိသည်းပွတ်
သတိလွှတ်လျက်　ဝတ်စားအသွင်
ပြင်ပြင်မှုခြား　သားဘုရားကို
ရှုငြား၍သာ　မျက်ရည်ဖြာဝဲ
ကျမစဲဘဲ　အားခဲ၍ပေ
စိတ်တော်ဖြေရှင့်　မွေးဘေဘုရင်
သားတော်ရှင်၏　လိုအင်ဆန္ဒ
ပြုသမျှကို　မတားလိုပေ
အားလျော့လေ၏　မွေးဘေခမည်း
ကြွေ့ကြွေ့သည်းသား　ဝမ်းနည်းဝမ်းသာ
ထိုနှစ်ဖြာတွင်　ဝမ်းသာပိုကဲ
သားလက်ဆွဲလျက်　အားခဲကျစ်လစ်
ဖျစ်ညှစ်ကိုင်ထား　သားဘုရားကို
မေးဖျားအထိ　စေ့ဘိသချာ

ကြည့်ရှုကာဖြင့်　နှစ်ဖြာလက်စုံ
ယှက်သွယ်ငုံ၍　တုန်တုန်ချီချီ
သားရွှေအိုကို　ထိတွေ့မျက်နှာ
ပီတိဖြာသန်း　မွေ့ကြည်လန်းသား
ခေါင်ပန်းစိတ္တေ　တည်ငြိမ်ပေလျက်
မွေးဘေဆန္ဒ　ပြုသမျှကို
အားရစေကာ　သည်းခံရှာသည်
☆ရာဇာဘခင်　လွမ်းမောဆင်၍
စီးသွင်မျက်ရည်
တွေတွေလည်း။

[၉၇]

ရာဇာဘခင်　ပြုသည့်အင်ကို
ဗုဒ္ဓင်မြတ်စွာ　သည်းခံကာတည့်
စံရာဌာနေ　ကပိရွှေတွင်
မျိုးဆွေညာတိ　မာနရှိကြ
ကြီးဘိသက်ရွယ်　နောက်သို့ဖယ်၍
သက်ငယ်တို့လျှင်　ရှေ့သို့တင်ကာ
မာန်ဝင်သာကီ　မျိုးဂုဏ်မှို၍
မထီသဘော　ဆိုတင်းပြောကြ
ချို့ကကြီးသူ　ချို့မှူဦးရီး
အသီးသီးတို့　သက်ကြီးကဝယ်

အသက်ငယ်ကို   ဘယ့်နှယ်ညွတ်ကျိုး
ရှိခိုးနိုင်အံ့   သတင်းပျံ့ကျော်
ကြားသိသော်လျှင်   မလျော်လေစွ
မျိုးမာနကို   ကျိုးကျစေရန်
စိတ်ရည်သန်၍   မဂ်စျာန်ဝင်စား
ကောင်းကင်ဖျားသို့   ကြွသွားပြီးကာ
မိုးရေဖြာသည့်   ပြာဋိတန်ခိုး
မိုးပြည့်ဖိုးသား   ခြောက်မျိုးရောင်ခြည်
ကွန့်လည်ဖြာယှက်   ရောင်စုံထွက်၍
ရွှေစက်ဘွေမှု   ချွေကျရောင်ဝေ
ကြွဘိလေလား   အံ့တအားကို
အများမြင်လျှင်   သာမောရှင်လျက်
ဘခင်သုဒ္ဓေါ်   ဦးချသော်၍
ရှယ်တော်ဘွားစ   ဒေဝီလ၏
ဦးစထိပ်ပြင်   ရွှေစက်တင်က
ပဌမကြိမ်   ဦးနှိမ်ခဲ့ပြီ
တလီသော့နှယ်   ငယ်စဉ်ရှယ်၌
လယ်ထွန်မင်္ဂလာ   ပူသော်ခါဝယ်
ရွက်ဖြာသပြေ   ပင်ရင်းခြေ၌
သိပ်လေသည့်တွင်   သစ်ပင်ရိပ်ကွန်း
ထီးသို့ဝန်း၍   မယွန်းမရွေ့
ပြကာတော့သော်   ဖူးတွေ့မြင်ရ
ဒုတိယကြိမ်   ဦးနှိမ်ခဲ့ကြို

ယခုတုံလည်း ရောင်စုံပြာ၎ိ
ဖူးမြင့်ရိုက တတိယလျှင်
ဦးပန်ဆင်ဟု လျှောက်တင်သုဒ္ဓော်
ကြားသိသော်က ဆွေတော်မျိုးပေါင်း
ကြည်ညိုလျှောင်းသား ဦးခေါင်းထက်ပေါ်
လက်ယှက်သော်၍ ဖူးမျှော်လေကြ
အားမရသည် ခြောက်ဖြာ့ရောင်ခြည်
မောင်းညိုကြည်။

[၉၉]

## ဝေဿန္တရာဇာတ် ဟောခန်း

ထိုရောအခါ စိန္တေယျာသည်
ကြွလာဆင်းသက် ပလ္လင်ထက်၌
စံလျက်ဘွဲ့ခွေ နေတော်မူစဉ်
အာကာပြင်မှ လျှပ်ဆင်ရောင်တောက်
အုံ့ချီးလောက်သည့် ပေါက္ခရဝဿ
မိုးရွာချသော် များစွာ့ဆွေ့ပေါင်း
အုံ့ချီးငြောင်း၍ သောင်းသောင်းကြွေးကြော်
၀၀၄ ☆စွတ်လိုသော်မှ မိုးရေကျ၍

ဧမျှစိုစို  မစွတ်လိုက
ကိုယ်ပေါ်မရောက်  လိုတိုင်းမြောက်၍
အံ့လောက်ပေသား  မြတ်ဘုရား၏
ကြီးမားတေဇော်  ချိန်မတော်ဘဲ
မိုးသော်ရွာချ  အံ့ဩကြ၏
ထိုမျှစကား  နားတော်ကြားက
ဘုရားမြတ်စွာ  ထိုအခါ၌
မိန့်ကာညွှန်းပြ  ခုခါမှသာ
ရွာသည့်မဟူ  ထို့တူသော်ပင်
ဟိုယခင်က  ငါလျှင်သော့ပေ
နှစ်ကိုရေက  ကုဋေငါးဆယ်
စွန်းဝယ်ခွန်နှစ်  ကျော်လစ်ခြောက်သန်း
ဂဏန်းတွက်ရေ  ရှိခဲ့လေသည့်
ဝေဿန္တရာ  ဘဝမှာလျှင်
ရွာခဲ့ဘူးပြီ  မိန့်တော်သီက
သာကီဆွေပေါင်း  နာလိုကြောင်းဖြင့်
ခွင့်တောင်းပန်ဆင်  လျှောက်တင်လေက
မြတ်ဗုဒ္ဓသည်  နှုတ်ဟမိန့်ကြွေး
ရာ့လေးခုနှစ်  ထွန်းသစ်မာသ
ကဆုန်လပြည့်  ကျော်သည့်တရက်
ယွန်းလျက်သန်ကောင်  တိမ်မှောင်မြူကင်း
ထိန်ထိန်လင်း၍  လမင်းသော်တာ
သက်အာကာမှ  ဖြောကြည်မွေ့

ရှင်☆ အင်္ဂါနေ့ည သုံးမောင်းခသော်
ဇာတ်တော်မဟာ ဝေဿန္တရာကို
ဂါထာတထောင် အပြည့်ဆောင်လျက်
ဘုန်းခေါင်ပရမေ ဟောမိန့်ချေသည်
ဝေဿန္တရာ
ဇာတ်တော်လာ။

[၁၀၀]

## ဆွမ်းခံဝင်ခဏ်း

ပွင့်ရောက်သာသနေ ချိန်ကျလေသား
ဝေဿန္တရာ ဇာတ်မဟာကို
ဟောကာပြီးသော် မင်းသုဒ္ဓေါ်သည်
သားတော်ဘုန်းတောက် နံနက်မြောက်က
ကြွရောက်ရှိသော် ရွှေနန်းမော်သို့
ဆွမ်းတော်ဟာရ ဘုန်းပေးကြွမည်
စိတ်ကရည်လင့် ကြံစည်ချင့်၍
မပင့်မဖိတ် နှုတ်ဆိတ်လျက်ငြား
ပြန်ကာသွား၏ ဘုရားစိန္တေ
အရဏ်ဝေက ရွှေဥာဏ်ရှုပွား

နောင်တော်များသည်   ဘွားရာဒေသ
ပြည်ဌာနသို့   ပြန်ကြွလေလျှင်
မွေးဘခင်၏   ဖြူစင်ဆွမ်းတော်
နန်းအိမ်တော်၌   စားတော်မူသလော
မစားလောဟု   ဉာဏ်စောစိန္တေ
သိမြင်လေလျှင်   ထေရ်ရှင်ရဟန္တာ
နောက်တော်ပါကို   မိန့်ကာပြောကြား
ငါဘုရားသည်   များနှင့်သော်ပင်
ဆွမ်းခံဝင်မည်   မိန့်လေသည်တွင်
ရှင်ကြည်အားရ   ဝမ်းမြောက်ကြရှင့်
ထောက်ဆ၍သော်   ပြည်တော်သာလှ
☆ကပိလ၌   ရှိကြသော့ဟူ
တိုင်းသူပြည်သား   လူအများသည်
ဘုရားသာသနာ   လွန်ဝေးကွာ၍
စဉ်လာထုံးမူ   မပြုဘူးကြ
မြတ်ဗုဒ္ဓကို   အားရနှစ်လို
ချစ်ကြည်ညို၍   ကြိုဆိုကြလည်း
သွေးသည်းရင်းချာ   လေးစားကာဖြင့်
ကြီးစွာသံယော   ရှင်သာမောလျက်
သောသောနှယ်ထ   ကြိုဆိုကြလည်း
တဦးမျှပင်   ဗုဒ္ဓရှင်ကို
သောဇော်ကိစ္စ   မဖိတ်ကြဘဲ
မွေးဖကြင့်နန်း   ရွှေအိမ်နန်း၌

ကြွမြန်းရျပင် စားမည်ထင်၍
မတင်လျှောက်ကြ ကြောင်းရင်းမျှကို
သိကြရဟန်းတော် ကြံရည်ရော်၍
စောင့်မြှော်ငံ့လင့် အချိန်သင့်သည်
ချီးမြှင့်သာသနာ
ရည်ရွယ်ကာ။

[၁၀၁]

ထိုခါဗုဒ္ဓ နိဂြောဓမှ
လင်းစရောင်ခြည် ပေါ်ထွက်သည်နှင့်
ရွှေပြည်နဂရ ကပိလသို့
များလှသဿ နှစ်သောင်းပါလျက်
ကြွကာအစဉ် ဆွမ်းခံဝင်ရှင့်
များဖြင်သူငါ သောင်းသောင်းငြာလျက်
အုတ်အာကျက်ကျက် လက်ယှက်ဦးချီ
နှုတ်ဝစီဖြင့် ညီညီဖျဖျ
၃၉၁၀☆ပြောကြတီးတိုး ရှက်နိုးနိုးဖြင့်
အိုးတိုကိုမ ဆန်းလေစွတည်း
ဗုဒ္ဓရောင်ဝါ သာသနာလည်း
တခါဘူးမျှ တွေ့ဘူးကြ၍
အံ့ကြတညြ သောသောနှယ်ရှိ

ထူးဆန်းဘိကာ မိမိဆွမ်းဖြူ
လောင်းကာလှူ၏ သုံးလူစိန္တေ
ပရမေသည် နေသူရိန်မင်း
ရောင်ခြည်လင်းသို့ အဆင်းရောင်ရှိန်
တောက်ပြောင်ထိန်လျက် သူရိန်ဖြာသန်း
ရောင်ခြည်ဖျန်းရှင့် ကြွမြန်းတလျှောက်
နန်းရွှေရောက်သော် တမာန်တော်ဟောင်း
ဇနီးပေါင်းနှင့် ထောင်သောင်းသားသမီး
အသီးသီးတို့ ရောက်ပြီးလာကြ
သွားစကလျှင် ခုမှမြင်ရ
သွင်မလှဘဲ ဆင်သသကၠန်း
အမြင်ဆန်းသား ခက်ဏ်းစပ်ဖာထေး
ရောင်သွေးမလွင့် ဝါကျင့်ညိုလူး
ဦးလည်းပြည်းထ ခွက်ကိုမလျက်
တည်လှဂ္ဂန္ထေ ရင့်ကျက်လေတည့်
မျိုးဆွေမယား သမီးသားကို
လားလားမကြင် မခင်မင်ဘဲ
ပြင်ပြင်စိမ်းစိမ်း မမြင်တိမ်းကာ
☆ထိန်းသိမ်းဂ္ဂန္ထေ ကြီးဘိလေငြား
ဆွေမျိုးသားတို့ ဝပ်တွားဦးချ
ကြည်မောလှသည် လွမ်းတသလို
ဆွေးသလို။

[၁၀၂]

လွမ်းတသလို ဆွေးသလိုဖြင့်
ငိုယိုတမြော သောကာတလှဲ
ဖွဲ့ကာနွဲ့ကာ ဆူညံစွာနှင့်
သံစာနှောနှော တသောသောနှယ်
သံကျယ်ကျယ်ဖြင့် ပြောလွယ်ဆိုကြ
ထိုမျှခါဝယ် ဆောင်မြင့်လယ်မှ
ဘဒ္ဒကစ္စနာ ကြားသိကာဖြင့်
လှမ်းကာရှုမြှော် လမ်းလယ်ပေါ်၌
မောင်တော်ဗုဒ္ဓ သက်ကြင်မျှကို
ရှေ့မှပင်လျှင် မယ်ဖူးမြင်ရ
ရင်ဝဖိုလှိုက် သည်းတုန်ခိုက်၍
ဖြိုက်ဖြိုက်မျက်ရည် တွေတွေလည်လျက်
မဆည်ရက်နိုင် မယ့်သည်းဆိုင်သည်
မခိုင်ကြွေလု ဖြစ်သည့်မှုကြောင့်
ရင်ထုပြီးကာ လွမ်းစနာ၍
မညှာမကြင် တစိမ်းပြင်သို့
သွင်သွင်စိမ်းစိမ်း သူတစိမ်းလို
စိမ်းကားရက်စက် ပြုရက်လေခြင်း
သည်းအူချဉ်းမျှ ခံပြင်းထိခိုက်
သားတော်ပိုက်လျက် ဖြိုက်ဖြိုက်မျက်ရည်

တွေလည်စီးကျ   ရာဟုလာ့အား
ညွှန်းပြဆိုနှယ်   သားရွှေသွယ်ရဲ့
ဟိုဝယ်ကြည့်ပ   ရာဟုဘသည်
ရှေးကဆိုလျှင်   လ,နေသွင်သို့
မြင်းဆင်ဗိုလ်ခြေ   လိုက်ပါလေလျက်
ရံရွှေထမ်းဆောင်   ဆဒ္ဒန်ပြောင်သွင်
ရွှေထမ်းစင်နှင့်   အစဉ်မသွေ
သွားမြဲပေတည့်   ခုခြေမှာကား
တမူခြား၍   သား၏မွေးဘော
မြတ်စိန္တေတဲ့   ရှုလေပါစမ်း
မေ့သည်းကျွမ်းပေါ့   လမ်းတကာဝယ်
အိုးတိုလွယ်၍   ရှက်ဖွယ်တမျှ
မွေးဖေဘကို   ရှုပသားတော်
ညွှန်းပြသော်လျှင်း   မြတ်သနင်းအား
မယ်မင်းဖူးမျှော်   ရှုသော်ကြည့်လတ်
မဏိမြတ်မှ   ပြတ်ပြတ်သားသား
ခြေဖျားအထိ   ရွှမ်းအိအဆင်း
ရွှေရောင်လင်းသို့   ဝင်းဝင်းရောင်ရှိန်
တောက်ပြောင်ထိန်သား   စိန္တေဗုဒ္ဓ
အတုလကို   ဖူးရလေလျှင်
ယသော်ခင်သည်   အံ့ပင်တသြ
မြတ်ရှင်စောအား   လွှမ်းမောဆွတ်ဆွတ်

သာစွမွတ်၍ နူးညွတ်ကြည်ညို
လွမ်းဆွေးပိုသည် ကျယိုမျက်ရည်
တွေတွေလည်။

[၁၀၃]

ကျယိုမျက်ရည် တွေတွေလည်တည့်
၁၀၈၄ ☆အောင်စည်ကြွင့်နိုး ဘတော်နန်းသို့
မြန်းကာသော်ပင် မင်းဘုရင်အား
လျှောက်တင်လေလတ် ဖခင်မြတ်၏
သိဒ္ဓတ်သားတော် လမ်းမပေါ်၌
ကြွသော်တလျှောက် ရောက်ရာအိမ်ရှေ့
ခွက်တိုပွေ့လျက် ရပ်ရွှေ့ထမင်း
တောင်းခံလျှင်း၏ အခင်းမလှ
သားသိဒ္ဓကို ဘတော်မြတ်ပင်
မကြာလျှင်စွာ မြင်တော်မူပ
မျက်ရည်စဖြင့် တင်သလျှောက်သော်
သုဒ္ဓေါ်ဘုရင် ကြားရလျှင်မူ
ရင်တုန်ဇောကြွ ရုတ်ခြည်းထကာ
မပါဦးရစ် မကျစ်ကေသော
မကာပုဆိုး စိတ်ညှိုးမရှင်
ကြွစဉ်တလျှောက် သားရှေ့ရောက်သော်

မထောက်မဆ ပြုလေစွနှယ်
သားရွှေသွယ်ရယ် ခွက်ငယ်ကိုပိုက်
အိမ်စဉ်လိုက်၍ စိုက်စိုက်တောင်းခံ
ဆူညံနှောနှော တသောသောဖြင့်
ပြောကြပြည်သူ ရှက်တော်မူလှ
ထီးဖြူကြင့်နန်း ဘ၏နန်းဝယ်
စားသောက်ဘွယ်တို့ ဖွယ်ဖွယ်ရာရာ
ဆွမ်းဟင်းလျာကို ပြုကာပြီးမှ
အရှက်ရပေါ့ သားတော်သင်္ဃာ
နှစ်သောင်းပါကို ကျွေးကာသမှု
☆မပြုနိုင်ပေ ထင်လေရော့လား
မချိအားဖြင့် လျှောက်ထားဘခင်
သည်းတုန်ငင်သည် ရင်ဝယ်ဆို့မော
ဘသုဒ္ဓော။

[၁၀၄]

သားတော်ဗုဒ္ဓ တည်ငြိမ်စွာဖြင့်
နှုတ်ဟမြွက်ကြား သားဘုရားတို့
ရှေးကားနွယ်ဆက် ကျင့်မပျက်ဘဲ
ခံလျက်ဆွမ်းတော် စားသော်လျှောက်ပတ်
အကျင့်မြတ်ဟု မိန့်လတ်လေလျှင်
ဘ,ဘုရင်သည် ရင်ခုန်ဆတ်ဆတ်

ဝမ်းနည်းလတ်၍ ရင်ပတ်ရိုက်တီး
တဆိုငြိုးလျက် သားကြီးဗုဒ္ဓ
မင်သိဒ္ဓရယ် "ဘတို့နွယ်ရိုး
ဘိုးတော်ကပင် သာကီဝင်တို့
ပြန်လျှင်ကြည့်ပ ထိုခါမှလျှင်
သီဟာ့နုသော် သုံးသိန်းကျော်ခဲ့
တရော်တဆစ် တဆံကျစ်မျှ
မျိုးစစ်နွယ်ဘွား စဉ်လာများသည်
တောင်းစားသမှု မပြုဘူးလျက်
ပြောရက်လေခြင်း သားတော်ရင်းဟု"
ဝမ်းတွင်းဆူဝေ လျှောက်တင်လေသည်
မွေးဖေဘုရင်
နန်းကြီးရှင်။

[၁၀၅]

မွေးတောဘုရင် ဝမ်းနည်းကျင်၍
လျှောက်တင်လေသော် သားတော်ဗုဒ္ဓ
ပြုံးရောင်မျှဖြင့် တည်လှဣန္ဒြေ
သိမ်သရေဖြင့် မိန့်ချွေမြွက်ကာ
နားတော်နာလော့ "ရာဇာပဝေဏီ
မျိုးသာကီသည် ရှေးတိစဉ်လာ
အနွယ်သာတည်း တဖြာထို့တူ

သားတို့မူကား   အယူတူစွာ
ဂင်္ဂါဝါလု   သဲစုနှင့်မျှ
ပွင့်ကြပြီးသော   ရှင်စောမြတ်စွာ
ဘဂဝါ၏   မဟာဝံသ
မျိုးနွယ်စတည်း   မိဘသော်လျှင်
ဆွမ်းတောဇဉ်ကို   လျှောက်တင်မပင့်
မကြွသင့်၍   ခံလင့်ဆွမ်းတော်
စားသော်မချွတ်   သန့်စင်မွတ်၏
ကျင့်ဝတ်မမှာ   စဉ်အလာဖြင့်
ဖူးစွာသန့်ရှင်း   အပြစ်ကင်းလျက်
ထင်လင်းမြတ်ဘိ   အကျိုးရှိပေ
‘ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ’   မြတ်ဓမ္မကို
မိန့်ဟထုတ်ဖော်   ခမည်းတော်ကို
သားတော်ဘုရား   ဟောကြားလေက
မွေးဘဘုရင်   မွေ့ကြည်လင်လျက်
ဉာဏ်မြင်မြော်ချင့်   ပါရမီရင့်၍
တွေးလင့်သော်ဘိ   စဉ်းစားမိသား
သတိရကာ   သာယာသမှု
လူ့သဘာဝ   အားမရနိုင်
လောဘလှိုင်ပြီး   ဖြိုင်ဖြိုင်ဒုက္ခ
ရောက်လေကြဟု   တွေးဆယိုဖိမ့်
သဘောသိမ့်လျက်   ဟောပိမ့်ဘုရား
☆ မြတ်တရားကို   ကြားနာရလျှင်

စိတ်ကြည်လင်လျက် ဥာဏ်ဝင်ဇောမှန်
သောတာပန်ရှင့် ထက်သန်စေတနာ
ကြည်ဝေဆာလျက် ဗုဒ္ဓါဇီနော်
သားဘုန်းမော်ကို သုဓ္ဓေါ်ဘ မင်း
ဆွမ်းဟင်းဘောဇနာ လှူခံပါဟု
လျှောက်ကာပင့်ဖိတ် သပိတ်လှမ်းယူ
ပိုက်တော်မူတည့် သုံးလူသနင်း
တရားမင်းသည် ခြံရင်းသဃ်ာ
နှစ်သောင်းပါလျက် ရောင်ဝါယှက်သန်း
ဘ တော်နန်းသို့ ကြွမြန်းလှမ်းချွေ
ရောက်ရှိလေသည် ထိန်ဝေရောင်လင်း
နန်းတော်တွင်း။

[၁၀၆]

ထိန်ဝေရောင်လင်း နန်းတော်တွင်း၌
ဘ မင်းသုဓ္ဓေါ် များသော်ဆွေပေါင်း
ဝန်းခ ခြောင်း၍ နှစ်ထောင်းအားရ
သားဗုဒ္ဓနှင့် များစွာသဃ်ာ
နှစ်သောင်းပါကို ကောင်းစွာပြင်ဆင်
သောသော ရှင်မျှ ဘောဇဉ်ကပ်လှူ
ကျွေးတော်မူ၏ ကြည်ဖြူမြတ်လေး
ယော်ကမွေးသည့် မိထွေးဂေါတမီ

ဒေဝီမိမင်း ဆွေသားရင်းတို့
နန်းတွင်းပြည့်ကာ ရှင်သာကြည်မော
အုတ်ကျက်နှော၍ သောသောရှင်ရှင်
မွေးဘခင်လည်း ကြည်လင်လန်းလန်း
ပီတိဖျန်းလျက် ထိပ်ပန်းစိန္တေ
☆သားဗုဒ္ဓေကို ဓမ္မေတရား
ဟောကြားပါရန် လျှောက်တောင်းပန်က
မြတ်ဗုဒ္ဓသည် တက်ကြွပလ္လင်
စမွယ်ရှင်၍ ‘ဓမ္မဉ္စရေ’
သုတ်ဓမ္မေကို မိန့်ချွေဟောလတ်
မင်းမြတ်သုဒ္ဓော ထက်ဉာဏ်စော၍
မဂ်ဇောဝေလျှံ သဒါဂံနှင့်
ညာစံမယ်တော် မိထွေးတော်လည်း
တည်သော်မဂ်ဉာဏ် သောတာပန်တည့်
မှန်ရဝေဆင့် ရောင်ဝါလွှင့်လျက်
တင့်ကျက်သရေ ရွှေနန်းဘွေ၌
စိန္တေဇိန အတုလကို
မြူးကြွသဒ္ဓါ ကြည်ညိုကာဖြင့်
ယှက်ဖြာဦးနှိမ် ကြိမ်ကြိမ်ဦးချ
ဖူးမဝသည် အားရပျော်ရွှင်
နန်းရင်ပြင်။

[၁၀၇]

အားရပျော်ရွှင် နှန်းရှင်ပြင်လုံး
အုံးအုံးကျွက်ကျွက် သွက်သွက်နွှေ‌ာနွှေ‌ာ
ပြောပြောဆိုဆို အုံ့ညြှိုပိုကြ
ထိုကာလလျှင် မင်းဘုရင်သည်
မရှင်ပါနိုင် သောကလှိုင်လျက်
ထိုင်ထမရ တကြွကြွဖြင့်
မြော်တယ့်သော် မမြင်သော်ကြောင့်
စိတ်တော်မလှ ပူဗျာကြွ၍
တစစင့် တထင့်ထင့်တွေး
ဝ၅၃င ☆ တရေးရေးမြှော် မပေါ်လာက
မင်းမောင်းမကို နှုတ်ဟခေါ်ကာ
မေးလာရှာ၏ ထိုခါလျှောက်တင်
ယသော်ခင်လည်း မရှင်မပြုံး
ကြိမ်မီးအုံးသို့ နှလုံးမသာ
စိတ်တော်နာ၍ “ငါ့မှာအဆူး
ပွဲခဲ့ဘူးသည့် ကျေးဇူးရှိဘိ
သိခဲ့ပါသော် မယ်မောင်တော်သည်
ထောက်မျှော်၍သာ လာချင်လာပေါ့
မမြှော်တော့ဘူး” အားလျော့လေပြီး
စိတ်နာကြီး၍ ဆိုငြီးဆောင်တော်

နေမပျော်ဘဲ ယသော်ခင်နု
ဆွေးဗျာထူဖြင့် လွမ်းမှုမစဲ
မျက်ရည်ဝဲကာ ငိုပွဲကြီးဆင်
မောင်တော်ရှင်ကို "သူကြင်မှုပင်
ငါကြင်မတဲ့" ဆိုဖွဲ့စကား
လျှောက်တင်ကြားသော် ဘုံဖျားဘုရင်
နားတော်ဆင်၍ မရှင်ပါနိုင်
ပူဗျာလှိုင်လျက် ဖြိုင်ဖြိုင်သောက
ရောက်လေရပြီး လွမ်းတာမျှော်မျှော်
မယ်ယသော်၏ ပူပေါ်ဆင့်တွဲ
ပူမစဲဘဲ ပူကဲသမျှ
သားတော်ကလည်း ကြီးလှဉာရွှေ
တည်ငြိမ်ပေလျက် နှုတ်ချွေမလင်း
ထိုအခင်းကို မယှင်းမထောက်
ငါလျှင်လျှောက်မှ သင့်လှပေမည်
စိတ်တော်ရည်၍ သာကြည်ပျော်စံ
ရွှေဘုန်းလျှံကို တောင်းခံအခွင့်
လျှောက်ပန်ပင့်သည် မင်းမင့်းဇိနာ
ကြားသိကာ။

[၁၀၈]

မင်းမင့်းဇိနာ ကြားသိကာဖြင့်
ရာဟုမယ်တော် ယသော်စံရာ

ဆောင်နန်းသာသို့ လကျာ်လက်ဝဲ
အမြဲရံခဲ အဂ္ဂနှစ်ဆူ
ခေါ်တော်မူရှဲ ကြွတော်မူလတ်
မင်းမြတ်ဘခင် ရွှေမှုပင်သော်
ပိုက်ငင်သပိတ် ရှင်ဇောဖိတ်လျက်
ရွှေစိတ်တော်သာ ဆောင်ခန်းဝါမှ
အောင်ချာကြငှန်း အခန်းခန်းကို
ဖြတ်သန်းရှဲကျော် မယ်ယသော်၏
စံပျော်ပြာသာဒ် ဘုံနန်းမြတ်သို့
ရောက်လတ်လေလျှင် ခန်းဝပြင်၌
များဖြင်အပေါင်း ရံရွှေဟောင်းတို့
သောင်းသောင်းဖျဖျ ကြိုဆိုကြ၏
ဗုဒ္ဓရှင်တော် မယ်ယသော်၏
စံပျော်ဆောင်ခွင် ခန်းသာရင်သို့
ဝင်တော်မူရွှေ့ ယသော်ရှေ၌
တည်မြဲ့ရပ်လျှင် ယသော်ခင်နှု
သည်းကြွေလုဖြင့် ယုယုထွေးယှက်
ခြေဖမျက်ကို လက်ဖြင့်ပိုက်ကြို
မျက်ရည်စို့ရှင့် ဖမို့တော်စပ်
၄၅၀ ☆ ပါးနှင့်အပ်ကာ ထပ်ထပ်ပွတ်နမ်း
မျက်ရည်ရှမ်းရှဲ ကျွမ်းရသည်းမှာ
မယ့်ကေသာကို ဆုပ်ကာနယ်ရစ်
ခြေမျက်စစ်ကို ဖျစ်ညှစ်တအား

သည်းပွတ်ကြားမှ　　ရှိုက်ပွားပျို့အင့်
ဆို့နှင့်မျက်ရည်　　တွေတွေလည်လျှက်
မဆည်နိုင်ပြီး　　ဆို့မောသိမ်းကာ
သက်ကြီးရှိုက်ငင်　　လှမ်းမောဆင်၍
ဘဝင်ပြောင်းပြန်　　လန်လုမတတ်
အပူခတ်ဖြင့်　　ပွတ်လတ်လှိုက်လှိုက်
သည်းအူခိုက်မျှ　　ရှိုက်ကာပူဝေ
မိန်းမောလေ၏　　ထိုခြေမြင်လျှင်
မင်းဘုရင်သည်　　ဆင်ခြင်သတိ
ရှိပါ့မျက်ဖျော်　　သမီးတော်ဟု
ပြောသော်လေလတ်　　သုံးလူ့နတ်သည်
တည်မြတ်ဣန္ဒြေ　　မိန့်ချေမြွက်ဟ
မတားကြနှင့်　　ဆန္ဒတိုင်းသာ
အားရစွာဖြင့်　　ပြုပါစေဟု
ခွင့်ပြုမြတ်ရှင်　　မိန့်သံလွှင်က
ကဥ္စနဘဒ္ဒာ　　ချိုနားသာ၍
အေးဖြာရွှန်းဝေ　　ကြည်မောလေပြီး
ဘွားခြေတော်မှ　　လက်ကိုမ၍
တစစမြှင့်　　ဆင့်ဆင့်ဖူးမြှော်
ကြည့်ရှုသော်က　　ရောင်တော်တောက်ထွန်း
လပြည့်ဝန်းသို့　　ကြည့်ရွှန်းမျက်နှာ
☆ငြိမ်းချမ်းသာလျက်　　ဘယာသောက
စိုးမျှမရှိ　　ချမ်းဘိသား

တွေ့ထိဖုံဖုံ ငါးအာရုံလည်း
လုံးစုံကင်းပြတ် အဓောတ်ဖြင့်
ပယ်သတ်တကျော လွန်ချမ်းသာသည့်
ဘယာဘေးဘျမ်း
ငြိမ်းဧချမ်း။

[၁၀၉]

မြတ်စွာစိတ္တေ ရာဟုဘောကို
မြင်လေသော်လျှင် ယသော်ခင်သည်
ပုပင်သောက ဟုသမျှသည်
မှုမျှမရှိ ငြိမ်းချမ်းဘိကာ
တွေ့ထိအံ့လောက် ပူဓာတ်ပျောက်၍
ဝမ်းမြောက်ညွတ်နူး သုံးလူ့မှူးကို
ဖူးသော်မဝ အေးကြည်မြရှင့်
ဗုဒ္ဓအရှင် ငယ်ပေါင်းကြင်ကို
သားလင်မို့သာ ပူရပါလည်း
ခုခါတမူ သွင်မတူဘဲ
အယူတခြား မူထူးခြား၍
ကွာခြားဘဝ ဖြစ်ပြီးမျှကို
ဆန္ဒတိုင်းသာ ရှိစေပါတော့
အားငြဖြေလျော့ရှင့် ထားကြော့ကဋ္ဌနာ
ယသော်ဓယာသည် ယျှက်ဖြာလက်စုံ

ပန်းကြောင့်သို့ အာရုံညွတ်မြူး
စိတ်ကြည်နူး၍ မျှော်ဖူးမွေ့မွေ့
မျက်ရည်ဝေ့လယ် အားငယ်သလို
ဝမ်းနည်းလိုဖြင့် ဆွေးပို့ဘဝင်
☆မယ့်သခင်ကို ဆံပင်ဖြေလျော့
သွယ်ကော့လက်စုံ ထိပ်ထက်ပုံလျက်
အာရုံကြည်မွှတ် သာမောဆွတ်သည်
ဦးညွတ်မဝ
မယ်ဘဒ္ဒါ။

[၁၁၀]

သွယ်ကော့လက်စုံ ထိပ်ဦးပုံလျက်
လေးရုံစမွှယ် မြတ်ဘုန်းကြွယ်ကို
စိတ်ဝယ်ကြည်မွှတ် လွှမ်းမောဆွတ်၍
ဦးညွတ်လျက်နေ စိတ်တော်ပြေက
စိန္တေဗုဒ္ဓ နောက်သို့ကြွလျက်
ရတနာ့မြတ်မွန် သလွန်ဘွေ့ထက်
တက်၍စံပျော် မယ်ယသော်လည်း
နောက်တော်မကွာ ထက်ကြပ်ပါ၍
ထိုင်ကာအနီး ရှုမငြီးသား
ဘုန်းကြီးမောင်တော် မြတ်ဘုန်းမော်ကို
ထပ်သော်ဦးချိ အလီလီဖြင့်

ဝဇီမဟာ လွှမ်းမောကျ၍
နှိမ့်ချသည့်နှယ် သဘောထယ်ရ
သုံးဝယ်လောက အတုလသည်
ဟောပြဒေသနာ ခွန်းချွေသာသား
တဏှာရစ်ပတ် မပြတ်သံယော
ချည်နှောရစ်ဆောင် ဤလူ့ဘောင်သည်
ဝတ်နှောင်ဖွဲ့လည် သံသာရှည်၍
အတည်တကျ မရှိကြဘဲ
သုခလည်းဟူ မှူးမျှမရှိ
ဆင်းရဲဘိကာ ပရိဒေဝ
၀၀၉၄ ☆တောက်လောင်ရ၍ သောကပွေမှောင့်
စိုးရိမ်နှောင့်၏ ထို့ကြောင့်ပင်လျှင်
ငါအရှင်သည် ပယ်နှင်တဏှာ
ကင်းပြတ်ကွာ၍ ဘယာကင်းစင်
သံယောဇဉ်မျိုး ချည်နှောင်ကြိုးကို
ဖြတ်ချိုးပယ်ဖျောက် ကင်းလွတ်မြောက်၍
မရောက်သောက ငြိမ်းချမ်းလှ၏
ထိုမျှတူပင် ငါ့ရှင်သဿာ
အပေါင်းပါတို့ ဝေးကွာသောက
အေးငြိမ်းကြ၏ တဝထို့ပြင်
မွေးဘခင်နှင့် ထပ်ပင်တူမျှ
မယ်ဘဒ္ဒတို့ မပြတ်ရစ်နှော
သံယောဇဉ်မျိုး ချည်နှောင်ကြိုးကို

ချိုးဖြတ်ပါလေ မြတ်ဓမ္မလည်း
ကျင့်စေချင်ကြောင်း” မိန့်တော်ပြောင်းလျှင်
ငယ်ပေါင်းကဍ္ဍန မယ်ဘဒ္ဒသည်
ဦးချ၍သော် မောင်တော်ဗုဒ္ဓ
ဟောမိန့်ဟသည့် မြတ်လှဓမ္မ
ကြားနာလေရ ရွှမ်းဝေသဒ္ဓါ
ပီတိဖြာလျက် စေတနာတက်ကြွ
ခုမှစ၍ ဥပသကီ
အညီခံယူ ဖြစ်တော်မူပြီး
သူတော်ဓလေ့ မွေ့ပျော်ပါမည်
လျှောက်တင်ရည်သည် ရှင်ကြည်သာမော
ထပ်ထပ်စော။

[၁၁၁]

ထိုသည့်ခိုက်တွင် မွေးဘခင်သည်
☆လျှောက်တင်ဗုဒ္ဓ မယ်ဘဒ္ဒ၏
ဒုက္ခပူမိုး ရှိန်ရှိန်ငြိးသား
သားကြီးဘုရား ရာဟုသားကို
ဖွားပြီးသည့်နေ့ နန်းဘုံမွေ့မှ
ထွက်ရွေ့ကြွသွား ဝတ်ကားမပျက်
နေ့ညဆက်၍ ပူလျက်မသွေ
ခုတိုင်ပေရှင့် ဗုဒ္ဓေသားတော်

ဖန်ရည်လျှော်ကို ဝတ်သော်ကြားက
မယ်ဘဒ္ဒသည် ဆင်သလျှော်တော
ခုတိုင်ပေတည့် မသွေ့သားတော်
စားသော်တနပ် ကြားသိအပ်လျှင်
တထပ်ထမင်း စားတုံလျှင်း၏
မြတ်ခင်းနေရာ သားမြတ်စွာသည်
ပယ်ခွာစွန့်ဘိ ကြားပြန်ရှိက
မိမိနေရာ စွန့်ပယ်ခွာ၍
နိမ့်ရာညောင်စောင်း ရွှေပြောင်းအိပ်လေ
ရာဟုမေသည် မသွေ့သစွာ
ခိုင်ကျည်စွာဖြင့် ဆွေ့ညာမင်းသား
သူတပါးတို့ မြှောက်စားလိုကြ
စကားစလည်း နားမျှလေသံ
မနာခံဘဲ တရံတစ
ပြန်မဟာရှင့် ပရံပရ
ဆိုယူမျှသည် ဘဒ္ဒယသော်
သားအပေါ်၌ ကြီးသော်ကျေးဇူး
ရှိခဲ့ဘူးတည့် ချီးကျူးလျှောက်တင်
၁၂၀၀ ☆တန်ဆာဆင်သော် ဘခင်မင်းကြီး
ရှေးအတီးက သမီးချွေးမ
မယ်ဘဒ္ဒသည် တကွတူပင်
ငါအရှင်နှင့် ငှက်လျှင်ကိန္နရာ
ဖြစ်ကြခါတွင် သက်မျှကြင်၍

စဉ်လာသော်လျက် ဘဝဆက်၌
ပျက်သွေ့မယိမ်း စောင့်ကာသိမ်းသား
တိမ်းငွဲ့မရှိ သစ္စာသိ၍
မြတ်ဘိသိင်္ဂ နောက်ကြောင်းမှီလျက်
ကိန္နရီစန္ဒ ဇာတကကို
ထုတ်ပြဟောဆို ခွန်းမိန့်ချိုသည်
လွှမ်းပိုမျက်ရည် တွေလည်စီးကျ
မယ်ဘဒ္ဒါ။

[၁၁၂]

## မင်းနန်းဥျတ်ခဏ်း

နေမင်းသူရိန် တောက်ရောင်ထိန်သို့
ဘုန်းရှိန်တေဇော် မိုးထိကျော်မျှ
ကြီးတော်မူလတ် မင်းမြတ်ဘုရင်
ကပိရှင်သည် စိတ်တွင်ကြံဆ
သားသိဒ္ဓကား မုချမသွေ
ငြီးငွေ့လေ၍ ရွှေအိမ်ရွှေနန်း
ရွှေကြငှန်းနှင့် တိုင်းခန်းပြည်ထောင်
ဦးဆောင်အုပ်ချုပ် မင်းလုပ်သော်လျှင်း

လူမင်းချမ်းသာ စည်းစိမ်လွှာကို
စွန့်ခွာလေပြီး နန်းဘုံငြိုးကာ
သားကြီးသိဒ္ဓ ခွာရှောင်ပပေါ့
တစမထင် ငါအရှင်လည်း
သက်ပင်ယိုယွင်း အိုမင်းခြင်းသို့
၃၅၀ ☆ချင်းနင်းရောက်လာ နေဝင်အခါ၌
နန်းလျာနန်းဆက် မပျက်စေရန်
မင်းနန်းညီမော် သားမျက်ဖျော်ကို
မ,တော်သိင်္ဂ ကလျာဏီနှင့်
ခါမီနေ့မြတ် အချိန်သတ်၍
မပြတ်ရှေးရိုး ငါးမျိုးစဉ်ဆက်
အိမ်ထက်ဦးလျှောင်း ထီးဆောင်းသင်းကျစ်
စုလျားရစ်ပတ် ထိမ်းမြားလတ်က
သင့်မြတ်ပေမည် စိတ်တော်ရည်၍
ဘုန်းစည်မင်းမြတ် မိန့်တော်မှတ်က
မှူးမတ်ဝန်ကြီး အသီးသီးတို့
ဆောင်ထီးမကျွပ် ဆောက်လုပ်အပ်၍
ဝင်းလျှပ်ထိန်ပြောင် မြတ်ဂုဏ်ဆောင်သား
မြရောင်ဝေဝေ ရွှေရောင်လွှင့်လွှင့်
ပတ္တာမြားဆင့်လျက် နီလွှင့်ရဲရဲ
မိုးထိကဲသား နန်းပွဲသဘင်
ပွဲကြီးယဉ်ကို ရာ့လျှင်တပါး
မင်းအများတို့ ဘိတ်ကြားသော်လျက်

ရက်ဆက်သဘင်   ပွဲကြီးဆင်ကာ
ပျော်ရွှင်ငြိမ့်ညောင်း၍   နာဘွယ်ကောင်းသည့်
စည်စောင်းပတ်သာ   ဒုရိယာတို့
တီးကာမစဲ   ချိမ့်သဲနေ့ည
ဖြေဖျော်ကြတည့်   ဆောင်ဝသန္တာ
ညှင်းလေသာတွင်   နှစ်ပြာထွတ်ဖူး
နန်းလျာဦးတို့   ကြည်နူးတမွတ်
☆သာမောဆွတ်သည်   တုလွတ်မင်္ဂလာ
ခါဦးတည်း။

[၁၁၃]

တုလွတ်မင်္ဂလာ   လင်းနေဖြာသို့
ရောင်ဝါရွှမ်းဝေ   တင့်သရေဖြင့်
အောင်ရွှေကြငှန်း   မင်္ဂလာနန်း၌
တင့်ဆန်းဝေဆာ   မင်းနန္ဒာနှင့်
ကလျာနှမ   မယ်ရူပကို
စုလျှားရစ်ပတ်   ထိမ်းမြားလတ်၍
တတ်သိအကျော်   ပုဏ္ဏားတော်တို့
ကြွသော်၍ကာ   မင်္ဂလာအောင်ဆု
အောင်ဇေယျတုဖြင့်   ခရုငှေ့သင်း
မှုတ်ဆော်သွင်း၍ရှင့်   သနင်းစိန္တေ
ကပိရွှေသို့   ရောက်လေပြီးနောက်

သုံးရက်မြောက်ဝယ် ထွန်းတောက်ဘုန်းဟော
မင်္ဂလာနေ့တွင် ခြံရွှေ့သဃ်ာ
နောက်မှပါလျက် မင်္ဂလာပွဲခွင်
ဆွမ်းခံဝင်သည် မင်းလျှင်နန္ဒာ
ဆီးကြိုကာ။

[၁၁၄]

ဘောဇဉ်ကိစ္စ ပြီးစီးကြသော်
မြတ်စွာဘုရား မြတ်တရားကို
ဟောကြားပြီးသော် သပိတ်တော်ကို
ညီတော်ထမ်းယူ လိုက်ခဲ့ဟူ၍
သုံးလုစိန္တေ မိန့်ရှိလေက
မနေသာပြီ မင်းနန်ညီသည်
မချိသပိတ် တထိတ်ထိတ်ဖြင့်
☆စိတ်တော်လေးကာ လိုက်ရလာခဲ့
ဗုဒ္ဓါနောင်ရှင် နန်းယင်ပြင်၌
ပြောင်းငင်ယူမည် စိတ်ကရည်လျက်
မကြည်မသက် မျက်နှာပျက်ကာ
ထမ်းလျက်လိုက်လာ မယူပါက
မင်းနန္ဒသည် တွေးဆသည်ခင်း
စောင်းတန်းရင်း၌ သနင်းနောင်တော့
မှန်သော်ယူလိမ့် တွေးဖိမ့်ဖိမ့်ဖြင့်

သိမ့်လျက်စိတ်တော်   ထမ်းသော်လိုက်ခဲ့
လေးတွဲ့ဖင့်သိ   စိတ်မအိဘဲ
နောက်ဆီပြန်ငေး   စိတ်တော်လေးရှင့်
မဝေးကွာလှမ်း   နတ်လမ်းလွန်ကျော်
ငါ့နောင်တော်သည်   မှန်သော်မလွဲ
လွဲ၍ယူမည်   စိတ်ထင်ရည်လည်း
ကြံစည်မမြောက်   ပူဗျာရောက်၍
တွေးထောက်မျှော်ဘိ   နောင်ဘုန်းရှိသည်
သတိမျှပင်   ရစေချင်၍
ရွှေငင်နောက်ချီ   ဘေးမှသီလည်း
တုကျိုဘာဝေ   ဆိတ်ဆိတ်နေ၍
ဣန္ဒြေတည်လှ   နူတ်မဟာရှင့်
လှမ်းကြွကွန့်ထောက်   မုခ်ဝရောက်လည်း
ချစ်ကြောက်နောင်တော်   လှမ်းသော်တမွ
မပေးဝံ့၍   ရွှံ့တွန့်တွန့်ပင်
ရဟန်းရှင်တို့   ယူငင်ဘို့ရေး
မျက်ချီသွေးကာ   ပေးလိုသပိတ်
တိုးတိုးတိတ်မျှ   မျက်ဟန်ပြလည်း
မရတဖန်   ကြုံရပြန်၍
မင်းနန်းညီမော်   လွမ်းရေးပေါ်သည်
စိတ်တော်ထင့်ထင့်   လွမ်းမောဆင့်၍
ငင့်သတည်း။

[၁၁၅]

သုံးလူ့သခင် သောင်းထိပ်တင်သည်
ကြွစဉ်တလျှောက် မုခ်ဦးပေါက်သို့
ရောက်တော်မူသော် မောင်းမဖော်တို့
အော်ကာလျှောက်ကြား နန်းညွန့်ဖျားရဲ့
ထိပ်ထားမောင်တော် အိမ်ရှေ့ပျော်ကို
နောင်တော်ဘုရား ခေါ်၍သွားပေါ့
လျှောက်ထားသံကျင် ရူပခင်လည်း
ကြားလျှင်ခဏ ရုတ်ခြည်းထ၍
မြလွှာတဘက် ဆွဲလျက်ဗျာသီ
ကေသာပြီးလျက် ကြွချီအသော့
လှမ်းချွေတော့၏ နန်းကြော့ကလျာ
ဆောင်လေသာမှ မှန်းကာရှုမြှော်
မောင်တော်နန္ဒ နောင်ဗုဒ္ဓနှင့်
လှမ်းကြွအတူ မြင်တော်မူရ
ရူပနန္ဒာ ဆွေ့ဆွှေ့ဖြာလျက်
ရွှေမြွှာရင်နု လက်ဖြင့်ထုကာ
ငွေဥမျက်ရည် တွေလည်ဖြာစီး
လွမ်းပုံကြီးသား ဆောင်ထီးဘမရာ
နန်းလေသာမှ ဟစ်ကာသံကြော်
ရင်နင့်အော်လျက် မောင်တော်မင်းနန်

ခပ်မြန်မြန်လျှင် ပြန်လာပါတော့
ရွှေဖော့ကလျှာ ဆော့ဆော့ဖြာလျက်
ရင်မှာဆို့နစ် သည်းကြွေလှစ်မျှ
ဖျစ်ညှစ်အောင်သံ နားလျှံကြားရ
မင်းနန္ဒသည် ရင်ဝလှုံ့စူး
မေ့ကာမူးနှယ် ရူးဘွယ်တတွေ
ထိနာလေ၍ ဗုဒ္ဓနောင်ရင်း
ပြုလေခြင်းဟု တွေဆင်းမျက်ရည်
ဝိုင်းဝိုင်းလည်လျက် ဖြေဆည်မရ
သည်းနာလှလည်း ဗုဒ္ဓနောင်တော်
ချစ်ကြောက်သော်မို့ လျှောက်သော်မဝံ့
ကြောက်ရွံ့၍ဝယ် နောက်သို့ဖယ်လျက်
အားငယ်မချိ ယိုင်တိယိုင်တိုင်
ပူဗျာလှိုင်လျက် နှိုင်နှိုင်ပင်လှမ်း
စိတ်နှမ်းဖိုလှိုက် သပိတ်ပိုက်ကာ
စိုက်စိုက်နှင့်ပင် ကျောင်းတော်ဝင်သည်
ရွှေရင်ထိတ်ထိတ် လှမ်းမောစိတ်ဖြင့်
ကျိတ်ငိုတည်း။

[၁၁၆]

ကျောင်းတော်ရောက်လာ မင်းနန္ဒာသည်
ထိုင်ကာကျို့ကျို့ — ခပ်ယို့ယို့ဖြင့်

ဝပ်လျှိုလျက်ပင် နောင်တော်ရှင်၏
မိန့်လှင်အသံ နာတော်ခံ၍
နန်းစံမင်းနန် ပြန်လျှင်ပြန်ဟု
မိန့်ပြုမည်လား ဆိုစကားကို
စောင့်စားမြော်နေ မြတ်စိတ္တေသည်
နှုတ်ချေမည်မျှ မမြွက်ဟ၍
နန္ဒဒီတော် နေသော်မကျ
တရှုရှုဖြင့် မရဏ္ဍေ
ရှိဘိလေတည့် ထိုခြေမှာကား
၀၀၀၉ ☆မြတ်ဘုရားသည် မိန့်ကြားနန်းနှယ်
ဝတ်ကြောင်ပယ်၍ မတွယ်ရွှေနန်း
ဆင်သက်နန်းဖြင့် ရဟန်းသော်ခု
ပြုနိုင်မည်လော ပြုမည်လောဟု
ရှင်စောစိတ္တေ မေးလေသော်က
မင်းနန္ဒသည် ကြားရသည့်ခင်း
သည်းအူထွင်းမျှ ခံပြင်းထိနာ
ထိတ်ထိတ်ပျာ၍ မေ့ကာမူးနှယ်
ပူရေးကျယ်လျက် ဘုန်းကြွယ်နောင်တော်
ငယ်ကြောက်သော်မို့ လျှောက်သော်တင်ရေး
သည်အမေးကို ပေးရန်အဖြေ
မလှယ်ပေလှ အကြောင်းဆလျှင်
ရွှေမြသိင်္ဂီ ကလျာဏီနှင့်
တူညီစုံဘက် လက်ထပ်ရက်၌

ဖြစ်ပျက်ကြုံရ ငါ့ဘဝသည်
ဆိုးလှကံရင်း ရှိလေခြင်းဟု
သက်ပြင်းရှိုက်ဖို မျက်ရည်ယိုဝဲ
စီးကျတွဲ၍ အားခဲ၍သော်
နောင်တော်ဗုဒ္ဓ ပြုသမျှကို
ဆန္ဒကြည်ဖြူ ခံယူပါဘိ
လျှောက်တင်ရှိလျှင် မှန်မြတ်စွာ
စိန္တေယျာသည် သာရိပုတြာ
ထေရ်မဟာကို မိန့်ကာမြွက်ဟ
မင်းနန္ဒကို ခဇသက်န်း
ဆင်မြန်းပေးလော့ မိန့်တော်ဗုဒ္ဓင်
၁၅၀ ☆ နားတော်ဆင်လျက် ရှင်သာရိတြာ
ထေရ်မဟာနှင့် အာဏာပြင်းထန်
မောဂ္ဂလာန်တို့ မင်းနန်နန်းလျာ
ဆံကေသာကို ပယ်ကာရိတ်သန်း
ဝတ်သင်္ကန်းဖြင့် ရဟန်းပြုလေ
မျက်ရည်တွေသည် နန်းမွေနန်းလျာ
မင်းနန္ဒာ။

[၁၁၇]

နွယ်မြတ်သာကီ ကလျာဏီလည်း
မအီမသာ စောင့်မြှော်ကာဖြင့်

အောင်ချာရွှေနန်း   သဍ္ဍာခန်း၌
မလန်းကိုယ်ရေ   လွမ်းမိုးစွေလျက်
သက်ဝေကြင်ဖော်   တမ်းတမြော်လည်း
ခုသော်မျှတိုင်   မရောက်နိုင်၍
သည်းဆိုင်ကြွေလု   မျက်ရည်ဥလျက်
ပူမှုရေးကြွယ်   ဆွေးနယ်ကျယ်တည့်
ဆောင်လယ်မြနန်း   ချစ်ရည်ဖျန်းကာ
ချစ်လန်းခါစ   ချစ်မဝသည့်
သက်မျှမောင်အား   နှောင်ဘုရားသည်
ခေါ်ငြားရက်ပေ   မျက်ရည်ဝေ့လျက်
ဆွေ့ဆွေ့ပူမီး   စိတ်နာကြီးသား
ယိုစီးမျက်ရည်   တွေလည်ဖြာကျ
မြေမရ၍   ဆဆယ်နေပင်
ပူပြီးရှင်ရဲ့   တွေးလျှင်စိတ်မော
ရှေးသောခါက   နှောင်ဗုဒ္ဓသည်
ရိပ်ကြွ့ကြင့်နန်း   ရွှေအိမ်နန်းကို
၀၀၄~☆ပယ်သန်းရှောင်သွေ   ယသော်မနှင့်
သားရွှေရာဟု   မိသားစုတို့
လွမ်းမှုပွေလိုင်   ယနေ့တိုင်ပေါ်
ကောခိုင်သာကီ   ငါနန္ဒီလည်း
တူညီကာပင်   သက်မျှကြင်ကို
နှောင်ရှင်ဗုဒ္ဓေ   ဆောင်ယူလေပေါ့
ဘယ်ခြေကာလ   အချိန်ကျမှ

နန္ဒမောင်တော်  ပြန်သော်လာလိမ့်
ဆွေးသိမ့်သိမ့်လျှင်  တွေးဖိမ့်ငင်ငင့်
စိတ်တော်ထင့်လျက်  မြွှော်လင့်ကြီးစွာ
စောင့်ကြိုကာဖြင့်  ပူဇျာရေးကြွယ်
တွေးမလွယ်သည်  ဆွေးဘွယ်ကြုံရ
ဇနသိင်္ဂီ
ကလျာဏီ။

[၁၁၈]

သုံးလူ့ဘုန်းမော်  စိန္တေယျော်သည်
မေ့ပျော်သမျှ  နိဗ္ဗာန်ခြင့်
စံကြပြီးလျှင်  ပေါင်းပါရှင်နှင့်
ကြည်လင်နဂို  ရာဇဂြိုဟ်ပြည်
သာမောစည်သို့  ပြန်လည်ကြွသွား
ညီမင်းသားလည်း  မျှားနှင့်အတူ
ညည်းညူဖိုဟိုက်  သပိတ်ပိုက်လျက်
လိုက်ရှိပါခဲ့  လေးတွဲ့ဖင့်သီ
ချေးစီစီဖြင့်  ကြွချိကိုယ်ရောက်
စိတ်ကနှောက်ရှင့်  ထောက်ဖွယ်နှမ
မယ်ရူပကို  လွမ်းတရင်းသာ
ကျောင်းဝိဟာသို့  ရောက်လာကြသော်
☆ရွှေဘုန်းတော်သည်  ကျောင်းတော်ဝေဠု

သံဃာထုဖြင့် နားပြူရက်မျှ
ဆက်၍ကြွဘိ သာဝတ္ထိမည်
ရွှေပြည်မြတ်မွန် စုလစ်ချွန်သည့်
ဇေတဝန်ရွှေကျောင်း ဝါဆိုကြောင်းဖြင့်
ကြွပြောင်းရောက်လာ ညီနန္ဒာလည်း
မကွာပါလျက် မြှော်လင့်ချက်ကုန်
ဆွေ့ဆွေ့ခုန်၍ လွမ်းဟုန်ပူမီး
တောက်လောင်ကြီးသား ဆောင်ထီးဘမရာ
နန်းသဥ္စာမှ ကလျာနှမ
မြင်လှဲ့ပါ့ဟု ညည်းတရွှေကိုယ်
လွမ်းမှုပို့ဖွဲ့ ငိုမဲ့မဲ့ပင်
ထေရ်အရှင်တို့ ဦးတင်ပြီးကာ
ညီနန္ဒာသည် ခါခါခုတိုင်
လွမ်းမှုလှိုင်လျက် သည်းဆိုင်ကြွေမျှ
ပူမီးခ၍ နေရမပျော်
လျှော်တေသင်္ကန်း ဆင်မြန်းမရ
စိတ္တဇမို့ ဗုဒ္ဓနှောင်တော်
မြတ်ဘုန်းမော်ကို လျှောက်သော်ပေးပါ
တစာစာဖြင့် ပြောလာစကား
ရှင်တော်ကြားက ဘုရားမြတ်စွာ
ညီနန္ဒာကို ခေါ်ကာမေးမြန်း
"ရဟန်းသူမြတ် ကျင့်ဝတ်ပတ်ကို
မညွတ်စိတ်တွင် မပျော်ရှင်ဟု

ငါလျှင်ကြွားရ  မှန်စွတကား
ညီချစ်သားဟု”  မေးကြွားလေသော်
အခါတော်သင့်  ခွင့်တော်ကိုရ
ရှင်နန္ဒသည်  ပြုံးစရွှင်ရွှင်
ဦးတင်ကာလျှောက်  ကြောက်ရွံ့သလို
ရှက်သလိုဖြင့်  ငိုမဲ့မျက်နှာ
နောင်ဗုဒ္ဓာကို  မှန်ပါဘုရား
“ညီနန္ဒသည်  လာစမှာပင်
ဆောင်ဝပြင်မှ  ဆံပင်ကေသာ
ပြေကာလျောကျ  ပူပုံပလျက်
နှမကလျာ  ကြည်မသာဖြင့်
အော်ကာခေါ်လစ်  ဟစ်၍တကြော်
ရင်နင့်သော်၍  မောင်တော်ပြန်ပါ့
သံကုန်ဟလို့  ရင်ဝလှုံစိုက်
မီးနှယ်မြိုက်သို့  သည်းခိုက်တုန်ငြား
နေ့စဉ်ကြွားရ  နားဝမှာစွဲ
အမြဲသည်စိတ်  စားမှိတ်မပျော်
နေသော်မရ  ဇနပဒကို
လွမ်းတ,ပိုကဲ  ငိုပွဲနေ့စဉ်
ဖြစ်သည့်အင်ကြောင့်  နောင်ရှင်ဘုရား
ဆပွားကြင်နာ  ချီးမြှင့်ကာဖြင့်
နန္ဒာညီရွှဲ  ဝတ်တော်လဲ၍

ပွဲကြီးမင်္ဂလာ　နန်းအောင်ချာသို့
ပြန်ပါရစေ”　ခွင့်တောင်းလေသည်
ဘမွေနန်းလျာ
မင်းနန္ဒာ။

[၁၁၉]

အစိန္တေယျော်　သုံးလူ့မော်သည်
မပျော်ညီလှ　ရှိလေစွက
ဒေသစာရီ　ချီတော်မူရာ
ငါနှင့်အတူ　လိုက်ပါမူလှည့်
မိန့်တော်တည့်က　မြည့်မြည့်ကြေညက်
ခံခက်သည်းအူ　ဗလောင်ဆူလျက်
ပူမီးရဲရဲ　ဝါးမျိုခဲသို့
မလွဲခံစား　ပမာလားနှယ်
သောကကြွယ်လျက်　ဘယ်ဝယ်လမ်းစ
တွေးမရ၍　ဆွေးလှညီတော်
နောင်ဘုန်းမော်အား　လျှောက်သော်တင်ဆို
တောင်းပန်လိုလည်း　စိတ်ကိုသာတင်း
ကံကြောင်းရင်းဟု　ကျဆင်းမျက်ရည်
တွေတွေလည်တည့်　ဘုန်းစည်မြတ်စွာ
နောင်ဗုဒ္ဓာသည်　ခေါ်ကာညီရှဲ
လက်ကိုဆွဲ၍　တောထဲသေလာ

ဟေမဝါမြိုင်တန်း   တောစခန်းကို
ဖြတ်သန်းတလျှောက်   ခရီးရောက်လျှင်
သစ်ခြောက်မီးလောင်   ငုတ်တိုပြောင်၌
ကြီးကောင်ရှယ်ကျ   ကြည့်မလှသည့်
မျောက်မအိုယိုင်   ဆောင့်ကြောင့်ထိုင်၍
ငေးမှိုင်နေစဉ်   ရှင်တော်မြင်သော်
☆ညီခင်နန္ဒ   ကြည့်ပဟိုသော်
ငုတ်တိုပေါ်က   မျောက်အိုမနှင့်
ညီလှသည်းချာ   မယ်ရူပါတို့
ရုပ်ဝါရည်တူ   မည်သူပိုလှ
ပြောပညီမော်   မေးလတ်သော်ကား
ညီတော်နန္ဒ   ဆွေ့ဆွေ့ကြွလျက်
ပြောပလေခြင်း   နောင်တော်ရင်း—
ကိုယ်ချင်းမစာ   နန်းညွန့်လျာကို
မညှာမရှု   မိန့်တော်ပြုပေ့
ငွေဥမျက်ရည်   တွေလည်စီးကျ
ကြောက်ရွံ့လှ၍   ခံရလေတယ်
အားတော်ငယ်၍   စိတ်ဝယ်ချုပ်တည်း
အောင့်တောင့်ညည်းသာ   ဝမ်းနည်းသည်းခိုက်
ဆူလှိုက်ဘဝင်   ငိုပွဲဆင်သည်
မြတ်ရှင်သုံးလူ   မြင်တော်မူ၍
ပြုံးသတည်း။

## [၁၂၀]

ညီတော်နန္ဒ စိတ်ကြံဆကို
ဗုဒ္ဓရှင်ချစ် သိပြီးဖြစ်၍
နှစ်သိမ့်ပြီးသော် မိုးပေါ်အာကာ
ထက်ဝဋ္ဌာသို့ ခေါ်ကာမင်းနန့်
ဝေဇယန္တာ စံရာသကြား
ဗိမာန်နားသို့ ဖြတ်သွားညီနှောင်
နန်းဘုံဆောင်ဝယ် ပြောင်ပြောင်ဝင်းဝင်း
အဆင်းရူပါ ချောမွတ်စွာဖြင့်
ငါးရာနတ်သမီး အသီးသီးတို့
လာပြီးသော်လျှင်း သိကြားမင်းအား
၆၂၀၀ ★ခစားသော့ဝယ် မိုးနတ်မယ်တို့
တင့်တယ်ပြင်ဆင် ခိုခြေသွင်သို့
နီလွင်တောက်ပ အလွန်လှ၍
ချိုမြမူရာ ဒေဝစ္ဆရာတို့
နန်းလျှာမြင်ဘိ ဂွမ်းဆီထိနှယ်
အိအိဖိုသန်း ပီတိဖျန်းသား
မိနန်းကလျာ မယ်ရူပါကို
လွမ်းနာမေ့ပြယ် နတ်မိမယ်အား

ငြိတွယ်ရမ္မက် ငမ်းငမ်းတက်သည်
သိလျက်ဗုဒ္ဓေ
ရွှေဉာဏ်တော်။

[၁၂၁]

သိလျက်စိန္တေ ညီနန်ထေရ်ကို
မေးလေသော်ရှိ "နတ်မိငါးရာ
ဝစ္စရာနှင့် ကလျာနှမ
မယ်ရူပတို့ သွင်လှမူရာ
မည်သူသာ၍ ဆင်းဝါလွန်ကျူး
အထူးတင့်တယ် ရှုချင်ဘွယ်တိ"
မေးတော်ရှိက မင်းနန္ဒသည်
ပြုံးစရှင်ရှင် ရူပခင်သည်
မြိုင်ခွင်တောဘေ မြင်ခဲ့လေသည့်
ထိုင်နေခြောက်စ မျောက်အိုမနှင့်
တူမျှလောက်သာ ဖြစ်လေပါတည့်
ကညာရုပ်ဆင်း နတ်ယမင်းကို
ပြင်းပြဆန္ဒ သဘောကျဟု
နန္ဒညီမော် လျှောက်တင်သော်၏
နောင်တော်မြတ်စွာ ထိုရောခါ၌
☆သာသနာ့ပျော်မွေ့ ဓလေ့သူမြတ်
ကျင့်ဝတ်ပတ်ကို မပြတ်သော်ဖြင့်

ကောင်းစွာကျင့်က ချီးမြှင့်မနှေး
ဂါထာတေးကို ညီထွေးစိတ်ပါ
ရွတ်ဆိုပါသော် နတ်လျှာနတ်နွယ်
ကညာမယ်တို့ ညီဝယ်ရွှေမှောက်
မကြာရောက်လိမ့် ဘုန်းတောက်ဇိနော်
မိန့်လေသော်က ညီတော်နန္ဒ
သဘောကျ၍ နှုတ်စ,အာရွှင်
လျှောက်ကာတင်၏ ညီရှင်နန္ဒ
ပေးသမျှကို အရအာဂုံ
လုံးစုံစေ့စပ် ထပ်ထပ်ခါပင်
ရွတ်မည်ရှင်ဖျား လျှောက်တင်သ,သော်
ရှင်တော်မြတ်စွာ ဝန်ခံကာဖြင့်
ဝဋ္ဋာထက်နန်း တိမ်လိပ်ပန်းမှ
ဖြတ်သန်းတလျှောက် ကျောင်းတော်ရောက်သည်
ထွန်းတောက်ရောင်ဝေ
စောဇိနေ။

[၁၂၂]

ကျောင်းတော်ရောက်လာ စောမြတ်စွာက
အို,နာ,သဘေး လက္ခဏာရေးကို
တွေး၍မြင်ဘွယ် ထင်လွယ်ဂါထာ
ညီနန္ဒာကို ပေးကာအပ်နှင်း

ညီတော်ရင်းသည်　ချက်ခြင်းသော်ပ
ကျောင်းခန်းမတွင်　ဖွဖွရှတ်အံ
စီစီညံမျှ　သံပြာလှပေါ့
တမ်းတကလျာ　နတ်သူဇာတို့
ဘယ်ခါရောက်လိမ့်　ဇောဖိမ့်ဖိမ့်လျှင်
သိမ့်သိမ့်ရင်လှုပ်　ထပ်ထပ်မနား
ရှတ်ပါများလည်း　ရောက်ကားမလာ
ရှင်နန္ဒာသည်　မောကာအားပြော့
စိတ်တော်လျှော့လျက်　နောင်တော့်ဂါထာ
ညုံမပါလို့　မလာလေထင့်
တင့်တင့်သော်　မြှော်လင့်ချက်ကုန်
မျက်နှာသုန်လေ　ဣန္ဒြေမရ
တရှရှသော်　ကျောင်းတော်ပျော်သည့်
များဖော်ချင်းချင်း　ရဟန်းချင်းတို့
ဆိုတင်းပြက်ရယ်　လှောင်ကျီစယ်တည့်
ဘယ်နှယ်နန္ဒ　ညီရင်းမျှမို့
ရပေ့ဂါထာ　နန်းသူဇာတို့
လာပါ၏လော　စစ်ကြောမေးလျှင်
ရှင်တော်နန္ဒ　ရှက်တော်ရ၍
ကင်းပသံဃာ　ဆိတ်ငြိမ်ရာ၌
ခါခါရှတ်ဖတ်　မပြတ်အာရုံ
နေ့ညပုံလျှင်　အထုံပါရမီ
ဆက်ဆက်မှီ၍　စာဂီအကျင့်

ဆင့်ဆင့်ဘဝ ရင့်သန်ရကား
ထူးလှမဂ်ဇော အာသဝေါကင်းကွာ
ဉာဏ်လင်းဖြာ၍ ဇာတိဒုက္ခ
အနိစ္စနှင့် အနတ္တယှက်
မှောက်သည့်ခွက်ကို ပက်လက်နေထား
လှန်သည့်လားသို့ မျက်ဝါးထင်ထင်
ဗေဒါ ☆ သိမြင်စိတ်ထဲ သဘောဘဲဟု
ဉာဏ်စွဲဝင်ကာ တဏှာပြတ်ကြွေ
ကင်းလေသံယော ထက်ဇောဉာဏ်ပေါက်
မဂ်ဖိုလ်ရောက်သည် ဝမ်းမြောက်ဝမ်းသာ
ရဟန္တာ။

[၁၂၃]

ဝမ်းမြောက်ဝမ်းသာ ရှင်နန္ဒာသည်
မြတ်စွာရှေ့မှောက် ကြွရောက်ပြီးလျှင်
သုံးလူ့ရှင်အား ကြည်လင်ရှိတုပ်
ပဆစ်တုပ်လျှက် လက်အုပ်ဦးချီ
လီလီကန်တော့ ဖြေလျှော့ကူခွေ
တည်ငြိမ်ပေသား လျှောက်လေမြတ်စွာ
ညီနန္ဒာသည် တဏှာကိလေ
ပရိဒေကို တိကြွေကင်းပြတ်
မြစ်သည့်ဇောသန် ထက်ဉာဏ်မဂ်ဖိုလ်

ရောက်ခိုပြီးလင့်   ကြုံမျှော်ချင့်၍
ညီရှင့်ဆန္ဒ   တပ်မောလှသည့်
သူဇာ့နတ်ပျို   ကညာပျိုတို့
မလိုမလား   နောင်ဘုရား၏
ပေးပြောကတိ   မရှိလွတ်ကြောင်း
လျှောက်ပန်တောင်းသော်   နောင်တော်ဗုဒ္ဓ
ညီနန္ဒကို   အာသဝဒိဋ္ဌိ
ကင်းကွာဘိ၍   မရှိပယ်သန်း
မဂ်နန်းမြင့်လျှင်   ငါရှင်ကတိ
မရှိအပ်တော့   ချပ်လော့သတိ
သိလော့ညီတော်   ဟောမိန့်သော်၍
☆ရှင်ပျော်စကား   ညီချစ်သားနှင့်
ပြောကြားနေလျှင်   ရဟန်းရှင်တို့
ဖူးမြင်လာရောက်   တအားမြောက်၍
အံ့လောက်တဖြာ   မင်းနန္ဒာ၏
ထူးစွာဥာဏ်ရ   တွေ့မြင်ကြလျှင်
ဗုဒ္ဓရှင်တော်   အံ့ဘွယ်သော်တည့်
ညီမော်ရဟန်း   ဝတ်သင်္ကန်းနှင့်
မလန်းပါနိုင်   လွမ်းဗျာလှိုင်၍
ကေခိုင်ဇနု   မယ်ပဒကို
တမ်းတ,ရင်းပင်   သုံးလူ့ရှင်က
လှယဉ်ကြော့မူ   မိုးနတ်သူနှင့်
ချော့မြှူပွဲပြင်   ကျွတ်တမ်းဝင်၏

အုံပင်တသြ သောသောပင်မျှ
ဆိုကြစကား ရှင်တော်ကြားလျှင်
ဟိုယခင်က အတိတ်ဆဲ့သော်
ဗာရာဏပြည်လျှင် ငါအရှင်သည်
ခေါ်တွင်နာမ ကပ္ပမည်
ကုန်သည်ဖြစ်ငြား ကူးလူးသွားလျက်
ချစ်သားနန္ဒာ ထိုအခါက
မြည်းဘဝဖြင့် ဖြစ်ထသော့ဟူ
ငါ့ထံမူတွင် ဝန်ယူဝန်သယ်
လုပ်အားကြွယ်သား ခါဝယ်တနေ့
မြည်းမ,တွေ့လျှင် မမေ့မပျော်
ခိုင်းသော်မရ ငြင်းဖယ်လှ၍
မနှင့်ချော့မြူ ဆုံးမယူရ
ဝဂဂဃ ☆ သာကေကို ဟောပြထုတ်နှောင်
အတိတ်ဆောင်သည် ခြောက်ရောင်ထိန်လင်း
သုံးလူ့မင်း။

# [၁၂၄]

## ရာဟုလာအမွေတောင်းခန်း

သုံးလူ့စိန္တေ ချက်တော်ကြွေသည့်
မွေးတော်ဌာန ကပိလသို

ကြွရောက်ပြီးနောက် သတ္တာမြောက်ဝယ်
ခဲဘွယ်ဘောဇဉ် သီးချိုချဉ်ဖြင့်
ဆွမ်းလျှင်လုပ်ကျွေး မိထွေးဂေါမိ
မဟာသီနှင့် ဒေဝီယသော်
သားတော်ရာဟု ဆွေသားစုတို့
ကောင်းမှုဘွယ်ရာ ကပ်လှူကာတည့်
ပိမ္ဗာယသော် သားမျက်ဖျော်အား
ဝတ်တော်တန်ဆာ ဆင်ယင်ကာဖြင့်
သက်လျှာရှေ့ဥ သားရာဟုကို
ရှုပဟိုဝယ် သားမျက်ခြယ်—
တင့်တယ်သရေ စမ္ပယ်နေသား
ထိန်ဝေရောင်လန်း ရွှေရောင်သန်းလျက်
သက်န်းဝတ်ရုံ လ,ဝန်းပုံကို
ကြယ်စုံနက္ခတ် ဝန်းရံပတ်လား
လူနတ်သုံးဘော် ညွှတ်ပူဇော်ရ
ဘုန်းတော်မြတ်ရှင် သားဘခင်တည်း
ဟိုစဉ်ကသော် သားမယ်တော်နှင့်
တူပျော်ရွှေနန်း ဘွေကြွင့်နှန်းမှာ
ရေဖျန်းစဉ်က သားမွေးဘဦ
ဝဏ္ဏရွှေအိုး ရတနာမျိုးတို့
ပြည့်ဖိုးပေါကြွယ် အိုးကြီးငယ်နှင့်
★မြေဝယ်မြှုပ်ထား လွန်မြောက်များခဲ့
သား၏ဘခင် တောသို့ဝင်က

မမြင်ပျောက်ကွယ်　ဘယ်ဝယ်ဘယ်ရပ်
မည်သူ့အပ်၍　ချန်လှပ်ထားဘိ
မသိရကား　ငါ့သားမှာမူ
အောင်ချာပြည်ကြီး　ရွှေဘုံထီးကို
ဆက်ပြီးစံမြန်း　ဘိသိက်ဖျန်း၍
တိုင်းခန်းအုပ်ချုပ်　ရှစ်ဖြူအုပ်ကာ
မင်းလုပ်မည့်သူ　ဖြစ်တော်မူ၍
ဘ,ဖြူဘိုးတော်　ခမည်းတော်နှင့်
မယ်တော်တို့အား　နှစ်လျှားရှည်စွာ
ကျွေးမွေးကာဖြင့်　နန်းလျှာမွေ့ခံ
ပလ္လင်ပုံကို　စံယူမည့်သူ
ဖြစ်တော်မူ၍　သုံးလူထွတ်ထား
ဘ,ဘုရားအား　သားတော့်အမွေ
ရတနာတွေကို　တောင်းချေပါလော့
မွေးမေချော့သည်　မယ်တော့်မျက်ရှု
သွားရာဟု။

[၁၂၅]

နေမင်းသူရိန်　ထွန်းပြောင်ထိန်သို့
မုနှိန်ဇိနှ　အတုလလျှင်
မွေးဘသုဒ္ဓော်　ခမည်းတော်၏
ဆွမ်းဆော်လုပ်ကျွေး　ဘုဉ်းပေးနေစဉ်

ရွှေစင်မြက်ဖျော့ မိမယ်တော်၏
မှာသော်စကား မှတ်သားပြီးကာ
ရာဟုလာသည် မြတ်စွာအနီး
ချဉ်းကပ်ပြီး၍ ရင်းနှီးသည့်နှယ်
☆စကားကြွယ်လျက် ချစ်ဖွယ်ပီယ
နှုတ်ခွန်းစ၍ ချိုလှုမျက်နှာ
ပြောဆိုကာတည့် ထိုခါရှင်ဘော်
ဘုဉ်းပေးသော်ပြီး ပွားစီးဘာဝနာ
ဆွမ်းဒေသနာကို ဟောကာပြီးထ
နိဗ္ဗာဓသို့ ပြန်ကြလေသော်
သားတော်သျှောင်ငိုက် နောက်မှလိုက်လျက်
စိုက်စိုက်နှင့်ပင် မေးသခင်၏
ဆင်လှသကန်း ဝတ်ရုံမြန်းကို
တန်းတန်းဆွဲငင် ဖွဖွပင်သော်
"ဘခင်ဘုရား သားတော်ဖျားကို
များဖြင့်ဥစ္စာ ရတနာတို့
ပေးပါဘုရား ဘ,ဘုရားရဲ့
များလှရွှေငွေ ဘ,အမွေကို
သားပေခံထိုက် စရိုက်စဉ်လာ
ရှိပါဘုရား ပေးပါဖျားဟု"
မနားသော်ဖြင့် တငင့်ငင့်လျှင်
ခံလင့်တောင်းသော် ဘ,ဘုန်းမော်သည်
နှုတ်သော်မဟာ ကြောင်းမျှော်ဆလျက်

လှမ်းကြွသော်လျှင် မည်သူပင်မျှ
မခေါ်ကြရ၍ သွားလှုကြော့မောင်
ဘ,ဘုန်းခေါင်၏ နောက်ယောင်တစိုက်
တောင်းခံလိုက်သည် ရောင်ငိုက်မျက်ခြယ်
သွားသက်လယ်။

[၁၂၆]

ကျောင်းတော်ရောက်လတ် ဘုန်းတော်မြတ်သည်
၀၀၇ပ☆စိတ်မှတ်ကြံဆင် သွားတော်ရှင်က
မှန်ပင်တရေး အမွေပေးဘို့
မနှေးတောင်းဆို ထိုထိုရတနာ
စည်းစိမ်လွှာသည် သံသာလှည့်လည်
ဝဋ္ဋနွယ်ရှည်၍ အတည်တကျ
မရှိကြဘဲ ဒုက္ခများထွေ
ကိလေတိုးပွား တဏှာများ၏
ဘုရားငါရှင် နန်းပလ္လင်နှင့်
များဖြင်ဥစ္စာ စည်းစိမ်လွှာကို
စွန့်ကာပယ်သန်း တောသို့မြန်း၍
ရဟန်းဝတ်ပြီး ရှာမှီးချမ်းသာ
မြိုက်ရသာကို သားလျှာပုတ္တာ
ရာဟုလကို ပေးမှသင့်မည်

စိတ်ကြံရည်လျက်　“သက်လည်သားလှ
ငါဗုဒ္ဓသည်　ဒုက္ကရစရိယာ
ခြောက်နှစ်ကြာမျှ　ကျင့်ကာကြိုးကုတ်
အားထုတ်သော့လျှင်　ဗောဓိပင်၏
ပလ္လင်ရွှေဘုံ　အောင်ရိပ်မြုံ၌
လုံးစုံရလတ်　မြတ်ဘိဓမ္မေ
လောကုတ်မွှေကို　ယူလေတော့သား’
မိန့်ကြားသော်ဘိ　သာရိပုတြာ
ထေရ်မဟာကို　စေကာသမှူ
မောင်ရာဟုကို　ရှင်ပြုလေလော့
ဘုန်းကြော့သခင်　မိန့်တော်ဆင်က
ရှင်သာရိပုတြာ　ထေရ်မဟာသည်
☆ဆယ်ဖြာသီလ　သုံးဝသရဏာ
ပေးအပ်ကာတည့်　တေဇာပြင်းထန်
မောဂ္ဂလာန်သော်　ဆံတော်ကေသာ
ပယ်ဖြတ်ကာဖြင့်　ရှင်မဟာကဿပ
ဩဝါဒဆရာ　ထားပြီးကာလျှင်
ဝင်းဝါသင်္ကန်း　ဝတ်ဆင်မြန်းလျက်
ရဟန်းသာမဏေ　ဖြစ်တုံလေသည်
သားရွှေပုလု　သည်းအူနှမှ
ငွှေဥမျက်ရည်
လည်၏တည်း။

[၁၂၇]

ရှင်ပြုပြီးက ကြားသိရ၍
မင်းဘသုဒ္ဓော ရတက်စောလျက်
နိဗ္ဗောဓာရုံ ကျောင်းရွှေဘုံသို့
ရောက်တုံပြီးသော် သားဘုန်းမော်ကို
နားတော်လျှောက်တင် 'သားတော်ရှင်'
ငယ်စဉ်သော်က ပြာဟ္မဏတို့
ဟောကြထင်လင်း သံဝေပြင်း၍
တောတွင်းပျော်မြန်း ရဟန်းဖြစ်မည်
ဟောလေသည်ကြောင့် မကြည်ဝမ်းဝယ်
သားသယ်မွေးဘေ မအေးလေ၍
ရဝေဘုံပျံ ဥတုခံသည့်
သုံးရုံဆောင်ထီး ပြာသာဒ်ကြီးကို
ဆောက်ပြီး၍သော် မောင်းမတော်နှင့်
ညာပျော်စံယား မိဖုရားတို့
ပျော်ပါးလို့ငှာ ထားခဲ့ပါ၏
သက်လျှာသားမော် ခမည်းတော်ကို
ဝဝငဃ ☆ ငဲ့သော်မကွက် တောသို့ထွက်၍
ဆင်လျက်သက်န်း ရဟန်းပြုသော်
ဘတော်ဘုရား ရတက်ပွားလျက်
ကြီးမားဒုက္ခ ပူဗျာရ၍

သောကပူမီး တောက်လောင်ကြီးခဲ့
ရှိပြီးတစေ စိတ်တော်ဖြေလည်း
နန်းမွေနန်းလျာ ညီနန္ဒာကို
ခေါ်ကာဆင်မြန်း ဝတ်သင်္ကန်းဖြင့်
ရဟန်းပြုပေ မွေးသည့်ဘေမှာ
မူပွေပူပွား ပို၍များခဲ့
သားကြီးသားငယ် နန်းလျာနှယ်တို့
ရှောင်ပယ်ခွာသန်း ရဟန်းဖြစ်လေ
စိတ်မှာဖြေလျက် နန်းမွေနန်းလျာ
ရာဟုလာသည် နန်းမှာကျန်ရစ်
ကေရာဇ်မင်းကောင်း စဉ်လာဟောင်းဖြင့်
ဘေးလောင်းဘိုးတော် နှယ်သော်မပျက်
နန်းကနက်ကို စိုးဆက်စံမြန်း
ရေဖျန်းမင်္ဂလာ မြင်ရပါမူ
စိတ်မှာဖြေဖျောက် ပြေနိုင်လောက်၏
မထောက်ခုလျှင် သားတော်ရှင်က
နန်းစဉ်နန်းလျာ ရာဟုလာကို
ခေါ်ကာသော်ခု ရှင်ပြုပြီးလတ်
ဘတော်မြတ်ဌ ဆက်ပြတ်နန်းရိုး
ရိုက်ပြီးချိုးသို့ မျိုးတော်ရှစ်သောင်း
ဆွေတော်ပေါင်းတို့ ထီးဆောင်းအုပ်ချုပ်
☆မင်းလုပ်မည့်သူ မကျန်မူ၍
ရှစ်ဖြူထီးဖြူတ် နန်းဆက်ပြုတ်ကာ

သစ်ငုတ်လူ့နှယ် အညွန့်ကွယ်ပေါ့
သုံးဝယ်လောက တုမရသည့်
ဗုဒ္ဓဘုရား တပည့်သားနှင့်
တရားဓမ္မာ ရတနာကို
လွန်စွာလေးမြတ် ကြည်ညိုလတ်၍
မပြတ်ကြည်ဖြူ ရှိသေသူလည်း
ဖြစ်သူမှန်လျက် တိုင်းထက်အလွန်
အဆိပ်မွန်သို့ ပုပ်နံဆင်းရဲ
ကြေကွဲနှလုံး ယူကျုံးမရ
ရှိလေစွက မွေးရမယ်တော်
မိယသော်ဝယ် ဆိုဘွယ်မရှိ
ပူဆွေးဘိ၍ မွေးမိမွေးဘ
သားမြေးမျှကို မဝချစ်ခြင်း
သည်းအူထွင်းလျက် ရိုးတွင်းခြင်ဆီ
စွဲမှီတည်သား မြတ်ဘုရားဟု
လျှောက်ထားဘုရင် နားတော်တင်သည်
ဘခင်နန်းစံ
သဒ္ဒါဂံ။

[၁၂၇]

မွေးဘဘခင် မင်းဘုရင်၏
လျှောက်တင်စကား နားတော်ကြားက

ဘုရားဇိနေ ပရမေသည်
မိန့်ချေညွှန်ပြ ရခဲလှသည့်
ဒုလ္လဘတရား အမြွတ်ထား၍
ဆပွားကြည်ညို ထောင်နှားချိုလော့
မိန့်ဆိုသော်ဘိ “ပဗ္ဗဇိတ”
သုတ်ဓမ္မကို ထုတ်ပြညွှန်းဖော်
ဟောလေသော်၏ သုဒ္ဓော်ဘခင်
ကြားနာဆင်၍ ထပ်ပင်လျှောက်ကြား
မြွတ်တရားသည် ကြီးမားသော်ဘိ
ကျေးဇူးရှိလည်း မသိမလိမ္မာ
များစွာမိဘ ရှိလေကြ၍
သောကပူကျိန်း မထိန်းနိုင်ရာ
နောင်ခါကာလ မွေးမိဘတို့
နှူးမျှအညွတ် ခွင့်မလွှတ်ငြား
သမီးသားကို ဘုရားမြွတ်စွာ
ခေါ်ယူကာဖြင့် ဝတ်လွှာသင်္ကန်း
မဆင်မြန်းဘဲ ရဟန်းသာမဏေ
မပြုလေရန် မွေးဘောတန်တန်
တောင်းပန်ပါဘိ လျှောက်ဘင်ရှိသော်
စိန္တေယျော်သည် ဝန်တော်ခံရှိ
များဘိသင်္ဃာ မိန့်ခေါ်ကာဖြင့်
နောင်ခါကာလ ယနေ့မှလျှင်
မိဘဘိုးဘွား ဆိုင်သည်များတို့

စိတ်ထားနူးညွတ် ခွင့်မလွတ်က
ဆင်ဝတ်သင်္ကန်း ရဟန်းသာမဏေ
မပြုလေနှင့် မိန့်ချွေဖော်ထုတ်
သိက္ခာပုဒ်ကို သမုတ်ပိုင်းခြား
ပညတ်ထားသည် တည်ငြားသာသနေ
မွန်ရှည်ပေ။

[၁၂၉]

ဝိဒူဍဘ ☆တနေ့မှာသော် နန်းအိမ်တော်၌
သုဒ္ဓေါ်ဘုရင် သားတော်ရှင်အား
ဘောဇဉ်ဆွမ်းပြု လုပ်ကျွေးလှူ၏
သုံးလူဗိနော် ဘုန်းပေးသော်ပြီး
ဘုရင်ထီးက သားကြီးဘုန်းဝေ
စံနန်းမြေမှ ရှောင်သွေထွက်ကြွ
တောဝနှ၌ ဒုက္ကရစရိယာ
ကျင့်တုံခါလျှင် ဘဘုရင်ကို
မထင်မရှား ရှောင်ရှိန်ကြွားလျက်
နတ်သားတယောက် လာ၍လျှောက်၏
ဘုန်းတောက်သားတော် စကြံပေါ်၌
ကျင့်သော်ကမ္မဋ္ဌာန်း စီးဖြန်းနေစဉ်
အားအင်ကုန်ပြတ် သေဆုံးလတ်ဟု
နတ်တို့လှည့်လည် လာပြောသည်ကို

ယုံကြည်မရှိ    ကြီးဘိဂုဏ်တော်
သားဘုန်းမော်ဟု    သုဒ္ဓေါ်ဘခင်
လျှောက်ကာတင်သော်    မြတ်ရှင်ဇိနေ
မိန့်ဟချေသား    မွေးဘေမိဘ
ယခုဘဝ၌    ကြီးလှပါရမီ
ရင့်ကျက်ပြီကြောင့်    ထိုဤမှုသား
မဆိုထားဘိ    နှုငြားပါရမီ
ရှေးအတိက    သညီနှာမ
ခေါ်ဆိုကြသည့်    ဓမ္မပါလာ
ရွာကြီးမှာဝယ်    လွန်စွာကျော်လစ်
သူဌေးဖြစ်၍    သားချစ်ပုတ္တာ
★ ပြည်ဗာရာ၌    ဆရာဒိသ
ပါမောက္ခတွင်    သိပ္ပပညာ
သင်တုန်းခါဝယ်    ဆရာဒိသာ
ခမည်းဘကို    အရိုးဆိတ်ဖြူ
လက်ဖျုံတူသား    ယူဆောင်ပြီးကာ
ဓမ္မရွာသို့    ရောက်လာပြီးလျှင်
မွေးဘခင်အား    အသင်၏သား
ကွယ်လွန်သွား၍    ရှုငြားရအောင်
ထမ်းဆောင်အရိုး    သည်ပိုး၍သာ
ငါယူလာဟု    ကြောင်းရာပြောပြ
အရိုးပြလည်း    နည်းမျှမယုံ
ဖြစ်ခဲ့တုံလတ်    ဘတော်မြတ်ကို

ထုပ္ပတ်ဒေသနာ ခွန်းချွေသာလျက်
ဓမ္မပါလ ဇာတကဖြင့်
ညွှန်းပြထုတ်ဖော် ဟောလေသော်က
သုဒ္ဓေါ်ဘခင် မင်္ဂေါဝင်၍
ဉာဏ်စဉ်ဖြာလျှံ အနာဂံသို
၁၃၅၀ ☆ ရောက်လေမြှိုသည် နှစ်လို့ကြည်ရှင်
ဘဘုရင်။

[၁၃၀]

## ကပိလပြည်မှ ပြန်ကြွခဏ်း

လူသုံးပါး၏ ပတ္တမြားသင်းကျစ်
ဓမ္မရာဇ်တဆူ ဖြစ်တော်မူသည့်
သုံးလူထွတ်တင် ဂုဏ်ပေါင်းရှင်သည်
ဘခင်သုဒ္ဓော ခမည်းစောနှင့်
မျိုးရောဆွေပေါင်း သိန်းကိုးသောင်းမျှ
ရွှေကျောင်းစံရာ နိဂြောဓာတွင်
ရသာမြိုက်ဆေး မြတ်ရေအေးကို
တိုက်ကျွေးသော်ပြီး ဝါဆိုနီးက
ပြည်ကြီးသရေ ချက်တော်ကြွေသည့်

မွေးဘောဌာန ကပိလမည်
တိုင်းရွှေပြည့်မှ ပြန်လည်ကြွလျှင်
ထိုနေ့ပင်ဝယ် ဘုရင်သုဒ္ဓေါ
မင်းမြတ်စောသည် ဆော်ဩသီးသီး
မျိုးဆွေကြီးတို့ ခေါ်ပြီးစည်းဝေး
ထုတ်ဖော်မေးသား ရင်သွေးသားငယ်
ဘွားစရွယ်က အကယ်၍များ
ဤမင်းသားသည် ကြီးမားဘုန်းခေါင်
အိမ်ရာထောင်၍ ပြည်ဘောင်စိုးနင်း
စကြာမင်း၏ ပြည့်ဝင်းသရေ
စံနေပျော်က ဆွေတော်သာကီ
စုံညီပရိသတ် ခြံရံလတ်၍
သားမြတ်နှင့်ပင် စကြာယာဉ်ညွှန်း
ဘုန်းတောက်ထွန်းသား လေးကျွန်းပတ်လည်
လှည့်စေမည်ဟု ဆိုသည်ရှိညော့်
အကယ်တည့်များ ဤမင်းသားသည်
ဘုရားစင်စစ် ဧကန်ဖြစ်က
စွန့်ပစ်လူ့ဘောင် ဝတ်ကြောင်ပယ်သန်း
ဆင်သင်္ကန်းဖြင့် ရဟန်းပရိသတ်
ခြံရံလတ်၍ လှည့်ပတ်တိုင်းခန်း
ကြွမြန်းဒေသစာရီ နွယ်သာကီတို့
ချီတော်မူမည် ဆိုသည်ဂတိ
မောင်တို့ရှိခဲ့ ပြောဘိအတိုင်း

မဆိုင်း၍သာ မျိုးညာနွယ်ညီ
တယောက်စီဖြင့် သာကီဘုန်းတောက်
သားတော်နောက်သို့ သွားရောက်ပြီးလျှင်
ဝတ်ဆင်သင်္ကန်း ရဟန်းပြုကြ
မိန့်တော်ဟာသည် သုဒ္ဓဘုရင်
မျိုးကြီးရှင်။

[၁၃၁]

## သာကီဝင်တို့
## မြတ်စွာဘုရားနောက်တော်သို့လိုက်ခဏ်း

ကပိလရွှေ တိုင်းဌာနေမှ
စိန္တေဗုဒ္ဓ သုံးလူ့ဘသည်
လှမ်းကြွဒေသစာ ပြန်၍လာသော်
ရှက်ဖြာသရက် ပင်ချင်းယှက်၍
ကိုင်းခက်ပြန့်စည် ဝန်းဖြာလည်သား
မြရည်ရှဲဥ ပင်ခြေစုသည့်
အနုပိယ ရွာဂါမသို့
ရောက်ကြသောခါ ကပိလာမှ
၀၀၁၀၈
☆သာကီမင်းသား ခြောက်ပါးအစု

အနုရုဒ္ဓါ အာနန္ဒာနှင့်
တဖြာဘဒ္ဒိ ကိမိ,ဘဂု
ပေါင်းစုဒေဝဒတ် ဖြစ်တုံလတ်၍
ဆတ္တာသည်သား ခေါ်ကြားသော်ဘိ
ဥပါလိတို့ ရောက်ရှိ၍သော်
ခုနစ်ဖော်တို့ ရှင်တော်ထံရင်း
ချဉ်းကပ်နှင်း၍ ဝပ်စင်းကော်ရော်
ရှိခိုးသော်ပြီး လျှော်တော်သင်္ကန်း
ဝတ်ဆင်မြန်း၍ ရဟန်းသော်ခု
ပြုပါရစေ ခွင့်တောင်းလေသည်
မျိုးဆွေသာကီ
ဖြည့်ကျင့်ညီ။

[၁၄၂]

စိန္တေမှုနို ဥပါလိအား
ပြုဘိဦးစွာ နောက်မှသာလျှင်
မဟာသာကီ ခြောက်ပါးညီတို့
တလီသင်္ကန်း ဝတ်ဆင်မြန်း၍
ရဟန်းဖြစ်ပြီး ထိုတောကြီးမှ
ခရီးဒေသစာ ကြွချီကာဖြင့်
အောင်ချာနဂိုရ် ရာဇဂြိုဟ်မှန်
ဝေဠုဝန်ကျောင်းတော် ဝါကပ်သော်လျှင်

ရှင်တော်ဘဒ္ဒိ  သစ္စာသိ၍
ပင္ဂိသမ္ဘိဒါ  ရဟန္တာတည့်
နန္ဒာညီတော်  တည်သော်မင်္ဂလာကျော်
သောတာပန်ရှင့်  တဖန်ထို့ပြင်
ရှင်တော်ဘဂု  ဥပါလိထေရ်
၀၆၈၀၈ ☆ ကိုမိဆွေတို့  ဖြစ်လေရဟန္တာ
နောက်မှသာတည့်  အနုရုဒ္ဓါ
ထေရ်မဟာကား  ဒိဗ္ဗာစက္ခု
ဉာဏ်ရှုသိမြင်  ကြံဆင်ခြင်၍
ဝါလျှင်ကျွတ်က  ဓမ္မသေနာပတိ
သာရိပုတြာ  ထေရ်မဟာထံပါး
ချဉ်းကပ်ငြားလျက်  ပွားများကမ္မဋ္ဌာန်း
စီးဖြန်းနာယူ  ကျင့်တော်မူပြီး
တိုင်းကြီးစေတိယ  ပါစိနသို့
ပြန်ကြွပြီးလတ်  ဖယောက်ျားမြတ်တို့
ကျင့်ဝတ်တရား  ကျင့်ကြံငြားလျှင်
အားအင်ကုန်ခန်း  ရှင်မလန်းဘဲ
စိတ်ပန်းနေသော်  မြတ်ဇိနော်သည်
သိတော်မူကာ  ကြွလာပြီးလျှင်
အရိယာဝင်တို့  ကျင့်စဉ်ပဋိပတ်
ဟောမိန့်လတ်က  ကင်းပြတ်အာသဝေါ
မင်္ဂဇောဖြာဘိ  ပဋိသမ္ဘိဒါ
ရဟန္တာတည့်  ဒိဗ္ဗာစက္ခု

နတ်မျက်ရှုလား   ပိုင်းခြားရွှေနောက်
ထက်အောက်ထင်ထင်   လွန်ကဲမြင်သည်
အရှင်နုရုဒ္ဓါ
ထေရ်မဟာ။

[၁၃၃]

## ဝေသာလီပြည် တည်ဆောင်ခန်း

ပြည်ကြီးဝေသာ   တိုင်းအောင်ချာကား
ဗာရာဏရှင်   မင်းဘုရင်၏
ညာထင်စံထား   မိဖုရားသည်
တည်ငြားသန္ဓေ   ရက်စေ့လေသော်
၄ မွေးမေထိပ်ပန်း   လယ်ခေါင်ရန်းသို့
ရောင်သန်းအဆင်း   ခြင်းခြင်းနီရဲ
သားတစ်ခဲကို   မလွှဲမသွေ
ဘွားမြင်လေတည့်   မွေးမေမိဖုရား
ကြံဆငြား၏   အခြားသွယ်သွယ်
မိဖုရားငယ်တို့   တင့်တယ်ရတနာ
ဘွားမြင်ကာဖြင့်   ငါ့မှာသော့လျှင်
သားတစ်မြင်၍   နန်းရှင်သိက

ရှက်တော်ရ၍ မချက်ရဲ့
ဖြစ်ဆို့ဖွဲ့လိမ့် မင့်ဂုဏ်သိမ်
နန်းရွှေအိမ်မှ စည်းစိမ်လျော့ကျ
ဖြစ်လေစွတည်း ကြောင့်ကြပူမီး
ရှိန်ရှိန်သီး၍ မင်းကြီးမသိခင်
သားရွှေစင်ကို ရေတွင်မျှောမည်
စိတ်ကြံရည်လျက် သက်လည်သားတုံး
အိုးဥဖုံးပြီး မင်းသုံးတံဆိပ်
ခပ်နှိပ်ပြီးကာ စီးတွေ့သာသည့်
ဂင်္ဂါမြစ်ကြော ရေဥမျှောသည်
မျှောလျက်ရွှေစင်
မြစ်ရေယင်။

[၁၃၄]

ဂင်္ဂါမြစ်ကျော ရေဥမျှောလျှင်
ထက်ရပ်ခွင်မှ အရှင်ဒေဝါ
မှိုင်းမကာဖြင့် အကွာရာတံဆိပ်
ခပ်နှိပ်ဘန်ဆင်း ဤအိုးတွင်းဥ
မင်းကြီးရာဇာ ပြည်ဗာရာမှ
တောင်ညာစံထား မိဖုရား၏
☆ကြီးမားတော်ဇော် တောက်ထွန်းကျော်မည့်
သားတော်ပင်တည်း မှတ်နှိပ်ရည်းသား

ကမ္ပည်းထိုးကာ    နတ်ဒေဝါတို့
ညီညာသိုင်းဝိုင်း    ကူညီမှိုင်းသော်
လှိုင်းလေမရှိ    ကင်းစင်ဘိလျက်
မငြိဒုက္ခ    ချမ်းသာစွဖြင့်
အေးမြကြည်လင်    မြစ်ရေယဉ်၌
အစဉ်မျောလေ    မြစ်အကြေဝယ်
နွားတွေစုပေါင်း    ထိန်းကျောင်းပြုစု
သက်မွေးမှုဖြင့်    တခုရှာငယ်
မှီတွယ်နေငြား    ကြည်ညိုများသည့်
တပါးရသေ့    မြင်ကာတွေ့လျှင်
ဆယ်ရွေ့ယူငင်    အိုးတွင်အက္ခရာ
တွေ့ရှိကာဖြင့်    ဖိုးလွှာဖွင့်ရှု
နုထွတ်မွေ့မွေ့    ရဲရဲတွေ့သည်
တူပေ့သားတစ်
စိတ်မှာဖြစ်။

[၁၃၅]

စိတ်မှာကြံဖြစ်    ဤသားတစ်ကား
ဆိုးညစ်နံ့လှောင်    ပုပ်ဟောင်မရှိ
သန့်စင်ဘိကား    မိမိနေရာ
ယူဆောင်လာ၍    ပန်းကြာပန်းရွက်

ဖြန့်ကျင်းလျက်မှု မွေးကြူနေရာ
ထားပြီးကာဖြင့် စောင့်ကာရှုလေ
လခွဲနေက တုံးရွှေသားတစ်
နှစ်ခုဖြစ်ပြီး ကျော်လစ်သုံးလ
သားတစ်စသည် ခက်မငါးဖြာ
၁၀၇၀၀ ☆ ထင်ပြီးလာလျက် ရက်ကြာတဖန်
လွန်ပြန်လခွဲ သားတစ်ခဲသည်
ရွှေခဲရုပ်တု သွန်းလုပ်ပြုသို့
နုထွတ်ရုပ်ဆင်း သရေလင်းလျက်
အခြင်းအင်္ဂါ ပြည့်စုံစွာဖြင့်
ဖြစ်လာဖို့မ တွေ့မြင်ရလျှင်
ရသေ့ရှင်သည် ရင်မှဖြစ်ငြား
သမီးသားသို့ ဆပွားကြင်နာ
မိဋ္ဌာန်ကာဖြင့် ကျလာနို့ရည်
လက်၌တည်တည့် ဖန်ကြည်အလား
သူငယ်များတို့ အစားဟာရေ
တိုက်ကျွေးလေလျှင် ပြင်ကမြင်ရ
ကြည်လင်အိစက် ရေတွန့်ယှက်၍
ခေါ်လျက်သော်ဘိ လိစ္ဆဝိဟု
မှည့်တိမျိုးနွယ် စောင့်ရှောက်လွယ်သည်
ရင်ဝယ်မခြား
သမီးသား။

[၁၃၆]

ထိုခါ၌ဝယ် ရွာလယ်ရွာဖျား
တကာများတို့ လျှောက်ထားသော်လင့်
ဆရာရှင့်အား မသင့်မလျှော်
ရဟန်းတော်သည် ငယ်သော်သားသမီး
အရွယ်ကြီးအောင် မွေးပြီးနေက
မတော်လှ၍ များစွဖော်သင်း
တပည့်ရင်းတို့ အပ်နှင်းတော်မူ
ကြည်ဖြူလုပ်ကျွေး ထိုကလေးများ
မွေးပါရစေ လျှောက်တောင်းလေလျှင်
ထေရ်ရှင်ရသေ့ ကြံဆင်မွေ့၍
☆ဟုတ်ပေ့လေ့သား သူငယ်များသည်
ကြီးမားဘုန်းတောက် မျိုးဂုဏ်မောက်၍
အံ့လောက်စဘွယ် လွန်ကြီးကျယ်လိမ့်
အရွယ်ရောက်က မောင်နှမကို
ထိမ်းမြှားပြီးလျှင် မင်းဘုရင်ထံ
တောင်းခံနေရာ မြို့တည်ကာဖြင့်
မင်္ဂလာအောင်ခြင်း ဘိသိက်သွင်းလျက်
မင်း၏အဖြစ် တင်မြှောက်လစ်၍
မြို့သစ်တည်ထောင် ဂုဏ်ရည်ဆောင်လျက်
တိုင်းဘောင်စည်ကား အကျိုးများလိမ့်

မှာကြားသော်လျှင်း ပေးအပ်နှင်းသည်
မောင်ရင်းနှမ သက်မျှတူညီ
လိစ္ဆဝီ။

[၁၃၇]

ဆရာရသေ့ မှာသရွေ့ကို
စေ့စေ့နာကြား ရှာပြန်သွားကာ
များသူငါတို့ လမ်းတာပူပြင်
သောသောပင်တည့် ဖြူစင်သလဲ
ခင်းကြဲပြီးလတ် ရာဇမတ်စိုက်ထူ
ညွန့်လူငုက်ပျော ရောနှောအုန်းလက်
စိုက်လျက်တလျှောက် ပန်းခပေါက်ပေါက်တို့
ကြဲမြှောက်လမ်းရှည် စောင်းစည်ပတ်သာ
ဒူရိယာတို့ တီးကာလိုက်လှဲ
ရှင်ပျော်နှဲကြ ကြိုပွဲသဘင်
ပွဲကြီးယင်လျက် ရွှေစင်သားလှ
၀၀၄၁ မောင်နှမကို ဆောင်ကြပြီးသော်
☆ ရှာဆော်သူကြီး အသီးသီးတို့
ရင်မှီးသက်နှယ် သားသယ်ရင်းချာ
ကဲ့ပမာသို့ ပြုကာစောင့်ရှောက်
အရှယ်ရောက်က ဗာရာ့ပြည့်ရှင်
မင်းဘုရင်အား များဖြင်ပဏ္ဏာ

တင်ဆက်ကာဖြင့် မြို့ရွာသာခင်း
တည်လိုခြင်းကြောင့် အချင်းယူဇနာ
တရာမျှလောက် တောင်းလျှောက်ပြီးသော်
ပန္နက်ဆော်၍ မြို့တော်တည်ထောင်
ထွန်းပြောင်နေလ မောင်နှမတို့
စံကြစိမ့်ငှာ သုံးဂါဝုတ်ရှိ
ဘူမိနက်သံ မြေခံမြေကောင်း
ရေစင်လောင်း၍ ကျုံးမြောင်းတံတိုင်း
ရစ်ဝိုင်းပတ်လည် နန်းမြို့တည်ကာ
ချစ်ရည်မောင်နှမ ကြင်ဘက်မျှ၍
ထိမ်းမြားလက်ထပ် နှင်းအပ်မြို့တော်
အောင်စည်တော်ယွန်း ဘိသိက်မွန်းလျက်
ရေသွန်းမင်္ဂလာ ပြုပြီးကာဖြင့်
ရာဇာမင်းဖြစ် တင်မြှောက်လစ်၏
မောင်ချစ်နှမ တည်ဆောင်ကြလျက်
မျိုးစပွားစည် သာမောကြည်၍
ပြည်ကြီးဝေသာ မှည့်ခေါ်ကာဖြင့်
မြတ်စွာဘုရား မပွင့်ငြားမီ
စည်ကားဝပြော ရှင်ကြည်မောလျက်
မင်းစောရာဇာ မျိုးနွယ်လာတို့
၁၀၄၅ ☆ စိုးကာအုပ်ချုပ် မင်းလုပ်ထီးဆောင်း
အပေါင်းရေလစ် ဂဏန်းစစ်က
ခုနစ်ထောင့်ခုနစ်ရာ ဆယ်ခုနစ်ခါနှင့်

ကျော်ကာသတ္တာ ကျမ်း၌ပြသည်
လှည့်ကျွအုပ်စိုး မင်းမျိုးနွယ်ညီ
လိစ္ဆဝီ။

[၁၃၈]

တရံရောခါ ပြည်ဝေသာသည်
လွန်စွာမိုးခေါင် စိုက်ပျိုးတောင်သည့်
ပင်ထောင်ပြောင်းနှံ အဖျင်းသွံ၍
သီးလျှံမတွက် ရိုးတံချက်သာ
တည်ရှိကာဖြင့် များစွာလူပေါင်း
ခေါင်းပါးစာရေ ငတ်မွတ်လေ၏
များတွေ့ရောဂါ နှိပ်စက်ကာဖြင့်
လွန်စွာသေပျောက် ကြောက်ဘွယ်ဘီလူး
စားကျူးအန္တရာယ် ကျရောက်လွယ်၍
သုံးသွယ်သောကပ် ဘေးဥပဒ်တို့
မလပ်ရောက်လျှင် မင်းဘုရင်ကို
လျှောက်တင်လေငြား မင်းဘုရားတို့
တရားမစောင့် ကျင့်မဖြောင့်၍
တိုင်းဘောင်ဌာနေ များဝေနေတို့
သေကျေပျက်စီး ကပ်ကြီးသုံးဖြာ
ကျရောက်ပါတည့် ရှေးခါသော့လျှင်
ဆွေစဉ်ခုနစ်ဆက် မပျက်စိုးစံ

ဟာရံမျှဝယ် သုံးသွယ်သောကပ်
ဥပဒ်မငြိ ကင်းစင်ရှိ၍
ကြီးဘိချမ်းသာ ရှိခဲ့ပါတည်း
ခုခါတမူ ရောဂါထူပြီး
သေသူလွန်များ မင်းဘုရားတို့
တရားယွင်းချို့ ဖြစ်သည်တို့ကြောင့်
ဤသို့ဖြစ်ရ စောင့်ထိန်းပဟု
လျှောက်သတင်သည် မင်းလျှင်အများ
နားတော်ကြား။

[၁၇၉]

ထိုသို့လျှောက်တင် မင်းဘုရင်တို့
ပြန်ပင်မိန့်ကြား မတရားသမှု
ငါတို့ပြုက ယခုမကြာ
များတကာတို့ ရှာဖွေစိစစ်
ကြံဆောင်လစ်လော့ အပြစ်မတရား
ထင်ရှားတွေ့မြင် လျှောက်ကာတင်လော့
စင်ကြယ်သမှု ငါတို့ပြုမည်
ဝန်ခံသည်ကြောင့် ပြည်သူအများ
စုဝေးငြား၍ အမှားအပြစ်
စိစစ်ရှာဖွေ မတွေ့လေလျှင်
မင်းဘုရင်ကို လျှောက်တင်ကြသော်

ထောက်မြှော်ရာဇာ ထိုအခါ၌
ဖြစ်လာအန္တရာယ် ငြိမ်းချမ်းလှယ်အောင်
ကြံဆောင်မနှေး အရေးပေး၍
စည်းဝေးကြလော့ မိန့်တော့လေလျှင်
လျှောက်တင်အချို့ မှူးညို့စိမ်းစို
ရာဇပြိုဟ်၌ ပုဂ္ဂိုလ်မြတ်ထူး
ဂိုဏ်းမှူးဖြစ်ဘိ မဟာ္တလိဂေါသာလ
ပူရဏတို့ ဟောပြတရား
၁၀၅၅၀ ☆ပေါင်းအများတို့ နာကြားရက
ဒုက္ခခပ်သိမ်း ကင်းငြိမ်းပြီးကာ
ချမ်းသာရာ၏ ချို့မှာတနည်း
လျှောက်တင်ရည်းသား သိဋ္ဌည်းဆရာ
ပညာသာ၍ ကြားနာသော့လျှင်း
ရောဂါကင်း၍ ထင်လင်းမှုချ
ချမ်းသာရလိမ့် ချို့ကသော်မူ
ပက္ကုဓကစ္စ နိဂဏ္ဌတို့
ပင့်ရသော်လျှင် လှင့်စဉ်ဘေးပေါင်း
မကောင်းကွယ်ပျောက် ချမ်းသာရောက်လိမ့်
လျှောက်ကာတင်ကြ အချို့ကလည်း
ရာဇပြိုဟ်မည် တိုင်းရွှေပြည်ဝယ်
မွေ့လည်စံပျော် ရွှေကျောင်းတော်၌
ဇိနော်ဂေါတမ မြတ်ဗုဒ္ဓသည်
လောကသေဋ္ဌနှင်း တရားမင်းဖြစ်

မျှားလစ်သတ္တဝါ ဝေနေယျာတို့
ဟောကာတရား သွေမပြားဘဲ
ကြီးမားတေဇော် တောက်ထွန်းကျော်၍
သုံးဘော်ကာလ ဉာဏ်တော်ရပြီး
ကိုးသိမြင် သုံးလူ့ရှင်ကို
ပင့်လျှင်မုချ ဤဒုက္ခသည်
အေးမြကြည်လန်း မသန်းဘယာ
ကွယ်ပျောက်ပါမည် လျှောက်တင်ရည်သော်
မျှားဖော်အပေါင်း နှစ်ထောင်းအားရ
ဝမ်းသာလှ၍ ဆန္ဒတူပြီ
သဘောညီလျက် လိစ္ဆဝီမင်းသား
ပြည်သူများတို့ ဘုရားဗိနေ
မြတ်စိန္တေအား ပင့်ချေပါလော့
ခိုင်းစေတော့သည် ဘုန်းကြော့စံရာ
အောင်ချာနဂိုရ်
ရာဇဂြိုဟ်။

[၁၄၀]

လိစ္ဆဝီမင်းသား မှူးမတ်များတို့
ဘုရားစံရာ ပြည်အောင်ချာသို့
ရောက်လာကြပြီး မင်းကြီးရာဇာ
ဗိမ္ဗိသာအား ကြောင်းရာစကား

ပန်ကြားပြီးလျှင် မြတ်ရှင်စံရာ
ကျောင်းဝိဟာသို့ ရောက်လာပြီးလတ်
ရှင်တော်မြတ်အား ညွတ်တွားရှိကျိုး
လက်စုံမိုးလျက် ရှိခိုးပြီးသော်
တပည့်တော်တို့ စံပျော်ဌာနီ
ဝေသာလီသည် သုံးလီသောကပ်
ဘေးဥပဒ်တို့ မလပ်ဆက်ကာ
ရောဂါထူပြွမ်း ဘီလူးဘမ်းစား
သေကျေများလျက် ကြီးမားဒုက္ခ
ရောက်ကြရ၍ ဗုဒ္ဓဗိနှော်
ကြွတော်မူက ဝေနေယျတို့
ဒုက္ခဘယာ ကင်းပျောက်ကာဖြင့်
ချမ်းသာကေန် ရမည်မှန်၍
ရည်သန်ရှုမျှော် သနားသော်ဖြင့်
ကြွတော်မူပါ လျှောက်တင်ကာရှင့်
၁၀၆၅၀ ☆ ထိုခါမြတ်ရှင် ကြံဆင်ခြင်လျက်
ငါလျှင်ကြွကာ ဒေသနာဖွဲ့ထုတ်
ရတနသုတ်ကို နှုတ်တက်ရွရွ
ငါဆိုရမူ ပြည်သူအပေါင်း
ချမ်းသာကြောင်းနှင့် သိန်းသောင်းစကြာ
ပြန့်နှံ့ကာဖြင့် ဗြဟ္မာနတ်လူ
ကျွတ်တော်မူလျက် ကြည်ဖြူအားရ
နှစ်လိုကြမည် စိတ်တော်ရည်၍

ရွှေပြည်ဝေသာ　တိုင်းအောင်ချာသို့
ငါလျှင်ကြွမည်　မိန့်တော်ရည်သည်
ပွားစည်မေတ္တာ
မြတ်ဗုဒ္ဓာ။

[၁၄၁]

စိန္တေဗုဒ္ဓာ　ပြည်ဝေသာသို့
လှမ်းကာကြွမည်　ကြားသိသည်ဖြင့်
တိုင်းပြည်ဘုရင်　ရွှေနန်းရှင်သည်
ဆောလျှင်မြန်စွာ　ကျောင်းဝိဟာသို့
ရောက်လာပြီးလတ်　ဘုန်းတော်မြတ်အား
ညွတ်တွားပန်ဆင်　လျှောက်တင်သော်ရှိ
ကြွမည်သိက　ခေတ္တမျှသော်
ငံ့တော်မူပါ　လျှောက်တင်ကာဖြင့်
များစွာပြည်သူ　ဖိတ်ခေါ်ယူ၍
ဗိုလ်လူအများ　စုပေါင်းငြားပြီး
ငါးယူဇနာ　လှမ်းဝေးကွာသည့်
ဂင်္ဂါမြစ်ကမ်း　ကြွရာလမ်းတွင်
ခမ်းနားကြီးကျယ်　အံ့ဘွယ်မငြီး
ကျောင်းတော်ကြီးကို　ခရီးဝေးကွာ
☆တယူဇနာလျှင်　နားရာတထောက်
ရွှေကျောင်းဆောက်ပြီး　တင်လျှောက်ပန်ငြား

နားတော်ကြားက ဘုရားမြတ်စွာ
ထေရ်ငါးရာဖြင့် ဂင်္ဂါမြစ်ကမ်း
ကြွလှမ်းလေလျှင် မင်းဘုရင်နှင့်
တိုင်းခွင်ပြည်သား လူအများတို့
စည်ကားဝန်းသိုက် နောက်မှလိုက်၍
ချိုမြိုက်ဆွမ်းတော် လုပ်ကျွေးသော်၏
ဗုဒ္ဓော်မြတ်စွာ ငါးရက်ကြာက
ဂင်္ဂါရေဦး ကမ်းနှဖူးသို့
ကွန့်မြူးရောင်ဝေ ရောက်ရှိလေသော်
ထူးထွေစီစဉ် ရွှေဖောင်ယဉ်ဝယ်
ပလ္လင်ဘွေထက် စံလျက်ဖွဲ့ခွေ
နေတော်မူပြီး မြစ်ကြီးဂင်္ဂါ
ကူးဖြတ်ကာတည့် မြတ်စွာရှင်တော်
ရွှေဖောင်တော်ဖြင့် ကူးတော်မူလတ်
မိုးနတ်ဗြဟ္မာ အသူရာပြင်
အာကာသဇိုဏ်း ဘုမ္မဇိုဏ်းနှင့်
နတ်မျိုးနဂါး အပေါင်းများတို့
ဝပ်တွားကြည်မွန် သဒ္ဓါလွန်ကဲ
တံခွန်ဆီမီး ရောင်စုံပြီးလျက်
ထီးဖြူထပ်ထပ် ပတ္တမြားယပ်ဖြင့်
ခပ်၍ပူဇော် ကြည်ညိုသော်တည့်
ဘုန်းတော်ဘုရား နတ်အများတို့
ဝပ်တွားကော်ရော် အပူဇော်ကို

ခံတော်မူလျက်　တည်ငြိမ်သက်ကာ
တဘက်ကမ်းခြေ　ဆိုက်ကပ်လေသည်
အောင်ရွှေနဂရာ
ပြည်ဝေသာ။

[၁၄၂]

တဘက်ကမ်းခြေ　ဆိုက်ကပ်လေလျှင်
ဝေသာပြည်တွင်း　လိစ္ဆဝီမင်းနှင့်
ခပင်းပြည်သူ　များဗိုလ်လူတို့
ကြည်ဖြူနှစ်ထောင်း　ဦးနှိမ်ခြောင်းလျက်
အပေါင်းကြိုဆို　ရာဇဂြိုဟ်ထက်
ကပ်ပိုနှစ်ဆ　စည်ကားလှ၏
ဗုဒ္ဓဇိနော်　မြစ်ကမ်းပေါ်သို့
ခြေတော်ချလျှင်　ကိုးရပ်ခွင်မှ
လျှပ်ဆင်တိမ်မီး　ခိုးရှိန်ကြီးသား
လျှပ်စီးဝင်းတောက်　ပေါက္ခရဝဿ
မိုးရွာချလျှင်　မကောင်းညစ်ကြေး
ရေဖြင့်ဆေးသို့　မနွေးကျဆင်း
ပုပ်စပ်ကင်း၍　သန့်ရှင်းပြီးကာ
ပြည်ဝေသာသို့　လှမ်းကာကြွလတ်
ဘုန်းတော်မြတ်အား　နတ်ရွာဝတီ
စံအိမ်သိကြား　ကျေးကျွန်များတို့

ဘုရားဇိနော် သုံးလူ့မော်ကို
ပူဇော်လို့ငှာ ရောက်ရှိလာ၍
ရှုံကာလန့်ထိတ် ဖုတ်ပြိုတ်ဘီလူး
သားစားကျူးတို့ ခြေဦးတည့်ရာ
ထွက်ပြေးကာတည့် ထိုခါမြတ်ရှင်
ကြွလာစဉ်သော် မြို့ဝင်အစ
၀၀၁၀၈ ☆မုခ်ဦးဝသို့ ကြွရပ်ပြီးကာ
ညီနန္ဒာအား ခေါ်ကာမိန့်ချေ
ဒေသနာရွှေကြုတ် ရတနသုတ်ကို
ထုတ်၍ပို့ချ အလွတ်ရက
မြို့ပြတံတိုင်း ဝိုင်းရံကာထား
ပြအိုးကြားမှ ညီဘွားနန္ဒာ
လှည့်လည်ကာဖြန့် သုံးလွှာညဉ့်ယံ
ဂါထာပျံ့ကို ရွတ်အံ့ပေလော့
မိန့်တော့သည်တွင် ညီတော်ရှင်သည်
ဦးတင်ပန်ရှိ နာခံဘိကာ
လိစ္ဆဝိမင်း ခပင်းပြည်သူ
လိုက်တော်မူလျက် သုံးလူစိန္တေ
ပရမေ၏ ညိုထွေရောင်ဖိတ်
ကျောက်သပိတ်တွင် ပရိတ်တော်ရေ
ထည့်ပြီးလေက ဝေသာပြည်ကြီး
ဝန်းဆီးကာဝိုင်း ပတ်ကာသိုင်းသည့်
တံတိုင်းကြားမှ ဓမ္မဒေသနာ

သုတ်ရတနာကို   ရွတ်ခါလှည့်လည်
ပရိတ်ရည်ဖြင့်   အေးကြည်ပက်ဖျန်း
မသန်းဘယာ   ကင်းရှင်းကွာ၍
ရောဂါကင်းပျောက်   ချမ်းသာရောက်တည့်
ကြောက်ဘွယ်တရေး   ဘီလူးဘေးလည်း
ကင်းဝေးရကား   မြတ်ဘုရားလည်း
စံငြားပြည်ဝေ   လခွဲနေ၍
ဓမ္မရတနာ   သုတ်မဟာကို
ထပ်ခါဟောလတ်   လူနတ်ဗြဟ္မာ
သတ္တဝါပေါင်း   ရှစ်သောင်းလေးထောင်
အလင်းဆောင်လျက်   မြူမှောင်ကိလေ
တိကြွေကင်းလွတ်   ဦးနှိမ်ညွှတ်သည်
ကျွတ်လွတ်များစွာ
ဝေနေယျာ။

[၁၄၃]

## နဂါးပြည်သို့ကြွခန်း

သုံးလူ့ထွတ်ထား   မြတ်ဘုရားသည်
တရားဒေသနာ   ဟောပြီးကာဖြင့်

ဝေသာလီမှ ပြန်၍ကြွလျှင်
များလှသောင်းသောင်း အပေါင်းစုံညီ
လိစ္ဆဝီမင်းသား ပြည်သူများတို့
စည်ကားသိုက်မြိုက် မြစ်ကမ်းဆိုက်အောင်
လိုက်လိုက်လှဲလှဲ ကြိုဆိုပွဲထက်
ဆက်ကပ်ပို့စာ လိုက်ပို့ကာတည့်
ဂင်္ဂါမြစ်ခြေ ရောက်လေသနင်း
နဂါးမင်းတို့ ချင်းချင်းပြောကြား
လူနတ်များတို့ ဘုရားဗုဒ္ဓ
စိန္တေယျအား နေ့ညမလပ်
ဆည်းကပ်ပူဇော် ဖူးရသော်၏
ရေပျော်စံကြွား နတ်နဂါးတို့
ဝပ်တွားကြည်ဖြူ မြတ်သုံးလူကို
ပူဇော်ညွတ်ခ မဖူးရသေး
ကြံစည်တွေးလျက် အရေးအခွင့်
ပေးသင့်ချိန်ခါ တို့ပြည်လာအောင်
ပင့်ကာလျှောက်မည် ကြံစည်ပြီးလတ်
၁၀၅၀၀ ☆နဝရတ်ကိုးပါး ခြယ်စီထားသည့်
ကြီးမားပြာသာဒ် ဘောင်မဏ္ဍပ်ကို
သပ်ရပ်ဘန်ဆင်း နဂါးမင်းတို့
သနင်းကြွရာ မြစ်ကမ်းသာသို့
ရောက်လာကြပြီး လျှောက်တင်ချီးသား
ဘုန်းကြီးဇိနော် တကာတော်တို့

စံပျော်အေးကြည် နဂါးပြည်သို့
ကွန့်လည်တထောက် ကြွရောက်ပါရန်
လျှောက်တောင်းပန်က စိန်မှန်ဦးကင်း
တရားမင်းသည် ခြံရင်းသဃ်ာ
အတူပါလျက် စံရာနဂါး
တိုင်းပြည်များကို ကြွသွားပြီးလတ်
ရှင်မြတ်ဘုန်းလျံ ညဥ့်သုံးယံလုံး
ကုန်ဆုံးသည်ထိ အဘိဓမ္မာ
ဒေသနာကို ဟောကာပြီးလျက်
နောက်တရက်ဝယ် နံနက်ဆွမ်းတော်
စားပြီးသော်မှ ပြန်၍ကြွ၏
ကမ်းစ,ဖူးပြင် စောင့်မြော်ငင်၍
မင်းလျှင်ပိမ္ဗိသာ သိးကြိုကာဖြင့်
စံရာမြတ်မွန် ဝေဠုဝန်သို့
သာလွန်စည်ကား ပြည်သူများနှင့်
ကြည်ပွားစိန္တေ ပင့်ဆောင်လေသည်
နှိမ်ချေဦးချ
မဝသော်။

[၁၄၄]

ဝေသာလီမည် တိုင်းရွှေပြည်မှ
ပြန်လည်ကြွရောက် ရွှေရောင်တောက်သည့်

၁၀၅၆၀ ☆ပြောင်မြောက်ကောင်းမှုန် စုလစ်ချွန်သား
ဝေဠုဝန်ကျောင်းမော် မွေ့စံပျော်၍
ဘုန်းတော်ဘုရား မြတ်တရားကို
ဟောကြားဖွေ့ထုတ် စတုတ္ထဝါ
ဆိုပြီးကာဖြင့် ဒေသစာရီ
ဝေသာလီသို့ ကြွချီတခေါက်
မြို့နီးရောက်သော် အနောက်ဘက်မုခ်
ဂါဝုတ်မျှကွာ တည်နေရာ၌
ရိပ်ဖြာဝန်းလည် ကိုင်းခက်စည်၍
အေးကြည်သာလွန် စုလစ်ချွန်သည့်
သစ်မွန်မဏ္ဍပ် သာဇရပ်တွင်
ရပ်တန့်စံပျော် နေတော်မူကြောင်း
သတင်းကောင်းကို အပေါင်းပြည်သား
မင်းအများတို့ သိကြားသော့လျှင်
သောသောရှင်မျှ ရောက်လာကြကာ
ဗုဒ္ဓစိန္တေ မြတ်ဇိနေကို
နှိမ်ချေဦးချ ဖူးမဝရှင့်
လိစ္ဆဝီမင်းသား ပြည်သူများတို့
ပန်ကြားလျှောက်အပ် ဤအရပ်၌
ဝါကပ်တော်မူ သဒ္ဒါဖြူ၍
ခံယူတကာ လေးဖြာပစ္စည်း
မိုးကပ်ဆည်း၍ မနည်းကိုင

ပြည့်စုံမျှအောင် လုံးဝတာဝန်
ကြေပြွန်တကာ ခံယူပါမည်
လျှောက်တင်ရည်သော် ရှင်တော်ဗုဒ္ဓ
☆နှုတ်မျှတိတ်တိတ် ဆိတ်ဆိတ်နေက
လိစ္ဆဝီမင်းသား ပြည်သူများတို့
အားရဝမ်းသာ ကြည်သဒ္ဓါဖြင့်
သင်္ဃာတော်ပေါင်း စံဘွယ်ကောင်းသား
ကျောင်းကန်ဇရပ် မကျွပ်ကန္တား
တရားသဘင် ပွဲကြီးယင်နှင့်
သန့်စင်နေ့ည မျှတကမ္ဘာန်း
စီးဖြန်းနေရာ ပူပြီးကာလျှင်
ဇလာရွှေခွက် ကိုင်ဆောင်လက်ဖြင့်
ရေစက်သွန်းချ အမျှပေးဝေ
လှူဒါန်းလေသည် စိတ်နွေသုံးလူ
ခံတော်မူ။

[၁၄၅]

ဝေသာပြည်သူ ဆောက်လုပ်လှူသည့်
အေးကြူရိပ်သာ ကျောင်းဝိဟာ၌
စံကာဗုဒ္ဓေါ် တလကျော်လတ်
သုဒ္ဓေါ်ဘုရင် မွေးဘခင်သည်

ကြီးပင်ရှယ်မြောက် ဇရာထောက်၍
ဖောက်ပြန်ရောဂါ နှိပ်စက်ကာဖြင့်
ဝေဒနာပြင်းထန် သားရွှေမှန်ကို
ပင့်ရန်မှူးမတ် စေခိုင်းလတ်၏
ရှင်မြတ်စံရာ ပြည်ဝေသာသို့
ရောက်လာကြလျှင် လျှောက်တင်ဗုဒ္ဓ
ကြောင်းရာမျှကို ကြားရဘုန်းတော်
ခမည်းတော်အား စိတ်တော်ညွတ်ပို
ချီးမြှောက်လို၏ ထိုထိုဆန္ဒ
၀၆၀၈၈ ☆ရှိလေရ၍ ဗုဒ္ဓမြတ်ရှင်
ခြံအင်သံဃာ ငါးရာပါလျက်
အောင်ချာမဟာ ဝေသာလီမှ
ကပိလသို့ လှမ်းကြွရှင်စော
သာစွမေ့သည့် နိဂြောဓာရုံ
ကျောင်းရွှေဘုံ၌ ခိုလှုံနားပြီး
မင်းကြီးသုဒ္ဓော ခမည်းစော၏
သာမောကြင့်နှုန်း ရွှေအိမ်နန်းသို့
ကြွမြန်းလေက မွေးဘဘုရင်
သားတော်ရှင်ကို ဖူးမြင်မဝ
ဝမ်းသာလှလည်း ပြင်းပြဝေဒနာ
နှိပ်စက်ကာဖြင့် ဇာတိဇရ
မရဏကို တွေးဆဆင်ခြင်

သံဝေတင်လျက်　ဉာဏ်စဉ်သတိ
အမြဲရှိရှင့်　ကြီးဘိကျေးဇူး
ညွတ်ကြည်နူးလျက်　ရှေးဦးဟောပြ
သားဗုဒ္ဓ၏　မြတ်လှမွှာ
ဒေသနာဖြင့်　ဆင့်ကာမဂ်ဉာဏ်
အင်သုံးတန်ကို　ရပြန်ခဲ့ကြုံ
ယခုတုံလည်း　နန်းဘုံထီးဖြူ
စံနေမူလျက်　တေဘူမက
မြတ်ဓမ္မကို　သင်္ခါရတင်
သဘောပင်ဟု　ဆင်ခြင်သုံးသပ်
ဉာဏ်ဇောကပ်၍　မလပ်စွဲယူ
သတိမူလျက်　ထီးဖြူအောက်တွင်
နိဗ္ဗာန်ဝင်၏　သုံးခွင်လောက
တုမရသည့်　ဇိနဗုဒ္ဓေါ်
ခမည်းတော်အား　မြတ်သော်တန်ဆာ
ဆင်ယင်ကာဖြင့်　ခမ်းသာဥကင်
နန်းယင်ပြင်ဝယ်　မင်းလျှင်စကြာ
ကဲ့ပမာသို့　ဗုဒ္ဓါဇိနေ
သင်္ဂြိုဟ်လေသည်　မွေ့းဘေသုဒ္ဓေါ်
　　တထီးပျော်။

[၁၄၆]

## မိထွေးတော်ဂေါတမီ ရဟန်းပြုခန်း

သရိရစျာပန    ကိစ္စပြီးဘိ
မြတ်ဘုန်းရှိသည်    နိဂြောဓာရုံ
ကျောင်းရွှေဘုံ၌    မွေ့လုံ၍ဝယ်
စမ္ပယ်နေစဉ်    မိခင်မဟာ
ပဇာပတိ    ကျေးဇူးရှိသည့်
မိထွေးဂေါတမီ    လက်အုပ်ချီလျက်
သားဆီရောက်လာ    မြတ်ဗုဒ္ဓာအား
လျှောက်ကာပန်တင်    မွေးမိခင်သည်
မရှင်ရိပ်ထီး    ငွေ့ငွေ့ငြီးကာ
သားကြီးဗုဒ္ဓ    ဆိုဆုံးမသည့်
မွေ့ဒေသနာ    ခံယူကာဖြင့်
အိမ်ရာတည်ထောင်    လူတို့ဘောင်မှ
ခွာရှောင်ပယ်သန်း    ဆင်သင်္ကန်းဖြင့်
ရဟန်းပြုလို    ခွင့်တောင်းဆိုရှင့်
ထို့ပြင်တစ    တကာမတို့
ပြုကြရဟန်း    ဝတ်သင်္ကန်းနှင့်
ဆင်မြန်းလိုက    ခွင့်ပန်ကြသော်
ခွင့်တော်ပေးသနား    မြတ်ဘုရားဟု

☆လျှောက်ထားလေက   သုံးလူ့ဘသည်
မိန့်ဟာရှိသော်   မိမယ်တော်နှင့်
များဖော်မာတု   ရဟန်းပြုလျှင်
သာသနာ့ခွင်၌   စင်ကြယ်ကြာရှည်
မမြင်သည်ကြောင့်   စိတ်ရှည်မသန်း
မြှော်မမှန်းဘဲ   ရဟန်းအဖြစ်
မခံလစ်နှင့်   တားမြစ်စိန္တေ
မိန့်တည့်လေက   မွေးမေဂေါတမီ
လက်အုပ်ချီ၍   ဒုတီယံမြောက်
တင်လျှောက်တဖန်   ခွင့်တော်ပန်လည်း
ငြင်းဆန်ဗုဒ္ဓ   ခွင့်မရလျှင်
တတိယအကြိမ်   ဦးချနှိမ်၍
ဘုန်းသိမ်ကြီးမား   မြတ်ဘုရားအား
ဆ,ပွားဆန္ဒ   ပြင်းထန်လှ၍
တင်သ,လျှောက်သော်   စိန္တေယျော်သည်
ခွင့်တော်မပြု   ရှိသည့်မှုကြောင့်
ရင်ထုမနာ   ဖြစ်ရကာဖြင့်
ပုဗျာလိုက်ဖို   မျက်ရည်ယိုလျက်
ငိုကာရှိုက်ပင့်   ပုပုံဆင့်၍
ပြန်လင့်နန်းတော်   စက်မပျော်သည်
မယ်တော်သာကီ
ဂေါတမီ။

[၁၄၇]

သာကီမယ်တော် နန်းမြင့်ပေါ်၌
မပျော်ရက်ရှည် စိတ်မကြည်ဘဲ
နေသည်မရ ပူသောကဖြင့်
နှောထသံဝေ ရလျက်ပေရှင့်
ခြောက်ထွေအာရုံ ကာမဂုံနှင့်
၁၁၂၀၀ ☆နန်းဘုံရိပ်ထီး မပျော်မှီးဘဲ
ငြီးငွေ့နေ့ည ခံစားရ၍
ကာယကြုံလှီ ရိုးရေမှီသား
ဖြေပြီမရ သားဗုဒ္ဓ၏
ဆုံးမခံယူ နှစ်လိုမှု၍
ကြည်ဖြူရှင်လန်း ဆင်သက်နန်းဖြင့်
ရဟန်းပြုလို ဆန္ဒပိုလျက်
မောင်းညိုကေသာ ဖော်ငါးရာနှင့်
ဖြတ်ကာပယ်သင်း အဆင်းဖန်ရည်
ဆိုးအထည်ကို မွေ့ကြည်ဆင်မြန်း
ရောင်ဝါသန်းလျက် ရွှေနန်းမှခွာ
သားဗုဒ္ဓါ၏ စံရာကျောင်းတော်
မှန်းရည်မျှော်၍ ဘယ်သော်ဘယ်ပြည်
ရှိလေသည်ဟု အတည်တကျ
မသိရဘဲ တွေးဆလျက်သာ

ပြည်ဝေသာသို့ ဝနာတောတန်း
သေလာနန်းမှ ဖြတ်သန်းကျော်ကာ
ကြွ၍လာသည် မြတ်စွာဘုရား
စံပြောင်းအောင်ချော
ပြည်ဝေသာ။

[၁၄၈]

ဝနာမြိုင်တန်း သာစခန်းမှ
ဖြတ်သန်းကျော်လာ နတ်မယ်လျာသည်
နှမ်းကာအားရဲ့ ပျော့နွဲ့နွဲ့လျှင်
ဆို့မောင်၍ ဘွားပြင်ခြေနု
သွေးခြည်ဥကာ နန်းသူ့မဟာ
မြုံ့မှုံလွာတို့ ကိုယ်မှာသိုင်းခြုံ
ရုပ်ပုံမပေါ် ရှိချေသော်လည်း
သားတော်မြင်ရ ဤဒုက္ခသည်
မုချမယွင်း ရှောင်ဖယ်ကွင်းလိမ့်
စိတ်တင်းပြီးကာ လှမ်းကြွလာလျက်
ခန္ဓာယိမ်းယိုင် မထိန်းနိုင်ဘဲ
သည်းဆိုင်ဖိုကြွ လှမ်းမရရှင့်
ရွှေမျှားသင်းဖော် ရံရွှေတော်တို့
တွဲခေါ်ပြီးလျှင် တတောဝင်ထွက်
တတောင်တက်၍ ဆက်၍သာလျှင်

ခရီးနှင်ကဲ့ ပင်ထက်ပေါ်မှ
သာရကာတို့ ခုန်းစသည့်နှယ်
နှုတ်ရေးကြွယ်၍ သွယ်သွယ်ဖွဲ့နွဲ့
သွဲ့သွဲ့သံရှည် တွံ့တွံ့မြည်ကြ
သည်ဟောမတွင် လွမ်းဘွယ်ဆင်၍
ကျသွင်မျက်ရည် တွေတွေလည်လျက်
မဆည်နိုင်ပေ သုဒ္ဓောဒနှင့်
သားရွှေဗုဒ္ဓ လွမ်းမောတရှင့်
လှမ်းကြွဒေဝီ ဝေသာလီသို့
စုံညီရောက်လာ မဟာဝုန်တော
သာဘွယ်နှောသည့် ရှင်စောစံရာ
ကုဋာဂါရ ကျောင်းတော်ဝသို့
ရောက်ကြလေလျှင် ဆို့မောင်၍
မရွှင်မိထွေး ရှိုက်ငိုကြွေးသည်
ပူဆွေးတလီ
ဂေါတမီ။

[၁၄၉]

၁၁၂၀၀ ★မုခ်ဝအနား ငိုသံကြားက
ကြွသွားနန္ဒာ ဆွေ့ဆွေ့ဖြာလျက်
မြူးလွှာပေလူး ဖူးဖူးရောင်တက်

ခြေဖမျက်၌ စက်စက်တွဲခို
သွေးစက်ယိုနှင့် ငိုကာရှိုက်ငင်
မိကိုမြင်လျှင် ထံပင်ရွှေမှောက်
ကျောင်းတော်ရောက်အောင် တောက်လျှောက်ခရီး
တောလမ်းကြီးဝယ် သွေးဒီးဒီးကျ
မည်သို့မျှဟု မိန့်ပါမယ်တော်
မေးလေသော်လျှင် မိခင်ဂေါတမီ
လက်စုံချီလျက် ညီတော်နန္ဒာ
သားချစ်လျှာရဲ့ မာတာမိခင်
သာကီဝင်တို့ ရှင်တော်မြတ်စွာ
သာသနာ၌ ဝတ်ကာသကင်္န်း
ရဟန်းဖြစ်လို ဇောစိတ်ပို၍
ငိုရရက်ဆက် မယ့်ဖြစ်ချက်ကို
ရွှေစက်ရွှေမှောက် သားဘုန်းတောက်ကို
တင်လျှောက်ပေးပါ သားနန္ဒာဟု
တွဲကာစီးကျ မျက်ရည်စဖြင့်
တင်သလျှောက်သော် ညီတော်နန္ဒာ
နှစ်သိမ့်ကာဖြင့် မာတာမိထွေး
စိတ်တော်အေးလော့ မနှေးမြန်စွာ
နောင်ဗုဒ္ဓါသို့ သွားကာညီထွေး
လျှောက်တင်ပေးမည် မိထွေးမယ်တော်
ခေတ္တသော်မျှ ငံ့လင့်ပါဟု

၁၁၃၅၀

☆ပြောပြပြီးလျှင် ညီရှင်နန္ဒာ
ဆောလျင်စွာဖြင့် ဗုဒ္ဓာထံမှောက်
ချဉ်းကပ်ရောက်၍ တင်လျှောက်သနင်း
ကြောင်းစုံလင်းသည် မင်းမင့်းမြတ်စွာ
ကြားနာကာ။

[၁၅၀]

ညီတော်ချစ်သား မြတ်ဘုရားအား
လျှောက်ထား၍သော် မိထွေးတော်တို့
ရောက်တော်မူလာ အံ့ကေသာကို
ပယ်ကာဖြတ်သန်း ဆင်မြန်းဖန်ရည်
ဝတ်အထည်ဖြင့် ဝေးရှည်မြို့တန်း
သေလာနန်းမှ ကြွမြန်းခဲ့လေ
ဘဝါးခြေ၌ သွေးပေဒီးဒီး
ယိုစီးကျဖြာ ဖူးရောင်ကာဖြင့်
ရောက်လာပြီးလျှင် ရှင်တော်မြတ်ထံ
တောင်းခံသာသနာ ဝတ်ကြောင်ခွာ၍
ဆင်ကာသက်န်း ဝတ်ရုံမြန်းလို
ဖွဖွငိုလျက် လျှောက်တင်ချက်ကို
ရှင်စက်ဘုန်းဝေ သုံးလူ့ဆွေအား
လျှောက်လေသော်လတ် ရှင်တော်မြတ်သည်

မိန့်မှတ်ချွေလစ်    မဖြစ်ညီမော်
မယ်တော်မာတာ    မာတုဂါတို့
ရောင်ဝါသင်္ကန်း    ဝတ်ဆင်မြန်း၍
ရဟန်းတော်နှင့်    မသင့်လေရာ
သာသနာလည်း    ရှည်ကြာမတည်
ညစ်နွမ်းမည်ကြောင့်    မွေးသည်မယ်တော်
များအဖော်ကို    သွားသော်ပြီးကာ
ပြောကြားပါဟု    မိန့်ပြုသည်တွင်
ညီတော်ရှင်သည်    ထပ်ပင်ဦးနှိမ်
သုံးကြိမ်တိုင်မြောက်    တင်ကာလျှောက်လည်း
ဘုန်းတောက်ရှင်မော်    ခွင့်တော်မပေး
ရေးတော်မလှ    ဖြစ်လေရ၍
ကြံဆညီ့ရှင်    မွေးမိခင်၏
ကြီးအင်ဂုဏ်ပုဒ်    ဖော်ထုတ်ချီးပ
တင်သရလျှင်    သင့်မည်ထင်၍
ရှင်တော်ဘုရား    မယ်ဖုရားသည်
များပြားကျေးဇူး    အထူးကြီးပေ
ငယ်လေသည်က    နောင်ဗုဒ္ဓကို
ထိန်းယချီပိုး    မြတ်နိုးတနာ
ပြုစုကာဖြင့်    ရသာတိုက်ကျွေး
ဖြစ်သည့်ရေးကြောင့်    တွေး၍ဆင်ဘွယ်
ဝမ်း၌လွယ်သည့်    မယ်တော်ရင်းထက်
တိုးတက်ပိုကဲ    ဆင်းရဲခံရ

ရှိလေစွကြောင့် ထိုမျှလောက်စင်
ကျေးဇူးရှင်ကို သခင်ဘုရား
ခွင့်မသနားက နောက်သားနောင်လာ
လူများစွာတို့ မာတာဂုဏ
ဝိသေသကို နှိုင်းဆမရှိ
ဖြစ်ချေဘိကြောင့် မွေးမိမယ်တော်
မိထွေးတော်ကို ခွင့်တော်ပေးပ
လျှောက်တင်သသည် နန္ဒီသီရှင်
ဦးညွှတ်တင်။

[၁၅၁]

၁၁၄၅၀ ☆ညီတော်လျှောက်ထား နားတော်ကြားက
ချစ်သားညီမောင် ငါ့မယ်တော်တို့
ရှစ်ဖော်ကျင့်မှု အပေါင်းပြုသည်
ဂရုဓမ္မ ကျင့်သီလကို
နိစ္စမြဲခိုင် သေသည့်တိုင်အောင်
ထိန်းနိုင်ပါက ခွင့်ပြုရမည်
ထိုမှတဖြာ မာတုဂါတို့
ဖြစ်လာယခု ရဟန်းပြု၍
ဂရုဓမ္မ ကျင့်ကြံကြလည်း
သာသနာ့ဘောင် နှစ်တထောင်သာ
မွန်ရှည်ကြာဟု မိန့်မှာသော်လင့်

ကျိုးမြှော်ချင့်၍ အခွင့်ပေးသော်
ညီတော်နန္ဒာ ရှစ်ဖြာမြတ်စု
ဂရုဓမ္မ ကျင့်သီလကို
ဗုဒ္ဓထံတွင် မှတ်ယူသင်လျက်
မိခင်ရှိရာ ကျောင်းဦးသာသို့
ကြွလာပြီးသော် မယ်တော်မိဖုရား
မြတ်ဘုရား၏ ရှစ်ပါးမြတ်စု
ဂရုဓမ္မ ကျင့်သီလကို
နိစ္စမသွေ သေလေသော်ထိ
အမြဲရှိ၍ ကျင့်ဘိသော်ကား
မယ်ဖုရားနှင့် အများသော်ပင်
ဝတ်ဆင်သင်္ကန်း ရဟန်းဖြစ်သင့်
မိန့်တော်လင့်သည် တွေးချင့်မယ်တော်
မည်သို့သော်။

[၁၅၂]

တွေးချင့်မယ်တော် မည်သို့သော်ဟု
၄ ညီမော်မေးလတ် မယ်နတ်မိဖုရား
ရှင်အားတက်ကြွ ဝမ်းသာလှ၍
ဝင်းပမျက်နှာ ညီနန္ဒာကို
ယှက်ဖြာစုံညီ ဦးနှိမ်ချီလျက်
သာကီနွယ်လာ မယ်မာတာနှင့်

များစွာအဖော် သားဘုန်းမော်၏
မိန့်တော်မူငြား ဆိုစကားကို
မှတ်သားပိုင်ပိုင် သေသည့်တိုင်အောင်
မြဲခိုင်ကျင့်ပ ညီနန္ဒဟု
တင်သလေသော် ညီတော်နန္ဒာ
ကြားနာကာဖြင့် မြတ်စွာထံရင်း
ပို့ဆောင်နှင်း၍ ဖော်သင်းစုံညီ
ဂေါတမီနှင့် သာကီနွယ်လာ
မာတုဂါတို့ ဆင်ကာသင်္ကန်း
ရဟန်းဖြစ်လတ် ကျင့်မြတ်ဘာဝနာ
မြတ်ဗုဒ္ဓါ၏ စဉ်လာဟောပြ
မြတ်ဓမ္မကို တစမကျန်
ဖန်ဖန်ကြိုးစား မဂ်ဉာဏ်ပွားလျှင်
ထွတ်ဖျားလောကုတ် တမုဟုတ်ပင်
မဂ်ဖိုဝင်သည့် မြတ်ရှင်မယ်တော်
တေဒဂ်တော်ကို ခံတော်မူလျက်
ဆက်ဆက်ဘာဝ ပြုသမျှ၏
ကုသလကံ အကြောင်းခံ၍
ဝင်းလျှံသရေ ရွှန်းရွှန်းဝေသည်
ထွန်းနေလသော်
၁၁၆၆၀ ☆ မိထွေးတော်။

[၁၅၃]

## ဂေါတမီ၏ အတိတ်ကြောင်း

မိထွေးဂေါတမီ အတိတ်ချီသား
လွန်ပြီကာလ သခင််ယွဲ့
တစမထင် မပေါ်လွှင်သည့်
အညတရ သူငယ်မသည်
ပဒုမုတ္တရ ဗုဒ္ဓဘုရား
ပွင့်ငြားကျိုးကြိုက် ကြည်ညိုလိုက်လျက်
မကိုင့်သခင် သုံးလူ့ရှင်၏
ထံပင်ရွှေမှောက် ဆည်းကပ်ရောက်၍
ဝမ်းမြှောက်ဖူးမျှော် တနေ့သော်လျှင်
ရှင်တော်မိထွေး မြတ်လေးသိဂီ
ဘိက္ခုနီသည် ထေရီစုံစွာ
ဝန်းရံပေါ်လျက် စန္ဒာလမင်း
ကြယ်စုံကျင်း၍ ခလျှင်းသည့်နှယ်
သရေကြွယ်သား ယှက်သွယ်လက်စုံ
ပန်းကြောင့်သို လွှာချုံသကိန်း
ဆင်မြန်း၍သော် ရွှေဘုန်းတော်မှောက်
ဦးချီမြှောက်ပြီး ကြွရောက်လာသော်
မိထွေးတော်အား သုံးဘော်လူ့ဆွေ

မြတ်စိန္တေသည် တေဒဂ်အရာ
မြှောက်စားကာဖြင့် ထားကာချီးမြှင့်
ကြီးမြင့်သရေ မြင်တွေ့လေက
အညတြသည် တက်ကြွသဒ္ဓါ
ဇောဝေဖြာ၍ ဗုဒ္ဓါမြတ်တံ
ခွင့်တောင်းခံယူ လျှောက်တင်မှုသား
၁၁၉၀၀ ☆ သင်းကြူပြန့်မွှေး ကြည်လင်အေးသည့်
မိထွေးတော်လို ထိုထိုဘဝ
တပည့်မသည် ဖြစ်ရပါစေ
ဆုတောင်းလေ၏ စိန္တေဗုဒ္ဓ
ဉာဏ်ဆမြော်တည့် ကွန့်ဖြာကြည့်က
ပြည့်ဝလုံးစုံ အာရုံထင်လတ်
ကျော်ဖြတ်ကမ္ဘာ သင်္ချာသင်္ချေ
လွန်လေကာလ ဘဒ္ဒမျှဝယ်
ဂေါတမရှင် သာကီဝင်သည်
မှန်ပင်ပွင့်လာ ထိုအခါ၌
ပဇာပတိ ဂေါတမိဟု
တင်ချီနာမ ဝိသေသဖြင့်
မ,တော်မဟာ မယ်မာယာ၏
သက်လျှာသည်းနှစ် ရင်၌ဖြစ်သည့်
သားချစ်လောင်းမြတ် မင်းသိဒ္ဓတ်ကို
မချွတ်မုချ ပြုစုရလိမ့်

ဗုဒ္ဓမြတ်လေး ဗျာဒိတ်ပေးသည်
စိတ်အေးကြည်လှ
အညတြ။

[၁၅၄]

ဗျာဒိတ်တော်ရ ထိုမယ်လျှသည်
ဖြူစွသဒ္ဓါ ပေးလှူကာဖြင့်
ရှင်သာကြည်ပျော် မပြတ်သော်ရှင့်
ထေရ်တော်ရဟန်း လှူဒါန်းမပျက်
ရက်ဆက်သော့ပေ ကျွေးမွေးလေ၏
သေလေသောခါ လူ့ရွာနတ်ပြည်
စုံကျင်လည်လျက် အတည်မကျ
ဖြစ်ပြန်ရ၍ ဘဝဆက်ဆက်
မပျက်သဒ္ဓါ ပေးလှူကာလျှင်
လူးလာတုံ့ပြန် အဘန်ဘန်ဖြင့်
တန်တန်ရှည်ကြာ ဤကမ္ဘာ၌
ဗုဒ္ဓါဘိုးတော် တေဇော်ကြီးလှ
အဉ္စနေ၏ သက်မျှကြင်ဘော်
ယသော်၏ဝမ်း မွေ့ထုံလျှမ်းလျက်
စွဲလမ်းသန္ဓေ ဖြစ်ထွန်းလေကာ
မည်နာမကို ပဇာပတိ
ဂေါတမီဟု တင်ချီမှည့်ခေါ်

နာမည်ကျော်သား　မ့တော်မဟာ
မာယာသိရီ　မိဘုန်းရှိနှင့်
တမိဝမ်းတွင်း　အတူဆင်းလျက်
ညီရင်းအမ　နှစ်ယောက်မျှကို
ကပိလရှင်　ဘုရင်သုဒ္ဓေါ်
ဆောင်နှင်းသော်၍　လောင်းတော်နတ်သား
ပွင့်ချိန်ငြားသော်　စံထားတောင်ညာ
မယ်မာယာ၏　ရွှေကြာတိုက်ဝမ်း
စွဲလမ်းသန္ဓေ　တည်ရှိလေက
ညီမသိင်္ဂီ　ဂေါတမီကို
မဟေသီမြှင့်　အဂ္ဂဆင့်၍
ချီးပင့်ပြီးက　မင်းနန္ဒကို
ဘွားစရက်သော်　ခုနစ်ရက်ကျော်က
မ့တော်မဟာ　မယ်မာယာသည်
မြတ်စွာလောင်းတော်　ဘွားမြင်သော်ပြီး
၁၁၄၀၀ ☆နတ်ပြည်မှီးလျှင်　လောင်းတော်ရှင်အား
မိခင်ဂေါတမီ　ရင်၌ချီလျက်
နို့ဆီနို့မြိုက်　ကျွေးကာတိုက်၍
ထွေးပိုက်ချီပျော်　အတိတ်ဖော်သည်
မယ်တော်မိထွေး　တောင်းဆုမွေး၍
ပြည့်သတည်း။

## [၁၅၅]

## ရူပနန္ဒီ ကလျာဏီ

ဘုရားဆူဆူ ပွင့်တော်မူသား
ဇမ္ဗူအောင်ချော သာရကမ္ဘာ၌
ပွင့်လာမြတ်ကြို ပဒုမုတ္တရ
ဘုရားသခင် သုံးလူ့ရှင်၏
ပွင့်စဉ်လက်ထက် ကနက်စံရာ
ပြည်ဟံသာ၌ မဟာသုခ
ဘွဲ့မည်ရသည့် ကြွယ်ဝသူဌေး
နာမည်မွေးသား မွေးသည့်သက်လျာ
နောင်အခါ၌ ရူပါနန္ဒီ
ကလျာဏီလောင်း ဖြစ်မည့်ကြောင်းကြောင့်
ကောင်းမြတ်အင်္ဂါ ပြည့်စုံစွာဖြင့်
ကြီးလာချိန်မြောက် အရွယ်ရောက်သော်
ထွန်းတောက်လျှံပေါ် မြတ်ဘုန်းတော်၏
ကျောင်းတော်ကိုသာ သွားရောက်ကာဖြင့်
နာယူတရား ပွားများနေ့ည
ဥပသကီ အညီခံယူ
ကျင့်မှုမလပ် ကျောင်းဇရပ်၌

ထပ်ထပ်ဘောဇဉ် ရဟန်းရှင်အား
ကျွေးလျှင်မပျက် နေ့စဉ်ဆက်တည့်
တရက်ခါကြုံ ခွင့်ခါဆုံ၍
၁၁၃၆၀ ☆ပြည့်စုံတရား နာကြားနေစဉ်
ဘုရားရှင်၏ နားတွင်မှာသော်
ချောန်ပျော်မွေ့မို့ ဘိက္ခုနီကို
ဘွဲ့ချီတေဒဂ် ချီးမြှင့်လျက်သော်
ဘုန်းတော်ထံပါး တုံ့ဝပ်ငြား၍
စံစားနေစဉ် ဖူးတွေ့မြင်ရ
ကြည်ညိုလှ၍ တူမျှထိုပင်
ဖြစ်လိုအင်ကြောင့် မြတ်ရှင်စိန္တေ
စောဇီမနေအား နှိမ်ချေဦးချ
ဆုတောင်းသလျက် ဖူးစွသဒ္ဒါ
နောင်အခါ၌ တူစွာအညီ
ဤဘိက္ခုနီလို ဘွဲ့ချီသော်လျက်
တေဒဂ်ကို မပျက်မုချ
တပည့်မသည် ဖြစ်ရလိုကြောင်း
ဆုပန်တောင်းသော် ဘုန်းတော်ဘုရား
နောင်အလားကို ရှုပွားလေလျှင်
မည်တွင်ဘဒ္ဒါ ကပ်ကမ္ဘာ၌
ဥက္ကာကရာဇ် နွယ်မြစ်တော်ရင်း
ဆင်းသက်နွှင်း၍ မင်းတို့ဇာတိ

ဖြစ်လာဘိကာ မည်ရှိဂေါတမ
ဗုဒ္ဓဘုရား ပွင့်ဖြားလေလျှင်
ဘုရားရှင်၏ ဆင်းအင်ပြေပြစ်
နှမဖြစ်၍ ရာဇ်ရွှေဇမ္ဗူ
နှိုင်းယှုတမျှ အလှန်လှသည့်
ရူပနန္ဒီ ကလျာဏီဟု
ဘွဲ့ချီမှည့်ခေါ် တေဒဂ်တော်ကို
ရတော်မူမည် ဗျာဒိတ်တည်သည်
ဘုန်းစည်မြတ်စွာ
ဟောကြားကာ။

[၁၅၆]

ဗျာဒိတ်စကား နာကြားရပြီး
ဌေးသမီးသည် လှူကြီးမင်္ဂလာ
စေတနာဖြင့် သဒ္ဓါဖြိုးမောက်
လျှမ်းလျှမ်းတောက်အောင် ဝမ်းမြောက်ဝမ်းသာ
ပေးကာအလှူ မပျက်ဟူသား
ပူဇော်ရှင်မြတ် စုတေ့လတ်က
နတ်ရွာစံအိမ် တာဝတိံဿ
ဂုဏ်သိမ်ကြီးမား မင်းသိကြား၏
မိဖုရားဖြစ် နှစ်ပေါင်းများစွာ

စံစားကာဖြင့် စုတေလင့်သော်
ဆင့်ဆင့်နတ်ဘုံ ခြောက်ထပ်တုံမျှ
ပြည့်စုံစည်းစိမ် နတ်ဘုံအိမ်ဝယ်
ကြိမ်ကြိမ်ခံစား ရှည်ကြာများခဲ့
လားရာလူ့ပြည် ရောက်ပြန်သည်လည်း
ဆိုလည်ခပင်း စကြာမင်း၏
ဆောင်နှင်းထိပ်ခေါင် ကြိမ်တထောင်ရှင့်
များမြောင်မဟာ မင်းရာဇာ၏
ဖြစ်လာမိဖုရား ကြိမ်ပေါင်းများခဲ့
ပွားများကောင်းမှု အပေါင်းစု၍
လူ့ပြည်နတ်ပြည် ကြိမ်ဖန်လည်၍
ကြုံသည်တဖြာ ဤကမ္ဘာ၌
မြတ်စွာသခင် ဗုဒ္ဓင်ဂေါတမ
၁၁၁၅၀ ☆ပွင့်ချိန်ကျသော် မယ်တော်သိင်္ဂီ
ဂေါတမိဋ္ဌ စွဲမှီသန္ဓေ
ဘွားမြင်လေလျှင် ရာဇ်ရွှေစင်သို့
နတ်သွင်တမျှ ရုပ်ရည်လှ၍
ရူပနန္ဒာ မည်သညာကို
မှည့်ကာနန်းမြင့် ပန်းနှယ်ပွင့်သို့
လန်းတင့်မျက်ခြယ် လှဂုဏ်ကြွယ်သည်
ရွှေးဝယ်ဆုတောင်း
ကံအကြောင်း။

[၁၅၇]

လှဖုန်းထွဋ်တင်   ကြော့နတ်သွင်လား
လွတ်စင်ပြစ်ကင်း   ရွှေအဆင်းသို့
ပြည့်လင်းသရေ   တင့်လှပေတည့်
ငါးထွေခြင်းရာ   ကောင်းအင်္ဂါနှင့်
ကလျာနုထွား   ကိုယ်ရေသားတို့
ပွင့်ကားချောမွတ်   ဝင်းဝင်းမွတ်လျက်
မိုးထွဋ်သောက်ရှူး   ကြယ်နှယ်မြူးရှင့်
နန်းဖူးကလျာ   ရွှယ်ရောက်လာသော်
ဆင်းလျာကြော့ရှင်း   ပြိုင်ဘက်ကင်း၍
ယမင်းသူဇာ   ဝဍ္ဎရာတို့
ယှဉ်ကာဘက်ပြိုင်   ငေးကာမှိုင်လိမ့်
ဖြူခိုင်နစ်မုံ   ပန်းအစုံတို့
ဖူးငုံပွင့်ညီ   ဖွံ့ဖြိုးသီ၍
နှင်းဆီရနံ့   သင်းပျံ့ပျံ့လျှင်
နူးညံ့ပြေပြစ်   ပြည့်ဖြိုးနစ်သည်
ကျစ်လစ်ကိုယ်ဟန်   မျက်ဖန်ဝင်းချီ
ဘော့မျက်သီ၍   မော့ညီနှာသွယ်
☆ မို့မို့ထယ်လျက်   ကြာနှယ်ကုမုဒ်
အာနှုတ်တွေးတွေး   ကျေးနီပြေးသား
နီသွေးရောင်လျှမ်း   လယ်ခေါင်ရမ်းနှယ်

မွတ်ရွှမ်းကြည်ဖြူ ပြုံးရောင်မူလျက်
ဆွဲယူညှို့ရှင် ပျို့ဂုဏ်တင်သား
ယဉ်လှသည့်မယ် ဆောင်မြင့်လယ်၌
တင့်တယ်ပျော်စံ ဖော်ရွှေရံ၍
နတ်ထံတမျှ ဖြေဖျော်ကြ၏
ရူပနန္ဒာ လှကညာကို
တဖြာဘွဲ့ချီ ကလျာဏီနှင့်
သိင်္ဂီအလှ ဇနပဒဟု
မည်သ,နာမာ မှည့်ခေါ်ကာဖြင့်
ဆောင်ကြာကြငှန်း ပင်တိုင်နန်း၌
စံမြန်းဘုံဆင့် လှဂုဏ်တင့်သည်
နန်းမြင့်မျက်ခြယ်
လှကေသွယ်။

[၁၅၈]

နေနွှန်းတဆူ ဖြစ်တော်မူသား
ဇမ္ဗူအောင်မြေ တောင်ကျွန်းဘွေ၌
ထွန်းနေတမျှ ဂုဏ်ရောင်ကြွသည့်
သုဒ္ဓဘုရင် ကပိရှင်သည်
သားလျှင်သိဒ္ဓ မုချတကယ်
စဉ်ဆက်နွယ်ကို စွန့်ပယ်ရည်သန်း
ဆင်သက်နန်းဖြင့် ရဟန်းဖြစ်ပေ

နန်းမွေနန်းဆက် မပျက်မယွင်း
အိမ်ရှေ့နှင်းရန် မင်းနန်မျက်ဖျော်
သားရွှေမောင်နှင့် မ,တော်သိင်္ဂီ
ကလျာဏီတို့ ခါညီရက်မြတ်
အချိန်သတ်၍ ပြုလတ်မင်္ဂလာ
ကြီးစွာဆင်ယင် ထိုနေ့ပင်ဝယ်
ရှင်တော်ဗုဒ္ဓ ဆွမ်းခံကြွ၍
နန္ဒညီမော် ဆောင်ယူခေါ်ပြီး
ပြန်သော်မလွှတ် ရဟန်းဝတ်သော်
လွမ်းဆွတ်တွေးမှိုင် မျက်ရည်အိုင်လျက်
ကေခိုင်ဇနေ မယ်ပဒသည်
လွမ်းတ,ရင်းသာ ဆောင်သဥ္စာ၍
ဘယ်ညာလူးလှိမ့် ဆွေးသိမ့်သိမ့်ဖြင့်
တွေးဖိမ့်ဘဝင် သက်မျှကြင်သည့်
ခမောင်လင်နန္ဒ မင်းရာဇာ့ကို
ဗုဒ္ဓသနင်း ခေါ်လေခြင်းဟု
မျှော်ရင်းရက်ရှည် ဆောင်ကြာခြည်၌
မကြည်မသက် စိတ်တော်ကွက်ရှင့်
ထက်ဘွေသဥ္စာ အုံးစက်ရာ၌
ကလျာရူပ လွမ်းဟုန်ကြွသည်
မှန်းဆ၍သော်
လွမ်းတမျှော်။

[၁၅၉]

မှန်းဆရည်ရော်　　လွမ်းတမျှော်လည်း
ဘယ်သော်လမ်းစ　　မမြင်ရ၍
တွေးဆဆင်ခြင်　　ရေးရေးမြင်တည့်
ဘခင်သုဒ္ဓေါ်　　ခမည်းတော်သည်
စံပျော်နိဗ္ဗူ　　မြန်းတော်မူပြီ
ဆွေးပူ၍သော်　　ငါ့မယ်တော်လည်း
သားတော်ရှိရာ　　ကြွသွားကာဖြင့်
၁၂၀၀၀ ☆ကောသာပယ်သန်း　　ဆင်သက်န်းဖြင့်
ရဟန်းပြုလေ　　ခုတိုင်ပေတည့်
မပြေရက်ရှည်　　မျက်ရည်လည်လျက်
ဆောက်တည်မရ　　ငါ့ဘဝသည်
မွန်းသ,နန်းတော်　　မွေ့စံသော်လည်း
ပျော်ပါရက်နိုင်　　သောကလှိုင်လျက်
သက်ပိုင်လင်လှ　　မင်းနန္ဒလည်း
ဓဇသက်န်း　　ဝတ်ဆင်မြန်း၍
ရဟန်းဘဝ　　ဖြစ်လေစွကြောင့်
မျှော်ရလျက်သာ　　လွမ်းစ,နာခဲ့
ငါလျှင်ပူဆွေး　　စေ့စေ့တွေးက
မွေးသည့်မျက်ဖျော်　　ငါ့မယ်တော်လည်း
မပျော်ရွှေနန်း　　စွန့်ပယ်သန်း၍

ရဟန်းထေရ်   ဘိက္ခုနီဖြင့်
ကျင့်ညီသိက္ခာ   သားလျှာနှင့်တူ
နေတော်မူပေါ့   သုံးလူသနင်း
မောင်ရင်းသိဒ္ဓတ်   နောင်တော်မြတ်လည်း
နတ်၏ချမ်းသာ   နန်းမွေလျှာကို
ပယ်ကာစွန့်ပြု   သဗ္ဗညုစစ်
ဓမ္မရာဇ်တဆူ   ဖြစ်တော်မူလျက်
ငါ့တူ ရင်းချာ   ရာဟုလာလည်း
စကြာဂုဏ်သိမ်   မင်းစည်းစိမ်နှင့်
နန်းအိမ်ချမ်းသာ   စွန့်ခွာပယ်သန်း
သင်္ကန်းဝတ်လတ်   နန်းဆက်ဖြတ်၍
ဘုန်းမြတ်အရှင်   မွေးဘခင်နှင့်
တူပင်တကွ   စံနေကြပြီ
ငါ့မှာသော့မူ   လင်ရေးပူလျက်
ဆယ်ဆူနေမျှ   ပူဆွေးရပေါ့
တွေးဆကြံမော   မျက်ရည်နှော၍
သောကပူမိန်း   ရှိန်ရှိန်ကြီးသား
ငြိုးငွေ့မပျော်   နန်းအိမ်ပေါ်၌
နေသော်မရ   လွမ်းနာစဖြင့်
မှန်းဆရည်မျှော်   မြတ်နောင်မော်နှင့်
မယ်တော်ရှိရာ   ပြည်အောင်ချာသို့
နောက်ပါရံရွေ   လိုက်ပါလေလျက်

ချက်ကြွေနန်းမှ လှမ်းထွက်ကြွသည်
နန်းမြည့်နှံ့ဖူး
ပင်တိုင်ဦး။

[၁၆၀]

ရှုပကလျာ နန်းမှခွာသား
မကွာရံရွေ လိုက်ပါလေ၍
မွေးမေရိုရာ အောင်ချာဗဟို
ရာဇဂြိုဟ်သို့ မှိုင်းညိုမြိုင်တန်း
သေလာနန်းမှ ဖြတ်သန်းကျော်ကာ
လှမ်းကြွလာခဲ့ ဝနာတကြော
လွမ်းဘွယ်နှောသည် တတောဝင်ထွက်
တတောင်တက်၍ ခိုင်ယှက်ညှာစီ
ယိမ်းနွဲ့ချီလျက် ရာသီတော်ပန်း
ဖူးပွင့်လန်းကြ သာဆန်းသည့်မြိုင်
တောလုံးကြိုင်၍ သင်းလှိုင်မွှေးကြူ
အေးမြမှုသည် ပွင့်ဖြူသန့်စင်
၁၂၁၀၀ ☆ ဂေါ်သဇင်နှင့် တော်ဝင်သရဖီ
အင်ကြင်းသီလျက် ပွင့်စီရဂုံ
သင်းပျံ့ထုံ၍ ရောင်စုံထွေးယှက်
တောလုံးနှက်ကာ တွေးလျက်စိတ်စော
မြိုင်တကြောဝယ် သာမောဘွယ်စုံ

မယ်ခုကြုံရ    နန်းဘုံရိပ်ထီး
ပျော်စံမိုးစဉ်    အံ့ချီးတမျှ
စံခဲ့ရလည်း    မွန်းသ,ကွန့်ချယ်
သဘောနှယ်တည့်    တောလယ်တောင်တန်း
သည်မြိုင်နန်းမှာ    တင့်ဆန်းရိပ်မြုံ
ဘဝလှုံရ    မွေ့ထုံကြည်သက်
လွှမ်းရေးခက်ပြီ    ငှက်သာရကာ
မြူးပျော်ကာဖြင့်    တွဲကာမောင်နှံ
ကူးလူးပျံလျက်    သောင်ယံထက်ဝယ်
ချစ်ရေးကြွယ်ကြ    ခွန်းသွယ်တွဲ့သီ
တေးဖွဲ့စီ၍    သွဲ့ချီသံညှင်း
လေပြန်သွင်းသော်    ဖော်ကင်းသည့်မယ်
ပူရေးကြွယ်ပေါ့    တောလယ်သာခေါင်
သည်မြိုင်ချောင်ဝယ်    ရည်မှောင်မြူဝေ
စမ်းရေတွေလျက်    တောင်ခြေဝိုက်မိုး
ပိုက်ကာစီးသည်    ပူမီးတွေ့သူ
လွမ်းငွေ့ဆူ၍    နန်းသူကေခိုင်
အားပြေ့ယိုင်လျက်    နိုင်နိုင်ပင်လှမ်း
တောမြိုင်လမ်းမှ    နွမ်းလှမေပျို
ရာဇဂြိုဟ်သို့    ဗျာပိုနောက်ကာ
★ ရောက်၍လာသည်    သိင်္ဂါရွှေလူး
နန်းညွန့်ဖူး။

[၁၆၁]

သိင်္ဂါရွှေလူး ထွင့်ဖူးကေသီ
ကလျာဏီသည် သာကီထိပ်စံ
မယ်တော်ထံသို့ ဝန်းရံရွှေဘော်
များအဖော်နှင့် ရောက်တော်မူလတ်
မယ်တော်မြတ်သည် ကြည်မှတ်သော်ရွှေ့
သည်းအူမွေ့မျှ မွေ့ဖက်ရင်နှစ်
သမီးချစ်ကို ဖျစ်ညှစ်နယ်ကာ
အားပေးရှာ၏ သက်လျှာမျက်ဖျော်
မွေးမယ်တော်နှင့် နေသော်သတ္တာ
ရက်မျကြာလျှင် ရွှေစင်မျက်ရှု
ပုလဲဥကို မေရှုမေတ္တာ
ကြီးမားကာဖြင့် ဟောကာဆုံးမ
နားတော်ချရှင့် "နန်းလျှာ့ညွန့်ဖူး
ရွှေရည်လူးသည့် မွေးဦးရင်နှစ်
သမီးချစ်— သုံးနှစ်ကျော်မျှ
မင်းနန္ဒထက် ကြီးလှသက်ရှယ်
မယ့်မျက်ချယ်တည့် သက်လယ်သည်းနှစ်
စုလျားရစ်မည့် ကြင်ချစ်မှန်စွ
မင်းနန္ဒလည်း ဗုဒ္ဓနှင့်ပင်
ဆင်ကာသင်္ကန်း ရောင်ဝါသန်း၍

ရဟန်းဖြစ်ကာ မေ့သည်းချာလည်း
ကွဲကာနန်းတော် ချစ်ကြင်ဘော်နှင့်
တူသော်တကွ မနေရဘဲ
နန်းပွဲအလယ် မခင်တွယ်နှင့်
☆လှသွယ်ကြော့ရှင်း ချောမွေ့ခြင်းသည်
အိုမင်းရင့်ထောက် ဇရာနှောက်က
ဖောက်ပြန်ရောဂါ သက်ဇီဝါလည်း
မရဏာသေမင်း ရန်ခပင်းနှင့်
မယှဉ်းတွေ့ရ ဤဒုက္ခသည်
စိုးမျှတင့်တယ် ကျိုးမဘွယ်တည့်
သုံးဝယ်လောက တုမရသည့်
ဗုဒ္ဓသနင်း မယ့်မောင်ရင်းသည်
ပြိုင်ကင်းတေဇော် တောက်ဘုန်းတော်နှင့်
ကျူးသော်မကုန် ဂုဏ်တော်အနန္တ
ကြီးမားလှလည်း ဆင်သသင်္ကန်း
ရဟန်းပြုလေ မယ့်သက်ဝေလည်း
ဖယ်သွေဝဋ်ကြောင် လူတို့ဘောင်မှ
ခွာရှောင်ပယ်သန်း ရဟန်းပြုရန်
အချိန်တန်ဟု လမ်းမှန်ညွှန်ပြ
နားတော်ချသော် ရှုပကလျာ
မွေးမာတာ၏ ချိုသာသုံးမ
ဩဝါဒကို ကြားရရှင်လန်း
စိတ်ရည်သန်း၍ ရ[illegible]ဘိကျွာ

ပြုတော်မူသည် လှသူထိပ်ခေါင်
လူ့ဘောင်ပယ်၍
စွန့်ပြီတည်း။

[၁၆၂]

ဝတ်ကြောင်ပယ်သန်း ဆင်သင်္ကန်းဖြင့်
နန်းမြင့်ကေသီ ဝိဟာရ၌
ပျော်မွေ့စံယူ မေ့တော်မူသား
ကြည်ဖြူတနာ မောင်ဗုဒ္ဓါနှင့်
၁၂၂၄၀ ☆မာတာမိခင် ကျေးဇူးရှင်တို့
အေးပင်ရိပ်ထီး ခိုလှုံမြီးလည်း
မောင်ကြီးသိဒ္ဓတ် ရှင်တော်မြတ်သည်
မိန့်တတ်သည်မှာ အပြစ်ရှာလျက်
"ခန္ဓာရုပ်ဆင်း ချောမွေ့ခြင်းသည်
မယှဉ်းအနိစ္စ ကြုံဒုက္ခနှင့်
အနတ္တနှော အတ္တဘောကို
မနှောစိတ်တွင် အသုဘယှဉ်၍
တင်ကာရှုပွား သဘောထားတဲ့"
ဟောကြားမိန့်သံ သူများထံမှ
နာခံရပေ မသွေမှုချ
ငါ့ရှုပလည်း လှသည်ဟုပင်
ပြစ်တင်၍ကာ ကဲ့ရဲ့မှာတည်း

စိတ်မှာမှတ်သွင်း နှောင်မြတ်ရင်းထုံ
မချဉ်းမကပ် ကျောင်းဇရပ်တွင်
ရှောင်ကြဉ်၍သာ နေလေကာတည့်
မြတ်စွာသခင် ကျောင်းဝင်းဝင်သော်
မမြင်ကွယ်ရာ တိမ်းဖယ်ကာဖြင့်
နာခံတရား ထိုရက်များ၌
သွားရန်ရှိမူ ဘိက္ခုခြွေဘော်
ရံရွေတော်တို့ လွှတ်သော်နာကြား
ကြိမ်ကြိမ်များခဲ့ ဘုရားမြတ်စွာ
ထိုရောခါ၌ ဘဒ္ဒာကလျာဏီ
လှဂုဏ်မှို့၍ မာန်ချီလျက်ပင်
ရှိသည့်အင်ကို သိမြင်တော်မူ
ဘိက္ခုသင်္ဃာ ကိုယ်တိုင်လာ၍
ဩဝါဒရက် ဟောကြားလျက်လျှင်
မပျက်နာယူ အခြားသူကို
ပေးမူမချွတ် စေမလွှတ်ရ
စေလွှတ်သော်လင့် အာပါတ်သင့်စေ
မိန့်မှတ်လေသည် စိန္တေမြွက်ဖော်
ပညတ်တော်။

[၁၆၃]

အစိန္တေယျော် သုံးလူ့ဘော်၏
မိန့်သော်အာဏာ မဖယ်သာ၍

ကလျာရှုပ ဘိက္ခုမသည်
လှည့်ကျရက်တွင် ကျောင်းတော်ဝင်၍
ရှင်တော်မြတ်ထံ နာခံတရား
သွားရောက်ငြားလည်း များလှအဖော်
သင်္ဃာတော်၏ နောက်တော်မှာသာ
ပုန်းကွယ်ကာဖြင့် ဝှက်ကာတမှို
ခပ်ရှိုရှိုဖြင့် ကျုံ့၍နေသော်
နှမတော်၏ လွင့်မော်တံခွန်
မာန်ရစ်ခွန်ကို တွန်းလှန်ချိုးဖျက်
ကျိုးပျက်စေကာ လူ့ရွာနတ်ခွင်
မမြင်စဘူး တင့်ထူးချောမွတ်
မြင်သူညွတ်ရ လှထွဋ်ယမင်း
ပပဝင်းကို ဘန်ဆင်းနားမှာ
စံစားကာဖြင့် ညှင်းသာရွှေယပ်
လေပြေခပ်လျက် ရပ်၍နေလျှင်
ဖူးတွေ့မြင်သော် ရွှေစင်ဇနု
၁၂၃၀ ☆မယ်ရှုပသည် တွေးဆ၍ဝယ်
“ဇမ္ဗူ့လယ်၌ ယှဉ်ဘွယ်မရှိ
လှပါဘိ၏ ထင်မိကိုယ့်ကို
လှဲမှုပိုပေ၊ တူဆိုပုံယူ
ပြောကြမူသော် ငါ့ရှုပကာ
ဆင်းရုပ်ဝါသည် ရာဇာခြသေ့
နားမှာတွေ့သည် ပျော်မွေ့လျှောက်ပြေး

အလှန်သေးသည့် မြေခွေးငယ်မျှ
တူလေစွရှင့် ကြံဆတွေးရှု
မြင်ရမှုအား နှိုင်းတုကာဝယ်
အံ့ဘွယ်သူရဲ ထူးကဲသည့်သွင်
ငါခုမြင်ရ ကြည်လင်စိတ်မှာ
အေးမြပါတည့် ဗုဒ္ဓါနှောင်ရှင်
သို့လောက်စင်မျှ ယဉ်လှသည့်မယ်
သောက်ရှူးကြွယ်ကို နားဝယ်လုပ်ကျွေး
စံနေသေး၏ တွေးမိယောင်မှား
ငါ့စိတ်ထားသည် ပယ်ရှားပုန်းရှောင်
မမြင်အောင်ကွယ် နှောင်ဘုန်းကြွယ်ကို
တိမ်းဖယ်သည့်ခင်း မှားလေခြင်းဟု”
တွေးရင်းစိတ်မှာ ထင်မြင်လာလျှင်
နိမ္မိသွင်သည် ကြည်လင်တောက်ပ
ပြုံးရောင်မျှဖြင့် ရူပကလျာ
ထိုင်နေရာသို့ လှမ်းကာရှေးရှူ
ခင်မင်မှုဖြင့် တုလွတ်ရုပ်သွင်
လှရွှေစင်သည် နားတွင်ရပ်လာ
☆ ထိုအခါ၌ ချိုသာပြောကြား
လှတပါးရဲ့ ဖွံ့ထွားပြေပြစ်
ထွန်းသစ်အရောင် ငြီးငြီးပြောင်ပြီး
လောင်ဘနန်းမျှ တင့်တယ်လှသည့်
ညီမကေသွယ် မူးရှူးဘွယ်ပ

လူ့ဝယ်တခွင်    တခါစဉ်မျှ
မမြင်ဘူးပေ    လှထူးလေသည့်
သက်ဝေညီမ    ဘယ်ဌာနနှင့်
ဘယ်မှနွယ်ဘွား    ဖြစ်လေငြားနည်း
မြင်ကတည်းက    သည်းနှစ်တရာ
ဆပမာမျှ    ကြင်နာလှသည့်
အမရင်ခွင်    ခေတ္တစဉ်မျှ
မှူးရှင်ကြွလျက်    ကြည်နူးစက်ပါ
သက်လျာမျက်ဖျော်    ညီမတော်ဟု
ဘိတ်ခေါလေလျှင်    နိုမှိသွင်သည်
ပြုံးရှင်ကြည်သက်    ရင်ခွင်ထက်၌
မွေ့စက်စဉ်သော်    ကြည်၍ပျော်သည်
လှမော်ထိပ်တင်
လှဘုရင်။

[၁၆၄]

ရူပကလျာ    လှသူဇာအား
ရင်မှာပွေ့ပိုက်    ကြည်မောက်လိုက်လျက်
စူးစိုက်ကြည့်လျှင်    နဖူးပြင်မှ
ဝက်ခြင်အနာ    ဖူးရောင်လာ၍
တင်းကာမို့မောက်    တောက်သစ်စမီး
ပြန့်ပွားကြီးသို့    အံ့ချီးဘွယ်ရာ

အိုင်းအမာနှင့် ပွားကာညစ်ကြေး
ပြည်သွေးအတိ ပြည့်လျှက်ရှိကာ
ယိုအိဖြာစီး ပုပ်နံ့မှီးသား
ငြီးငွေ့စရာ ကိုယ်ခန္ဓာလည်း
အိုကာကြုံခြောက် မှဲ့ညိုပြောက်တို့
ကျရောက်နာမျိုး ခံရဆိုးလျက်
နံရိုးပြိုင်းပြိုင်း ကြောရေဆိုင်း၍
ထိုင်းမှိုင်းမဲမှောင် နှုတ်အာခေါင်မှ
မဲရောင်ညိုနှစ် သွေးပြည်ညစ်တို့
အန်လစ်ထွက်လာ နှုတ်ခမ်းလွှာလည်း
ဖူးကာညိုသန်း သွေးပြည်ရှန်းတည့်
မောပန်းသည့်နှယ် ဘန်ဆင်းမယ်သည်
နှုတ်ဝယ်စကား ငြီးတွားလေကာ
"ဘယာဒုက္ခ ကြီးမားလှဘိ
ဝေဒနာ့ညှဉ်း နှိပ်စက်ခြင်းကြောင့်
ဆင်းရဲပင်ပန်း မောလှန်လှန်းလို့
ခင်ပွန်းမတော် သနားသော်ဖြင့်
ကူတော်ဖေးမ အားပေးဖျော့းဟု"
သနားစဘွယ် အားတော်ငယ်၍
လူးလယ်ကာယမ်း သည်းအူကျွမ်းမျှ
မြည်တမ်းလေလျှင် သနားကြင်ကာ
ညာခင်ဇန မယ်ရူပသည်
ကရုဏာ့စိတ် လျှမ်းလျှမ်းဖိတ်လျက်

ထိတ်ထိတ်ပျာပြီး ရင်တီးလက်မ
တဖွဖွဖြင့် တသမြည်ကြွေး
ပူပင်ဆွေးသည် တွေးလျက်ရင်ခွင်
နိမ့်မြသွင်။

[၁၆၅]

၁၂၅၀၀ ☆ တွေးလျက်ရင်တွင်း ထိတ်လန့်ပြင်းသား
ကြည့်ရင်းဖြစ်လာ လှသူဇာ၏
သိင်္ဂါရောင်ရှန်း လှမျက်ဝန်းသည်
မှန်းဆမရ သော်တာလကို
ရာဟုမျိုသို့ မည်းညိုရောင်ဟ
ကြည့်မရတော့ ပန်းလှတင့်နှိုင်း
ပန်းဆိုင်းပုံချင့် ရှုဘွယ်တင့်သား
မို့မြင့်နှာဖန် သွယ်မော့ဟန်လည်း
နိမ့်ပြန်တုံငြား ပြေ့အိပြားရှဲ
ရွှေ့လျားပုပ်ရေ စီးတွေတွေတည့်
နှုတ်ဘေ့နီတွေး ကျိုးအာသွေးမျှ
နှုတ်ခမ်းလှလည်း ဖူးထမဲ့စို
ပြည်နှစ်ယိုလျက် ကြာညိုသဘွယ်
ရနံ့ကြွယ်သည့် မယ်၏ခံတွင်း
ပုပ်နံ့သင်းပေ ပဝင်းရောင်ရှင်
ရွှေသမင်သို့ ကြည်လင်ရှင်ပြုံး

မယ်မျက်လုံးလည်း   တိမ်ဖုံးသော်တာ
ကဲ့ပမာသို့   ညိုကာပုပ်ရည်
တစည်စည်တည့်   မကြည်ရက်နိုင်
မေ့သည်းဆိုင်လည်း   မခိုင်အလျင်း
တောက်လောင်ပြင်းပေါ့   ကြည့်ရင်း၌သာ
သင့်ရောင်ဝါလည်း   ဘယ်မှာရောက်လေ
မဲညစ်တေလျက်   ယဉ်ပြေကြော့ရှင်း
သင့်လည်ပင်းလည်း   ရိုးတွင်းကပ်ကာ
ကြုံလှီစွာဖြင့်   သိညာမရှိ
☆ပြော့အိပိန့်သေး   မဲညစ်ထေး၏
ရှေးနှင့်မတူ   အမူဖောက်ပြန်
မယ်သဏ္ဍာန်သည်   မှောက်လှန်သည့်နှယ်
အပြောင်းလွယ်လှ   ရင်သွယ်အစုံ
မြနစ်မို့သည်   ပန်းငုံသီးနု
ရင်ဥရတနာ   ပန်းနှစ်မြွာလည်း
ယိုကာရှုံ့တွဲ့   ပြဲယဲ့ယဲ့လျှင်
အိခွဲ့ပျက်စီး   ပုပ်ဟောင်ညီးတည်း
ပန်းစည်းသဘွယ်   လွန်တင့်တယ်သည့်
ခါးသွယ်ရင်ချီ   ဆင်းသီဂ်သည်
မညီတောင့်တင်း   မာကြွမ်းခြင်းသို့
ကြည့်ရင်းဖြစ်လာ   ဤခန္ဓာသည်
ဖြစ်လာပျက်မြဲ   မလွဲလေစွ
အနိစ္စဟု   စိတ်ကထင်မြင်

သံဝေယှဉ်လျက်   ကြံဆင်ရှုပွား
ထိတ်လန့်ငြား၍   ချထားသူကောင်
တိမ်းဖယ်ရှောင်သည်   ဟန်ဆောင်ဤရုပ်
ပုပ်ကောင်သော်။

[၁၆၆]

ခန္ဓာကိုယ်ရုပ်   အကောင်ပုပ်ကို
စက်ဆုပ်ရှိရှာ   ငြီးငွေ့ကာဖြင့်
စိတ်မှာတွေးချင့်   သံဝေဆင့်လျက်
မတင့်လေစွ   လူ့ဗာလတို့
မေ့ကြခန္ဓာ   မိုက်လှစွာတည့်
ငြီးကာအပါး   ခွာရှောင်သွားလျက်
စဉ်းစားသော်လျှင်   ငါ့ရုပ်ဆင်းလည်း
၂၆၀၀ ☆ထင်လင်းဒုက္ခ   ကြုံတွေ့ရ၍
မုချမသွေ့   ဖြစ်ရချေအံ့
မှားလေတကား   သို့ဖြစ်ငြား၍
ဘုရားနောင်ရှင်   ကုန်စင်မြင်၍
ရှောင်ကြဉ်ပြီးကာ   မင်းချမ်းသာကို
စွန့်ခွာပယ်သန်း   ရဟန်းပြုပေ
ပရမေကို   ငါသွေ့ရှောင်ကွင်း
ပုန်းကွယ်ခြင်းသည်   ရှုံးခြင်းကြီးရှုံး
တ,မဆုံးဘဲ   ယူကျုံးမရ

မှားလေစွဟု နောင်တရကာ
ကြည်မသာသည် ခန္ဓာနာမ်ရုပ်
လွန်စက်ဆုပ်၍
ရှုံ့ပြီတည်း။

[၁၆၇]

ခန္ဓာနာမ်ရုပ် ဘင်ပုပ်တမျှ
စက်ဆုပ်လှ၍ ဗုဒ္ဓနောင်တော်
မျက်လွှာတော်ကို ဖူးမျှော်လို၍
ကြည်ညိုတနာ ရှုကြည့်ပါလျှင်
မြတ်စွာဇိနော် ထိုခါသော်၌
ဟောဖော်ညွှန်ပြ ဆိုဆုံးမ၏
“နှမသိဂ် ကလျာဏီ—
ထွေလီရောဂါ ကိုယ်ခန္ဓာ၌
ကျင်နာတုန်လှုပ် အပုပ်အစပ်
မလပ်ညစ်ကြေး ရိုးသွေးသားတစ်
သုံးဆယ့်နှစ်ခု အပေါင်းပြု၍
စုဝေးတည်ရာ ခန္ဓာနာမ်ရုပ်
သေကောင်ပုပ်ကို စက်ဆုပ်ဘွယ်ပင်
☆ငါကောင်ထင်၍ မှန်းတင်စရိုက်
လူသူမိုက်တို့ နှစ်ခြိုက်၍ပေ
နှစ်မှန်းလေကြ ငါးထွေရောရာ

ဤခန္ဓာသည် ဇရာဒုက္ခ
မရဏာနှင့် ကြုံရအမှန်
ဖောက်ပြန်သော်လျှင်း ကျေးဇူးကင်းဘိ
ကျိုးမရှိဟု" မုနိစိတ္တေ
မိန့်ချွေတရား ဟောကြားနေစဉ်
နိမ္မိရှင်သည် သွင်ပြင်မဲ့မှောင်
ဖူးရောင်ပေါက်ပြဲ အက်ကွဲယိုကျ
ရိုးစုမျှသာ ထင်ရှားကာဖြင့်
ဖြစ်လာခဏ အနိစ္စကို
ဒိဋ္ဌသိမြင် သဘောထင်၍
ရှင်တော်ဘုရား ဟောကြားဒေသနာ
နားတွင်သာလျက် တဏှာလွယ်ကူ
ပြတ်တော်မူ၍ ရှုပနန္ဒ
ထေရီမဟု ဘွဲ့သပြီးကာ
ရဟန္တာစစ် ချက်ချင်းဖြစ်တည့်
ရှင်ချစ်ဗုဒ္ဓ သြဝါဒကို
နိစ္စခံယူ ကျင့်တော်မူလျှင်
ဈာန်တွင်မွေ့ပျော် သာလွန်သော်ကြောင့်
မ့ တော်သိဂ် ကလျာဏီအား
ဘွဲ့ချီတေဒဂ် ပေးအပ်ဆက်၍
ထားလျက်နားတွင် ဈာန်မွေ့ရှင်သည်
ထေရ်ရှင်ဘိက္ခု။ တဆူရဟန္တာ
☆ မယ်ရူပါ။

[၁၆၈]

## ယသော်ရော

ရာဟုမယ်တော် သုံးမည်ကျော်သား
ယသော်ရော ကဥ္စနာနှင့်
ပိမ္မာမဟေသီ တော်လေးညီသည့်
ဒေဝီမိမင်း နောက်ကြောင်းရင်းကို
လင်းရသော့မူ ဤဇမ္ဗူမှ
ပြန်ယူတွက်ရေ သင်္ချေနှစ်ဆယ်
စွန်းဝယ်တွက်ကိန်း တသိန်းရှည်ကြာ
ထိုကမ္ဘာ၌ ဗြဟ္မာဒေဝ
မြတ်ဗုဒ္ဓက စ၍သောလျှင်
ဒို့လောင်းရှင်နှင့် ချစ်ခင်ဆက်ဆံ
မနောကံဖြင့် မောင်နှံကြင်ဘက်
သွေမပျက်ဘဲ ဆက်ဆက်ဘဝ
မေတ္တာမျှ၍ ဖြည့်ကြပါရမီ
အဟုန်ညီသား အတိရှေးက
ဘဝဆုံးတိုင် တူပြိုင်အထွဋ်
ခေါင်တမွတ်သို့ စိတ်ညွတ်ဆောက်တည်
ဆုတောင်းသည့်ကြောင့် ဆိုလည်ဘဝ
တူတကွဖြင့် ဖြစ်ကြသည်များ

သူတပါးအား မယားအဖြစ်
စွန့်လစ်ကြည်ဖြူ ပေးလှူခံရ
ထိုထိုမျှလည်း ဘဝသခေ်ျ
ကုဋေတထောင် မကဆောင်လျက်
မြားမြောင်ဘဝ ကျေးကျွန်မျှလည်
ခံရတွက်ရေ ကျော်ကုဋေရှင့်
၈၂၅၀ ☆ ပေးဝေအသက် ဘဝဆက်၍
မျက်စိနားနှာ အင်္ဂါလက်ခြေ
ကိုယ်ကာယေနှင့် ရွှေငွေရတနာ
ဥစ္စာမနေ လှူခဲ့ရသည့်
ဘဝတွက်ရေ မနည်းပေတည့်
များထွေသံသရာ ရှည်ကြာစွာဖြင့်
လောင်းလျာပါရမီ ကျင့်စာဂီကို
ကူညီဆောင်လင့် ဖြည့်ကျင့်၍သော်
နှစ်ရှည်ကျော်ခဲ့ မည်ခေါ်သာရ
ကမ္ဘာမဥ္စ နုလှသေးစွာ
ဒို့လောင်းလျာသည် ရာမာဝတီ
တိုင်းဌာနီ၌ ဒီပင်္ကရာ
ဆွမ်းခံရာဝယ် ကြွလာဆိုက်ရောက်
အလျှားမှောက်၍ ဘုရားလျှောက်ရန်
တောင်းပန်သော်ပြီး ဆုယူမြီးသား
ဘုန်းကြီးရှင်တော် ဗျာဒိတ်တော်ကို
ပေးတော်မူက အနီးမှလျှင်

ယသော်အလောင်း ဆွေကောင်းကလျာ
သုမိတ္တာလည်း နားမှာရောက်လျက်
ကြာရှစ်ခက်ဖြင့် ရှင်စက်ခမ္မေ
မြတ်စိန္တေကို နှိမ်ချွေဦးတင်
ခွင့်ပန်ဆင်၍ ညွံ့တွင်ဝပ်လျှောင်း
ဆုမွန်တောင်းသည့် အလောင်းအလျှာ
သုမေခါနှင့် ဖြစ်ရာဘဝ
ဆက်တိုင်းမျှ၍ တကွအတူ
နိဗ္ဗူကြှန်း ခေမာနန်းသို့
မြန်းပါရစေ ဆုပန်လေက
ဗျာဒိတ်ရသည် ဘဒ္ဒကမ္ဘာ
ထိုရောခါ။

[၁၆၉]

ဗျာဒိတ်ခံယူ ပြည့်တော်မူသား
အတူမကွာ ဆက်တိုင်းသာဖြင့်
လူ့ရွာနတ်ပြည် စုံကျင်လည်လျက်
ကြာရှည်သော်လတ် လောင်းတော်မြတ်၏
မပြတ်ပါရမီ ကူညီဖြည့်ကျင့်
အဆင့်ဆင့်ဖြင့် ရင့်ကျက်သော်လျှင်
ထက်ခွင်သုံးလွှာ တုဿိတာမှ

လောင်းလျှာနှင့်တူ စုတေမူ၍
ဇမ္ဗူအောင်မြေ ချက်မ,ဘေ၌
ဒေဝဒဟ ပြည်ရွှေမကို
စိုးသ,ပိုင်ချုပ် ထီးဖြူအုပ်သည့်
သုပ္ပဗုဒ္ဓာ မင်းရာဇာ၏
တောင်ညာဆောင်နှင်း မင်းမိမဟာ
အမိတ္တာ၏ ရွှေကြာတိုက်ဝမ်း
စွဲလမ်းသန္ဓေ တည်ရှိလေ၍
ဗုဒ္ဓလောင်းမြတ် ဘွားမြင်လတ်သော်
နက္ခတ်ရောသိ ချိန်တူညီ၍
နာရီစက်တွင် ဘွားသန့်စင်လျက်
ရွှေစင်ရုပ်တု သွန်းလုပ်ပုံသို့
တုလွတ်ဆင်းလျာ ကဥ္စနာဘဒ္ဒ
အမည်သ,ပြီး ရွှေ့ရွှေ့ကြီးသော်
မငြိုးရှုဘွယ် လွန်တင့်တယ်၍
၁၂၄၅၀ ★ စင်ကြယ်ရွှေဆင်း ပပဝင်းသား
ကောင်းခြင်းပြည့်ဖြိုး ရိုးရေအသား
အရွယ်အားဖြင့် ငါးပါးပြည့်လတ်
မိန်းမမြတ်တို့ ကြံမှတ်အင်္ဂါ
ပြည့်စုံကာဖြင့် သိင်္ဂါသွန့်ဖူး
ပကတူးက သည်းသမျှ
ကုသလဟောင်း စုပေါင်း၍သာ

ကျိုးပေးကာဖြင့်　ဖြစ်လာဘဝ
နောက်ဆုံးမျှဝယ်　ကာမသုံးထပ်
ခေါ်ဆိုအပ်သည့်　နတ်ရပ်ခြောက်မည်
လူ့ပြည်တဝန်း　ကျွန်းကြီးကျွန်ငယ်
အသွယ်သွယ်၌　ဘယ်ဝယ်ဌာန
ဘယ်ဒေသမှ　နှိုင်းဆဘက်ယှဉ်
တုမမြင်သား　သုံးခွင်လောကခေတ်
တည်နေလတ်သည့်　လူနတ်တို့ထက်
တိုးတက်ကဲလွန်　မြတ်မွန်အဆင်း
သရေလင်း၍　မင်းမင်းသာကီ
အပေါင်းညီတို့　သိင်္ဂါအလှ
ကဥ္စနကို　ယုယချစ်ခင်
မြတ်နိုးကြင်၍　သောင်းလျှင်ထိန်းတော်
ရံရွေဖော်တို့　ဖြေဖျော်ခြံရံ
ဆောင်နန်းပျံ၌　ပျော်စံမွေ့လစ်
ဆယ့်ခြောက်နှစ်လျှင်　ငယ်နှစဉ်၌
ဘုန်းရှင်သိဒ္ဓတ်　လောင်းတော်မြတ်သည်
လှနတ်ကညာ　ကဥ္စနာကို
☆တောင်ညာမိမင်း　ဘိသိက်သွင်းလျက်
ဆောင်နှင်း၍သော်　သုံးမည်ကျော်သည်
မယ်တော်ရာဟု　နန်းသူ့ကဥ္စနာ
မယ်ဘဒ္ဒာ။

[၁၇၀]

ထိုသို့နှောက်နှောင်း   တိတ်အကြောင်းကို
ပြန်ပြောင်းပြီးလတ်   ဘုန်းမိနတ်သည်
ကြုံမှတ်ရှုသော်   တွေးဆမြှော်၏
မယ်တော်ဂေါတမီ   ကလျာဏီတို့
ဘိက္ခုနီမ   ဖြစ်ကြလေပြီ
သာကီဘခင်   ဘုရင်သုဒ္ဓ
စောမြတ်လှလည်း   ကြွကာနိဗ္ဗာန်
ငြိမ်းလေပြန်၍   တဖန်နန်းလျာ
မင်းနန္ဒာလည်း   ဆင်ကာသင်္ကန်း
ရဟန်းပြုကာ   ရှိလေရှာပေ့
ငါ၏သည်းနှ   ဆွဲကိုင်လှုနှယ်
ရာဟုမင်းစစ်   သားရင်နှစ်လည်း
ရှင်ချစ်ဘခင်   ခေါ်ယူငင်၍
ဆင်ကာသင်္ကန်း   ရောင်ဝါသန်းလျက်
ရွှင်လန်းပျော်နေ   နန်းသက်ကြွေခဲ့
ရွှေပြည်တော်ကြီး   ဆိတ်သုဉ်းပြီးကာ
ရွှေထီးရွှေနန်း   စိုးမြန်းဆက်ခံ
စံရမည့်သူ   မရှိမူ၍
ညှိုးပူရှစ်သောင်း   ဆွေတော်ပေါင်းတို့
ကောင်းနိုင်ဘွယ်ရာ   ရှည်ကြာမမြင်

သို့ဖြစ်အင်ကြောင့်　　နန်းစဉ်နန်းဆက်
မပျက်စေကာ　　ရာဟုလာကို
သွားကာတောင်းမည်　　စိတ်ကြံရည်၍
ဘုန်းစည်ဘုရား　　ထံတော်ပါးသို့
များစွာရံခြွေ　　လိုက်ပါလေ၍
ပြည်ရွှေဗဟို　　ရာဇဂြိုဟ်သို့
မိုင်းညိုတောင်တန်း　　သေလာနန်းမှ
ဖြတ်သန်းကျော်ကာ　　ရောက်၍လာသည်
စံရာမြတ်မွန်
ဝေဠုဝန်။

[၁၇၁]

စံရာမြတ်မွန်　　ဝေဠုဝန်သို့
အားသွန်တစိုက်　　မောပန်းဟိုက်လျက်
နောက်လိုက်အဖော်　　ရံရွှေတော်နှင့်
ရောက်သော်လေလျှင်　　ဘုန်းတော်ရှင်အား
ဦးတင်လျှောက်ထား　　"ရှင်ဘုရားသည်
ပွားစီးကိုယ်ကျိုး　　တမျိုးတည်းသာ
မကြည့်ပါလင့်　　များစွာဝေနေ
မျိုးဆွေညာတိ　　အပေါင်းရှိသည့်
ကပိလမည်　　တိုင်းရွှေပြည်လည်း
ရောင်ခြည်မဲ့ကျောက်　　ဖြစ်သို့ရောက်လျက်

အတောက်အခိုး ရှိန်ဝါညှိုး၍
ဖြိုးလျှံမွှမ်း ပမာမှုံးရ
ထီးဆောင်းနန်းနေ သာကီဆွေတို့
သရေမဲ့ကင်း ဖြစ်ရခြင်းကြောင့်
သားရင်းပုတ္တ ရာဟုလာ
ဘိုးဘအမွေ ခံထိုက်ဘေ၍
မေးဘေဘုရား ညွှာသနားကာ
☆ပြန်ပေးပါ”ဟု ထိပ်မှာလက်စုံ
ပန်းကြာငုံဖြင့် ပူပုံပပ
ဦးနှိမ်ချ၍ ညွှတ်ခ,ရိုပျောင်း
သားတော်တောင်းသည် ငယ်ပေါင်းကြင်ဖော်
မယ်ယသော်။

[၁၇၂]

ထိုသို့လျှောက်တင် သုံးလူ့ရှင်သည်
ငယ်ကြင်မျက်ဖျော် မယ်ယသော်အား
မိန့်တော်မြွက်ဟ တရားပြရှင့်
“လေးဝတော်ဝင် ဂုဏ်ပေါင်းတင်သည့်
ငယ်ကြင်ယသော် နှမတော်—
ဘုန်းတော်ငါရှင် တော့သို့ဝင်၍
လေးအင်သစ္စာ ရှာကြံရဝယ်
ငါ၏အကျိုး ပွားစည်းတိုးဘို့

ရည်ကိုးသော်လင့်　ကျင့်သည်မဟူ
မျိုးတူဆွေပေါင်း　ရှစ်သောင်းစီးပွား
အကျိုးအားလည်း　သီးခြားတလည်
ကျင့်သည်မဟူ　သုံးဘုံလူနတ်
သတ္တဝါပေါင်း　ချမ်းသာကြောင်းငှာ
ရာဟုလာနှင့်　ပမာမခြား
မေတ္တာထား၍　သနားမြွှာချင့်
ငါသော်ကျင့်ပေ　ရာဟုမေ၏
လွဲသွေဖယ်ငြား　လျှောက်စကားသည်
သားတော်ရာဟု　ချမ်းသာမှုလည်း
မပြုနိုင်ရာ　ဆွေညာအပေါင်း
ရာ့ထောင်သောင်း၏　ကောင်းရာစီးပွား
☆မဟုတ်ငြား၍　လားလားမျှပင်
ကျိုးမထင်တည့်　သင်၏စီးပွား
အကျိုးများလည်း　မှန်ငြားမဟုတ်
ယုတ်ညံ့စွာသော　တဏှာပြောသည့်
လောကီစည်းစိမ်　ကာမအိမ်ကို
မေ့သိမ်ခံစံ　စိတ်မှတ်ကြံက
သံသရာဝဋ်　ရှောင်မလွတ်ဘဲ
ဆီပွတ်ယန္တရား　ပမာလားသို့
သွားလာကျင်လည်　ဝဋ်နွှယ်ရှည်ခြင်း
အကြောင်းရင်းသာ　ဖြစ်လေရာတည့်
ရာဟုမွေးမေ　ရှေးပဝေက

မကွေ့မကွာ ငါမြတ်စွာနှင့်
ဖြစ်လာဘဝ များပြားလှ၍
တွက်ဆသော်လင့် သခင့်ချဆင့်၏
ဖြည့်ကျင့်ပါရမီ ဆက်တိုင်းမှီ၍
ဤသည်ဘဝ နောက်ဆုံးမျှဝယ်
နှမယသော် ငါဗုဒ္ဓနှင့်
တူသော်တကွ ရာဟုလပါ
အမတ်ထီးဖြူ နန်းနိဗ္ဗူသို့
ဆွတ်ယူကြွမြန်း ဆင်သက်နန်းဖြင့်
ရဟန်းပြုလော့ မိန့်တော့သခင်
နားတော်ဆင်သည် သံလွင်ငြိမ့်ညောင်း
တိတ်အကြောင်း။

## [၁၃၃]

သုံးလူ့သခင် ငယ်ချစ်ကြင်၏
သွန်သင်ဆုံးမ နားတော်ချလျက်
ဟောပြတရား နာကြားရမှု
☆ နန်းသူမျက်ဖျော် မယ်ဖယသော်လည်း
စိတ်တော်ညွတ်နူး အမြိုက်ထူးကို
ကြည်နူးစူးစိုက် မနေ့ပိုက်လျက်
နှစ်ခြိုက်ကြည်လင် မဂ်ဥာဏ်ထင်၍
လေးအင်သစ္စာ သိမြင်ကာဖြင့်

ဘဒ္ဒါယသော် မြတ်ရှင်တော်အား
ဖူးမျှော်ဦးနိမ့် ကြိမ်ကြိမ်ဝပ်လျှိုး
လက်စုံမိုး၍ ရှိခိုးပြီးကာ
အပေါင်းပါနှင့် ရူပါကလျာဏီ
မသိဂ်၏ ထေရီကျောင်းမော်
ကြွရောက်သော်လျက် မယ်တော်ရာဟု
ပေါင်းပါစုတို့ ပယ်ပြုကေသာ
ကြည်မွေ့စွာဖြင့် ဝင်းဝါသင်္ကန်း
ဝတ်ဆင်မြန်း၍ ရဟန်းပြုလေ
ရာဟုမေသည် ထွေထွေကမ္ဘာန်း
စီးဖြန်းဘာဝနာ ကျင့်ကြံကာဖြင့်
လွန်စွာအားထုတ် ကြိုးကုတ်သော်လင့်
မမြင့်မိပင် ထက်ဉာဏ်ဝင်၍
လေးအင်သမ္ဘိဒါ ခြောက်ဖြာအဘိဉာဏ်
ရှစ်တန်သမာပါတ် ဝင်စားလတ်၍
အရဟတ္တဖိုလ် ရောက်ဝင်ခို၏
ထိုသောအခါ သာသနာ၌
ကဥ္စနာထေရီ ဘိက္ခုနီဟု
သညီထင်ရှား ခြားတပါးထက်
ထူးခြားသာလွန် ကဲမွန်ဉာဏ်မြင်
☆နောက်ကြောင်းဆင်က သင်္ချေကမ္ဘာ
ဆယ့်ခြောက်လွာ၏ ဖြစ်လာသမှု
ဘဝစုကို တခုဝဋ္ဋာန်း

အာရုံမှန်းဘိ   စိတ်ဝိထိဖြင့်
မြှော်ချင့်သိလတ်   ထေရီမြတ်သည်
သာဝတ္ထိမည်   တိုင်းရွှေပြည်၏
ကြည်လင်မြတ်မှန်   ဇေတဝန်ခေါ်
ရွှေကျောင်းမော်၌   ရှင်တော်စံခိုက်
ဖော်တသိုက်နှင့်   ဆိုက်မြိုက်ရောက်လာ
ထိုအခါ၌   မြတ်စွာဇိနေ
သုံးလူ့ဆွေသည်   ထေရီရဟန္တာ
ယသော်ဓရာကို   မဟာဘိညာ
ဒေဂ္ဂါဖြင့်   ပေးကာချီးမြှင့်
ဂုဏ်ရည်တင့်သည်   ထွန်းလင့်းသရေ
ရာဟုမေ။

[၁၇၄]

## ညီတော်အာနန္ဒာ

စိန္တေဗုဒ္ဓါ   စောမြတ်စွာသည်
ဝါနှစ်ဆယ်လျှင်   တိုင်အောင်ပင်မျှ
ညီနန္ဒအား   အမြဲသမှု
ကျွေးမွေးပြုသည့်   ဥပဋ္ဌာကာ

အရာမှာသော် ထားတော်မူဘဲ
မမြဲလုပ်ကျွေး ကူညီဖေး၍
ပေးခြင်းဖြင့်သာ ရှိလေကာတည့်
နာဂသမလ နာဂိတနှင့်
ဥပဝါနထေရ် သာမဏေစုန္ဒ
လုပ်ကျွေးရတည့် တရံတခါ
ရာဓမထေရ် ရှင်မေဃိယ
လုပ်ကျွေးကြရှင့် ထိုမထေရ်များ
လစ်လပ်ငြားသော် ညီဘွားနန္ဒာ
လုပ်ကျွေးကာဖြင့် တာဝန်တိကျ
မရှိလှ၍ သင့်သလိုသာ
လုပ်ကျွေးကာတည့် တိုခါဗုဒ္ဓော်
ရဟန်းတော်တို့ ခေါ်ကာစည်းဝေး
ဆွေးနွေးတိုင်ပင် ငါအရှင်သည်
သက်လျှင်ယိုယွင်း အိုမင်းခြင်းသို့
မကင်းရောက်လာ ငါမြတ်စွာအား
နားမှာတစေ အမြဲနေ၍
ဝေယျာဝစ္စ ကြီးငယ်မျှကို
ထောက်မလုပ်ကျွေး ပေးမည့်ထေရ်တော်
ရှိမှသော်လျှင် သင့်မည်ထင်၏
ငါ့ရှင်ချစ်သား ရဟန်းများမှ
တပါးပါးကို ပေးပါလိုကြောင်း
မိန့်သံပြောင်းသော် အပေါင်းသင်္ဃာ

မျှားလှစွာမှ   သာရိပုတြာ
ထေရ်မဟာနှင့်   တေဇာပြင်းထန်
မောဂ္ဂလာန်တို့   ကြည်သန်ဇောကြွ
မတ်တတ်ထ၍   ဗုဒ္ဓရှင်တော်
တပည့်တော်တို့   ဘုန်းတော်မြတ်အား
ခစားလုပ်ကျွေး   ပေးပါရစေ
ခွင့်တောင်းလေတည့်   စိန္တေဗုဒ္ဓ
၁၂၅၀ ☆ ထိုခါမျှ၌   ငါ့အားချီးမြှင့်
မသင့်မတော်   သင်တို့သော်ဝယ်
လေးဘော်ပရိသတ်   များပြားလတ်၍
ဟောမြတ်တရား   ငါဘုရားနှင့်
မခြားသော်ရှိ   ဖြစ်လေဘိကြောင့်
ငါ၏ကိစ္စ   ပြုဘွယ်မျှသည်
လုံးဝမဖြစ်   ငါတားမြစ်၏
ရှင်ချစ်မြတ်စွာ   ထိုအခါ၌
နန္ဒာညီမော်   ထေရ်တော်သာလျှင်
သင့်မည်ထင်၏   ညီရှင်ချစ်သား
ငါဘုရားအား   ခစား၍ပေ
လုပ်ကျွေးလေဟု   မိန့်ချွေသောခါ
ညီနန္ဒာသည်   ထိပ်မှာလက်မိုး
ကြာဖူးထိုးသို့   ရှိခိုးပြီးသော်
တပည့်တော်အား   ရှေးလေးပါးသောဆု
ကင်းလွှတ်မှုနှင့်   ခွင့်ပြုလေးပါး

ဆုတော်များကို သနားချီးမြှင့်
ပေးလှင့်တော်မူ တင်လျှောက်ယူသည်
သုံးလူစိန္တေ
ခွင့်ပြုပေ။

[၁၇၅]

ညီတော်နန္ဒာ ဥပဋ္ဌာက
ဝိသေသကို ရသည်မှုပင်
သုံးလူ့ရှင်အား နေ့စဉ်မပျက်
ပြုစုလျက်ရှင့် နံနက်စောစွာ
ထပြီးကာဝယ် ပြုဘွယ်ကိစ္စ
ဟူသမျှကို စေ့ငအောင်ပင်
ပြုပြင်ဆင်၍ သန့်စင်ရှင်းလင်း
အရုဏ်ကျင်း၍ သနင်းထတော်
သုံးတော်မူရန် ဒါန်ပူမျက်သစ်
အသင့်ဖြစ်၍ ကပ်လစ်ပေးဆက်
မျက်သုတ်ပုဝါ ကိုင်ပြီးကာဖြင့်
နားမှာရပ်နေ ပြီးစီးလေက
စိတ္တေသနင်း ထိုင်ခင်းနေရာ
စမွယ်လာသော် ကောင်းစွာခြေသုတ်
ကျိုးနွံကုတ်လျက် ဗုဒ္ဓဘုန်းလျှံ
နံနက်ယံ၌ စင်္ကြံလျှောက်ကာ

ပြန်ကြလာမူ ယာဂုဆွမ်းတော်
ကပ်လှူသော်လျက် ဗုဒ္ဓေါ်ဘုရား
ဆွမ်းခံပြေးလျှင် ချစ်သားနန္ဒာ
လှည့်ကာသပိတ် ဆိတ်ဆိတ်နှင့်သာ
နောက်မှပါ၍ ပြန်လာကျောင်းတော်
ရောက်ပြန်သော်ဝယ် ပူဘွယ်ကိစ္စ
ဟူသမျှကို တစမကျန်
ကံသုံးတန်ဖြင့် ကျေပြန်လုပ်ပေး
ရေအေးရေပူ သောက်ယူသုံးချိုး
ပူဘွယ်မျိုးလည်း တစိုးတစိ
မကျန်ရှိအောင် ဆောင်ပြီးလတ်သော်
လျှောင်းတော်မူလျှင် ပူစဉ်မလပ်
၁၃၃၆ ☆ခြေစုံရပ်၍ ယပ်ခပ်သော်လျက်
ညချမ်းဘက်၌ ခြေလက်ဆုပ်နယ်
ဝတ်ဖြည့်နှယ်တည့် ပူဘွယ်ဟူသမျှ
ရာမကာဘဲ နေ့ညမပြတ်
ဆောင်ရွက်လတ်၍ ရှင်မြတ်စိန္တေ
ညီတော်ထေရ်အား ဇေတဝန်ကျောင်းတော်
ရောက်ပြီးသော်ရှိ သန္ဓိပါတ
ပူကြသောခါ အာနန္ဒာ၏
များစွာအကြောင်း နောက်ဖြစ်ဟောင်းကို
ကောင်းချီးဖြာဖြာ ချီးမွမ်းကာဖြင့်

ဘဏ္ဍာဂါရိက ဘွဲ့ချီသည်
တေဒင်တော်လာ
အာနန္ဒာ။

[၁၃၆]

## သစ္စကမရိုဇ်စွန့်ခန်း

သုံးလူ့မြတ်စွာ ပြည်ဝေသာ၌
စံကာမေ့လျော် ရွှေကျောင်းတော်ဝယ်
နေသော်ကာလ သစ္စကပရိုဇ်
မိစ္ဆာမိုက်သည် စိတ်၌ထင်ကာ
ငါနှင့်ငါဟု ပညာမာန်ဝင်
ဤလူ့ခွင်၌ ငါလျှင်တယောက်
ပညာမောက်၍ ဖိုက်ပေါက်လိမ့်မည်
စိတ်ထင်ရည်လျက် ကြံစည်တွေးမှား
ဝမ်းနှင့်ခါးကို သံပြားရစ်ပတ်
နေလေလတ်တည့် စိတ်မှတ်ကြံဆင်
ဂေါတမရှင်သည် ဤတွင်ရှိနေ
ငါသွားလေ၍ မျှားထွေဝါဒ
အစွမ်းပြမည် ပြိုင်လိုသည်ကြောင့်

၁၃၄၀၀ ☆ကြံစည်ပြီးငြား ဘုရားကျောင်းတော်
နောက်ပါဘော်တို့ ခေါ်ကာသွားပြီး
လက်ပန်းတီး၍ ဗိုက်ကြီးသတ်ကာ
မြတ်ဗုဒ္ဓါအား ပုစ္ဆာယှဉ်ပြိုင်
ချေးဒီးဖြိုင်လျက် မနိုင်ရှုံးပေး
ဒူးညွတ်ကွေး၍ ငြိမ့်လေးဦးချ
တောင်းပန်ခသော် ရှင်တော်ပရမေ
ဟောမိန့်ချေသည် သဗ္ဗေသတ္တာ
အနတ္တာ။

[၁၇၇]

## ခေမာမိဖုရား

သစ္စကပရဗိုဇ် ယူမှားမိုက်အား
စရိုက်ပုပြင် သုံးလူ့ရှင်သည်
အောင်မြင်သော်ပြီး တိုင်းကြီးအောင်ချာ
ပြည်ဝေသာမှ ရာဇာဂြိုဟ်မည်
တိုင်းရွှေပြည်သို့ ပြန်လည်ကြွလတ်
မင်းမြတ်ရာဇာ ပိမ္ဗိသာ၏
ဝိဟာရီမှန် ဝေဠုဝန်ကျောင်းတော်

သံဃာဖော်နှင့် စံပျော်သနင်း
ခြောက်ရောင်လင်းသား မင်းကြီးရာဇာ
ပိမ္ဗိသာ၏ တောင်ညာစံထား
မိဖုရားခေမာ လှသူဇာသည်
ဆင်းလျှာရူပက မာန်တက်ကြွလျက်
ဗုဒ္ဓနှင့်ခသော် သုံးဝါကျော်မျှ
ဖူးမျှော်မတွေ့ ရှောင်ဖယ်ဝေ့ရှင့်
တနေ့မှာသော် ရေကန်တော်သို့
ပေါင်းဖော်အများ စုဝေးငြား၍
သွားကြသော်လျှင် ဘုရင်မင်း၏
မိန့်လင်းမှာကြား ဆိုစကားကြောင့်
ဘုရားထံတော် ရောက်လေသော်တည့်
ဇိနော်ဗုဒ္ဓ ကြံဆသိမြင်
နိမ္မိသင်ကို နားတွင်ဘန်ဆင်း
ပြိုင်ဘက်ကင်းသား ယမင်းသူဇာ
လှကညာကို ခေမာမိဖုရား
လွန်အံ့အားရ၍ ရှုငြားငေးစိုက်
ကြည်မောဆိုက်လျက် လိုက်လိုက်ကြည့်လျှင်
နိမ္မိသင်သည် ကြန်အင်လက္ခဏာ
ရုတ်ခြည်းမှာသော် ဖြစ်လာတမူ
အံ့ဘွယ်ဟူသား ဆံဖြူသွားကြွေ
အရေတွန့်ဆိုင်း ခါးကိုင်းအိုရှယ်
ကျရောက်လှယ်၍ စီးသွယ်ပုပ်ရည်

တစည်စည်ဖြင့်　မကြည်မသက်
ခံရခက်၍　ရှင်စက်ဓမ္မေ
သုံးလူ့ဆွေ၏　ခြေကိုဘက်ရှာ
ငြိုးတွားကာတည့်　ထိုခါမိမင်း
ထိတ်လန့်ပြင်း၍　ငါ့ဆင်းရုပ်ဝါ
ကိုယ်ခန္ဓာလည်း　မှန်စွာမယွင်း
အိုနာခြင်းသည်　မကင်းနိုင်ရာ
ထိတ်လန့်ဖြာသည်　ခေမာမိဖုရား
သံဝေပွား။

[၁၇၈]

ခေမာမိဖုရား　သံဝေပွားသော်
ဘုရားမြတ်စွာ　ထိုအခါ၌
အိုနာဒုက္ခ　ပမာပြ၍
၁၃၅၀၀ ☆ ဒိဋ္ဌပုံတင်　ဒေသနာစဉ်ဖြင့်
သွန်သင်ဆုံးမ　တရားပြသော်
မိမင်းမော်သည်　ချင့်မြှော်တွေးဆ
သံဝေရလျက်　ဗုဒ္ဓပရမေ
မြတ်စိတ္တေအား　နှိုပ်ချေဦးချ
တပည့်မသည်　ကာမလူ့ဘောင်
ဤဝဋ်နှောင်မှ　ခွာရှောင်ပယ်သန်း
ဆင်သင်္ကန်းဖြင့်　ရဟန်းမြတ်ညီ

ဘိက္ခုနီမ ဖြစ်ပါရစေ
ခွင့်တောင်းလေကာ မယ်ခေမာသည်
စံရာနန်းတော် ပြန်ကြွသော်၍
မင်းမော်ပိမ္ဗိ ရာဇာဓိအား
ပန်ရှိလျှောက်ထား ခွင့်တောင်းငြားသော်
စိတ်ထားကြည်စွာ ခွင့်ပြုကာဖြင့်
ခေမာဒေဝီ မဟေသီကို
ခြယ်စီရတနာ ဝေါယာဉ်သာဖြင့်
တင်ကာထမ်းဆောင် မိဖုရားခေါင်အား
တထောင်နီးမျှ ဘိက္ခုမတို့
ရှိကြကျောင်းတွင် ဝတ်ဆင်သင်္ကန်း
ရဟန်းပြုပေ ဉာဏ်ဖြာဝေ၍
ခေမာထေရီ ဘိက္ခုနီဟု
ဘွဲ့ချီထင်ရှား မိဖုရားသည်
ထူးခြားပညာ အဟုန်ပါ၍
ပညာသာဝက ဘွဲ့တော်ရလျက်
ဗုဒ္ဓဇိနော် မြတ်ဘုန်းမော်သည်
ကျောင်းတော်သာလွန် ဝေဠုဝန်၌
ထူးချွန်လွန်စွာ ပညာပါသည့်
ခေမာထေရီ ဘိက္ခုနီအား
ဘွဲ့ချီတေဒဂ် ချီးမြှောက်လျက်သော်
ပညာကျော်သည် ထေရ်မော်ရဟန္တာ
မယ်ခေမာ။

## [၁၇၈]

## အနာထပိဏ်

ပြည်သာဝတ္ထိ ဘုမ္မိနဂရာ
တိုင်းအောင်ချာဝယ် စဉ်လာသော်လျက်
ဆွေစဉ်ဆက်မှ မပျက်တိုင်တိုင်
ဖြည်းခိုင်ကြွယ်ဝ သုဒတ္တဟု
နာမကျော်သီး သူဌေးကြီးသည်
မငြီးပေးလှူ ငတ်မွတ်သူနှင့်
များလူဆင်းရဲ ခပဲယာစကာ
လှူခံလာတို့ ယာဂုထမင်း
စားဘွယ်ဟင်းကို ချွတ်ယွင်းမရှိ
သဒ္ဓါဓိဖြင့် ကျွေးဘိမပြတ်
ပေးကမ်းတတ်၍ ပညတ်နာမိန်
အနာထပိဏ်ဟု ဂုဏ်ရှိန်ကျော်သီး
သူဌေးကြီးသည် ဘုန်းမီးတဆူ
ဖြစ်တော်မူသည့် သုံးလူမြတ်စွာ
စံရာနဂို ရာဇဂြိုဟ်မှန်
စုလစ်ချွန်သည့် ဝေဠုဝန်ကျောင်းတော်
ရောက်သော်လေလတ် ရှင်တော်မြတ်အား
ညွှတ်ခရိုကျိုး ရှိခိုးပြီးသော်

ရွှေဘုန်းတော်၏ ဟောဖော်မြွက်ဟ
ဆိုဆုံးမသည့် ဓမ္မဒေသနာ
ကြားနာကာဖြင့် သောတာပတ္တိ
မဂ်ဉာဏ်သိ၍ ရောက်ရှိရကာ
သာဝတ္ထိမည် တိုင်းရွှေပြည်၌
ဘုန်စည်သနင်း ချီမြှင့်ခြင်းဖြင့်
သီတင်းသုံးယူ စံတော်မူပါ
လျှောက်တင်ကာတည့် ထိုခါမြွတ်ရှင်
ရွှေဉာဏ်ထင်၍ မှန်ပင်မချွတ်
သုံးတန်ဝဋ်မှ ကျွတ်လတ္တံ့သူ
မြင်တော်မူ၍ လူနေဝေးကွာ
တောခမ်းဝါ၌ စံကာမွေ့လျော်
နေတော်မူမည် မိန့်တော်ရည်က
ကြည်ရွှင်ပျပျ ဝမ်းသာလှ၍
မဝဦးနှိမ် ကြိမ်ကြိမ်ရှိခိုး
ညွတ်ရိုကျိုးသည် မောက်ဖြိုးဂုဏ်ရှိန်
အနာထပိဏ်။

[၁၇၀]

ပြည်တော်ပြန်ပြီး သူဌေးကြီးလည်း
ဝေး၊နီးကျေးရွာ လူစုကာဖြင့်
မြတ်စွာကြွလှမ်း လာမည့်လမ်းကို

စခမ်းတလျှောက် တထောက်နားရာ
တယူဇနာ၌ သပြာသိန်းတန်
ကျောင်းဗိမာန်ကို ဆောက်ရန်သော်လတ်
စေခိုင်းလွှတ်၏ မြတ်စွာသနင်း
ကျိန်းဝပ်ခြင်းငှာ သန့်ရှင်းနေရာ
သင့်တော်ရာကို ဘွေရှာလတ်လျှင်
မြို့ပြင်အနေ့ာက် တထောက်တကောသ
ဝေးဒေသ၌ ဇေတမင်းသား
ပိုင်ဆိုင်ငြားသည့် ကစားမြူးရှင်
ပန်းဥယျာဉ်ကို တွေ့မြင်ရမူ
နှစ်ကြည်ဖြူ၍ သူတော်သူမြတ်
မေ့ပျော်လတ်၍ လျှောက်ပတ်တင့်တယ်
ခန့်ခန့်ထယ်တည့် သင့်ဘွယ်ဖြစ်မည်
စိတ်တော်ရည်၍ ကြံစည်ပြီးလျှင်
ပိုင်ရှင်မင်းသား အပေါင်းများကို
ပန်ကြား၍မူ သဘောတူက
ဝယ်ယူသော်လစ် တဆဲ့ရှစ်ကုဋေ
ပေးရလေ၏ များထွေလက်သမား
အကျော်များကို ခေါ်ငြားပြီးလျှင်
အသုံးဝင်မည့် အင်္ဂတေအဋ္ဌကျောက်
ထုတ်လျှောက်သစ်သား ကျောင်းတိုင်များကို
မနားစုပုံ လုံးစုံပြီးမြောက်
အကုန်ရောက်က ကျောင်းဆောက်ရန်ငွေ

တဆဲ့ရှစ်ကုဋေကို   အပ်လေပြီးသော်
ပညာကျော်တို့   ဆောက်တော်မူလတ်
သုံးမြတ်ဘုံဆင့်   ပနာတင့်လျက်
တဆင့်ဘုံဆောင်   တထောင်အခန်း
ရွှေရောင်သန်းရှင့်   သာဆန်းတင့်မြတ်
ဆောက်ပြာသာဒ်တို့   ရံပတ်ဝန်းရှိ
မိုးသို့ယိုလား   ကြီးဘိကျောင်းမော်
ဂုလိုဏ်တော်နှင့်   များသော်ဇရပ်
မဏ္ဍပ်စင်္ကြံ   ခြံရံဆောက်တည်
☆ပြီးမြောက်သည်ကြောင့်   မြရည်စိမ်းစို
ရာဇဂြိုဟ်မှန်   ဝေဠုဝန်သို့
တမန်လွှတ်လေ   ပင့်လျှောက်စေသည်
စိန္တေမြတ်စွာ   ကြွလာရည်မှန်
ဇေတဝန်။

[၁၈၁]

သုံးလူ့ထွတ်ထား   မြတ်ဘုရားသည်
လေးပါးပရိသတ်   ခြံရံလတ်၍
ဝိုင်းပတ်ရိပ်ညို   တောင်ငါးခိုသည့်
ရာဇဂြိုဟ်ပြည်မှန်   ဝေဠုဝန်မှ
လေသွန်ညှင်းညှင်း   သာသည့်ခင်းမှ
သနင်းကြွဘိ   သာဝတ္ထိသို့

ရောက်ရှိခါချိန် အနာထပိဏ်၏
ဂုဏ်ရှိန်အံ့ချီး ဆောက်လုပ်ပြီးသည့်
ငြီးငြီးပြောင်ပြောင် ဘုံဆောင်ဆောင်ဖြင့်
ရွှေရောင်ဗိမာန် ဇေတဝန်ကျောင်းတော်
ကပ်လှူသော်၍ ရှင်တော်ခံယူ
စံနေမူပြီး မဝေးနီးသည့်
တိုင်းကြီးအဂ် ဥတ္တရသို့
ကြွ၍သော်လျှင် ရှင်ပျော်မချို့
သရေကြိုသည့် မြို့တော်ဘဒ္ဒိယ
လှမ်းကာကြွ၍ ကြည်စွသာမော
မြလေးတော၌ ရှင်စောပရမေ
စမွယ်နေသည် လင်းဝေရောင်ဖြာ

သာသနာ။

[၁၈၂]

**မေဏ္ဍကသူဌေး**

ရှင်ကြည်သာမော မြလေးတော၌
ရှင်စောပရမေ စံပျော်နေလတ်
၁၃၄၆၀ ☆ပြည်မြဟ်ရောင်စို ရာဇဂြိုဟ်ဝယ်

ပေါ်ကြွယ်ရတနာ　လွန်ချမ်းသာသည့်
နာမာကျော်မွေး　ရွေးကံပေးသည့်
သူဌေးမေဏ္ဍက　ဇောတိကနှင့်
ပုဏ္ဏ,ဇဋိ　ကာကဝလိတို့
ရှိကြသီးသီး　မငြီးရွေးကံ
အကြောင်းခံ၍　ပြည့်လျှံဥစ္စာ
ရတနာတို့　များစွာပေါ်ယယ်
ရှိကြနှယ်တည့်　သူကြွယ်မဏ္ဍက
ဆုယူမျှသည်　စန္ဒပဒုမ္မာ
ချစ်ကြင်ယာနှင့်　ပုတ္တာခနဋ္ဌယ
ချွေးမသင်္ဂီ　လှမျိုးညီသည့်
ဒေဝီသုမန　ကျွန်ပုဏ္ဏတို့
ဗုဒ္ဓရှင်စော　မြလေးတောတွင်
သာမောနှစ်ခြိုက်　တရားမြိုက်ကို
တိုက်ကျွေးဆုံးမ　ဟောပြနေကြောင်း
အုတ်အော်သောင်းမျှ　ကြားရသတင်း
သူဌေးမင်းသည်　သားရင်းပုတ္တ
ခနဋ္ဌယ၏　ရွယ်မျှဆံရစ်
ခုနစ်နှစ်လျှင်　ချစ်၍မညီး
သမီးဝိသာခါ　လှသူဇာကို
ခေါ်ကာကျောင်းတော်　သွားရောက်သော်၍
ရှင်တော်ဘုရား　ဟောကြားဒေသနာ

ကြွားနာကာဖြင့် သောတာပတ္တိ
ရောက်ရှိမြေးဘိုး စရဏာမျိုးသည်
ဖြိုးဖြိုးလွင့်လွင့်
ပွင့်သတည်း။

[၁၈၃]

## ဝိသာခါ

၁၃၁၀၀ ☆ခုနစ်နှစ်ရွယ် နုပျိုငယ်မှ
ရှေးဝယ်ပါရမီ အဟုန်ညီ၍
သုံးလီသရဏာ တည်ပြီးကာဖြင့်
သောတာပတ္တိ ရောက်ရှိပြီးထ
မဏ္ဍကာ၏ မြေးလှကညာ
ဝိသာခါသည် ငါးဖြာကောင်းခြင်း
သရေလင်းလျက် အဆင်းအင်္ဂါ
ပြည့်စုံစွာဖြင့် နာမာကျော်မွေး
သတင်းပြေး၍ ဝေးနီး၌သော်
ထင်လင်းပေါ်ကာ ပြည်ကျော်သာဝတ္ထိ
ချမ်းသာဘိသည့် မိဂါရသူဌေး
ရင်သွေးပုဏ္ဏ ဝဍ္ဎနနှင့်

သင့်ကြကြည်ဖြူ   ပေါင်းဘက်မှု၍
သုံးလူဘဂဝါ   စောမြတ်စွာကို
သဒ္ဓါမြတ်နိုး   ဆည်းကပ်ကိုးကာ
ရိုကျိုးမပျက်   နေ့စဉ်ဆက်မျှ
သွားလျက်ကျောင်းတော်   ညွတ်ပူဇော်သည့်
မှားသော်အယူ   ရှိသည်ဟူသား
ဘဖြူယောက္ခမ   မိဂါရအား
ဗုဒ္ဓစံရာ   ကျောင်းဝိဟာသို့
ခေါ်ကာသွားပြီး   သုံးလူ့ထီး၏
မငြီးမွေ့   နည်းဖြာဖြာကို
ကြားနာပြီးထ   မိဂါရသည်
သောတမဂ်ဖိုလ်   ရောက်တည်ခို၍
ကြည်ညိုထူးကဲ   ဝမ်းဝယ်စွဲသား
၄ ခိုင်မြဲပြည့်စုံ   သရဏဂုံကို
ကြည်ယုံစွဲမှတ်   ညွတ်နူးလတ်၍
မြတ်သည့်မိခင်   ပမာတင်ကာ
ချီသာနှစ်မြို့   သားမြတ်တို့ကို
သောက်စို့ပြီးလျှင်   မိခင်အလား
ကျေးဇူးများဘိ   စိတ်ရင်းရှိ၍
မိဂါရမာတာ   ဝိသာခါဟု
သညာမှည့်ခေါ်   ဇမ္ဗူကျော်သား
လူမော်တကာ   ဝိသာခါသည်
မဟာလတာ   ဝတ်တန်ဆာ၏

တန်ရာတန်ဘိုး ရတနာမျိုးကို
အဘိုးကိုးကုဋေ ဆုံးဖြတ်လေပြီး
မြေယာကျောင်းတော် ဝယ်ယူသော်လျက်
လွန်ကျော်ဆယ့်ရှစ် ကုဋေဖြစ်၍
စုလစ်မွန်းချွန် မြတ်မွန်စံရာ
ကျောင်းဝိဟာကို ဆောက်ကာပြည့်စုံ
ပုဗ္ဗာရုံဟု မေးထုံကျော်သီး
ကျောင်းတော်ကြီးအား မြတ်ဘုရားကို
လှူငြားသော်ပေ အမျှဝေလျက်
ရေစက်သွန်းလောင်း ဆုမွန်တောင်းသည်
ကျောင်းကြီးတကာ
ဝိသာခါ။

[၁၈၄]

## တန်ခိုးပြာဋိဟာပြတော်မူခန်း

အစိန္တေယျော် သုံးလူ့ဘော်သည်
ပြည်ကျော်ဘုမ္မိ သာဝတ္ထိ၌
စံရှိနေစဉ် သာသနာ့ခွင်သို့

ဝင်လာသူများ   မြိုက်တရားဖြင့်
ဟောကြားမသွေ   တိုက်ကျွေးလေ၍
စံနေသော်ရှိ   ယူမှားဘိသည့်
ဒိဋ္ဌိပရဗိုဇ်   ရဟန်းမိုက်တို့
စိတ်၌ကြံဆ   ဂေါတမသည်
မိန့်ဟသော့ပေ   ထေရ်လျှင်ပိဏ္ဍောလ
ဈာန်ယာဉ်ကြွ၍   စန္ဒကူးသပိတ်
ပြဟိတ်တန်ခိုး   အမျိုးမျိုးဖြင့်
ဆောင်ပိုးသည်ယူ   ထိုခါမူ၌
ဘုံးလူဇိနေ   ရဟန်းတွေ့ကို
ဟာရေဆွမ်းတွက်   နှစ်လိုမက်၍
ပြလျက်တန်ခိုး   မျိုးမျိုးအာဏာ
မပြုရာဟု   သိက္ခာပညတ်
ဘုန်းတော်မြတ်က   တားလတ်သည်ကို
ထိုထိုပရဗိုဇ်   သိရှိလိုက်၍
နှစ်ခြိုက်ရွှင်လန်း   ဝမ်းပန်းတသာ
ဖြစ်ပြီးကာဖြင့်   နောင်ခါသော့လျှင်
ဂေါတမရှင်၏   များဖြင်သင်္ဃာ
ရဟန္တာတို့   ပြာလာပြာဋ္ဌိ
မရှိတော့ပေ   စောဇိနေလည်း
မသွေမပျက်   ပညတ်ချက်ကို
သက်နှင့်ထပ်တူ   စောင့်ထိန်းမှု၍

ကျင့်သူဖြစ်ကြောင်း လူအပေါင်းတို့
ကောင်းကောင်းသိကြ ခုခါမျှဝယ်
ခွင့်ရလေပြီ မနောပဏီဓိ
ကြံစည်ဘိ၍ ဒိဋ္ဌိပရဗိုဇ်
ရဟန်းမိုက်တို့ မကိုင်မှုသယမ္ဘူ
မြတ်သုံးလူအား တုယှဉ်ပိုင်ပိုင်
တန်ခိုးပြိုင်၍ အနိုင်ယူအံ့
ပုံနှုန်းသတင်း လှုံ့ဆော်ခြင်းကြောင့်
မင်းကြီးကောသလ ကြားသိရ၍
ဗုဒ္ဓမြတ်ရှင် လျှောက်ပန်တင်သော်
အသင်မင်းကြီး ငါဘုန်းထီးသည်
အတီးရှေးလျှင် နောင်တော်ရှင်တို့
အစဉ်ဆက်ဆက် သရက်ကဏ္ဍ
ပင်ခြေလှုဉ် နိုင်းဆမရှိ
ပြာဋိဟာနိုး အမျိုးမျိုးကို
မိုးသို့လျှံတောက် အံ့လောက်စသွယ်
လွန်ဆန်းကြွယ်ဘိ ခြောက်ဘွယ်ရောင်ခြည်
ကွန့်လည်အထူး ကြည်နူးဘွယ်မျှ
ဖူးတွေ့ရအောင် ပြတော်မူမည်
မိန့်တော်ရည်က ရှင်ကြည်သာမော
မင်းစောကောသလ နန်းအိမ်ကြွကာ
နိုးရာ့တိုင်းကြီး အသီးသီးတို့

စေပြီးတမာန် ဖူးမြှော်ရန်ကို
သဝဏ်စာခွေ ပို့ဆက်လေသည်
ဝေနေအများ
ဖူးစေသား။

[၁၇၅]

## မယ်တော်မိန့်တ်အား တရားဟောခန်း

သုံးလူဗုဒ္ဓ ပြာဠိဟကို
ပြတော်မူမည် ကြားသိသည့်ကြောင့်
ပြည့်ရွာပတ်ကုံး ကျက်ကျက်အုံးသား
သုံးဆယ့်ခြောက်သော် ယူဇနာကျော်၍
☆မြေပေါ်အရပ် ခြေရာစပ်မျှ
မလပ်ပြည့်ကာ ဗိုလ်ပါပရိသတ်
များပြားလတ်၍ စွဲမှတ်ကောဇာ
သက္ကရာဇ်မှာသော် တရာပြည့်ကယ်
စန်းယှဉ်သွယ်၍ နွယ်တာပုဏ္ဏာဒိန်
မွန်းယိမ်းချိန်၌ စက်ရှိန်ဘုန်းမီး
တောက်လောင်ငြီးသား မိုးကြီးကျယ်လင့်
မားမားမြင့်လည်း ကောင်းကင့်အလယ်

စကြေသွယ်အား ခြယ်ကာနဝရတ်
ဘန်ဆင်းလတ်၍ ရှင်မြတ်ဇိနေ
ရွှေစက်ဘွေဦး ပုံ့တက်မြူးကာ
ကူးလူးစမွယ် မိုးတိမ်လယ်၌
ခြောက်သွယ်ရောင်ခြည် ကွန့်လည်အစုံ
ပန်းကြာပုံသို့ အင့်အပွင့်
အဆင့်ဆင့်လျှင် တူးတင့်ဆန်းကြယ်
ရောင်ခြည်သွယ်တို့ အံ့ဘွယ်ယူကျုံး
မိုးပတ်လုံးကို အုပ်ဖုံးလျှံဝေ
ရောင်တော်တွေသား ရွှေရောင်ငွေရောင်
မြရောင်ပုလဲ သန္တာခဲသို့
နီရဲညိုလူး ရောင်စုံမြူးလျက်
ကွန့်မြူးစုပေါင်း ရှုမညောင်းတည့်
ညိုမောင်းရောင်ယှက် တခဲနက်ဖြင့်
ဘဝဂ်ဝိစိ အံ့ဘွယ်ချို့းရှင့်
ရှို့ရှိုသမျှ ညီးညီးပ၍
မြင်ရပတ်ကုံး ကြည်ရှင်ပြုံးလျက်
၁၄၀၉၀ ☆နှလုံးကြည်မွေ့ ထူးထွေထွေ့သော်
ဖူးတွေ့အပေါင်း အုတ်အော်ညောင်း၍
သောင်းချီးပေးသံ ဘဝဂ်လျှံမျှ
ကြော်ညံမစဲ ခြိမ့်ခြိမ့်သဲတည့်
ပွဲကြီးမင်္ဂလာ ပြာဋိဟာကို
ပြကာပြီးလတ် နောင်တော်မြတ်တို့

မပြတ်စဉ်ဆက် ရှေးထက်ထက်က
ကြွလျက်အစဉ် ရှေ့ဉာဏ်ဆင်၍
မိခင်နတ်သား ပျော်စံငြားသည့်
ထက်ဖျားစံအိမ် တာဝတိံသို့
ဘုန်းသိမ်ကြီးမား တန်ခိုးအားဖြင့်
ကြွသွားသော်ပြီး ပြန့်ပြန့်ကြီးသည့်
ရိပ်ထိုးတူစွာ လွန်သာယာဘိ
ကောဝိဋ္ဌာရ ခေါ်ဆိုကြသည့်
ကသစ်ပင်ခြေ ရှက်နီကြွေလျက်
ရောင်ဝေဆွေးယှက် နီစက်စက်လျှင်
ကျောက်စက်မွေ့ရာ ထက်ကမ္ဗလာဝယ်
တင့်စွာပရမေ စမ္ပယ်နေသည်
ခြောက်ထွေငြီးလင်း
ကိုယ်ရောင်ဝင်း။

[၁၈၆]

## နတ်ပြည်၌တရားဟောခန်း

ကသစ်ပင်မင်း ပင်ခြေရင်း၌
သနင်းမြတ်စွာ မြကျောက်လွှာပေါ်

တင့်စွာစမ္ပယ် ထိုခါဝယ်လျှင်
မယ်တော်မိရင်း ဖြစ်တုံလျှင်းသည့်
နတ်မင်းဘုန်းရှိ သန္တုသိတ
နတ်ရာဇနှင့် စကြဝဠာ
၀၀၈၄၁ ☆ သောင်းလုံးငြာ၍ ကြွလာနတ်များ
မိုးပြည့်လားတည့် ဘုရားဇိနော်
မွေးမယ်တော်အား စိတ်တော်ရည်စူး
ရှိကျေးဇူးကြောင့် မြိုက်ထူးဘိမမှာ
ခုနစ်ဖြာကို ဟောကာမြွက်ကြား
ဆွမ်းခံသွားသော် ကိုယ်စားအရှင်
နိမ္မိသင်ကို မြတ်ရှင်ဖန်တီး
ထားခဲ့ပြီးမှ အိုင်ကြီးအနောတတ်
ဟောဝန်နတ်တို့ စံမြတ်နေရာ
ကြွရောက်ကာဖြင့် နံ့သာပင်ရင်း
ကျောက်ဖြာခင်း၍ သနင်းစံကာ
ဥတ္တရာဂုရု မြောက်ကျွန်းစုသို့
ယာဂုဆွမ်းဖြူ ခံတော်မူ၍
သုံးလူထွဋ်ထား ဘဦးပေးငြား၏
တရားသေနာပတိ ဘွဲ့တော်ချီ့သည့်
သာရိပုတ္တရာ ကြွရောက်လာ၍
ဆပ်ကာနယ်နင်း ဝတ်ဖြည့်လျှင်းရှင့်
မင်းမင့်စိန္တေ သာရိထေရ်အား
ထက်ဘွေနတ်ရွာ ဝတီံသာ၍

ဒေဝါသကြား မိနတ်သားတို့
ကိုယ်စားအရှင် နိမ္မိသွင်၏
ဟောစဉ်တရား ထူးမခြားဘဲ
ဘုရားမုနိ နေ့စဉ်ရှိမျှ
အဘိဓမ္မာ ကျမ်းတော်လာကို
ထက်ရွာဘူမိံ တာဝတိံနှင့်
အကြိမ်တူညီ ဟောမိန့်သီသည်
သာရိပုတ္တာရာ
ကြားနာကာ။

[၁၇၄]

## သင်္ကာသနဂိုရ်သို့ ပြန်ကြွခန်း

သာရိပုတြာ ထေရ်မဟာလည်း
ကြားနာယူပြီး တိုင်းကြီးမဇ္ဈိမ
ထိုဒေသသို့ ကြွရောက်ပြီးလျှင်
ကျောင်းဘုံခွင်ဝယ် ထေရ်ရှင်ငါးရာ
များသံဃာကို ဟောကာသွန်သင်
နေ့စဉ်ပို့ချ ပြန်ဟောပြ၏
ဗုဒ္ဓမြတ်စွာ နတ်တို့ရွာတွင်

ဒေသနာတရား ဟောကြားပြီးဆုံး
နိဂုံးချုပ်ဘိ သာရိပုတြာ
ထေရ်မဟာလည်း လူ့ရွာဒေသ
မဇ္ဈိမဒ္ဒ တပည့်ငါးရာ
ဘိမ္မွာကို သင်ကာပြီးဆုံး
အကုန်လုံးလျှင် နိဂုံးချုပ်လျက်
တပြိုင်နက်သော် နေ့ရက်နာရီ
ချိန်တူညီတည့် ထက်ဆီနတ်ရွာ
ဝတိံသာ၌ ဝါကပ်ပြီးသော်
သုံးလုမော်သည် ခါတော်ကင်းလွတ်
သီတင်းကျွတ်၍ ကြည်မွတ်စန္ဒာ
ပုဏ္ဏမာလျှင် ဋ္ဌန္ဒာသကြား
နတ်မင်းများကို ခေါ်ကြားပြီးလတ်
မိန့်တော်မှတ်ရှင့် နတ်ပြည်တွင်ဝယ်
ပြုဘွယ်ကိစ္စ ပြီးပြည့်ဝ၍
လူ့ရွာလူ့ပြည် ပြန်သက်မည်ဟု
၁၄၂၀၀ ☆ဘုန်းစည်ဘုရား မိန့်တော်ကြားက
သကြားပြဟ္မာ နတ်ဒေဝါတို့
ညီညာဘန်ဆင်း ခနခြင်းဖြင့်
စောင်းရင်းသုံးသွယ် ရတနာခြယ်သား
ခန့်ထယ်ကြီးမြတ် သုံးလူ့နတ်သည်
သုဒဿန မြို့ဦးလှသို့
ကြွရပ်ပြီးလျှင် နတ်လူရှင်တို့

ဖူးမြင်ရမည်    စိတ်တော်ရည်၍
ကြံစည်ပြီးငြား    ကောင်းကင်ဖျားသို့
ကြွသွားပြီးလျှင်    ထက်ဝေဟင်မှ
ဆင်ခြင်တဖန်    အောက်သို့ပြန်၍
ပန်းမှန်သုံးလူ    ရှုတော်မူက
ဝှန်ဆူမစဲ    အုတ်အုတ်သဲမျှ
ငရဲမှသည်    နတ်ပြည်အထက်
ဘဝဂ်တိုင်မြောက်    ဟင်းလင်းပေါက်၍
ထတ်အောက်သော်လျှင်    ကြေးမုံပြင်သို့
ကြည်လင်ပြတ်သား    လွန်ထင်ရှားလျက်
တသားတည်းသာ    တည်လေကာတည့်
မြေမှာရှိသူ    အပေါင်းလူတို့
ဝှန်ဆူသောင်းသောင်း    အုတ်အော်ငြောင်း၍
အပေါင်းဝဋ္ဋာ    နတ်ခြောက်ရွာနှင့်
ဗြဟ္မာနှစ်ဆယ်    အံ့ဘွယ်ရှိထ
သြကာသလုံးစုံ    ရူပါရုံတို့
လွှမ်းခြုံမြင်ရ    အံ့မောလှရှင့်
တဝထို့ပြင်    လူ့ရွာခွင်နှင့်
☆အောက်လျှင်ဝီစိ    ချင်းနင်းထိ၍
ရှိသမျှရူပါ    သတ္တဝါကို
ဒေဝါနတ်များ    မြင်တွေ့ငြားသည်
ကြည်ပွားသဒ္ဓါ
မြူးကြွကာ။

[၁၈၈]

ဘုရားဘုန်းခေါင်   ယမိုက်ဆောင်လျက်
ခြောက်ရောင်ဝြီးဝင်း   ထိန့်ထိန့်လင်းကာ
ပယ်ခွင်းမှောင်ခြွေ   ရွှေငွေပုလဲ
ရောင်စုံကြဲသား   ဘော်ခဲသာခွာ
ရတနာနှင့်   သန္တာရေးရေး
ပတ္တမြားသွေးသို့   နီတွေးမောင်းကြည်
ခြောက်ရောင်ခြည်တို့   ကွန့်လည်ဖြာထွက်
တခဲနက်လျှင်   ပြလျက်ပြီးသော်
တောင်တော်မြင်းမိုရ်   ယုဂန်ဓိုရ်မှ
နဂိုရ်သက်ဿ   ပြည်တော်လှသို့
မခ်ဝဦးထိ   ထောင်ထားဘိနှယ်
ရှိသည့်လှေကား   ပတ္တမြားစောင်းသွယ်
မဏ္ဍိုင်လယ်မှ   ဘုန်းကြွယ်သက်လာ
ထိုအခါလျှင်   ဗြဟ္မာမင်းကြီး
အသီးသီးတို့   ရွှေထီးငွေထီး
သန္တာထီးဖြင့်   မိုးပြီးသော်လျက်
ဦးနှိမ်ယုက်တည့်   လကျၥာဆောင်နန်း
ရွှေစောင်းတန်းမှ   ရှင်လန်းကြည်ပျော်
ညွှတ်ပူဇော်လျက်   လိုက်တော်မူကာ
ဝဲဘက်မှာလည်း   ဘော်သာရောင်ဖျန်း

ငွေစောင်းတန်းမှ ထက်နန်းသကြား
☆ဣန္ဒာများတို့ လှန့်ကြွားပျံ့ဝဲ
ရောက်စုံကဲသား ပုလဲတံခွန်
ရွဲတံခွန်နှင့် တံခွန်ရွှေငွေ
ကိုင်ဆောင်လေ၍ နှိမ်ချွေဦးချ
လိုက်ပါကြ၏ ပဉ္စသိခ
မည်ရထူးခြား စောင်းနတ်သားလည်း
ငါးပါးဥသျှောင်း မကိုဋ်ဆောင်းလျက်
နတ်စောင်းဗေလု သာဘွယ်ပြုရှင့်
ခရုငွေသင်း နတ်မင်းမင်းတို့
သံညှင်းမှုတ်ဆော် ညွှတ်ပူဇော်၍
နတ်ကျော်မာတလိ ပြော့ညက်အိသည့်
စာမရိရွှေယပ် လွှဲကာခပ်၍
ဂန္ဓဗ္ဗနတ်ပေါင်း လိုက်ပါခြောင်းတည့်
စောင်းတန်းသုံးသွယ် မဏ္ဍိုင်လယ်မှ
ဘုန်းကြွယ်ရှင်ချစ် ကြွချီလစ်၍
နှစ်ဘက်ဝဲယာ ရှင်မောသာလျက်
ဗြဟ္မာသကြား ဒေဝါများတို့
ခစားသော်လျှင်း ဘုန်းရောင်လင်း၍
သနင်းကြွလာ များသူငါတို့
ကြည်သာရှင်မော လှန်အံ့သြလျက်
သောသောရုတ်ရုတ် အုတ်အုတ်ကျက်မျှ
ပူဇော်ကြရှင့် ဗုဒ္ဓဇိနော်

ကိုးဂုဏ်တော်ကို ကျူးသော်ဖုံဖုံ
များလှုပုံတွင် တစုံယောက်မျှ
မကျန်ကြဘဲ ဘဝနောင်ခါ
ဝ၆၃၄ဂ ☆ဤမြတ်စွာလို ဖြစ်ပါလိုကြောင်း
ဆုယူတောင်းသည် အပေါင်းများစွာ
ကြည်နူးကာ။

[၁၇၉]

## ဝါဆိုစဉ်

သုံးလူ့သခင် ဝါဆိုစဉ်ကား
ပြည်တွင်ဗာရာဏ သားပေါ်လှသည့်
မိဂဒဝုန် တောမြိုင်ခြေသို့
လှမ်းချေချီထ နေ့ခြင်းကြွလျက်
ပဥ္စဝဂ္ဂီ ငါးဦးညီကို
သာကီမင်းသား မြတ်ဘုရားသည်
ဟောကြားမမှတ် ဝါဆိုလျက်ရှင့်
ဆက်ရှိတခါ ပိမ္ဗိသာ၏
သာရာနဂိုရ် ရာဇဂြိုဟ်တွင်
နှစ်လိုသက်မွန် စုလစ်ချွန်သည့်

ဋ္ဌဝန်ကျောင်းမော် မွေ့စံပျော်၍
ဝါတော်ဒုတိယ တတိယနှင့်
စတုတ္ထဝါ ဆိုပြီးကာဖြင့်
အောင်ချာမဟီ ဝေသာလီပြည်နီး
ပြန့်ပြန့်ကြီးသား ရိပ်ထီးသာလှန်
မဟာဝန်တောထပ် သာဇရပ်၌
ဝါကပ်ဗုဒ္ဓ ငါးဝါရရှင့်
ထိုမှတဖြာ မကုဋ္ဌာတောင်မော
ချရားတော၌ ရှင်စောမြတ်စွာ
ခြောက်ဝါဆိုပြီး ဘုန်းကြီးမိနတ်
စံမြတ်ပျော်ရာ ဝတိံသာသို့
ကြွကာရှင်ချစ် ကသစ်ပင်ရင်း
ကျောက်ဖြာခင်းဝယ် မိန့်လင်းဘိဓမ္မာ
☆ခုနစ်ဝါလျှင် ဆိုကာပြီးထ
ဆက်ခါကြွ၍ ဘဂ္ဂတိုင်းပြည်
သာပြောစည်သား မြို့မည်ခေါ်ပြု
သံသုမာရ ထိုဒေသ၌
အဋ္ဌမဝါ ဆိုကာပြီးလတ်
ဘုန်းမြတ်သနင်း ဥတေနမင်း၏
စံခင်းဌာနီ ကောသမ္ဗီ၌
ကပ်မှီကိုးဝါ ဆိုလေကာတည့်
နောင်မှာတလီ ကောသမ္ဗီသား
ရဟန်းများတို့ ငြင်းပွားဝိဝါဒ

ကဲ့ပြားကြ၍ ပြင်းပြချင်းချင်း
ဆုံးမခြင်းမှ ရှောင်ကွင်းလိုဘိ
စိတ်တော်ရှိ၍ ပလိလေယျ
တောဝနသို့ လှမ်းကြွထည်းထည်း
တပါးတည်းဖြင့် ပလလည်းဆင်မင်း
လုပ်ကျွေးခြင်းကို သနင်းသုံးလူ
ခံတော်မူ၍ အေးကျူရိပ်ပြောက်
အင်ကြင်းအောက်၌ ကြိမ်မြောက်ဒသမ
မေ့ကြည်မြရှင့်။

ထိုမှသော်လျှင် မည်တွင်နာဠ
ပြာဟ္မာဏရွာနီး ကျောင်းကြီးရွှေဘုံ
နာဠိကာရုံ၌ မေ့ထုံကိန်းလစ်
ဆယ့်တစ်ဖြစ်၍ ဆယ့်နှစ်ဝါသော်
တိုင်းတော်နဂရ ဝေရဉ္စအနီး
တမာပင်ကြီး၌ ခိုမှီးရှင်တော်
ဝါဆိုသော်၍ ဇိနော်မြတ်စော
၁၄၄၅၀ ★လွန်သာမောသည့် တောင်တောသာလှ
စာလိယ၌ တောရသဝါ
ဆိုလေကာတည်း နောင်မှာသော်လစ်
ရှင်တော်ချစ်သည် ကျော်လစ်ဂုဏ်ရှိန်
အနာပိဏ်သူဌေး ဈော်ကတင်ရေးကို
ထောက်တွေးချင့်ဘိ သာဝတ္ထိပြည်မှန်

ဇေတဝန်၌ ဟောညွှန်ဒေသနာ
ဆယ့်လေးဝါကို ဆိုကာပြီးလတ်
ရှင်မြတ်ဘုန်းဝေ ချက်တော်ကြွေသည့်
ရွှေပြည်ဌာန ကပိလသို့
မြန်းကြွပြီးလာ နိဂြောဓာရုံ
ကျောင်းရွှေဘုံ၌ မွေ့ထုံ၍ဝယ်
ပျော်စမွယ်လျက် ဆွေနွယ်မျိုးပေါင်း
ခြိမ့်ခြိမ့်ဌောင်းမျှ ကောင်းချီးသဂြိုဟ်
ထောက်ပံ့လို၍ ချက်သို့ဌာန
ဆယ့်ငါးမျှတည်း ဗုဒ္ဓမြတ်စွာ
ပြည်အောင်ချာမှ ပြန်ကာကြွချီ
အာဠဝီပြည်နီး ပင်ညောင်ကြီး၌
ခုမ္ဘီးဆိုးသွမ်း အလွန်ကြမ်းသည့်
လူဘမ်းစားကျူး မာန်ဟုန်မူးသား
ဘီလူးအာဠဝက မာန်ဟုန်ကြွကို
ချိုးချချွတ်ချေ ကျွတ်လွတ်လေ၍
စိန္တေမြတ်စွာ ထိုနေရာ၌
ဆိုကာဆယ့်ခြောက်
ဝါတော်မြောက်ရှင့်။

ထို့နောက်မှာသော် ပြည်ကျော်ဗဟို
☆ရာဇဂြိုဟ်မြတ်မွန် ဝေဠုဝန်၌
ဆယ့်ခုနစ်ဝါမြောက် ဘုန်းတောက်ပရမေ

၁၄၅၅၀ ☆စံပျော်နေခိုက် ဒေဝဒတ်မိုက်နှင့်
ကြုံကြိုက်အဇာတသတ် ကြံစည်လတ်တည့်
မြတ်စွာကိုပင် မသေစေချင်၍
လေးတင်လူသတ် စေခိုင်းလတ်ကာ
ပစ်ခတ်တဖုံ မရတုံက
ကျောက်ခုံအချပ် နှစ်ဘက်ဟပ်၍
ဘိညှပ်ညက်ကြေ သေစေလေလည်း
မသေခံရ ခြေမကွဲအက်
သွေးယိုထွက်တည့် ဆက်၍တဖန်
အကောက်ဥာဏ်ဖြင့် နေ့ခင့်မြန်တလီ
နာဠာဂိရိ အားမာန်ရှိသည့်
မင်း၏ဆင်ပြောင် အားဂုဏ်ဆောင်သား
မြားမြောင်အရက် မျိုးမျိုးဆက်၍
တိုက်လျက်မုန်ယစ် ရှင်တော်ချစ်အား
သတ်လစ်သောဟု လွှတ်ပေးမူလည်း
မာန်မူမရှိ ဦးနှိမ်ဘိ၏
မုနိစိတ္တေ မေတ္တာဝေလျက်
ချွတ်ချွေသော်ပြီး ထိုတောကြီးမှ
ခရီးဒေသစာ လှည့်လည်ကာဖြင့်
ပြန်လာကြွလတ် တောင်မြတ်စာလီ
ဝန်းကျင်မှီ၍ သညီခေါ်မှတ်
ဘီလူးနတ်တို့ ချွတ်လတ်သော့ကို
နှစ်ဝါဆိုလစ် ဆယ့်ရှစ်ဆယ့်ကိုး

မှတ်တမ်းထိုးသား မျိုးမျိုးဆုံးမ
ဩဝါဒကို မိန့်ဟဟောဖော်
ပြီးလေသော်က ဝါတော်နှစ်ဆယ်
ကိန်းစမွယ်သား မေ့ကြွယ်နဂိုရ်
ရာဇဂြိုဟ်၌ ရိပ်ညိုဖြာသွန်
ဝေဠုဝန်တွင် မြတ်မွန်တရား
လူနတ်များကို ဟောကြားနေလတ်
အဇာတသတ်မင်းသား အပေါင်းမှားကြောင့်
ဘ္အားသတ်မိ မှားမှန်းသိ၍
မချိပူလုံး ကြိမ်မီးအုံးသို့
နှလုံးမသာ မချမ်းသာဘဲ
ဆရာဇီဝက လမ်းညွှန်ပြ၍
ဗုဒ္ဓစံရာ ကျောင်းဝိဟာသို့
သွားကာလျှောက်တင် ဘုန်းတော်ရှင်၏
သွန်သင်ဆုံးမ တရားပြကို
နာရပြီးသော် သာသနာတော်နှင့်
သုံးဘော်သရဏဂုံ စွဲမြဲယုံကာ
ခံမင်စုံမက် ကြည်ညိုလျက်ဖြင့်
မပျက်ဝတ်ပြု နေ့စဉ်မှုဖြင့်
ဥပသကာ ခံယူကာတည့်
ထိုခါဗုဒ္ဓေ မြန်းကြွသော်၍
စံပျော်သာလွန် ဇေတဝန်၌
မြတ်မွန်စံလစ် နှစ်ဆယ့်တစ်မှ

ဆယ့်ကိုးနှစ်တိုင် မေ့လိုင်အေးကြူ
ဝါဆိုမူ၍ ချွတ်ယူဝေနေ
များလှပေသား စိန္တေဗုဒ္ဓ
အတုလသည် လှမ်းကြွတဖြာ
၁၄၅၀ ☆ ဝိသာခါ၏ ဝိဟာကျောင်းဘုံ
ပုဗ္ဗာရုံ၌ မေ့ထုံကြည်လစ်
ခြောက်ဝါဖြစ်တည့် ပစ္ဆိမဝါ
ဝေဠုရွာ၌ ဆိုဘာနေ့ဘက်ဆုံး
စံပျော်သုံး၍ ပေါင်းရုံးချွတ်ယူ
ကျွတ်ကြမူသည် သုံးလူအရှင်
ဝါတော်စဉ်။

[၁၉၀]

# နိမိတ်ဆောင်ခတ်း

သုံးလူ့ဘဂဝါ စောမြတ်စွာသည်
သာယာနဂိုရ် ရာဇဂြိုဟ်၌
မေ့လိုသမျှ စံနေကြ၍
ထိုမှသော်လျှင် ရဟန်းရှင်နှင့်
ကြည်လင်ဖြော နန္ဒိသာသည့်

ဂင်္ဂါမြစ်ဝှမ်း နဖူးကမ်းမှ
ကြွလှမ်းပြီးကာ ဒေသစာရီ
ကြွချီတော်မူ ကြေည်ဖြူသား
သုံးလူ့ရှင်တော် ပေါင်းပါဖော်တို့
နတ်တော်လပြည့် စန်းယုန်မှည့်၍
သာသည့်ရက်ပေ ဥက္ကာစေလ
ထိုဒေသ၌ ခေတ္တမျှသော်
စံနေပျော်ပြီး ထိုရွာကြီးမှ
ခရီးကြွချီ ဝေသာလီသို့
စုံညီရောက်လာ နံနက်ခါလျှင်
မြို့တော်ဝင်၍ ဆွမ်းစဉ်ဘောဇန
လှူခံကြလျက် ဗုဒ္ဓရှင်တော်
ဘုဉ်းပေးသော်ပြီး မြို့တော်ကြီးနှင့်
မနီးမကွာ ရွှေမျက်နှာသို့
ကြွလာရောက်လေ အေးရိပ်ဝေသည့်
စေတီပါလ ထိုဒေသ၌
ကြွရပ်ပြီးကာ ညီနန္ဒာကို
နေ့ရာသန့်စင် ထိုင်ခင်းပြင်လော့
ငါရှင်နေ့တာ ဤရိပ်ဖြာတွင်
စံကာမွေ့လျော် နားတော်မူမည်
မိန့်တော်ရည်က ဆိုးထည်ခင်းလွာ
ပြင်ဆင်ကာဖြင့် နန္ဒာညီတော်
ခင်းပေးသော်တည့် ဗုဒ္ဓေါ်ရှင်စက်

ခင်းပြင်ထက်၌ ဖွဲ့လျက်စံပျော်
ညီနန္ဒော်ကို ခေါ်ကာမိန့်ကြား
နှစ်လိုလားရှင့် "ချစ်သားနန္ဒာ
ရွှေနားသာလော့ ဝေသာလီမည်
ဤတိုင်းပြည်သည် မွေ့ကြည်ပျော်စံ
စေတီရံလျက် ကြက်ပျံမကျ
စည်ကားလှ၏ ကြည့်ပဟိုဝယ်
သာမောဘွယ်ပ တိုင်းနယ်ပြည်ဘွား
လိစ္ဆဝီများတို့ ဝပ်တွားဖျဖျ
ဥတေနနှင့် ဂေါတမစေတီ
နတ်ပျော်မှီသား သိင်္ဂီဖြာဝင်း
သရေလင်းလျက် စံခင်းပျော်ကာ
ထိုနေရာသည် လွန်စွာမွေ့ကြွယ်
ကြည်နူးဘွယ်တည့် ဟိုဝယ်ကိုရှု
ညွှန်းဆိုပြုအံ့ ဗဟုပုတ္တက
၁၄၅၀ ☆စာပါလနှင့် သာရန္ဒစေတီ
ဝိုင်းရံစီသား တူညီသတ္တမ္ဗ
စေတီလှတို့ ရှိကြလေကာ
ပြည်ဝေသာသည် လွန်စွာတင့်တယ်
နှစ်လိုဘွယ်တည့် ညီငယ်နန္ဒာ
သာသနာ၌ လေ့လာတန်တန်
တရားမှန်ကို ဖန်ဖန်တလဲ
သဒ္ဓါမြဲ၍ အားခဲမပြတ်

ဣန္ဒြီပါဒ်တို့ ကျင့်မြတ်ပွားစီး
အားထုတ်မှီး၍ ကျင့်ပြီးရဟန္တာ
စိတ်ဆန္ဒာသည့် ရှည်ကြာလိုဘိ
ဆန္ဒရှိက ဣဒ္ဓိပါဒ
ကျင့်ကြံကာဖြင့် အာယုကပ်တိုင်
တည်မြဲနိုင်တည်း တနည်းတို့ထက်
သာလွန်လျက်လည်း ဆက်၍သော်ကား
နေနိုင်ငြား၏ ချစ်သားနန္ဒာ
ငါမြတ်စွာ၏ ဟောကာအစဉ်
ဗောဓိဉာဉ်တရား ခုနစ်ပါးကို
ပွားများသော်ဘိ ဆန္ဒရှိ၍
ကျင့်ဘိမလတ် အထပ်ထပ်လျှင်
အာယုကပ်သော် မကကျော်ကာ
တကမ္ဘာလုံးတိုင် တည်နေနိုင်သည်
မြတ်ခိုင်ဇိနော်
စကားခေါ်။

[၁၉၁]

မြတ်ခိုင်ဘုန်းတော် စကားခေါ်၍
ပြောသော်မဆိတ် စကားဟိတ်ဖြင့်
၁၄၂၀၀ ☆ နိမိတ်ဩဘာ ကြိမ်သုံးခါမျှ
မိန့်ပါသော်ငြား ညီချစ်သားသည်

လျှောက်ထားဆိုခြင်း တောင်းပန်ခြင်းတို့
အလျင်းမရှိ နှုတ်ငြိမ်ဘိ၏
"မုန့်မြတ်စွာ ဝေနေယျာတို့
ချမ်းသာကောင်းကျိုး ရည်မြော်ကိုး၍
ပွားတိုးရှည်ကြာ သက်ဇီဝါသည်
ကမ္ဘာတိုင်မျှ တည်နေပဟု"
နန္ဒသီတော် လျှောက်သော်မကြား
မြတ်ထံပါး၌ ဝပ်တွားမပျက်
ဆိတ်ငြိမ်လျက်ဖြင့် လက်ယှက်နေသော်
မြတ်ဘုန်းမော်ဘည် ညီတော်နန္ဒာ
ငါမြတ်စွာသည် နီးရာပင်ခြေ
ရိပ်မြေ၌ စံနေလျက်သော်
နေတော်မူလို မိန့်မြွက်ဆိုကာ
ရိပ်ချိုဖြာသည့် သင့်ရာနေရပ်
ချဉ်းကာကပ်သည် ရှက်ထပ်ပင်ပျို
ညောင်ရိပ်ညို။

[၁၉၂]

**မာရ်နတ်လျှောက်ခက်း**

သုံးလူထွတ်ထား မြတ်ဘုရားသည်
စံပြောဦးရိပ်ဖြာ အေးမြသာသား

နန္ဒာညီတော် ခေတ္တာသော်လျှင်
ဗုဒ္ဓေါ်နားမှ ထွက်ကြွသွားခိုက်
ဆိုးမိုက်စိတ်ထား မာရ်နတ်သားသည်
ဘုရားထံရင်း ချဉ်းကပ်နှင်း၍
မြက်ခင်းနေရာ လျှောက်ပတ်ရာသို့
ရောက်လာပြီးသော် သုံးလူ့မော်ကို
☆ "ဘုန်းတော်ကြီးလှ မြတ်ဗုဒ္ဓ—
ဗုဒ္ဓသခင် ဘုရားရှင်သည်
စံဝင်နိဗ္ဗူ ကြွတော်မူလော့
သုံးလူမြတ်စွာ ရှေးအခါက
မိန့်လာစကား ကြောင်းရာများကို
မှတ်သားဆင်ခြင် ကျွန်ုပ်ထင်ခဲ့
များဖြင်သတ္တဝါ ဝေနေယျာတို့
ငါ၏ဆုံးမ သြဝါဒနှင့်
ဓမ္မအညီ ကျင့်ကြံမှီ၍
လောကီလောကုတ် ပွားအားထုတ်လျက်
ကိုယ်နှုတ်နှလုံး ကျင့်ဝတ်သုံးကို
ဆုံးမပဲ့ပြင် မပြီးခင်နှင့်
သွန်သင်သောလတ် ပဋိပတ်နှင့်
မြတ်လှတဖြာ လောကုတ္တရာ၌
လိမ္မာကျင့်ငြား သူတပါးအား
ဟောကြားနိုင်စွမ်း မကျွမ်းသမျှ

ငါဗုဒ္ဓသည် ပရိနိဗ္ဗာန်
မလွန်လိုသေး မိန့်တော်ပေ့ဘူး
ပြကတူးလျှင် အထူးဂရု
သတိပြုတည့် ယခုမူကား
ရှင်ဘုရားသည် သားတပည့်မော်
ရဟန်းတော်နှင့် များသော်လူနတ်
ဆုံးမလတ်၍ ကြည်မြတ်တမွတ်
သုံးတန်ဝဋ်မှ ကျွတ်လွတ်ကြလျက်
စကြဝဠာ အနှံ့ဖြာ၍
သာသနာပျံ့ပွား တပည့်သားတို့
ဟောကြားစမ်းနိုင် ကျွမ်းကျင်ပိုင်လျက်
ပြီးလိုင်ပြည့်စုံ ခုခါကြုံတည့်
နှုတ်ငုံဆိုဘူး စိန္တေထူး၏
ရှေးဦးမြွက်ကြား ရှင့်စကားကို
မှတ်သားမိပေ ဝန်ခံလေ၍
နန်းရွှေနိဗ္ဗာန် ဝင်ချိန်တန်ဟု
ဖေါက်ပြန်မာန်မောက် မာရ်နတ်လျှောက်သည်
ဘုန်းတောက်ဇိနေ
မိန့်မှတ်ခြွေ။

[၁၉၃]

ဗုဒ္ဓဇိနော် ထိုခါသော်၌
နောင်တော်ရှင်များ စဉ်လာအားဖြင့်

လားရာငြိမ်းချမ်း   လူ့သက်တမ်းကို
စူးစမ်းဆင်ခြင်   ဗုဒ္ဓဝင်ထုံး
စဉ်လာသုံး၍   နှလုံးမေ့ကြွယ်
မိန့်ဆိုနှယ်တည့်   "ဟယ်,မာရ်နတ်မျိုး
သင့်အကျိုးဖြင့်   စိုးရိမ်ရူတ
မကြောင့်ကြလင့်   အခါချင့်၍
မမြင့်မိသော်   သုံးလကျော်က
စံပျော်နိဗ္ဗူ   မြန်းတော်မူမည်
မိန့်လေသည်တွင်   ရှင်ကြည်နတ်ဆိုး
တောင်ပန်လျှိုး၍   ရှိခိုးပြုံးမြောက်
ကွယ်ကာပျောက်၏   ဘုန်းတောက်စိန္တော
သုံးလူ့ဆွေသည်   စံနေရင်းပင်
သမ္မဇဉ်ဖြင့်   သင်္ခါအာယု
လွှတ်ပြုခြင်းငှာ   အာရုံဖြာလျက်
သမာပါတ်ဝင်   သတိယှဉ်၍
ကြုံဆင်ပွားသော်   အာနုဘော်ကြောင့်
မြေပေါ်ကောင်းကင်   ဝဋ္ဋာခွင်နှင့်
ရေပြင်အဏ္ဏဝါ   သတ္တဝါအပေါင်း
ထိတ်လန့်ခြောင်းလျက်   ကြောင်းကြီးရှစ်ထွေ
ပြတုံ့ပေသား   မြေထုရေလွှာ
သိမ့်သိမ့်ခါ၍   ဝဋ္ဋာအထက်
စိစိနှက်၍   သွက်သွက်ရိုက်ဆော်

မည်ဟည်းကျော်သည် တေဇော်ကြီးမြတ်
သမာပါတ်။

[၁၉၄]

မြေကြီးဝသုန် သိမ့်သိမ့်တုန်မျ
အဟုန်ထန်သည်း မြည်ဟည်းဖြစ်ပေ
ထိုခါသော်၌ ညီတော်နန္ဒာ
ထိတ်လန့်ကာဖြင့် ခြင်းရာအကြောင်း
လျှောက်ပန်တောင်းသော် မြတ်ဘုန်းမော်သည်
မိန့်တော်မြွက်ကြား ငါ့စကားကို
ချစ်သားနန္ဒာ စေ့စေ့နာလော့
ငါဘုရားရှင် ဗောဓိပင်ဝယ်
လေးအင်သစ္စာ သိမြင်ကာလျှင်
ဉာဏ်ဖြာမလပ် အထပ်ထပ်ဖြင့်
သဗ္ဗညုစစ် ဘုရားဖြစ်၍
ခုနစ်ရက်တာ ရှည်ကြာစွာဖြင့်
အဇာပါလ မည်ရညောင်ခြေ
စံကာနေစဉ် ထိုခါတွင်သော်
မာရ်ရှင်နတ်သား ငါ့ထံပါးသို့
ဝပ်တွားရောက်ရှိ လျှောက်တောင်းဘိကာ
ပရိနိဗ္ဗာန် ကြွမြန်းရန်ကို
တောင်းပန်ဘူးပေ အတိတေက

ရှိလေခဲ့ရာ ငါမြတ်စွာသည်
ကျင့်ကာရှာဖွေ လေးသင်္ချေနှင့်
ချင့်ရေတွက်ဂဏန်း သိန်းကမ္ဘာကျော်
ဖြည့်သော်ပါရမီ ဆက်တိုင်းမှီ၍
အညီကျင့်လစ် ဘုရားဖြစ်လည်း
စင်စစ်သော်ကား တရားဓမ္မာ
မြိုက်ရသာဖြင့် များစွာဝေနေ
ကျွတ်ထိုက်ပေ၍ ချွတ်ချွေယူငြား
ရဟန်းများနှင့် အလားတူညီ
ဥပါသကာတို့ ကျင့်မှီပွားကာ
နတ်ရွာနိဗ္ဗာန် ရောက်ဘို့ရန်ကို
ရည်သန်၍သာ မြတ်ဓမ္မာကို
ဟောကာတိုက်ကျွေး မပြုသေးရ
ထိုမျှပတ်လုံး မှတ်ယူကြုံးလျက်
သုံးလူဗုဒ္ဓ ငါဇိနေသည်
ရွှေပြည်နိဗ္ဗာန် မရည်သန်ဟု
ငါဆိုပြုခဲ့ ခုလည်းတခါ
ငါမြတ်စွာသည် ပါလစေတီ
ပင်ရင်းဆီ၌ စံမှီနေငြား
မာရ်နတ်သားလည်း ထံပါးရောက်လာ
လျှောက်တင်ကာဖြင့် မြတ်စွာအရှင်
၀၅၀၅၈ ☆စံဝင်နိဗ္ဗူ ကြွတော်မူဟု
လျှောက်တင်ပြု၏ မုနိငါရှင်

ထိုခါတွင်၌ ပြန်လျှင်မိန့်ကြား
မာရ်နတ်သားကို သင်ကားစိုးနှောင့်
ပုပ္ပါမှောင့်၍ မကြောင့်ကြလင့်
အခါချင့်၍ မမြင့်ပင်သော်
သုံးလကျော်က စံပျော်နိဗ္ဗာန်
ကြွမည်မှန်ဟု ပြန်ကာပြောကြား
ဆိုစကားကြောင့် ငါကားမြွော်ရှု
ရည်ရွယ်ပြု၍ အာယုသင်္ခါ
လွှတ်၍သာကြောင့် မဟာမြေကြီး
သိမ့်သိမ့်သီး၍ အံ့ချီးဘွယ်ပေ
တုန်လှုပ်လေသည် စိန္တေဗုဒ္ဓေ
မိန့်ချွေဖော်။

[၁၉၅]

မိန့်ချွေစကား ညီတော်ကြားသော်
ကြောက်အားလန့်ထိတ် စိုးရိမ်စိတ်ဖြင့်
ဦးညိတ်ပြီးလျှင် လျှောက်ပန်တင်၏
အရှင်ဘုရား တပည့်သားနှင့်
များစွာဝေနေ နတ်လူတွေကို
ညှာချွေသမှု မေတ္တာရှုလျက်
ဂရုတော်ရှိ သနားဘိကာ

ပရိနိဗ္ဗာန်  စံဝင်ရန်မှာ
ချိန်မြန်လွန်စွာ  ဖြစ်လေသောကြောင့်
ရှင်စောဘဂဝါ  သုံးလူ့ချာသည်
ကမ္ဘာကပ်လုံး  ဓွန့်ရှည်ဆုံးအောင်
ကြည်ပြုံးစံပျော်  နေတော်မူရန်
လျှောက်တင်ပန်သည်  နန္ဒာညီတော်
စိုးမူပေါ။

[၁၉၆]

လျှောက်တင်ပန်ကြား  ညီ့စကားကို
ပြန်ကြားမြွက်စွာ  မိန့်မှတ်ကာတည့်
နန္ဒာညီမော်  ခွင့်မတော်တော့
ရှေးသော်ခါက  ငါဗုဒ္ဓသည်
မြွက်ဟာနိမိတ်  ဩဘာဟိတ်တို့
အတိတ်ရှေးဆောင်  ဂိဇ္ဈကုဋ်တောင်၌
ဘုန်းခေါင်ထွတ်တင်  ငါအရှင်သည်
မိန့်ပင်မြွက်ကြား  ပြောဘူးသားတည့်
ချစ်သားနန္ဒာ  ဤနေရာသည့်
လွန်စွာကြည်မွေ့  ဓလေ့သူတော်
ရှည်သော်ကိန်းအောင်း  စံဘွယ်ကောင်းသား
ထပ်လောင်းတဖြာ  ကြည်မောသာသည့်

အောင်ချာနဂိုရ်  ရာဇဂြိုဟ်ဝယ်
မှီခိုအားထား  ပြည်သူများသည်
ယုမှားဒိဋ္ဌိ  များလှတိ၏
စရိုစကား  ငါမြွက်ကြားခဲ့
ချစ်သားနန္ဒာ  ထိုစဉ်ခါက
ငါမြတ်စွာကို  ခွင့်တောင်းလိုသော်
တောင်းဆိုနိုင်ငြား  ညီချစ်သားသည်
လျှောက်ထားမရှိ  သတိလွတ်ကင်း
နေမြဲခြင်းသည်  မယှဉ်းမချွတ်
သင့်ဝတ်သာပေ  ဖြစ်ခဲ့ချေ၏
၀၈ဂ၈ဂ လျှောက်လေသော်ကား  ငါဘုရားသည်
☆ပယ်ရှားသော်လစ်  နှစ်ကြိမ်ဖြစ်၍
ညီချစ်နန္ဒာ  တောင်းပန်ပါလျှင်
သုံးခါကြိမ်ဝယ်  လျှောက်ရေးကြွယ်က
မပယ်ရာလင့်  ငါမြှော်ချင့်၏
သင့်ဝတ္တရား  ပျက်ကွက်ငြားခဲ့
ချစ်သားနန္ဒာ  ငါမြတ်စွာကို
ခုမှာသော်လျှင်  လျှောက်ပန်တင်လည်း
ပြင်ရန်အကြောင်း  မရှိကောင်းတည့်
အပေါင်းသဃ်ာ  ပြည်ဝေသာမှ
ပင့်ပါတော့ချေ  မိန့်တော်ချွေလျက်
စံနေခဲ့ဘူး  ပြကတူးက
ကျောင်းဦးမဟာ  ကူဋာဂါသို့

ကြွကာဘုန်းမော် စံနေပျော်သည့်
ကျောင်းတော်သာယာ
ကုဋ္ဌာဂါ။

[၁၉၄]

ညီတော်နန္ဒာ စိုးရိမ်ကာဖြင့်
စိတ်မှာပူလုံး ကြိမ်မီးအုံးသို့
ယူကျုံးမရ ဖြစ်လေစွ၍
နောင်တရကာ ဝမ်းနည်းရှာ၏
ဗျာဒိတ်တော်တိုင်း စေလွှတ်ခိုင်းလတ်
မဆိုင်းသော်ပြီ ဝေသာလီ၌
စုံညီသံဃာ ပင့်ဆောင်ကာဖြင့်
စံရာကျောင်းတော် ရောက်ကြသော်လျှင်
သုံးလူ့ရှင်အား လျှောက်ပန်ကြား၍
ကြွသွားကာဝယ် သရေနွယ်ပေါ်
စမွယ်ပြီးလျှင် မိန့်သံလွင်တည့်
"ငါ့ရှင်ချစ်သား ရဟန်းများတို့
ငါကားဆုံးမ သင်ပို့ချသည့်
သုတ်အဘိဓမ္မာ ဝိနည်းလာကို
ဟောကာသော်လျှင် ကျင့်လမ်းစဉ်နှင့်
သင်တို့အတွက် နောင်ဆက်ဆက်ဖြင့်

မပျက်စီးပွား အကျိုးများရန်
ထားခဲ့သာသနာ ခွန့်ရှည်ကြာအောင်
ညီစွာကျင့်ယူ နတ်နှင့်လူတို့
ဟောမှုမပျက် ကြိုးကုတ်လျက်ဖြင့်
ဆောင်ရွက်ပါလေ မှာခဲ့ပေအံ့
များထွေစုပေါင်း ရဟန်းကောင်းတို့
ရှည်ကြောင်းမှန်စွာ ငါ့သာသနာသည်
လေးဖြာသမ္မပ္ပဓာန် ရှစ်တန်မဂ္ဂင်
ဗောဇ္ဈင်ခုနစ်ပါး မခြားတူဘိ
လေးဣဒ္ဓိနှင့် ရှိသည့်ငါးထွေ
ဗိုလ်ဣန္ဒြေတို့ ထူးထွေပရိယာယ်
တန်ဆာခြယ်၍ ငါဝယ်ထပ်ထပ်
ကြားမလပ်ဘဲ ဟောအပ်ခဲ့ပြီ
အာဂုံသိ၍ ကျင့်ညီတန်တန်
ပြန်အလှန်ဖြင့် ဖန်ဖန်တလဲ
လုလ္လဇ္ဇဖြင့် စွဲမြဲမှတ်ယူ
ကျင့်ကြံမှုလော့ တောဘုမကာ
သခ်ါရတရား ရှုပွားသော်လတ်
ကုန်တတ်ပျက်တတ် ချုပ်ငြိမ်းတတ်လျက်
ဖြစ်ပျက်သဘော ရှုကြလောဟု”
မြတ်စောစိန္တေ ဟောမိန့်လေတည့်
၁၅၂၅၀ ☆ “ငါ့ထေရ်ချစ်သား ရဟန်းများတို့

ငါကားသော်ခု ကတိပြု၍
အာယုသခ်ါ လွှတ်ပြီးကာဖြင့်
မကြာခင်သော် သုံးလကျော်က
စံပျော်နိဗ္ဗူ မြန်းတော်မူမည်
မိန့်လေသည်လျှင် ရဟန်းရှင်တို့
ပူပင်စိတ်စော မျက်ရည်ရွှေကာ
လွမ်းမောတသ ဝမ်းနည်းကြသည်
များလှသံဃာ
ထေရ်မဟာ။

[၁၉၈]

## ဓဝသာလီသို့ နောက်ဆုံးရှုတော်မူခဏ်း

သုံးလူ့သနင်း တရားမင်းသည်
ကျောင်းခင်းသာယာ ကူဋာဂါ၌
မွေ့ကာစံယူ နေတော်မူစဉ်
ညီတော်ရှင်ကို ခေါ်ငင်မပျက်
ဆွမ်းခံထွက်ခဲ့ ဖြာလျက်နေဝန်း
အရှေ့ကျွန်းမှ ပေါ်ထွန်းထွက်လာ

ပြည်ဝေသာသည်  ရောင်ဝါယှက်သန်း
ရွှေရည်ဖျန်းသို့  ကြွင့်နုံးရွှေမြေ
တင့်တယ်ပေသား  စိန္တေမြတ်စွာ
ဆွမ်းခံရာမှ  ဖဲခွာကြဉ်ရှောင်
တိုင်းဘောင်အနီး  ပင်ရိပ်ကြီး၌
ရပ်ပြီးလျက်သော်  ချစ်ညီမော်ကို
ခေါ်တော်မူကာ  လှန်သာယာသည့်
ဝေသာပြည်နန်း  နောက်ဆုံးမြန်း၍
မှန်း၍ရှုမြော်  ရပ်တည်သော်လျက်
ကနက်အောင်ချာ  ပြည်ဝေသာသို့
☆တန်းကာမြော်တည့်  ကိုယ်လုံးလှည့်၍
ရှုကြည့်လေလျှင်  မြေအပြင်သည်
စက်ယာဉ်ရဟပ်  အဟုန်တပ်သို့
မလပ်လည်ကာ  ပြည်ဝေသာလည်း
တည်ကာရွှေမှောက်  တည့်တည့်ရောက်၏
ဘုန်းတောက်ပရမေ  ရပ်တည်နေလျက်
ဝေနေပြည်သား  လူအများတို့
ဆုံးပါးပျက်စီး  ချိန်ခါနီးလည်း
ပြည်ကြီးဝေသာ  ငါရပ်ရာ၌
ရှည်ကြာအများ  နေရငြားအောင်
တည်ထားစေတီ  ကိုးကွယ်မှီကာ
လိစ္ဆဝီအများ  နောင်အလားသော်
ကျိုးများအမှန်  ရှိစေရန်ကို

ရည်သန်သောဟူ ရပ်တည်မှုသည်
သုံးလူမြတ်စွာ
ဘုရား၀ါ။

[၁၉၉]

ရဝိန်ဒေါင်းယဉ် ပြုဗွာခွင်မှ
ရောင်ယှဉ်ဖြာထွက် အရုဏ်တက်သော်
နံနက်ခါချိန် မြတ်ဘုန်းရှိန်သည်
ဝင်းထိန်ရောင်ဝါ များသံဃာနှင့်
တူစွာအညီ ဝေသာလီမှ
မြန်းချီဒေသစာ လှမ်းကြွလာခဲ့
မှန်းကာမြော်ရှု ဦးတည်ပြုသား
ဘဏ္ဍာဂါမ ရွာဒေသသို့
ရောက်ကြလေသော် မြတ်ဘုန်းမော်သည်
နားတော်မူလျက် ဓမ္မစက်ကို
☆ဟောမြွက်မိန့်သံ တောလုံးညံ့ရှင့်
စတုန္နံဘိက္ခဝေ စရှိလေသည့်
လေးထွေသစ္စာ မြတ်ဓမ္မာကို
ဟောကာမပျက် နေ့စဉ်ဆက်မျှ
မိန့်မြွက်ရှိသော် သံဃာဖေါ်နှင့်
မွေ့ပျော်သမျှ ထိုဒေသ၌
စံကြပြီးလျှင် ဘုန်းတော်ရှင်တို့

ကြွစဉ်တလျှောက် ခရီးပေါက်လျက်
ရောက်ရာနားရာ ဂါမရွာ၌
ဟောကာတရား မပျက်ကြွားဘဲ
လေးပါးပဒေသ ကျင့်ဝတ်မျှကို
ညွှန်ပြသွန်သင် ဆုံးမပြင်သည်
များရှင်သံဃာ
ကျင့်စေရာ။

[၂၀၀]

## ဝက်ပျို့သား ဆွမ်းကပ်လှူခက်း

ထိုမှတဖြာ ဆက်ကြွကာဖြင့်
ဘောဂါရွာမ ထိုဒေသ၌
ခေတ္တမျှသော် နားတော်မူလျက်
ခရီးဆက်၍ ထွက်ကြွလာရာ
ပါဝါတိုင်းပြည် ပန်းထိမ်သည်၏
ချစ်ကြည်သက်မျှ သားစုန္ဒသည်
ကြွယ်ဝဥစ္စာ လွန်ချမ်းသာရှင့်
ရှေးခါသော်က ထိုဒေသသို့
ဗုဒ္ဓဘုရား ကြွရောက်ငြားသော်

တရားနာလျှင် မဂ်ဥာဏ်ဝင်၍
ကြည်လင်စိတ်သန် သောတာပန်ဖြစ်
ကြည်ညိုလစ်၍ ရှင်ချစ်ဘုရား
စံနေကြွားရန် ဆောက်ထားကျောင်းတော်
ကပ်လှူသော်၏ ဘုန်းမော်သနင်း
တရားမင်းသည် ပျော်ရင်းရွှေခါ
ကျောင်းဝိဟာသို့ ကြွလာပြီးသော်
သံဃာဖော်နှင့် စံတော်မူစဉ်
လုလင်စုဒ္ဒ ဥယျာဉ်လှဒ္ဒ
ဗုဒ္ဓမြတ်စွာ များသံဃာတို့
စံကာနေကြွား သတင်းကြားသော်
ဘုရားထံရင်း ချဉ်းကပ်နှင်းလျက်
ဝပ်စင်းကော်ရော် ဦးညွှတ်သော်ဖြင့်
ပူဇော်ရှိခိုး မြတ်နိုးတနာ
ဦးချကာတည့် မြတ်စွာဘုန်းမော်
ဟောဖော်တရား နာကြားပြီးလတ်
ရှင်တော်မြတ်သည် လျှောက်ပတ်ရာရာ
ဆိုးမကာရှင့် ထိုခါစုဒ္ဒ
သဒ္ဓာမျှ၍ တင်သလျှောက်ပန်
သုံးလူ့မှန်ကို နက်ဖြန်နံနက်
နေခြည်တက်က ရှင်စက်သခင်
တပည့်ရှင်၏ ဘောဇဉ်ဆွမ်းကို
ခံလိုပါကြောင်း လျှောက်ပန်တောင်းလေ

မြတ်စိန္တေသည် နှုတ်ချွေမဟာ
ဆိတ်ဆိတ်မျှတည့် စုန္ဒလုလင်
ရှိပန်တင်၍ ကြည်လင်ဝမ်းသာ
ပြန်၍လာသည် စိတ်မှာမွေ့လျော်
လုလင်မော်။

[၂၀၁]

## သွေးဝမ်းသွန်ခက်း

၁၃၄၃၀ ☆ စုန္ဒတကာ အိမ်ရောက်လာသော်
ဆွမ်းလျာအတွက် ကြိုတင်ချက်ရန်
ဝက်ပျိုနုရွမ်း သားဆိမ့်ပြွမ်းကို
ဝယ်ချမ်းပြီးသော် ရှင်ကြည်ပျော်လျက်
ရှင်တော်အတွက် အထူးချက်၍
နံနက်ခါသော် မြတ်ဘုန်းမော်သည်
ညီတော်နန္ဒာ အပေါင်းပါနှင့်
ကြွလာပြီးလတ် တင့်မြတ်အခင်း
စမွယ်လျှင်းသား ခြံရင်းသံဃာ
အပေါင်းပါကို ခွဲကာသီးခြား

နေရာထားလျက် တပါးခဲဘွယ်
သီးသန့်ဖယ်၍ သွယ်သွယ်ဆွမ်းဖြူ
ကပ်ကာလှူတည့် တဆူသခင်
ဘုရားရှင်အား ထူးပင်ခွဲခြား
ဝက်ပျို့သားပြွမ်း မွှေးထုံလှမ်းသည့်
ဆွမ်းမြတ်ဘောဇဉ် ကပ်လှူစဉ်သော်
ထက်ခွင်ဒေဝါ နတ်တကာတို့
သြဇာထူးထွေ ထည့်ကြလေ၏
စိန္တေမြတ်ထီး ဘုဉ်းပေးပြီးသော်
တကာတော်ကို ခေါ်ယူမိန့်ကြား
ငါဘုရားအား ကပ်ငြားသားပြွမ်း
ဘောဇဉ်ဆွမ်းကို ကမ်းလင့်သောမူ
အခြားသူတို့ ပေးလှူခြင်းငှာ
မသင့်စွာတည့် ငါမှတပါး
ကျန်လူများတို့ စားသော်မကျေ
ဖြစ်ရချေတည့် ချေနိုင်မည့်သူ
☆ ဤဇမ္ဗူဝယ် နတ်လူလောက
တဦးမျှပင် ငါမမြင်၍
မြေတွင်တူးမြှုပ် တွင်းနစ်မြှုပ်အောင်
ပြုလုပ်လိုက်လေ မိန့်မှတ်ချေသော်
တကာတော်သည် ဘုန်းတော်မိန့်တိုင်း
မဆိုင်းမသွေ ပြုလုပ်လေတည့်
စိန္တေမြတ်စွာ ဆွမ်းဒေသနာကို

ဟောကာပြီးသော် စံပျော်ဝိဟာ
ကျောင်းတော်သာသို့ ပြန်ကာကြွလည်
ရောက်လေသည်တွင် မကြည်သက်မှန်
သေွးဝမ်းသွန်လျက် ပူလွန်ဝေဒနာ
ဖြစ်ပေါ်လာသော် မြတ်စွာသခင်
သတိယှဉ်၍ ဆင်ခြင်လေကာ
သည်းခံရှာသည် ခန္တာဒုက္ခ
ကြုံတွေ့ရ။

[၂၀၂]

## ပရိနိဗ္ဗာန် စံယူတော်မူခါး ကုသိနာရုံသို့ကြွခြင်း

ဗုဒ္ဓသခင် ရှေ့ဉာဏ်တင်၍
ဆင်ခြင်သတိ အမြဲရှိလည်း
ဇာတိဇရာ မရဏာနှင့်
ခန္ဓာဒုက္ခ ကြုံတွေ့ရလျက်
မုချသေမင်း သူ့လက်တွင်းသို့
မကင်းနိုင်ရာ ဖြစ်သည့်တာကို
မြတ်စွာထင်မြင် သံဝေတင်လျက်

ကြုံဆင်ရှုပွား　　မိန့်တော်ကြား၏
ချစ်သားနန္ဒာ　　ပြည်ပါဝင်၍
ရှည်ကြာသော်လင့်　　မနေသင့်ပေ
၁၅၅၉ ☆ငါဗုဒ္ဓသည်　　လှမ်းချွေသမှု
ရွှေတော်ရှု၍　　ကုသိနာရုံ
အင်ကြွင်းစုံသည့်　　မွေးထုံပွင့်လန်း
ပင်ရိပ်နန်းသို့　　ကြွမြန်းမည်ဟု
မိန့်တော်ပြုရှင့်　　ပေါင်းစုသံဃာ
အာနန္ဒာတို့　　ကြွလာကြသော်
ရဂုံမော်တွင်　　ရှင်တော်ဘုရား
ဝမ်းတော်လား၍　　အားပျော့တော်မူ
နွန်းချိပူလျက်　　နားယူလိုကာ
မိန့်မြွက်ရာတည့်　　နန္ဒာချစ်သား
ငါဘုရားသည်　　ခွန်အားကုန်ခန်း
မောပန်းခရီး　　ပင်ရိပ်ကြီး၌
နားပြီးနေလို　　မိန့်မြွက်ဆိုလျက်
တည်းခိုနေနား　　စေခိုင်းငြား'တည့်
ချစ်သားအာနန္ဒာ　　ငါမြတ်စွာသည်
မွတ်ဆာရေကြည်　　သောက်လိုသည်ကြောင့်
ဆောင်ချည်ပါလေ　　မိန့်မှတ်ချွေသော်
ညီတော်နန္ဒာ　　ဗျာကရာဖြင့်
ဂင်္ဂါမြစ်နား　　အမြန်သွား၍
ယူငြားရာတွင်　　ရေအလျင်သည်

သန့်စင်မကြည် ရွှံ့နွံ့ရည်သို့
နောက်သည်မို့သာ အကြောင်းရှာမူ
ငါးရာလှည်းမှူး ဖြတ်ကာကူး၍
ညစ်ညူးနွံ့ရေ မကြည်လေတည့်
ထိုခြေဖြစ်ငြား မြတ်ဘုရားကို
၁၃၆၀ ☆ လျှောက်ထားတင်ကာ ရွှေနားမှာသော်
ကကုဓာမြစ်သည် လွန်ကြည်၍
ပင်စည်ရိပ်မြ ဆိပ်ကမ်းလှတည့်
ဗုဒ္ဓဘုန်းခေါင် လှမ်းကြွဆောင်၍
သုံးဆောင်ရမူ လွန်ကြေညူလျက်
ပူဆာဒုက္ခ သက်သာရလိမ့်
ထိုမှပင်လျှင် သောက်သုံးငင်ဟု
လျှောက်တင်ပူသော် မြတ်ဘုန်းတော်သည်
ညီမောင်ကိုသာ ထပ်ကြားကာဖြင့်
သုံးခါကြိမ်မူ ရေယူခြင်းငှာ
တိုက်တွန်းရှာ၏ နန္ဒာညီမောင်
အမိန့်တော်ကို လွန်သော်ပြီးကာ
မဆန်သာလျက် ဂင်္ဂါမြစ်နား
အရောက်သွား၍ ကြည့်ငြားပါလျှင်
ရေအလျင်သည် ကြည်လင်သန့်ရှင်း
ရွှံ့ညွှံ့ကင်း၍ ချက်ခြင်းမျှဝယ်
လွန်ဆန်းကြယ်တည့် အံ့ဘွယ်တကား
မြတ်ဘုရား၏ ကြီးမားတေဇော်

အာနုတော်ကြောင့် ဖြစ်တော်မူသည်
ထင်မှတ်ရည်လျက် ကြည်ရေစင်
ခပ်ယူငင်၍ မြွတ်ရှင်ကပ်လေ
မွတ်သိပ်ပြေသည့် စိန္တေမြတ်စွာ
အားပြည့်ကာ။

[၂၀၃]

အားတော်ပြည့်ကာ စောမြတ်စွာသည်
နေ့တာအတွင်း ပူရှိန်ပြင်း၍
ပင်ရင်းရိပ်ဝယ် ရေိပ်ကြွယ်တွင်
☆စမွယ်ပြီးသော် မျှားအဖော်နှင့်
နားတော်မူစဉ် ရှေးယခင်က
နွယ်ဝင်ကာလမ အာဠာရ၏
တပည့်ရင်းချာ ဖြစ်ခဲ့ကာဖြင့်
မလ္လာမင်းသား ခေါ်ငြားနာမ
ပုက္ကုသသည် ခရီးသွားစဉ်
လမ်းဥယျာဉ်၌ မျှားဖြင်သံဃာ
ထေရ်မဟာတို့ သမာပါတ်ဝင်စား
မြတ်ဘုရားအား ညွှတ်တွားအာရုံ
မေတ္တာလုံ၍ မွေ့ထုံကြည်ဖိတ်
အသံတိတ်လျက် ဦးညိတ်နေငြား
ထိုမင်းသားသည် ဘုရားထံရင်း

ချဉ်းကပ်နှင်း၍  ဝပ်စင်းကော်ရော်
ရှိခိုးသော်လျက်  လျှောက်တော်မူတည့်
ကျွန်ုပ်ညွှဲ့ဆရာ  ရှေးအခါက
အာဠာရမည်တွင်  ရသေ့ရှင်သည်
ဈာန်ဝင်ပြီးလတ်  သမာပါတ်ဝင်စား
နေကြိုက်ငြားတွင်  လှည်းသားငါးရာ
ဖြတ်ကျော်ကာဖြင့်  မကြာမထောင့်
တအောင့်လောက်တွင်  လှည်းကုန်တင်၏
ပိုင်ရှင်ယောကျ်ား  ခရီးသွားသည်
ထံပါးရောက်လာ  လှည်းငါးရာတို့
ဖြတ်ကာကျော်သွား  မြင်ပါလားဟု
မေးငြားလေသော်  ဈာန်ဝင်ပျော်သည့်
ရှင်တော်ရသေ့  မတွေ့လိုက်ဟု
၁၅၇၀၀ ☆ မိန့်ဆိုပြု၏  ဂရုတစိုက်
မရှိခိုက်မို့  မမြင်လိုက်လည်း
လှည်းစီးငါးရာ  ဖြတ်သွားကာတွင်
ဆရာအာဠာရ  အသံမျှသော်
ကြားပါ၏လား  ထပ်လျှောက်ကြားလျှင်
မကြားဟုပင်  ခွန်းတုံ့င်၏
ရှင်တော်ရသေ့  နှစ်ခြိုက်မွေ့ကာ
အိပ်ရွှေ့ပျော်ပေ  ရှိချေသလော
မေးသောအခါ  ဒါယကာကြီး
ငါကားမပျော်  ပြန်ကြားသော်လျှင်

ထိုလုလင်သည်　ထပ်ပင်လျှောက်ကာ
ရှင်ဆရာသည်　သညာသတိ
ရှိပါ၏လော　စောကြောမေးလျှင်
ငါ့တွင်သတိ　အမြဲရှိဟု
ပြန်ဘိပြောကြား　ထိုစကားကို
ကြားရသောခါ　ရှင်ဆရာသည်
သညာသတိ　အမြဲရှိလျက်
မသိခြင်းသည်　မည်သို့အခင်း
အကြောင်းရင်းဟု　မိန့်လင်းပါရန်
ဇောစိတ်သန်လျက်　တောင်းပန်လေလျှင်
ရသေ့ရှင်က　ငါ့တွင်မူမူ
ကိုယ်လုံးခြုံသား　လွှာရုံအပေါ်
သင်္ကန်းတော်၌　ရှိသော်အမှန်
ဧဝကန်ဟု　ပြန်ကာပြောကြား
ထိုယောကျ်ားသည်　အံ့အားသင့်မော
☆ကြည်နူးဇောဖြင့်　မြတ်သောအရှင်
အာရုံဝင်လျက်　ဈာန်တွင်မွေ့ပျော်
သူတော်ဓလေ့　ကျင့်ရှေ့သူမြတ်
ဖြစ်တုံလတ်ဟု　စွဲမှတ်ယူငြား
သဒ္ဓါပွားရှိ　ဝပ်တွားကြည်ညို
လွန်ကဲပိုသည်　လျှောက်ဆိုနောက်ကြောင်း
ရှေးဖြစ်နှောင်း။

[၂၀၄]

ထိုသည့်အကြောင်း ရှေးနောက်နှောင်းကို
ပြန်ပြောင်းစကား မြတ်ဘုရားအား
လျှောက်ကြားလေသော် ရွှေဘုန်းတော်သည်
မြွက်ဖော်တရား ထိုယောကျ်ားကို
ဟောကြားလိုကာ မိန့်လေကာတည့်
တကာလုလင် ငါမေးချင်၏
အကြင်သူသည် ကြံမှတ်ရည်လျက်
မေ့ကြည်၍သာ လှည်းငါးရာတို့
ဖြတ်ကာသွားဘိ သတိရှိ၍
မသိသူထက် စျာန်ဝင်လျက်ဖြင့်
အိပ်စက်မနား အစဉ်ပွားကာ
ထိုင်ငြား၍ပင် ပတ်ဝန်းကျင်မှ
ပဲ့တင်ရိုက်ဟည်း ကြောက်ဘွယ်ရည်းသား
မိုးသည်းပြင်းထန် ရွာချပြန်၍
လျှပ်မာန်ပြက်ပြိုး တိမ်မိးခိုးဖြင့်
မိုးကြိုးသုံးချက် ရှိမ်းရှိမ်းထက်၍
ပစ်နှက်လေငြား မမြင်ကြားမူ
ပုံပြယူက ထိုသူနှစ်ဦး
ဝ်ဝင၆ဂ ☆ မည်သူထူး၍ ကြည်နူးပိုကဲ
သာလွန်ကဲ၍ ကဲခက်ခဲယဉ်း

အကြောင်းချင်းကို လျှောက်လင်းတကာတော်
မြတ်ဘုန်းတော်က မေးတော်မူလျှင်
ထိုလုလင်သည် ဦးတင်ရှိခိုး
လျှောက်ရိုကျိုးသား မိုးကြိုးသုံးချက်
အားမာန်တက်၍ ပစ်နှက်ဖြိုးရွာ
ထိုသည့်ခါ၌ ကြားကာမမြင်
ထိုသူရှင်သာ လွန်စွာထူးကဲ
ဖြစ်နိုင်ခဲမို့ မလွဲမြတ်မွန်
သာလွန်ထူးဘိ လျှောက်တင်ရှိသော်
နောက်ကြောင်းဖော်လျက် ရှေးကျော်အခါ
ငါဗုဒ္ဓါသည် အာတုမာမည်
ထိုသည့်ပြည်၌ တည်ရှိရွာများ
၎င်းအနားတွင် ရှိငြားတဲအုံ
ရေမိုးလုံသား မွေ့ထုံသမာပါတ်
ဝင်စားလတ်၍ စျာန်မြတ်ဆင်ခြင်
ထိုခါတွင်၌ လျှပ်ဆင်တိမ်မိုး
ထိန်ထိန်ငြိုးသား လေကြီးမုန်တိုင်း
ပတ်လည်ဝိုင်းကာ သံလိုင်းမြည်လျက်
ပြိုးပြက်ပြက်လျှင် သုံးချက်မိုးကြိုး
တိမ်မိုးခိုးတို့ ထစ်ကြိုးပစ်ငြား
ငါ့အနား၌ ရွာသားညီနောင်
နွားခလေးကောင်နှင့် တောင်ယာထွန်ယက်
စိုက်ပျိုးလျက်ဖြင့် ဆောင်ရွက်နေစဉ်

၀၈၄၈၄ ☆လျှပ်ဆင်မာန်ပြိုး မိုးကြိုးပစ်ကာ
သတ္တဝါနွားး သေခြင်းလား၏
ရွာသားအပေါင်း စုဝေးငြောင်း၍
သောင်းသောင်းညံလျက် အုတ်ကျက်ကျက်သော်
ငါဘုန်းတော်လည်း ဈာန်ပျော်ဝင်စား
စကြံသွား၍ ပွားများနေစဉ်
လယ်ရှင်တကာ ငါ့ထံလာ၍
တံ့ကာရှိခိုး ရိုကျိုးသော်လျက်
ဦးနှိမ်ယှက်၏ အုတ်ကျက်ကျက်ပေ
ဆူညံ့လေလှ ရွာနေများစွာ
လူတကာတို့ စုကာစည်းဝေး
မည်သည့်ရေးဟု ငါမေးလေလျှင်
ပတ်ဝန်းကျင်၌ လျှပ်ဆင်တိမ်ခိုး
ရွာသွန်းမိုးနှင့် မိုးကြိုးပစ်ခတ်
သေလတ်နွားများ ဖြစ်လေငြားကြောင့်
ရွာသားဆူသံ အုတ်ကျက်ညံ့ဟု
ဝန်ခံလျှောက်တင် ထိုလယ်ရှင်က
ရှင်ပင်မြတ်စွာ ထိုစဉ်ခါက
ဘယ်မှာရှိနေ လျှောက်မေးလေသော်
ငါဘုန်းတော်သည် စံပျော်တဲတွင်
သမာပတ်ဝင်၍ ပွားစဉ်ကြုံခိုက်
မသိလိုက်ဟု မိန့်တော်ပြုလျှင်
လယ်ရှင်ယောကျာ်း ငါဘုရားအား

ဝပ်တွားမြတ်နိုး    ရှိခိုးပြီးကာ
ကြည်ညိုစွာဖြင့်    လက်ျာလှည့်လျက်
ဦးပြင်ထက်၌    လက်ယှက်ဖူးမျှော်
ပြန်သွားသော်၏    ရှင်တော်မိန့်ကြား
ဆိုစကားကို    ကြားနာရကာ
ချိုနားသာလျက်    မလ္လာမင်းသား
ကြည်ညိုပွား၍    လျှောက်ထားမြတ်ရှင်
ရှေးယခင်က    ဈာန်ဝင်ခဲ့လေ
တောပျော်မွေ့သည်    ရသေ့ဆရာ
ကြည်ညိုပါတည့်    ခုခါသော့မူ
တဆူသခင်    ဘုရားရှင်၏
ကြည်လင်ဣန္ဒြေ    ရင့်ကျက်ပေ၍
စံနေဘိငြား    အံ့တအားမို့
ထူးခြားသော်ရွှေ့    ရသေ့ဆရာ
အာဠာရထက်    ငြိမ်သက်ခြင်းကို·
လွန်ကြည်ညို၍    ကပ်ပိုဆပွား
ရှင်ဘုရား၏    လေးပါးတကာ
ကြည်သဒ္ဒါဖြင့်    ခံကာဆောက်တည်
ဆုတောင်းရည်၍    သုံးလည်သရဏဂုံ
စွဲမြဲယုံလျက်    ဝတ်စုံအထည်
ဘိုးထိုက်သည်သား    လုံချည်ပုဆိုး
ပြိုးပြိုးပြက်ပြောင်    ရွှေရည်ရောင်ကို
အမောင်လုလင်    ငါ့အိမ်တွင်ဝယ်

ယူငင်ပါချေ   မင်းချင်းစေ၍
မသွေမကြာ   ယူဆောင်လာသည့်
အလွှာပုဆိုး   ထိုက်တန်မျိုးကို
ရှိခိုးလျက်သော်   သုံးလူ့မော်အား
၁၅၉၁ ☆လှူတော်မူလျှင်   ဘုရားရှင်သည်
လုလင်မင်းသား   ၎င်းအားတထည်
လှူသည်ခံယူ   ကျန်မူတလွှာ
အာနန္ဒာကို   လှူပါလေလော့
မိန့်တော်သည်တွင်   မင်းလုလင်သည်
မြတ်ရှင်မိန့်တိုင်း   မဆိုင်းသော်လျက်
ကပ်လှူဆက်၍   ရှင်စက်စိန္တေ
ဟောမိန့်ချွေသည့်   မမွေတရား
လွန်လေးစားလျက်   မင်းသားနာယူ
ထွက်ခွာမူသည်   ကြည်ဖြူပန်ထွာ
ဦးနှိမ်ကာ။

[၂၀၅]

ညီတော်နန္ဒာ   ကျိုးနွံကာဖြင့်
မြတ်စွာသခင်   ဘုရားရှင်ကို
အစဉ်မပျက်   လုပ်ကျွေးလျက်ဖြင့်
ကြည်သက်စိတ်တော်   နောင်ဗုဒ္ဓေ၍
ပေးတော်မူမြတ်   ချီးမြှောက်လတ်သည့်

လာဘ်ပကာကို မယူလိုဘဲ
ကြည်ညိုလုပ်ကျွေး ဆောင်ရွက်ပေးသူ
ဖြစ်ခဲ့မူလည်း တဆူမြတ်စွာ
နောင်ဗုဒ္ဓ၏ စွန့်ကာပေးဦး
ချီးမြှင့်ထူးကို မရဘူးဟု
များထုသင်္ဃာ နေကာချင်းချင်း
ပြောဆိုခြင်းမှ ကင်းစိမ့်တကြောင်း
ထပ်လောင်းထို့ပြင် ဘုရားရှင်၏
အစဉ်ကိစ္စ အဝဝကို
ဆုံးဆအပြီး ရောက်ခါနိုး၍
☆ချီးမြှောက်တန်ဆာ ပုဆိုးလွှာကို
ယူကာလှူခံ ရည်စိတ်ကြံလျက်
ဘုန်းလျှံသုံးလူ ဆက်ကပ်လှူသည်
ခံယူမြတ်စွာ
ဝတ်ရုံလွှာ။

[၂၀၆]

ထိုရောအခါ စောမြတ်စွာသည်
သိင်္ဂါရွှေရောင် ငြိးငြိးလောင်မျှ
တောက်ပြောင်လွှာစုံ သိုင်းဝတ်ခြုံလျက်
ကိုယ်ရုံဝတ်သော် ရွှေဘုန်းမော်၏
ရောင်တော်အဆင်း ထိန်ထိန်ဝင်းကာ

လင်းလင်းညီးညီး　တောက်လောင်ပြီးသည့်
မီးကျီးရောင်ပြန်　ပျို့အန်ထွန်းပြောင်
ယုဂန်တောင်ဦး　ထွင့်ထိပ်ဖူးမှ
ကွန့်မြူးတက်လာ　သူရိယာမင်း
ရောင်ခြည်လင်းသို့　မင်းမင်းထွဋ်တင်
သုံးလူ့ရှင်သည်　သန့်စင်လှော်သစ်
ရွှေရောင်နှစ်သို့　တွက်စစ်မဆုံး
ရေကျုံးမရ　အနန္တရောင်ခြည်
မီးရေကြည်သား　ကွန့်လည်ဖြာသန်း
ရွှေရည်ဖျန်းသို့　ပွင့်လန်းသရေ
တင့်တယ်ပေ၏　ဇီနေသခင်
ဘုရားရှင်ကို　ညွတ်ဆင်ပန်ထွာ
ညီနန္ဒာသည်　လျှောက်ကာတင်ငြား
ရှင်ဘုရားသည်　ထူးခြားအဆင်း
ကိုယ်ရောင်ဝင်းလျက်　ထွန်းလင်းအရောင်
သရေဆောင်၍　ပြောင်ပြောင်ငြီးငြီး
၁၆၀၅၀ ☆ အံ့ဘွယ်ချီးသား　ယိုစီးဘနန်း
မွေ့ကြည်လန်း၍　ထူးဆန်းတကား
မြတ်ဘုရားဟု　လျှောက်ကြားလေလျှင်
ဘုရားရှင်သည်　ပြန်လျှင်မိန့်ကြား
"ချစ်သားနန္ဒ　ထွန်းစဆီမီး
ငြိမ်းနီးမီးလို　မီးလျှံကြီးများ
တောက်လောင်ငြားသို့　မခြားသော့လျှင်

ငါအရှင်သည်   ပလ္လင်ဗောဓိ
ရရှိပြီးလစ်   ဘုရားဖြစ်စ
ထိုကာလနှင့်   ယခုတဖန်
နိဗ္ဗာန်စံမွေ့   ဝင်မည့်နေ့၌
ဖူးတွေ့မြင်ကြွား   ဤနှစ်ပါးသည်
ထူးခြားရုပ်ဆင်း   ရောင်ဝါလင်းလျက်
တင့်ခြင်းသရေ   ဖြစ်ခဲ့လေဟု
မိန့်မှတ်ပြုသည်   တုလွတ်အဆင်း
ကိုယ်ရောင်လင်း။

## [၂၀၄]

ထိုသို့ဘုန်းတော်   ဟောမိန့်ဖော်ပြီး
"ညီတော်နန္ဒာ   ငါမြတ်စွာသည်
ညဉ့်တာကုန်မြောက်   အရုဏ်ရောက်၍
မိုးသောက်ယံခါ   ကုသိနာပြည်
သာမောစည်သည့်   ရှင်ကြည်ပျော်ခင်း
မလ္လာမင်းတို့   အင်ကြင်းပွင့်စို
ပန်းရဂုံ၌   မွေ့လှုံလျက်သော်
ငါဗုံဒ္ဓေါ်သည်   စံပျော်နိဗ္ဗူ
ဝင်တော်မူအံ့   သုံးလူသခင်
မိန့်သံလွင်ကို   ကြားလျှင်နန္ဒာ
ပူမီးဖြာလျက်   ဖူးကာမငြီး

မျက်ရည်စီးသား   ထွင့်သီးထွင့်ခေါင်
ထွင့်ရွှေတောင်ကြီး   ပြိုလုနီးပေါ့
ခိုမီးဘယ်ဝယ်   အားတော်ငယ်၍
ညီသယ်နန္ဒာ   ဝမ်းနည်းကာဖြင့်
တည်စွာငြိမ်သက်   ဦးနှိမ်လျက်ရှင့်
ရှင်စက်ဘုန်းမော်   ညီနန္ဒော်ကို
ခေါ်ကာသော့ပင်   ခရီးနှင်အံ့
ငါ့ရှင်နန္ဒာ   ခင်းပျဉ်လွာကို
သိမ်းပါလေလော့   ငါဘုန်းကြွေ့သည်
အားပျော့ယွဲ့ချုံး   ပူမီးအုံးသို့
သပ်သုံးကိုယ်ရေ   ကြေည်လေသည့်
မြစ်ခြေသာယာ   ဘကုဓာသို့
နားကာတထောက်   အရောက်သွားမည်
မိန့်လေသည်ကြောင့်   မကြည်မလင်
ညီတော်ရှင်တို့   အစဉ်ကြွလာ
ကြေည်သာသည့်   ကုဓာမြစ်ချေ
ရောက်ကြလေသည်   စိန္တေမြတ်စွာ
သပ္ပာယ်ကာ။

[၂၀၈]

စိန္တေမြတ်စွာ   သုံးလူ့ချာသည်
ကုဓာမြစ်တွင်း   ရေသောက်သုံးခြင်းငှာ

သက်ဆင်းတော်မူ လွန်အေးကြူသား
သုံးလူဘုန်းကြွယ် ရေသပ္ပာယ်သော်
နားဝယ်ညီရှင် မြတ်နိုးကြင်၍
သန့်စင်ကိုယ်ရေ လုပ်ကျွေးပေ၏
☆ပြီးလေသော်က ရှင်စန္ဒသည်
ဖေးမလျက်သော် ကမ်းထိပ်ပေါ်သို့
တွဲခေါ်လေငြား မြတ်ဘုရားသည်
ချစ်သားစန္ဒ ငါမေလှ၏
ခေတ္တမျှသော် ဥယျာဉ်ပျော်၌
နားတော်မူလို စောင့်နေကြိုလော့
မိန့်ဆိုလေလျှင် စန္ဒရှင်သည်
တင်လှာမြတ်စုံ ဒုကုဋ်ခြုံလှာ
ကိုယ်ရုံပါကို ခေါက်ကာထပ်ထပ်
သင်္ကန်းထပ်၌ ထူထပ်စေလျက်
ရှင်တော်စက်အား ထက်ဝယ်ဖွဲ့ခွေ
စံနေစေတည့် စိန္တေသနင်း
မြတ်အခင်း၌ မင်းလျှင်ခြင်္သေ့
လျှောင်းမွေ့ပမာ လက်ျာနံတောင်း
လှည့်ကာစောင်းလျက် လျှောင်းသက်တော်မူ
နားနေယူလည်း တေဘူမက
သင်္ခါရကို ကြံဆသတိ
အစဉ်ရှိရှင့် မိန့်ဘိသံလှင်
မှာတန်းတင်သား ညီရှင်ချစ်သား

ငါဘုရားသည် သွေးလားရခြင်း
အကျိုးခြင်းရာ ဖြစ်ခြင်းမှာမူ
အများလူတို့ အယူဖေါက်ပြား
ထင်လွဲမှားရှ် ကပ်ငြားသားပြွမ်း
ဝက်ပျိုဆွမ်းကြောင့် သွေ့ဝမ်းလျှောဆင်း
ငါသနင်းသည် မြန်းခြင်းနိဗ္ဗူ
၁၈၂၀ ★ စံတော်မူဟု မှတ်ယူလျက်သာ
ပြောငြားပါသော် ကုသိုလ်တော်၏
လှူမြှော်ကျိုးပြု မရှိဟုသာ
ဖြစ်လေရာတည့် စသည့်အမှား
ထင်မှတ်ငြားလိမ့် ချစ်သားနန္ဒာ
ငါမြတ်စွာသည် တဏှာတော်ရင်း
မလ္လာမင်း၏ ကပ်ခြင်းသားပြွမ်း
ဝက်ပျိုဆွမ်းကြောင့် ကြွလှမ်းနိဗ္ဗူ
စံယူခါနီး အကျိုးကြီး၏
အတီးရှေးက ငါဗုဒ္ဓသည်
ဘုရားဖြစ်မည့် ထိုသည့်နေ့မူ
သဒ္ဓာဖြူ၍ ကပ်လှူတကာ
သုဇာတာ၏ ဃနာနို့ဆွမ်း
ရှေးဦးဆွမ်းနှင့် သားပြွမ်းဘောဇဉ်
ကပ်လှူတင်သား လှူရှင်စုန္ဒ
ကပ်လှူကြသည့် ဟာရ,ရသာ
ထိုနှစ်ဖြာသည် လွန်စွာအကျိုး

ပြည့်ဖြိုးသော့ပေ    ငါ့ဗုဒ္ဓ၏
မိန့်ချေဟောကြား    ဆိုစကားကို
ကြားရလေကြောင်း    ပြန်ပြောင်း၍သော်
တကာတော်အား    ဟောကာကြားလေ့
ထူးခြားရသာ    ငါမြတ်စွာ၏
ခန္ဓာဗလ    ထောက်ကူမ၍
ဤမျှခရီး    မိုင်တောကြီးကို
ဖြတ်ပြီးကျော်ကာ    လှမ်းနိုင်ရှာဟု
၁၁၂၅၀ ☆ပြောပါချစ်သား    ငါမှာကြား၏
ညီဘွားနန္ဒာ    နားတော်နာလျက်
ရင်မှာတစ်ဆို့    သည်းအူပျို့မျှ
မိုးသို့မြင်းမိုရ်    နှိုင်းတုဆိုသား
ထိုထိုမက    ကြီးမားလှသည့်
ဗုဒ္ဓထွဋ်ခေါင်    ထွဋ်ရွှေတောင်ကို
ညွတ်ပြောင်ကြည်နူး    စေ့စေ့ဖူး၍
လှမ်းကြူးမျက်ရည်    ဝေ့ဝေ့လည်တည့်
ထိုသည့်ကာလ    မြတ်ဗုဒ္ဓသည်
ကြွတော်မူလို    အားယဲ့ယိုပေါ့
မိခို၍သာ    တဲ့ခေါ်ပါဟု
မိန့်ပြုလေသော်    ညီတော်နန္ဒ
ရင်စန္ဒတို့    ဖေးမဝံ့ယာ
ဖြည်းညှင်းစွာဖြင့်    တဲ့ကာပင့်ကူ
ကြွလာမူရှင့်    သုံးလူစိန္တေ

အားနဲ့လေ၍ လှမ်းချေယိမ်းယိုင်
မထိန်းနိုင်ဘဲ နိုင်နိုင်ပင်လှမ်း
ပျော့နွမ်း၍သာ တဲ့ခေါ်ကာဖြင့်
ဆည်းဆာရည်ဝေ နေရိထွေလျက်
ညနေသာခင်း မလွှာမင်းတို့
ပျော်ခင်းစံရာ ကုသိနာရုံ
အင်ကြင်းစုံသည့် ရဂုံတောခြေ
ရောက်ကြလေသည် ရွှေရည်ရစ်သိုင်း
မြူဖြာဆိုင်း။

[၂၀၉]

## ကုသိနာရုံသို့ ကြွခြင်း

ဂုဏ်တော်အနန္တ ကြီးမားလှသည့်
ဗုဒ္ဓသခင် ဘုန်းတော်ရှင်သည်
ဂဗ၃၀၀ ☆လွန်ပင်ကြီးမား မေတ္တာထား၍
ဆုတ်ခြားမရှိ ထူးကဲဘိလျက်
သတိသမ္ပဇဉ် အမြဲယှဉ်တည့်
အစဉ်မပျက် မိန့်သံနက်ဖြင့်
ဟောမြွက်ဒေသနာ ဝေနေယျာတို့
ချွတ်ကာခြွေယူ ကျွတ်တော်မူသား
နတ်လူများထွေ သတ္တဝါတွေလည်း

သခင့်သခင်ျာ    မြောက်မြားစွာရှင့်
မောကာဟိုက်နွမ်း    ယိမ်းယိုင်လှမ်းလျက်
ကြှိုးပမ်းရျကာ    ပြည်ပါဝါနှင့်
သုံးဂါဝုတ်ရှိ    ဝေးကွာဘိသည့်
ကုသိနာရုံ    ရဂုံသောမော
အင်ကြင်းတောသို့    ရှင်စောပရမေ
နားနေခါခါ    ကြိမ်များစွာဖြင့်
မောကာမလန်း    ကြွချီမြန်းခဲ့
ပန်းသည်ဟုပင်    မထင်မြင်ဘဲ
မြတ်ရှင်ကြွလာ    ကြောင်းရင်းမှာသော်
သင့်တော်လျှောက်ပတ်    ချိန်ရောက်လတ်၍
သုဒဿန    မြတ်မေ့ကို
မဟာပြလိုကြောင်း    ဖြစ်တုံရှောင်း၏
ထပ်လောင်းထို့ပြင်    သုံးလူ့ရှင်သည်
စံဝင်နိဗ္ဗူ    မြန်းတော်မူသော်
ဓာတ်တော်လုခင်း    အမင်းမင်းတို့
အငြင်းပွားလာ    ပြဿနာကို
ဖြေရှာပေးစွမ်း    ခွင့်လမ်းရှိပေ
☆ထိုသည့်ခြေကို    မြင်လေတကြောင်း
ထပ်လောင်းတဖြာ    နောက်ဆုံးခါ၌
ခံကာတပည့်    ကျွတ်မည့်မှန်သူ
အယူဒိဋ္ဌိ    စွဲလမ်းရှိထ
သုဘဒ္ဒကို    ဆုံးမလိုငြား

တိုသုံးပါးကြောင့် ဘုရားသခင်
ကျေးဇူးရှင်သည် ကိုယ်ပင်ယွဲယွဲ
အားနွဲ့နွဲ့ဖြင့် သဲ့သဲ့ခန္ဓာ
ယိမ်းယိုင်ကာဖြင့် မလ္လာအင်ကြင်း
ဉယျာဉ်တွင်းသို့ သနင်းမြတ်စွာ
ကြွရောက်လာရှင့် နန္ဒာညီမော်
ရှင်တော်စုန္ဒ တွဲခေါ်ကြလျက်
သာစွာ့အခင်း မလ္လာမင်းတို့
အင်ကြင်းရိပ်မြုံ ဖူးပွင့်စုံသည့်
ရဂုံသာဆန်း အင်ကြင်းနန်းသို့
ကြွမြန်းရောက်လာ ပွင့်လန်းဖြာသည်
မလ္လာပင်ပျို ဦးနှိမ်ကိုရှ်
ဖူးမျှော်တည်း။

[၂၁၀]

နေ့နှောင်းဂိမာန် မြူဝေထန်သား
ဝဿန်မိုးဘက် ကူးယက်,ယက်သော်
မိုးသက်တိမ်ဦး မင်းလွှင်မြူးလျက်
တာကျူးပြိုသာ ကဆုန်လလျှင်
ပုဏ္ဏာရက်ညီ ဘရဏီနှင့်
ကြတ္တိကာယှဉ် လစန်းရှင်သည်
စတင်ဘွေ့စွန်း ပြုဗ္ဗာကျွန်းမှ

ပေါ်ထွန်းထွက်ပြူ ကြည်တော်မူလျက်
သုံးလူထွတ်ထား မြတ်ဘုရားအား
ညွတ်တွားပူဇော် ကြည်ကွဲသော်ဖြင့်
ဖူးမျှော်သည့်နှယ် သဘောထယ်ရ
သုံးဝယ်လောက မုနိန္ဒသည်
ပြင်းပြဝေဒနာ ဘိစီးကာဖြင့်
ညတာလွန်မြောက် မိုးမသောက်ခင်
မျက်မှောက်နိဗ္ဗူ မြန်းတော်မူရန်
အားယူခိုမှီး အချိန်နီးရှင့်
ပွားစီးလျက်သာ သည်းခံရှာလည်း
ခန္ဓာဒုဗ္ဗလ တွေ့ကြုံရ၍
နန္ဒညီတော် လက်ျာတော်နှင့်
ရှင်တော်စုန္ဒ ဝဲမှတွဲကာ
လှမ်းကြွလာလည်း ခန္ဓာယိမ်းယိုင်
မထိန်းနိုင်၍ မြတ်ခိုင်ဘုန်းတော်
ချစ်ညီမော်ကို မိန့်သော်ညွှန်ကြား
ဤနှစ်ပင်ကြားတွင် ချစ်သားညီရှင်
ရတနာဆင်သည့် ပလ္လင်ညောင်စောင်း
စံဘွယ်ကောင်းသား ရွှေပြောင်း၍သာ
ယူခဲ့ပါလော့ ငါအားပျော့ပြီ
မိန့်တော့သည်တွင် ညီရှင်နန္ဒာ
ဖော်သံဿာနှင့် မလ္လာမင်းများ
တည်ခင်းထားသည့် နားရာသလွန်

မြတ်မွန်ညောင်စောင်း စက်ဘွယ်ကောင်းသား
ရွှေ့ပြောင်းယူငင် မြရည်လွှင်သည့်
၁၂၄၆၀ ☆ ပင်ပျိုအင်ကြင်း နှစ်ပင်ရင်း၌
ထားခင်းမြောက်တောင် မြတ်ဘုန်းခေါင်အား
ပင့်ဆောင်ညီမောင် တွဲကာခေါ်တည့်
ညီတော်နန္ဒာ ဖေးမကာလျှင်
ကြင်နာသမှု စိတ်ဝယ်ပြု၍
မေရုမေတ္တာ ပြင်းပြကာဖြင့်
ရင်မှာဆို့နှက် သည်းအူပွက်ပြီး
တွေးလျက်စိတ်မှာ နှောင်ဗုဒ္ဓါသည်
လက်ျာဗိုလ်ခြေ ကုဋေထောင်သောင်း
ဆင်ပေါင်းရာထောင် မကဆောင်သည့်
အားပြောင်ကြီးမား နှောင်ဘုရားသည်
စံငြားပျော်မွေ့ ခန္ဓာရွှေ့လျက်
ယနေ့ပင်လျှင် နိဗ္ဗာန်ဝင်လိမ့်
စိတ်တွင်ချောက်ချား ဝမ်းနည်းငြား၍
အားတော်ယယ်ကာ မျက်ရည်ဖြာလျက်
နန္ဒာညီတော် သလွန်ပေါ်သို့
ပွေ့သော်ကာတင် လှမ်းပုံဆင်သည်

မရှင်ပူလုံး
ကြိမ်မီးအုံး။

[၂၁၁]

## သုဒဿနသုတ်ဖောတော်မူခန်း

သုံးလူထွဋ်ချာ စောမြတ်စွာသည်
ညင်သာကျိန်းစက် သတိယှက်ကာ
မြောက်ဘက်ဦးခေါင်း ဦးတည်လျောင်းတည့်
ခင့်တောင်းလျက်သော် ညီနန္ဒော်သည်
လျှောက်သော်ပန်ကြား မြတ်ဘုရား—
လားရာနိဗ္ဗူ စံယူရာဝယ်
ဤပြည်ငယ်သည် ကြီးကျယ်မရှိ
☆လွန်ငယ်ဘိကာ ရာဇဌာနီ
ကောသမ္ဗီနှင့် တူညီသာစွ
စမ္ပာနဂိုရ် ရာဇဂြိုဟ်သို့
မွေ့လိုပါက သာကေတတည်း
ဆန္ဒတော်ရှိ သာဝတ္ထိလည်း
ကြီးဘိခန့်ငြား ပြည်သူများတို့
ဆပ္ပားကြွည်ညို ချီးမြှောက်လို၏
ထိုထိုခြင်းရာ ရှိသည့်တာကြောင့်
မြတ်စွာဘုရား ထိုပြည်များ၌

စံပြေားနိဗ္ဗူ ပြုတော်မူပါ
နောင်ဗုဒ္ဓါဟု လျှောက်ကာကြားငြောင်း
ခွင့်ပန်တောင်းသော် မြတ်ဘုန်းမော်သည်
မိန့်တော်မြွက်ဟ ဤပြည်မသည်
ငယ်လှဟုပင် ညီတော်ထင်၏
ရှေးစဉ်ဘ၀ ငါဗုဒ္ဓသည်
သုဒဿနင်း စကြာမင်းဖြစ်
ခြေနင်းရတနာ ဘောင်စကြာနှင့်
လှည့်ကာလေးကျွန်း နေလထွန်းသို့
ပြည့်ဝန်းသာယာ ကုသိနာသည်
ထိုခါကသော် ဟိုးဟိုးကျော်၍
မည်ခေါ်သည်ီ ကုသဝတီဟု
ဌာနီရာဇ ကြီးကျယ်လှတည့်
မိန့်ဟပြီးလျှင် အတိတ်ဆင်၍
ရှင်တော်ဟောလတ် သုဒဿန
စက္ကဝတ္တိသုတ် ရွှေကုမုဒ်မှ
၁၅၅၀ ☆ ချွေထုတ်၍သော် ဟောမြွက်ဖော်သည်
ရှင်တော်နောက်ကြောင်း
မိန့်ကာငြောင်း။

[၂၁၂]

## မြတ်စွာဘုရားအား ပူဇော်ခဏ်း

လောကသုံးဘုံ   ဆွေးဘွယ်ကြုံသား
ရဂုံပင်မင်း   ရွှေအင်ကြင်းတို့
ငုံကင်းဖူးပွင့်   အဆင့်ဆင့်လျှင်
ထူးတင့်ဝေဆာ   တောလုံးသာလျက်
ပွင့်ကာစီခြယ်   ခိုင်ပန်းနွယ်တို့
သွယ်သွယ်ကူးယှက်   ညွန့်ဖူးဆက်၍
ဦးထက်ရှင်တော်   မှန်းရည်ရော်လျက်
ဖူးမျှော်ငြိမ်သက်   တောလုံးနှက်၏
ငှက်သာရကာ   ရှေးစဉ်လာက
ရှင်သာပျော်မြူး   ပင်ချင်းကူး၍
တွန်ကြူးသံစုံ   မြိုင်ရဂုံ၌
ခိုလှုံမောင်နှံ   တောလုံးညံ့လျက်
ပျော်စံလေငြား   ကျေးငှက်သားတို့
ခုမျှားတမူ   သိကြဟူသို့
ညံဆူကင်းဆိတ်   ဆွေးပူဟိတ်ဖြင့်
တိတ်တိတ်နေကာ   ဝမ်းနည်းရှာ၏

အာကာကောင်းကင်  ဝဠာပြင်လည်း
ညိုလွင်ပြာမှိုင်း  ရီဝေဆိုင်း၍
ရှစ်တိုင်းပတ်လုံး  ညီညာဖုံးလျက်
ညွတ်ကုံးပြီးကာ  ဦးတင်ရှာရှင့်
မြတ်စွာသခင်  သုံးလူ့ရှင်အား
ဥယျာဉ်ပိုင်စိုး  ဘုမ္မဇိုဝ်နှင့်
ထက်မိုးအာကာ  စကြဝဠာမှ
၈၆၆၀၀ ☆ပြဟ္မာသနင်း  နတ်မင်းမင်းတို့
ပျော်ခင်းစံရာ  အင်ကြင်းသာသို့
ကြွလာအစုံ  ပန်းဝတ်မှုံနှင့်
မွေးထုံလန်းလန်း  နတ်ပြည်ပန်းတို့
ကြဲဖျန်းပူဇော်  ဦးနှိမ်သော်လျက်
ဖူးမျှော်ဦးညွတ်  လွမ်းမောဆွတ်၏
တုလွတ်သင်းကြိုင်  တောလုံးလှိုင်၍
မြိုင်ရဂုံတွင်း  ပျံ့ပျံ့သင်းလျက်
ဆော်သွင်းလေပြေ  တိုက်ခတ်စေပြီး
ပရမေသခင်  ဂုဏ်ပေါင်းရှင်အား
ကြည်လင်အေးမြ  ပူဇော်ကြသည်
လောကသုံးဘုံ
ဆွေးဘွယ်ကြုံ။

[၂၁၃]

## ညီတော်အာနန္ဒာ ငိုကြွေးခန်း

ထွန်းတောက်တေဇော် မြတ်ဘုန်းတော်သည်
စံပျော်အင်ကြင်း ဥယျာဉ်တွင်း၌
ခံပြင်းဝေဒနာ နှိပ်စက်ပါလည်း
မိန့်မှာမပျက် အချိန်ဆက်၍
ဟောမြွက်တန်တန် တရားမှန်ကို
ပြန်လှန်ညွှန်ကြား ဟောဖော်ငြားရှင့်
အားတော်ကုန်ခမ်း ပျော့နွမ်းကိုယ်ယော
ရှိသည့်ခြေကြောင့် နားနေငြိမ်သက်
ကြိမ်းစက်နေစဉ် ညီတော်ရှင်သည်
နားတွင်ရပ်ကာ နောင်ဗုဒ္ဓါကို
ရှုကာစေ့စေ့ ပူမီးငွေ့လျက်
ဝေ့ဝေ့မျက်ရည် စီးဖြာလည်တည့်
မဆည်ရက်နိုင် ပူဗျာလှိုင်၍
ထွတ်ခိုင်ညွှန့်ဖူး ခေါင်ဦးထိပ်တင်
သုံးလူ့ရှင်သည် ရှေးစဉ်ခါက
ဖူးမြင်ရသော် ဝင်းမကြည်ရွှန်း
ရောင်ခြည်ထွန်းသည့် ပြည့်ဝန်းစန္ဒာ

ပုံပမာသို့ သဒ္ဒါမြူးကြွ
ဖူးမဝခဲ့ ဗုဒ္ဓသုံးလု
ခုဋ္ဌမှုကား ရန်သူသနင်း
ရှင်သေမင်းနှင့် စစ်ခင်းသော်လျက်
ငြိမ်နေသက်၍ မပျက်ကိုယ်ဟန်
ချုပ်တည်းမှန်လည်း တန်တန်အားခဲ
ကြုံရမြဲဟု မလွဲခံစား
ရှိသည့်လားမို့ သနားကရုဏာ
ဆပွားကာဖြင့် ရှိုက်ကာသက်ပင့်
ဆို့နင့်နင့်သော် ပျို့အင့်သည်းဆိုင်
ပူဗျာလှိုင်၍ မခိုင်ကြေညက်
မျက်ရည်စက်ဖြင့် ထွက်၍လာသော်
မလ္လာပျော်ခင်း ဥယျာဉ်တွင်းသို့
ချင်းနင်းရောက်လာ အာနန္ဒာသည်
တွေးကာကြံမော စိတ်တော်စောတည့်
မြတ်သောသခင် နောင်တော်ရှင်သည်
မှန်ပင်ယနေ့ နိဗ္ဗာန်မွေ့အံ့
မသွေ့တဖန် ထက်မဂ်ဥာဏ်လည်း
ကျင့်ရန်လိုသေး ထိုအရေးကြောင့်
မိုက်မြေးထူလှ ငါ့ဘဝသည်
စိုးမျှမဘွယ် မတင့်တယ်စွ
၁၀၀၇ ☆ အားငယ်သော်လျက် ပူရေးယှက်၍

နက်ဖြန်ခါသော် နောင်ဗုဒ္ဓေါ်၏
ဟောဖော်ဆုံးမ သြဝါဒကို
နားမှုစိုလို့ မိန့်မြွက်သံတို့
တရံတစ မကြားရတော့
ဗုဒ္ဓနောင်ချစ် ငါ့ကိုပစ်ကာ
စွန့်လစ်ပယ်သန်း နိဗ္ဗာန်မြန်းပေါ့
ဘုန်းတော်သခင် နောင်တော်ရှင်ကို
နေ့စဉ်မပျက် ပြုစုလျက်ဖြင့်
မျက်သစ်ဒါန်ပူ သယ်ကာယူ၍
ကပ်လှူလုပ်ကျွေး ခြေဆေးအိပ်ခင်း
နှိပ်နယ်နင်းသား ဝတ်ရင်းဝတ်ငယ်
အသွယ်သွယ်ကို မပြယ်မပျက်
ထမ်းဆောင်ရွက်ခဲ့ မနက်ဖြန်မှ
မည်သူကိုသော် ကျိုးနွံသော်လျက်
လုပ်သော်ပေးကာ ပြုရမှာတည်း
ဆွေ့ဆွေ့သည်း၍ ဝမ်းနည်းလိုက်ဖို
မျက်ရည်ယိုကာ ဆွေးပိုပူပွား
ရှိုက်ငိုကြွေးလျက် ချစ်သားညီတော်
ပူမီးပေါ်သည် ဖြေသော်မရ
ကြီးပါလှ။

[၂၁၄]

## ညီတော်အာနန္ဒာအား

### အားပေးတော်မူခြင်း

သုံးလူ့စိန္တေ   ချွတ်ယူခြေသား
ကိလေပယ်သင်း   အာသဝေါကင်းသည့်
ထေရ်ရှင်းမဟာ   များသံဃာတို့
ညွတ်ကာဦးနှိမ်   ဖူးမြင်ကြိမ်၍
ငြိမ်ငြိမ်သက်သက်   တိတ်ဆိတ်လျက်သော်
နေ့ာယှက်သံဝေ   ပွားများနေတည့်
ဗုဒ္ဓမြတ်စွာ   ထိုရောခါ၌
နားမှာညီတော်   မတွေ့သော်ကြောင့်
မေးတော်မူငြား   ထေရ်အများတို့
လျှောက်ထားဇီနာ   ညီနန္ဒာသည်
မလ္လာပျော်ခင်း   ဇရပ်တွင်း၌
ပြတင်းမှီကာ   သည်းစွာငိုကြွေး
ပူဆွေးနေကြောင်း   လျှောက်ပန်ငြောင်းသော်
မြတ်ဘုန်းမော်သည်   ခေါ်ပါလေလော့
မိန့်မြွက်တော့၏   ဘုန်းကြော့သခင်
မိန့်သံလွင်ကို   ကြားလျှင်ညီလှ
မျက်ရည်စနှင့်   နွမ်းလျကိုယ်ရှပ်

ညွတ်ရိုကုပ်လျက်　ဟန်လုပ်၍ပင်
နောင်တော်ရှင်၏　နားတွင်ရပ်လာ
ရှိသေစွာဖြင့်　မိန့်မှာအသံ
နာခံ၍သော်　စောင့်မျှော်နေငြား
ရှင်ဘုရားသည်　"ချစ်သားနန္ဒာ
သင့်မှာတမူ　မောဟဆူလျက်
ဆွေးပူသောက　ကြီးလွန်းလှ၏
ငါ့ကိုစိုးနှောင့်　ပူဇျာမှောင့်၍
ဘယ့်ကြောင့်သောနွယ်　သင်ခင်တွယ်နည်း
သင့်ဝယ်စိတ်ညှိုး　စိုးရိမ်မျိုးသည်
အကျိုးတစိ　ရှိပါ၏လော
မေးဘိသောခါ　ညီနန္ဒာသည်
ပြောလာလေခြင်း　နောင်တော်ရှင်းဟု
ကျဆင်းမျက်ရည်　တွေတွေလည်လျက်
ဖြေဆည်မရ　ဝမ်းနည်းလှ၏
ငါ့မှာတမူ　ချစ်ကြည်ဖူးသည့်
တဆူမြတ်ဘိ　သာရိပုတြာ
ထေရ်မဟာလည်း　ကြွကာပယ်သန်း
နိဗ္ဗာန်မြန်းပေါ့　မှန်းဆရည်မြော်
မြတ်နောင်တော်လို　အားသော်ကိုးရ
ရှင်မဟာကဿပလည်း　ကြွကာဒေသစာ
ပျော်ကြောင်းရှာ၍　ဘယ်မှာရှိပေ
မသိလေရ　ခုနေ [illegible]

ထိုနှစ်ပါးတို့ ရှိငြားပါသော်
ငါညီမော်သည် အားတော်ထားရ
ခုများတမူ ငါ့အပူများ
မည်သူအားလျှင် ဖြစ်သည့်အင်ကို
တိုင်ပယ်ရမယ် အားတော်ငယ်တည့်
ညီသယ်မြတ်ခိုင် ဇောဖြာလှိုင်လျက်
ဖြိုင်ဖြိုင်မျက်ရည် စီးတွေလည်သည်
ဖြေဆည်မရ
ညီနန္ဒ။

[၂၁၅]

ဗုဒ္ဓနောင်ရှင် ညီငယ်ခင်ကို
ထပ်ပင်မိန့်ကြား အားပေးငြားရှင့်
ချစ်သားနန္ဒာ သင့်မှာပူမီး
အလွန်ကြီးလှ ပြောပြီးခါခါ
မဟုတ်ပါလော နန္ဒာညီမော်
ငါဘုန်းတော်သည် ဟောသော်တိုက်ကျွေး
မြိုက်ရေအေးတို့ လေးဆယ်ငါးဝါ
ရှည်ကြာပတ်လုံး ကုန်ဆုံးသည်ထိ
သုတ်အဘိဓမ္မ ဝိနယတို့
ဟောပြဖုံဖုံ မဟုတ်တုံလော
အစုံတရား ငါဟောကြားခဲ့

ကိုယ်စားအမှတ် ယုံကြည်လတ်၍
မပြတ်ပူဇော် တရားတော်ကို
ကျင့်သော်အားထုတ် ကြိုးကုတ်ပါလျှင်
ငါ့အရှင်ကို ချစ်ခင်ကြည်ညို
ရောက်သည်ဆို၏ ထိုထိုစကား
မပြတ်ပြောဘဲ ဟောကြားပါလျက်
ဘယ်အတွက်ကြောင့် ရတက်ပူကြွယ်
အားတော်ငယ်နည်း ညီသယ်နန္ဒာ
နောင်မြတ်စွာသည် ဟောကာဓမ္မ
သုတ်ဝိနယကို တစမကြွင်း
အကုန်လင်းလျက် ချွင်းချက်မထား
ငါဟောကြားခဲ့ ချစ်သားနန္ဒာ
စေ့စေ့နာလော့ လူ့ရွာနတ်ခွင်
ဘုံသုံးပြင်၌ ခုံမင်စုံမက်
ချစ်နှစ်သက်၍ တွဲဘက်နေကြ
မိရင်းဘနှင့် မျိုးစသားချင်း
ပေါင်းဖော်ရင်းတို့ ကွေကွင်း၍ပေ
ခွဲခါနေလျက် သေလွန်ကွဲပြား
ဖြစ်ရငြားနှင့် တခြားဒေသ
ကွဲကွာရလျက် ရှေးကစည်းစိမ်
ရိပ်ငြိမ်ခံစား ခြွေရံများတို့
ပျက်ပြားသော်လျှင်း တွေ့ကြုံခြင်းဖြင့်

မကောင်းဆင်းရဲ ဖြစ်ရမြဲကို
မလွဲစဉ်လာ ဓမ္မတာဟု
ခါခါထုတ်ဖော် ငါဘုန်းတော်သည်
ဟောသော်မထိမ် အကြိမ်ကြိမ်တည့်
စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း
သည်းအူကျွမ်းကာ နွမ်းလျကိုယ်ကျေ
သော်ကဝေလည်း မပြေဒုက္ခ
ကြီးမားလှ၍ စိုးမျှတစိ
ကျိုးမရှိဟု ဟောဘိခါခါ
မဟုတ်ပါလော မိန့်မှာချွေလစ်
ရွှေရင်နှစ်မှ ရှင်ချစ်ဗုဒ္ဓ
ညီနန္ဒကို ဆုံးမစကား
ရင်ဝယ်သားသို့ မှာကြားလေလျှင်
ညီတော်ရှင်သည် ငိုချင်ယဲ့ယဲ့
ငိုမဲ့မဲ့ဖြင့် ငိုမဟဲ့မျက်နှာ
ပျို့အင့်ကာဖြင့် စိတ်မှာချုပ်တည်း
နိုင်နိုင်ဆည်းလည်း ရွှေသည်းရင်နှစ်
ဆို့နစ်လှိုင်လှိုင် မျက်ရည်အိုင်လျက်
နိုင်နိုင်ပင်သိမ်း မျက်နှာတိမ်းကာ
ညွတ်ယိမ်းလျက်ပင် ဦးတော်တင်သည်
ရှင်တော်ဗုဒ္ဓ
နားတော်ချ။

[၂၁၆]

ဦးတင်နေငြား မြတ်ဘုရားသည်
ချစ်သားညီရှင် နားနာဆင်လော့
သင်၏မေတ္တာ ကံသုံးဖြာသည်
လွန်စွာကြီးမား ငါဘုရားပေါ်
ထားသော်ပုံတု ပမာပြုလည်း
ငါရှုမမြင် စကြာခွင်လည်း
၁၆၉၀ ☆လွန်ပင်ငယ်လှ နှိုင်းမရဘည့်
သင်ညှော့ဝတ္တရား မချွတ်ငြားခဲ့
ချစ်သားပါရမီ ပြည့်စုံပြီမို့
ကျင့်ညီကမ္မဋ္ဌာန်း စိတ်ကြည်လန်း၍
စီးဖြန်းပါလေ မကြာပေသော်
ထက်ဉာဏ်ပေါ်လိမ့် အားတော်မငယ်
ပူရေးကြွယ်နှင့် ညီသယ်ချစ်သား
ငါမှာကြားဟု ဘုရားမြတ်စွာ
အာနန္ဒာကို မှာကာမပျက်
အားပေးလျက်ရှင့် ဆက်၍ပင်သော်
ဗျာဒိတ်တော်ကို မိန့်တော်မူကာ
ကုသိနာသည် သာပြောစည်သား
ပြည်သူများစွာ ပေါင်းတကာနှင့်
မလ္လာမင်းများ ကြောင်းရာအားကို

ပြောကြားပါလင့် ကျည်ညွန့်လွန်မြောက်
ကြယ်နီရောက်သော် မိုးသောက်ယံခါ
ငါမြတ်စွာသည် မလ္လာအင်ကြင်း
ဥယျာဉ်တွင်း၌ စံခြင်းနိဗ္ဗူ
မြန်းတော်မူမည် ပြည်သူပြည်သား
လူအများတို့ ဖူးငြားလိုက
ငါဗုဒ္ဓကို ဖူးကြပါစေ
ကြောင်းကြားပေလော့ မိန့်လေသည်တွင်
ဦးထိပ်တင်လျက် ညီရှင်နန္ဒာ
ထွက်ခွာလာသည် မလ္လာမင်းများ
မှာတော်ကြား။

[၂၁၇]

## မလ္လာမင်းများ အကြောင်းကြားခန်း

မလ္လာနွယ်ဘွား မင်းအများနှင့်
၁၄၀၀၀ ☆ ပြည်သားပြည်သူ အပေါင်းလူတို့
ကြည်ဖြူထွန်းပ သော်တာလ၏
မြေရသာ ခံစားကာဖြင့်
လူးလာကူးယှက် လမ်းပေါ်ထွက်၍

အုတ်ကျက်နှောနှော    ရယ်ရွှင်မောလျက်
သောသောတည့်နှယ်    မြူးထူးကြွယ်ရှင့်
လမ်းသွယ်လမ်းမ    လမ်းလေးခွ၌
တင်စွာ့ခြယ်မှန်း    မင်းကွန်းပြာသာဒ်
သာဇရပ်တွင်    မလပ်ဆောင်နှင်း
မလ္လာမင်းတို့    ပုံခြင်းကိစ္စ
ရှိသမျှကို    ပူကြစဉ်လာ
ချမ်းမြေ့စွာဖြင့်    စကာစည်းဝေး
ဆွေးနွေးနေစဉ်    ညီတော်ရှင်သည်
နားတွင်ရောက်လာ    ထိုရောခါ၌
တကာမင်းပေါင်း    ကျိုးအကြောင်းကို
လျှောက်တောင်းပန်သော်    အာနန္ဒာသည်
ရှင်တော်ဘုရား    မှာစကားကို
ပြန်ကြားပြောပြ    လုံးစုံမျှရှင့်
ဤညလွန်မြောက်    မိုးမသောက်ခင်
မြတ်အရှင်သည်    စံဝင်နိဗ္ဗူ
ကြွတော်မူလိမ့်    အေးကြူအင်ကြင်း
ဥယျာဉ်တွင်း၌    သနင်းဗုဒ္ဓေ
စံနေပျော်၍    ရောက်တော်မူပေ
များဝေနေတို့    ဖူးလေလိုငြား
ငါကြောင်းကြား၏    သွားကြလေလော့
☆ သွားလေလေ့ဟု    မိန့်တော်ပြုက
ပေါင်းစုခပင်း    မလ္လာမင်းတို့

ရတ်ခြင်းသောက ယှက်နှောကြ၍
ဗုဒ္ဓသခင် ဘုရားရှင်သည်
လွန်ပင်စောစွာ အမတာနိဗ္ဗူ
ကြွတော်မူဟု သည်းအူပျို့နစ်
ငိုဟစ်သံစာ မြည်တမ်းကာတည့်
မလ္လာမင်းများ ဆင့်ဆင့်ကြားသော်
ပြည်သားဝေနေ ငိုကြွေးလေလျက်
ဇိနေစံရာ ဥယျာဉ်သာသို့
ရောက်လာကြလျှင် ညီတော်ရှင်သည်
ဖူးမြင်စေရန် ရည်သန်လျက်သော်
ရွှေဘုန်းတော်ကို လျှောက်သော်ပန်ကြား
ဖူးစေပြားတည့် ပြည်သားပြည်သူ
များဗိုလ်လူတို့ ပူမီးဖွဲ့ကျုံး
သည်းနှလုံးမှ ချုံးချငိုကြွေး
တသဆွေးကာ မြတ်လေးသခင်
ဘုရားရှင်သည် ဆောလျင်မြန်စွာ
တို့ကိုခွာ၍ ကြွရှာတကား
မြည်တမ်းငြားလျက် ဆံဖျားကေသာ
မြေခင်းလွှာ၌ ဖြန့်ကာဦးနှိမ်
ကြိမ်ကြိမ်ရှိခိုး မျက်ရည်ဖိုးတည့်
ထက်မိုးဝေဟင် ကောင်းကင်ပြင်လည်း
ကြည်လင်သော်တာ စွမ်းကုန်သာလျက်
မလ္လာအင်ကြင်း ဥယျာဉ်တွင်းသို့

☆ထိန်လင်းအရောင် ထွန်းတောက်ပြောင်သည်
မိုက်မှောင်ပယ်ခွင်း
ထိန်ထိန်ဝင်း။

[၂၁၈]

## သုဘဒ္ဒရဟန်းကြီး ကျွတ်ခန်း

မလ္လာပြည်တွင်း ထိုအခင်းကြောင့်
ရုတ်ခြင်းသဲသဲ ညံမစဲလျက်
ခပဲပြည်သား လူအများတို့
လှုပ်ရှားသွားလာ ထိုရောခါ၌
နီးမှာနေငြား သံသယများ၍
ယူမှားဒိဋ္ဌိ အကျင့်ရှိသည့်
မွေးဘိမိဘ ဥပကာ၏
နွယ်မှဖြစ်လတ် သားသုဘဒ်သည်
မပြတ်ဆူညံ ထိုအသံကို
နာခံစွင့်စွင့် အသာငဲ့လျက်
ငုံ့လင့်သေချာ နားထောင်ပါသော်
မြတ်စွာဗုဒ္ဓ ဂေါတမသည်

ချည်ဥပင်  နိဗ္ဗူခွင်သို့
စံဝင်မတဲ့  ဆိုကာဖွဲ့ကြ
သဲ့သဲ့သံကြား  ဝိုးတဝါးမို့
စဉ်းစားလျက်သော်  ရေးရေးပေါ်၏
ရှေးကျော်ခါက  ဝနာတောခြေ
ဥရုဝေဠ်  ငါ့ဘောဥပက
ဂေါတမနှင့်တွေ့  လွှန်ကြည်မွေ့၍
ထူးပေ့စိတ်မှာ  ဖြစ်ပေါ်လာတဲ့
မည်မှာဇိန  ခေါ်ဆိုကြ၍
ပြောပြစကား  ငါမှတ်သားခဲ့
ကြားသိသမျှ  ဂေါတမသည်
၁၇၁၅၀ ☆ နွယ်မှသာကီ  အကျင့်ညီ၍
သီလသိက္ခာ  ပြည့်စုံပါတည့်
ငါ၏သံသယ  ကြီးမားလှ၍
ဇိနကိုပင်  မလွန်ခင်ဥ္
လျှောက်တင်မေးကြား  ငါ့ယုံမှားတို့
လင်းငြားပေမည်  စိတ်ကြံရည်လျက်
မွေ့ကြည်သာယာ  စောမြတ်စွာ၏
စံရာအင်ကြင်း  ဥယျာဉ်တွင်းသို့
ကြွနှင်းဆောစွာ  ရောက်ရှိလာသည်
စံရာသာခင်း
ထိန်ထိန်လင်း။

[၂၁၉]

ထိုခါကာလ ဥယျာဉ်လှ၌
ဗုဒ္ဓသခင် ဘုရားရှင်အား
ဦးတင်ပဏ္ဏာ များသံဃာနှင့်
မလ္လာပြည်သား ပြည့်နှက်ငြားတည့်
ချို့ကားရှိုက်ငင် ချို့လျှင်လွှမ်းမော
ချို့သောသူများ ဝပ်တွားမပျက်
ဦးနှိမ်ယှက်ကြ သုဘဒ္ဒသည်
ဗုဒ္ဓရှိရာ တိုးဝင်လာတည့်
ထိုခါမှာသော် ညီတော်နန္ဒာ
ဆီးတားကာဖြင့် သင့်မှာဘယ်တွက်
သတ်ကရက်လျှင် ဝင်လျက်လာနည်း
မိန့်ဆိုရည်းသား သည်းခံညီတော်
ငါ့မှာသော်ကား ရှည်ကြာလျားခဲ့
ယုံမှားသံသယ ပြင်းထန်လှ၍
ရှေးကစဉ်ဆက် မပျက်နွယ်လာ
☆ ငါ့ဆရာတို့ မိန့်မှာဟောပြ
ဤလောကဝယ် တရံတစေ
ဖြစ်တုံပေသား ကိလေပယ်သင်
ရှစ်မဂ္ဂင်နှင့် လေးအင်သစ္စာ
ကောင်းစွာမြင်သူ သယမ္ဘူစစ်

ဘုရားဖြစ်လတ် စွဲမှတ်ယူမှား
ထိုဘုရားသို့ မေးငြားပါက
သံသယသည် ပျောက်ကြသည်ဟု
ပြောဆိုမှုကြောင့် ထုံးပြုစကား
ငါမှတ်သား၍ ဘုရားမြတ်ရှင်
လျှောက်ထားတင်လို တောင်းပန်ဆိုသော်
ညီတော်နန္ဒာ ထိုရောခါ၌
မြတ်စွာသခင် သုံးလူ့ရှင်သည်
လွန်ပင်မောပန်း အားကုန်ခန်း၍
မလန်းကိုယ်ယေ ကြွေမည့်မာလာ
ကဲ့ပမာသို့ လွန်စွာအားနဲ
ပြိုလုဆဲမို့ မလွဲမသွေ
ငါတားပေ၏ ဆိုလေစကား
ရှင်တော်ကြားသော် ချစ်သားနန္ဒာ
ငါမြတ်စွာသည် ကြွလာသည့်ခင်း
အကြောင်းရင်းမူလ အဓိကသော်
ဘဒ္ဒရှင်ကျော် ချွတ်လိုသော်၍
ကြွတော်မူလာ မတားပါနှင့်
မိန့်ကာဆိုလျှင် ညီတော်ရှင်သည်
ဝင်ရန်အရေး ခွင့်တော်ပေးသည်
မနေးကြွလတ်
၁၂၅၀ ☆ ရှင်သုဘာဒ်။

[၂၂၀]

မနှေးကြွကာ   သုဘဒ္ဒာသည်
မြတ်စွာဘုရား   ထံတော်ပါးသို့
ရောက်ငြားလေလျှင်   မနောရွှင်လျက်
လျှောက်တင်သီးသီး   ပြောဆိုပြီးက
ရှင်ကြီးဂေါတမ   မဇ္ဈိမဉ်
ရှိကြတက္ကတွန်း   များလွန်လွန်း၍
နှစ်မွန်းသော်ဘိ   ကျွန့်ဥ်ရှိ၏
ဇိတကေသကမ္ဗလ   ပူရာဏနှင့်
မက္ခလိဂေါသာ   နိဂဏ္ဌာပြင်
ကစ္စာယန   သဉ္စယတည်း
များလှဘိကာ   ဂိုဏ်းဆရာဟု
ကြွေးကြော်ပြုလျက်   နှိုင်းတုပြိုင်စံ
သတင်းလျှံ၍   ဝန်ခံသည့်တိုင်း
ဆုတ်ဆိုင်းမရှိ   လုံးစုံသိ၍
ရှိဘိလေလား   သို့ငြားတစေ
မသိလေဘဲ   မာနစွဲနှင့်
လွဲမှားအယူ   ဝင့်ဝါသူလော
မြတ်စောဇိန   မဇ္ဈိမဉ်
ဗုဒ္ဓဘုရား   လွန်များပြား၍
ကျွန်ကားတမူ   ဉ်ဇမ္ဗူဦ

တဆူသာလျှင် ပွင့်မြဲပင်ဟု
ရွေးစဉ်နွယ်လာ ကျွန့်ဆရာတို့
ခါခါပြောကြား မှတ်မိသားရှင့်
များပြားသံသယ ရှိလေစွမို့
၁၃၀၀ ☆ဗုဒ္ဓမြတ်စွာ မိန့်ကြားပါလော့
ကျွန့်မှာတမူ ဤအယူကြောင့်
စိုးပူနှောင့်ကာ မဖြောင့်ပါသည်
မိန့်ကာမြွက်ကြား
မြတ်ဘုရား။

[၂၂၁]

ထိုသို့လျှောက်တင် သုံးလူ့ရှင်သည်
သင်၏မေးစကား အသာထားလော့
မှတ်သားငါ့ရှင် ငါဟောချင်၏
အကြင်ဒိဋ္ဌိ ယူမှားရှိသား
ကိလေညစ်ကြေး တဏှာမြေးတို့
ကင်းဝေးသန့်စင် မဂ်လမ်းစဉ်နှင့်
ရှစ်အင်ဓမ္မ ကျင့်ဝတ်မျှကို
မကျင့်တတ်ဘိ ယူမှားရှိသည့်
ဒိဋ္ဌိများစွာ သာသနာ၌
သောတာပတ္တိ သကဒါမိနှင့်
အနာမိမဂ်ပွား လေးပါးရဟန္တာ

လေးဖြာမဂ္ဂဋ္ဌာန် လေးတန်ဖလ
ဘယ်ခါမျှတွင် မရကြဘဲ
ခန္ဓာ့ပျက်ကြွေ သေလွန်လေက
အမြိုက်တရား မရငြားအံ့
ထင်ရှားလျက်သာ ငါ့သာသနာ၌
ဖြတ်ကာကိလေ တဏှာပေတို့
တိကြွေကင်းပြတ် ပယ်စွန့်လတ်၏
ကျင့်မြတ်အစဉ် ရှစ်မဂ္ဂင်နှင့်
လေးအင်သစ္စာ သိမြင်ကာဖြင့်
ကျင့်ရာတန်တန် သောတာပန်နှင့်
သကဒါဂါမ်ဖြာသန်း မွေ့ကြည်လန်းကာ
ရဟန္တာဖြစ်လျက် ခန္ဓာပျက်ကြွေ
သေလွန်လေက အမတချမ်းသာ
ရမည့်တာကို မှန်စွာမယွင်း
ယုံမှတ်သွင်းလော့ အချင်းသုဘ
ငါဗုဒ္ဓသည် ရလိုအမှန်
မြိုက်နိဗ္ဗာန်ကို ကျင့်သန်သော်လစ်
အရွယ်စစ်က နှစ်ဆယ့်ကိုးတွင်
တောသို့ဝင်ပြီး ဆင်ကာသင်္ကန်း
ဝတ်ရုံမြန်း၍ ရဟန်းပြုလျက်
ကျင့်မပျက်ဘဲ ဆင်းရဲဘိလှ
ဒုက္ကရစရိယာ ခြောက်နှစ်ကြာမျှ
ကျင့်ကာပွားများ ငါဘုရားသည်

ငါးဆယ့်တနှစ်   ရှည်ကြာလစ်၍
အစစ်နိဗ္ဗူ   အာရုံမူလျက်
ကျင့်ယူသော်ဘိ   ခုတိုင်ရှိခဲ့
ငါ၏သာသနာ   ကင်းလွတ်စွာဖြင့်
ကျင့်ကာတမူ   မြတ်နိဗ္ဗူကို
ရောက်သူပုဂ္ဂိုလ်   ထိုထိုအများ
တဦးအားမျှ   ဘုရားငါရှင်
မမြင်မတွေ့   အတိတော့မှု
ယနေ့တိုင်ပေ   မရှိလေဟု
ဟောချွေမိန့်ဟ   သုဘဒ္ဒသည်
ရွှင်မြစိတ်ဝယ်   လင်းရောင်ကြွယ်၍
ပျောက်ကွယ်လမ်းကြောင်း   ကောင်းရောညွှန်ဆို
၁၄၀၀ ☆ လက်ကိုကိုင်ဆွဲ   ဤလမ်းဘဲဟု
မလွဲမသွေ   ညွှန်ပြပေတော်
ဆရာမြတ်ဟု   ယူမှတ်စိတ်ထဲ
အာရုံစွဲတည့်   မစဲကြည်ညို
သဒ္ဓါပို၍   မြင်းမိုရ်မက
ကြီးလှကျေးဇူး   အမြိုက်ထူးကြောင့်
ဦးချပြီးငြား   တပည့်သားသည်
ဘုရားသာသနာ   ယုံကြည်ကာဖြင့်
ဆင်ကာသင်္ကန်း   ဝတ်ရုံမြန်း၍
ရဟန်းသော်ခု   ပြုပါရစေ
ခွင့်တောင်းလေသည်  နှိမ်ချွဦးချ  တောင်းပန်ခါ။

[၂၂၂]

စိန္တေသနင်း မိန့်မြွက်လင်းသား
အချင်းသုဘဒ် စွဲမှတ်ဒိဋ္ဌိ
ရှိဘိများလှန်း တက္ကတွန်းအား
ငါဘုရားသည် ဟောကြားရှုမူ
ကျွတ်ပါမူလည်း ဆွတ်ယူသာသနာ
ဝင်လာပါသော် ချိန်ကြာလေးလ
ခွင့်မရတည့် သို့မျှတစေ
ငါဗုဒ္ဓေသည် သိလေရှေးဦး
ပုဂ္ဂိုလ်ထူးမို့ ကြည်နူးမှန်လှ
သင့်ဆန္ဒကို ပြည့်ဝစေမည်
မိန့်တော်ရည်၍ ဘုန်းစည်ဘုရား
မိန့်တော်ကြားရှင့် ချစ်သားနန္ဒာ
သုဘဒ္ဒာကို ကေသာပယ်သန်း
ရဟန်းပြုလတ် မိန့်တော်မှတ်၏
သုံးမြွတ်သရဏဂုံ မိပ္ပာယ်စုံကို
၁၇၄၅၀ ☆ နှုတ်ငုံသင်ကြား ပြီးသော်ငြားက
ဘုရားထံရင်း ပို့ဆောင်နှင်းလျက်
ပဉ္စင်းဖြစ်သော် ရွှေဘုန်းတော်၏
ဟောဖော်ကမ္မဋ္ဌာန်း စီးဖြန်းစေရာ
ရှင်ဘဒ္ဒာသည် မလ္လာအင်ကြင်း

ဥယျာဉ်တွင်း၌ ပွားရင်းပြန်လှန်
ဇောစိတ်သန်ကာ မဂ်ဥာဏ်ဆက်ပွား
ကျင့်ကြံခြားက လေးပါးသမ္မာဒါ
ခြောက်ဖြာဘိညာဉ် ရှစ်အင်္ဂသမာပါတ်
ပြည့်စုံလတ်၍ သုဘဒ်အရှင်
ကျွတ်တန်းဝင်လျက် ထေရ်လျှင်ရဟန္တာ
ဖြစ်လေကာတည့် ထိုခါသုဘဒ်
ရှင်မြတ်ထံရင်း ချဉ်းကပ်နှင်း၍
ဝပ်စင်းကော်ရော် ညွတ်ပူဇော်သည်
ဖူးသော်မဝ
သုဘဒ္ဒ။

[၂၂၇]

## နောက်ဆုံးမှာတမ်း

သော်တာလလျှင် ညွှတ်ပန်ဆင်သား
ရှစ်ခွင်အာကာ ဝင်းထိန်သာသော်
မလ္လာအင်ကြင်း တောလုံးလင်း၍
မင်းမင်းဘုန်းလျှံ ညွှဉ့်ဦးယံ၌
လက်ခံ၍မူ ပြည်သူပြည်သား

မင်းအများကို ဖူးပြောင်းစေလျက်
သန်ကောင်ဘက်တွင် ဝိတက်များလွန်း
တက္ကတွန်းသုဘဒ် ဟောလတ်တရား
ကျွတ်စေသားတည့် ဘုရားသခင်
ကျေးဇူးရှင်သည် ပင်ပန်းသည်ဟု
ကြုံမရှုဘဲ က,ရုမေတ္တာ
ကြီးမားကာဖြင့် စိတ်မှာရည်သန်
ကျွတ်မည်မှန်သမျှ မကျန်ရအောင်
ဆောင်မ,ကယ်ယူ သည်းခံမူ၍
နတ်လူဆုံးမ အားမရရှင့်
မဆိတ်အသံ ညဥ့်သုံးယံလုံး
နိုင်းစံမရှိ ဝိရိယယှဉ်
မေတ္တာယဉ်သည် စီးသွင်ဖြာယှက်
မထိမ်ဝှက်ဘဲ ဟောမြွက်မမေ့
ခြိမ့်ခြိမ့်ဝေတည့် စိန္တေဗုဒ္ဓ
အတုလသည် မရဏသေမင်း
သူ့ထံရင်းသို့ ချင်းနင်းရွေ့ရွေ့
ကြွေမြေ့မြေ့လျှင် ချိန်စေ့နီးသော်
များဖော်သံဃာ ထေရ်မဟာတို့
ခေါ်ကာအနား မိန့်တော်ကြားတည့်
ချစ်သားစုံလင် ငါ့အရှင်တို့
သုံးအင်သရဏဂုံ လုံးစုံမမွ
ဝိနယနှင့် ငါ့ပေါ်ယုံမှား

ရှိပါငြားက    လျှောက်ထားကြလော့
နှောင်မှသော်လျှင်    ငါအရှင်ကို
ထင်ထင်ရှားရှား    ကြုံကြိုက်သွားနှင့်
လျှောက်ထားမည့်ရေး    မေ့လျော့သေးလို့
မမေးလိုက်ရ    ရှိလေစွဟု
နှောင်တပူဝေ    မဖြစ်စေလင့်
ခုနေ၌သာ    ငါဗုဒ္ဓကို
၁၅၅၀ ☆မေးလာကြလော့    မေးကြလော့ဟု
မိန့်တော့သည့်တွင်    တဦးပင်မျှ
မလျှောက်ကြဘဲ    နှုတ်မှဆိတ်ဆိတ်
သံဝေစိတ်ဖြင့်    တိတ်တိတ်နေငြား
ရှင်ချစ်သားတို့    ငါ့အားရိုသေ
မဝံ့လေ၍    ဆိုပေစကား
မလျှောက်ကြားသော်    ငါသားတော်တို့
များဖော်အသင်း    အချင်းချင်းဖြင့်
ပွင့်လင်းစွာသာ    ပြောကြားပါလော့
မိန့်တော့သည့်တွင်    ရဟန်းရှင်တို့
နှုတ်ပင်မဟ    တိတ်တိတ်မျှသော်
ညီတော်နန္ဒာ    ထိုရောခါ၌
သာသနာအား    ရဟန်းများတို့
ယုံမှားမရှိ    လျှောက်ထားဘိရှင့်
မုနိဗုဒ္ဓ    ထိုကာလ၌
မှန်စွာ့ချစ်သား    ငါ့ထံပါး၌

နေငြားဖို့ဖို့ သံဃာစုံတို့
ယုံမှားမရှိ ငါမြင်သိ၏
မြတ်ဘိသံဃာ အောက်ဆုံးမှာ၌
သောတာပန်ဖြစ် ရင့်သန်လစ်၍
မနစ်ကျိုးကုတ် နောက်မဆုတ်ဘဲ
အားထုတ်တစေ ရှိကြလေဟု
မိန့်ချေစကား မှာတော်ကြား၏
ကြီးမားမေတ္တာ များသံဃာတို့
မှတ်ပါစေချင် မှာတမ်းတင်သား
မြတ်ရှင်မိန့်ဟာ နောက်ဆုံးမျှဝယ်
**ဟန္ဒဒါနိ** သုတ်ပါဠိကို
မိန့်ရှိစိန္တေ "ဘိက္ခဝေ ချစ်သား
ရဟန်းများတို့" ဘုရားငါရှင်
ဆုံးမသင်လျက် ဟောလျှင်မဆိတ်
ကံစိတ်ဥတု အကြောင်းပြု၍
ဖြစ်မှုပေါ်က သင်္ခါရသည်
ပျက်ကြမလွဲ သဘောဘဲဟု
မှတ်စွဲယူကာ **အပ္ပမာဒေန**
မမေ့မလျော့ မပေါ့မတန်
ဆင်ခြင်ဉာဏ်ဖြင့် အမှန်သတိ
အစဉ်ရှိကာ **သမ္ပာဒေထ**
ပြည့်စုံကြလော့ နှုတ်မှမြွက်ဖော်
နောက်ဆုံးသော်၌ သံတော်တိတ်လတ်

လောကဓာတ်လုံး ကြိမ်မီးအုံးသို့
ယူကျုံးမရ ဖြစ်ကြရလျက်
လွမ်းတဲ့နှမြော ပင့်သက်မောတည့်
မြတ်သောသခင် ကျေးဇူးရှင်သည်
ခေါ်တွင်သက္ကရာဇ် ရာ့လေးရှစ်ဝယ်
နှစ်သစ်ပြောင်းစ ကဆုန်လလျှင်
ပုဏ္ဏရက်မှာ ဝိသာခါနှင့်
ယှဉ်ကာတွဲဘက် နေ့ရက်အင်္ဂါ
အရုဏ်လာနီး လင်းအားကြီး၌
ခိုမှီးနိဗ္ဗူ မြန်းတော်မူ၍
ဆွေးပူ့တသ ကြွေကွဲကြသည်
မှန်းဆဝပ်လျှိုး
☆ ကျွန်ရှိခိုး။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာ့အေး